
Mote Oo EDUCATION

ဒုတိယအကြိမ်



# ခေတ်သစ်ဆရာ

## သင်ရိုးအတွဲ (၁) - လိုအပ်ချက်များဖော်ထုတ်သတ်မှတ်ခြင်း

BRIANA ROGERS GRAY RINEHART ZOE MATTHEWS TRANSLATED BY KAUNG HLA ZAN

# ခေတ်သစ်ဆရာ

## သင်ရိုး အတွဲ (၁) - လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း

BRIANA ROGERS GRAY RINEHART ZOE MATTHEWS TRANSLATED BY - KAUNG HLA ZAN

**ပုံနှိပ်တိုက်အမည်**

အေးလင်းရောင်ပုံနှိပ်တိုက် (မြဲ – ၀၁၅၂၁)
အမှတ် (၁၁/ဒီ)၊ ၅၅ လမ်း၊ အလယ်ဘလောက်၊
(၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

**ထုတ်ဝေသူ**

ဦးအောင်မြတ်စိုး

**စာပေတိုက်အမည်**
**မုခ်ဦးစာပေ**

အမှတ် **(105-A)**၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင်အိမ်ယာ၊
အမှတ် (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉ ၇၉၀ ၇၈၃ ၃၆၄၊ ၀၉ ၄၀၄ ၀၆၀ ၉၃၁

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အမှတ် – ၀၁၉၄၇

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ဇွန်လ၊ ၂၀၂၂ ခုနှစ်

၃၇၁.၁

ဘရီယာနာ ရော်ဂျာ၊ ဂရေး ရိုင်းဟတ်၊ ဗိုး မတ်သရူးစ်
ခေတ်သစ်ဆရာ၊ သင်ရိုး အတွဲ ၁ – လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း
ဘရီယာနာ ရော်ဂျာ၊ ဂရေး ရိုင်းဟတ်၊ ဗိုး မတ်သရူးစ်
ဘာသာပြန် – ကောင်းလှဖံ
ရန်ကုန်၊ မုခ်ဦးစာအုပ်တိုက်၊ ၂၀၂၂။
စာမျက်နှာ – ၁၃၇ စာ၊ ၃၀ စင်တီမီတာ။
မူရင်းအမည် – ခေတ်သစ်ဆရာ၊ သင်ရိုး အတွဲ ၁ – လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း
(၁) ဘရီယာနာ ရော်ဂျာ၊ ဂရေး ရိုင်းဟတ်၊ ဗိုး မတ်သရူးစ်၊ ကောင်းလှဖံ
(၂) ခေတ်သစ်ဆရာ၊ သင်ရိုး အတွဲ ၁ – လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း

This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License. To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

Notes about usage: Organisations wishing to use the body text of this work to create a derivative work are requested to include a Mote Oo Education logo on the back cover of the derivative work if it is a printed work, on the home page of a web site if it is reproduced online, or on screen if it is in an app or software.

For license types of individual pictures used in this work, please refer to the Picture Acknowledgments at the back of the book.

# မာတိကာ


**သင်ရိုးအကြောင်းအရာနယ်ပယ်များနှင့် အဓိကအယူအဆများ၊ သင်ယူမှုပန်းတိုင်များ** ၂

**ခေတ်သစ်ဆရာစာအုပ်ကို အသုံးပြုပုံ** ၃

**သင်ကြားရေးတတ်ကျွမ်းမှုများ** ၅

**၁။ ပညာရေးနှင့် သင်ကြားရေးစက်ဝန်း** ၉

၁.၁ ပညာရေးဆိုသည်မှာ အဘယ်နည်း ၁၀

၁.၂ သင်ကြားရေးစက်ဝန်း ၁၃

**၂။ သင်ယူခြင်း ဖြစ်ပေါ်ပုံ** ၂၅

၂.၁ လက်တွေ့ဘဝနှင့် စာသင်ခန်း ၂၆

၂.၂ တက်ကြွသော သင်ယူမှုနှင့် အငုံ့သဘော ငြိမ်သက်လက်ခံသည့် သင်ယူမှု ၂၉

၂.၃ သင်ယူမှုအားသန်ပုံအမျိုးမျိုး ၃၄

၂.၄ သင်ယူရန် ဦးနှောက်လိုအပ်ချက်များ ၄၀

**၃။ ထိရောက်သော ဆရာ/မတစ်ဦး ဆိုသည်မှာ** ၅၁

၃.၁ စာသင်ခန်းကောင်းတစ်ခု ၅၂

၃.၂ ထိရောက်သော ဆရာ/မတစ်ဦးဖြစ်ရန် လိုအပ်ချက်များ ၅၇

၃.၃ ဆရာ/မကောင်း ဆိုသည်မှာ ၆၀

**၄။ သင်ယူသူ လိုအပ်ချက်များ** ၇၃

၄.၁ သင်ယူသူ လိုအပ်ချက်များအကြောင်း စဉ်းစားခြင်း ၇၄

၄.၂ စေ့ဆော်မှုတွန်းအား ၇၈

၄.၃ အားလုံး အကျုံးဝင်ပညာရေး ၈၆

၄.၄ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် ၈၉

**၅။ အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်များ** ၁၀၃

၅.၁ စာသင်ခန်းပတ်ဝန်းကျင် ၁၀၄

၅.၂ စာသင်ခန်းတွင်း အလေ့အထများ ၁၁၀

၅.၃ သင့်အတွက် သင်ကြားရေး အလားအလာ ၁၁၆

**စစ်ဆေးရန်စာရင်း** ၁၁၈

**အဖြေများ** ၁၂၁

**ကျေးဇူးတင်လွှာ** ၁၃၇

# သင်ရိုးအတွဲ ၁ - လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း

## သင်ရိုးအကြောင်းအရာနယ်ပယ်များနှင့် အဓိက အယူအဆများ

ဤစာအုပ်က **ခေတ်သစ်ဆရာ** သင်ရိုးစာအုပ်တွဲ (ဒုတိယအကြိမ်တည်းဖြတ်ခြင်း) ၏ ပထမဆုံး သင်ရိုးစာအုပ်ဖြစ်သည်။ ဤသင်ရိုးစာအုပ်တွဲတွင် သင်ရိုးပေါင်း ၅ ခု ပါဝင်သည်။ သင်ရိုးတစ်ခုစီက သင်ကြားရေးစက်ဝန်း ၅ ဆင့်၏ အဆင့်တစ်ဆင့်စီအတွက် စူးစိုက်ရေးဆွဲထားခြင်းဖြစ်သည်။ (ထို ၅ ဆင့်မှာ လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ သင်ကြားခြင်း၊ သင်ယူမှုအကဲဖြတ်ခြင်း၊ သင်ခန်းစာ သုံးသပ်အကဲဖြတ်ခြင်းတို့ ဖြစ်ကြသည်။)

အတွဲ ၁ သည် သင်ကြားရေးစက်ဝန်း၏ ပထမအဆင့်ဖြစ်သော လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်းကို အာရုံစိုက်တင်ပြထားပါသည်။ သင်ယူမှုပြုလုပ်ရန် သင်ယူသူ လိုအပ်ချက်များအပြင် မိမိ၏ သင်ကြားရေး လိုအပ်ချက်များကိုပါ ဆင်ခြင်သုံးသပ်နိုင်ရန် တင်ပြထားသည်။ မိမိ၏ သင်ယူသူများကို ပိုမိုကောင်းစွာ နားလည်စေရန်နှင့် ထိုသို့ နားလည်ခြင်းအားဖြင့် သင်ခန်းစာနှင့် သင်ရိုးများကို ပိုမိုထိရောက်စွာ ပြင်ဆင်နိုင်အောင် ထောက်ကူပါလိမ့်မည်။

သင်ရိုးအတွဲ ၁ သည် အောက်ပါအကြောင်းအရာတို့ကို တင်ပြထားပါသည်။

- သင်ကြားရေးစက်ဝန်းကို သင်ကြားရေး လုပ်ငန်းအဆင့်ဆင့်အဖြစ် အသုံးပြုနိုင်ပုံ။
- သင်ယူခြင်း ဖြစ်ပေါ်ပုံ။
- သင်ယူမှုပြုရာတွင် ကြုံတွေ့ရသော လိုအပ်ချက်များ၊ ထိရောက်သော ဆရာ/မတစ်ဦးဖြစ်ရန် လိုအပ်ချက်များ။
- သင်ယူသူများ၏ လိုအပ်ချက်များနှင့် ဆရာ/မတစ်ဦးက အပြုသဘောဆောင်သော စာသင်ခန်းတွင်း အလေ့အထများ မည်သို့ ဖန်တီးနိုင်ကြောင်း။

## သင်ယူမှု ပန်းတိုင်များ

### အသိပညာ

**ဤသင်ရိုးတွင် အောက်ပါအသိပညာတို့ တိုးတက်လာမည် –**

- သင်ကြားရေး စက်ဝန်းပါအဆင့်များ။
- တက်ကြွသော သင်ယူမှု၊ အငုံ့သဘော ငြိမ်သက်လက်ခံသည့် သင်ယူမှု၊ သင်ယူသူဗဟိုပြု သင်ယူခြင်းနှင့် ဆရာဗဟိုပြုသင်ယူခြင်း။
- ဉာဏ်ရည်ဉာဏ်သွေး အမျိုးမျိုးနှင့် သင်ယူမှုအားသန်ပုံအမျိုးမျိုး။
- ဦးနှောက်၏ လိုအပ်ချက်များ။
- ထိရောက်သော ဆရာ/မတစ်ဦးဖြစ်ရန် ဆောင်ရွက်ဖွယ်များ၊ လိုအပ်ချက်များနှင့် အခန်းကဏ္ဍများ။
- သင်ယူသူများ၏ သိမှုဆိုင်ရာ၊ လူမှုဆိုင်ရာ၊ စိတ်ပိုင်းသက်ရောက်မှုဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ။
- အားလုံးအကျုံးဝင်ပညာရေး။
- လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်များ၊ သင်ယူသူ အမျိုးအစားဆိုင်ရာ အချက်အလက်များ၊ အတန်းလိုက် အချက်အလက်များ။
- အပြုသဘောဆောင်သော သင်ယူမှု ဝန်းကျင်တို့၏ ဝိသေသလက္ခဏာများ။

### ကျွမ်းကျင်မှုများ

**ဤသင်ရိုးတွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်မည့် စွမ်းရည်များ တိုးတက်လာပါလိမ့်မည် –**

- တက်ကြွသော သင်ယူမှုဖြစ်စေသည့် စာသင်ခန်း လုပ်ငန်းစဉ်များကို ရွေးချယ်တတ်ခြင်း။
- သင်ယူမှုဖြစ်စေရန် ဦးနှောက်၏ လိုအပ်ချက်များကို ထောက်ပံ့ခြင်း။
- ထိရောက်သော ဆရာ/မတစ်ဦးဖြစ်ရန် ဆောင်ရွက်ဖွယ်များ၊ လိုအပ်ချက်များနှင့် အခန်းကဏ္ဍများကို ဆောင်ရွက်ခြင်း။
- သင်ယူသူများ၏ အတွင်းစွဲနှင့် အပြင်စွဲ စေ့ဆော်မှု တွန်းအားများကို ဖော်ထုတ်သတ်မှတ်တတ်ခြင်း။
- လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်နှင့် ခွဲခြမ်းစိတ်ဖြာချက်များကို ဖန်တီးတတ်ခြင်းနှင့် အသုံးပြုဆောင်ရွက်တတ်ခြင်း။
- လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်များ၊ သင်ယူသူ အမျိုးအစားဆိုင်ရာ အချက်အလက်များ၊ အတန်းလိုက် အချက်အလက်များ ဖန်တီးရေးသွင်းခြင်း။
- အပြုသဘောဆောင်သော စာသင်ခန်း ပတ်ဝန်းကျင်များ ဖန်တီးခြင်း။

### ပြန်လှန်သုံးသပ်ခြင်း

**ဤသင်ရိုးတွင် အောက်ပါတို့ကို သုံးသပ် စဉ်းစားရပါမည် –**

- သင့် သင်ကြားရေးတွင် ရှိခဲ့သော အောင်မြင်မှုများနှင့် အခက်အခဲများ။
- သင်ကြားရေးနှင့် သင်ယူမှုတွင် ရရှိခဲ့သော အတွေ့အကြုံများ။
- သင့်ကိုယ်ပိုင် သင်ယူမှုအားသန်ပုံ အမျိုးမျိုး။
- ဆရာများက သင်ယူသူများအပေါ် သက်ရောက်ပုံများ။
- ထိရောက်သော ဆရာ/မတစ်ဦးဖြစ်ရန် ဆောင်ရွက်ဖွယ်များ၊ လိုအပ်ချက်များနှင့် အခန်းကဏ္ဍများ။
- အားလုံးအကျုံးဝင် ပညာရေး၏ အရေးပါပုံနှင့် ဆီလျော်သက်ဆိုင်မှု။
- လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်များကို ဖန်တီးခြင်းနှင့် အသုံးချ ဆောင်ရွက်ခြင်း နည်းလမ်းများ။
- စာသင်ခန်း ပတ်ဝန်းကျင်နှင့် စာသင်ခန်းတွင်း အလေ့အထများ။

# ခေတ်သစ်ဆရာ သင်ရိုးစာအုပ်ကို

## သင်တန်းတွင် အသုံးပြုပုံ

ဤသင်ရိုး၏ ရည်ရွယ်ချက်မှာ သင်ယူသူဗဟိုပြု သင်ကြားရေး နည်းလမ်းအသုံးပြု သင်ကြားသူတို့အတွက် အရေးပါသော အသိပညာများ၊ သင်ကြားရေး ကျွမ်းကျင်မှုများနှင့် ပြန်လှန်သုံးသပ်ခြင်း အလေ့အထများကို လေ့ကျင့်တည်ဆောက်ရန် ဖြစ်ပါသည်။

ဤမိတ်ဆက်အပိုင်းတွင် သင်ရိုးပါ သင်ယူမှုရလဒ်များနှင့် သင်ယူခြင်း နည်းလမ်းများအကြောင်းကို ပိုမိုနားလည်အောင် ကူညီပေးမည် ဖြစ်ပါသည်။

### ဤသင်ရိုးတွင် အောက်ပါတို့ကို တွေ့ရှိရမည်ဖြစ်သည် -

***အကြိုသင်ခန်းစာ*** – စာအုပ်ပါ အခန်းတိုင်းသည် အကြိုသင်ခန်းစာ လုပ်ငန်းစဉ်တစ်ရပ်နှင့် အရင်စတင်ပြီး ခေါင်းစဉ်အကြောင်းအရာကို စတင်စဉ်းစားရန်၊ ဆွေးနွေးရန်၊ စပ်လျဉ်းသည့် ရှိနှင့်ပြီးဗဟုသုတများကို ဖော်ထုတ်ရန် ရည်ရွယ်သည်။ အကြိုသင်ခန်းစာများအတွက် အဖြေ (ရှိပါက) ကို သင်ရိုးအဆုံးတွင် ပါရှိသော အဖြေများ အပိုင်းတွင် ဖော်ပြထားပါသည်။

***လေ့ကျင့်ခန်း*** – ဤလုပ်ငန်းများက သက်ဆိုင်ရာ အခန်းတွင်ပါသော အယူအဆ အကြောင်းအရာများကို နားလည်မှု ရှိ၊ မရှိ စစ်ဆေးပေးသည်။ လေ့ကျင့်ခန်းများအတွက် အဖြေ (ရှိပါက) ကို သင်ရိုးအဆုံးတွင် ပါရှိသော အဖြေများ အပိုင်းတွင် ဖော်ပြထားပါသည်။

***လုပ်ငန်းစဉ်များ*** – ဤလုပ်ဆောင်ဖွယ်များမှာ သင်ယူသူဗဟိုပြု သင်ကြားရေးနည်းလမ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကောင်းများအတွက် လိုအပ်သည့် တတ်မြောက်ကျွမ်းကျင်မှုတို့ကို မြှင့်တင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ၎င်းလုပ်ထုံးလုပ်နည်းများတွင် သင်ယူသူအမျိုးမျိုး၊ စာသင်ခန်းနေရာချပုံ၊ လူဦးရေအမျိုးမျိုးတို့နှင့် ဆီလျော်မှုရှိအောင် လုပ်ငန်းစဉ်များကို အစီအစဉ်ရေးဆွဲခြင်း၊ ပုံစံထုတ်ခြင်းနှင့်၊ ပြုပြင်ခြင်းတို့ ပါဝင်ပါသည်။ လုပ်ငန်းစဉ်များအတွက် အဖြေ (ရှိပါက) ကို သင်ရိုးအဆုံး၌ ပါရှိသော အဖြေများ အပိုင်းတွင် ဖော်ပြထားပါသည်။

***ဆွေးနွေးချက်များမှာမူ*** ခေါင်းစဉ်နှင့် ပတ်သက်သည့် မိမိအတွေးအယူအဆများ၊ မိမိအတွေ့အကြုံများကို မျှဝေခွင့် ရရှိမည်ဖြစ်သည်။

***ပြန်လှန်သုံးသပ်ခြင်းကမူ*** သင့်ကိုယ်ပိုင် သင်ကြား သင်ယူမှုအကြောင်းကို ပြန်လည်တွေးတော သုံးသပ်စေမည်ဖြစ်သည်။ သင်ယူသူဗဟိုပြု သင်ကြားရေး လက်တွေ့လေ့ကျင့်ခန်းများအားလုံးတွင် အစီအစဉ်ရေးဆွဲခြင်း၊ သင်ကြားခြင်း၊ မိမိသင်ကြားခြင်းကို ပြန်လည်သုံးသပ် ဆန်းစစ်ပြီး နောက်သင်ခန်းစာကို ဆက်လက် ပြင်ဆင်ခြင်းတို့ ပါဝင်သည်။ ပြန်လှန်သုံးသပ်ခြင်း အပိုင်းတို့တွင် ဤစာအုပ်မှ ရရှိသော အသိနှင့် အတတ်တို့ကို စာသင်ခန်းတစ်ခုအတွင်း မည်သို့ အသုံးချမည်ကို စူးစိုက်လေ့လာမည်ဖြစ်သည်။

***အကျဉ်းချုပ်အပိုင်းများမှာ*** အခန်းတစ်ခန်းစီ၏ အဓိက အယူအဆများကို ပြန်နွှေးပေးမည်ဖြစ်သည်။

## ဤသင်ရိုးမတိုင်မီနှင့် သင်ရိုးအပြီး . . .

သင်ကြားရေးတတ်ကျွမ်းမှုများကိုကြည့်ပါ။ ဤသင်ရိုးပါ အကြောင်းအရာများသည် မြန်မာနှင့် အာဆီယံသင်ကြားရေး တတ်ကျွမ်းမှု မူဘောင်တွင် မည်သို့ ချိတ်ဆက်ပါဝင်နိုင်ကြောင်း လေ့လာပါ။

သင်ရိုးပါ အဓိကအယူအဆများကို ဖတ်ရှုပြီး ဤသင်ရိုးကို လေ့လာရန် အဆင်သင့်ပြင်ဆင်ပါ။

မည်သည့် အသိ၊ သင်ကြားရေး ကျွမ်းကျင်မှုများနှင့် ပြန်လှန်သုံးသပ်ခြင်း အလေ့အထများ ပါဝင်ကြောင်းသိရန် သင်ယူမှု ပန်းတိုင်များကို လေ့လာပါ။ မိမိနှင့် မိမိသင်တန်းသား ဆရာ/မများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မည်သည့် အခန်းများက အသင့်တော်ဆုံးဖြစ်ကြောင်း ရွေးချယ်လိုပါက ထိုရလဒ်စာရင်းကိုလည်း ကြည့်နိုင်ပါသည်။

ဤသင်တန်းအတွက်ရော နောင်သင်တန်းများအတွက်ပါ ရေတိုရေရှည် ပန်းတိုင်များ သတ်မှတ်နိုင်ရန် ဤအပိုင်းက ကူညီနိုင်ပါမည်။

အခန်းတစ်ခန်းစီ အစတိုင်းမှ ရည်ရွယ်ချက်များကို ဖတ်ပါ။ သင်ရိုးအဆုံးတွင် အဖြေအပိုင်းပါပါသည်။

သင်ရိုးပါ လေ့ကျင့်ခန်း လုပ်ငန်းစဉ်များ၏ အဖြေများ၊ နမူနာအဖြေများ ပြထားသည်။ အချို့မေးခွန်းများအတွက် အဖြေမှာ မိမိကိုယ်ပိုင်အတွေးနှင့် အတွေ့အကြုံများပေါ် မူတည်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းအားလုံးအတွက် အဖြေပေးထားခြင်း မရှိပါ။



# အာဆီယံ သင်ကြားရေး တတ်ကျွမ်းမှုများ

အာဆီယံ သင်ကြားရေး တတ်ကျွမ်းမှုများသည် အာဆီယံနိုင်ငံအသီးသီးတွင် အသုံးပြုသော သင်ကြားရေး စံနှုန်းများကို လိုက်လျောညီထွေ ဆီလျော်မှု ရှိစေရန်၊ အပြန်အလှန် အထောက်အပံ့ပြုနိုင်ရန်နှင့် စံသတ်မှတ်ချက်များ ထားနိုင်ရန် အရှေ့တောင်အာရှ ဆရာ/မများအတွက် အာဆီယံ သင်ကြားရေး တတ်ကျွမ်းမှုမူဘောင်ကို ဖော်ထုတ်သတ်မှတ်ထားပါသည်။ သင်ကြားရေးတတ်ကျွမ်းမှု စံနှုန်းများသည် အရည်အသွေးမြင့် သင်ကြားရေးကို အများသဘောတူ အဓိပ္ပာယ်ဖွင့်ဆိုချက် သတ်မှတ်ပေးပါသည်။

> 'အာဆီယံနိုင်ငံအသီးသီးမှ ပညာရေးဝန်ကြီးဌာနများ အားလုံး၏ တူညီသော ရည်မှန်းချက်တစ်ခုမှာ စာသင်ခန်းတိုင်းတွင် အရည်အသွေးမြင့် ဆရာ/မတစ်ဦး ရရှိနိုင်ရေးပင်ဖြစ်သည်။ သို့ရာတွင် ဆရာ/မများအနေဖြင့် ပိုမိုထိရောက်မှုရှိလာစေရန် မည်သည်ကို သိရန် လိုအပ်ကြောင်းနှင့် မည်သည့် အရည်အသွေးအဆင့်ထိ ကျင့်ကြံဆောင်ရွက်ရမည်ဖြစ်ကြောင်း ပိုမိုတိကျသော သတ်မှတ်ချက်များ လိုအပ်ပါသည်။ သင်ကြားရေးတတ်ကျွမ်းမှု စံနှုန်းများသည် အရည်အသွေးမြင့် သင်ကြားရေးကို အများသဘောတူ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ်အဖြစ် တည်ရှိနေပါသည်။'
>
> http://www.seameo-innotech.org/wp-content/uploads/2014/01/PolRes_TeachingCompetencyStandardsInSEA.pdf

## ၂။ သင်ယူခြင်း ဖြစ်ပေါ်ပုံ

ASEAN B2 : တက်ကြွသော သင်ယူမှုထွက်ပေါ်အောင် ဖော်ထုတ်ရန်နှင့် သင်ယူသူများ၏ သင်ယူမှုပုံစံအမျိုးမျိုးနှင့် ကိုက်ညီအောင် သင်ကြားရေး နည်းလမ်းအမျိုးမျိုး အသုံးချခြင်း။

ASEAN C4 : သင်ခန်းစာ အစီအစဉ်ရေးဆွဲရာတွင် သင်ယူသူများ၏ ကွဲပြားစုံလင်မှုကို ထည့်သွင်းစဉ်းစားခြင်း။

ASEAN D3 : တက်ကြွသော သင်ယူမှုဖြစ်အောင် တွန်းအားပေးစေ့ဆော်ခြင်း။

ASEAN D5 : သင်ယူသူများ၏ ကွဲပြားစုံလင်မှုကို လေးစားအသိအမှတ်ပြုခြင်း။

## ၃။ ထိရောက်သော ဆရာ/မတစ်ဦးဖြစ်ခြင်း

ASEAN D4 : အဆင့်မြင့် သင်ယူမှု လုပ်ဆောင်ချက်တစ်ရပ်တွင် အမြဲရှိနေရေး လိုအပ်သော သိနားလည်မှုကို မြှင့်တင်ခြင်း။

ASEAN D5 : သင်ယူသူများ၏ ကွဲပြားစုံလင်မှုကို လေးစားအသိအမှတ်ပြုခြင်း။

ASEAN D6 : ပူးပေါင်းဆောင်ရွက်မှုရှိသော သင်ယူမှုဝန်းကျင်တစ်ရပ် ထိန်းသိမ်းထားရှိခြင်း။

## ၄။ သင်ယူသူ လိုအပ်ချက်များ

ASEAN C1 : သင်ယူမှုနှင့် ဆက်စပ်လိုအပ်ချက်များကို အကဲဖြတ်သုံးသပ်ခြင်း။

ASEAN D2 : ဂရုစိုက်စောင့်ရှောက်မှုရှိသော၊ သင်ယူမှုအားပေးခြင်းရှိသော ပတ်ဝန်းကျင်တစ်ခု မြှင့်တင်ခြင်း။

ASEAN D5 : သင်ယူသူများ၏ ကွဲပြားစုံလင်မှုကို လေးစားအသိအမှတ်ပြုခြင်း။

## ၅။ အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်များ

ASEAN D1 : ဘေးကင်းသော၊ သန့်ရှင်းသော၊ စနစ်ကျနသော သင်ယူမှုဝန်းကျင်တစ်ရပ် မြှင့်တင်အားပေးခြင်း။

ASEAN D2 : ဂရုစိုက်စောင့်ရှောက်မှုရှိသော၊ သင်ယူမှုအားပေးခြင်းရှိသော ပတ်ဝန်းကျင်တစ်ခု မြှင့်တင်ခြင်း။

ASEAN D5 : သင်ယူသူများ၏ ကွဲပြားစုံလင်မှုကို လေးစားအသိအမှတ်ပြုခြင်း။

# မြန်မာ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်

မြန်မာ ဆရာ/ဆရာမများအတွက် သင်ကြားရေး တတ်ကျွမ်းမှု မူဘောင်ကို ပညာရေး အရည်အသွေး မြှင့်တင်ရေး လုပ်ငန်းစဉ်များနှင့် အညီ ရေးဆွဲလျက်ရှိသည်။ ပညာရေးစနစ်တစ်ခုကို အဆင့်မြှင့်တင်ရန် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စံနှုန်းတန်ဖိုးများ ကျင့်သုံးပြီး ထိရောက်သော သင်ကြားရေး လုပ်ဆောင်နိုင်သည့် ဆရာများ လိုအပ်သည်ဟူသည့်အချက်ကို အသိအမှတ်ပြု၍ ရေးဆွဲနေခြင်းလည်းဖြစ်သည်။

> 'မြန်မာနိုင်ငံတွင် (လုပ်ငန်းခွင်အကြိုနှင့် စဉ်ဆက်မပြတ် သင်ယူမှုမ်းမံခြင်း ပါဝင်သော ဆရာ အတတ်သင်ပညာရေးတစ်ရပ် ခိုင်မာစွာ လိုအပ်ပါသည်။ ၎င်းတွင် သဘောတရားရေးရာ အခြေခံများ ခိုင်မာစွာ ရှိထားသော ဆရာ အတတ်သင် ဘွဲ့ရများနှင့် အရည်အသွေးမြင့် ဆရာ/ဆရာမများ မွေးထုတ်နိုင်စွမ်းရှိရမည်။ ၎င်းတို့တွင် ပညာရှင်ဆန်သော အသိပညာ၊ အတတ်ပညာများ ကျွမ်းကျင်ရရှိထားပြီး မြန်မာနိုင်ငံမှ ဆရာ/ဆရာမများ၏ သင်ကြားရေး လုပ်ငန်းစဉ် အရပ်ရပ်တွင် လိုအပ်သော အခန်းကဏ္ဍနှင့် တာဝန်များကို ဆောင်ရွက်နိုင်စွမ်းရှိရန် ရည်မှန်းထားပါသည်။'
>
> မြန်မာ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ ပညာရေး ဝန်ကြီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ။
>
> https://lib.mmteacherplatform.net/en/resource/teacher-competency-standards-framework-tcsf

**အောက်ပါတို့မှာ ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်တွင် ပြဋ္ဌာန်းထားသည့် လုပ်ငန်းခွင်အကြို ဆရာ/ဆရာမ များအတွက် တတ်ကျွမ်းမှုစံများနှင့် အနိမ့်ဆုံး အရည်အသွေး သတ်မှတ်ချက်များ ဖြစ်ကြပါသည်။**

## ၂။ သင်ယူမှု ဖြစ်ပေါ်ပုံ

တတ်ကျွမ်းမှု စံသတ်မှတ်ချက် (က–၁) ကျောင်းသားများ မည်သို့ သင်ယူသည်ကို သိသည်။

- (က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်း သင်ယူမှုလိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

## ၃။ ထိရောက်သော ဆရာ/ဆရာမတစ်ဦးဖြစ်ပုံ

တတ်ကျွမ်းမှု စံသတ်မှတ်ချက် (က–၃) ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများကို ကောင်းမွန်စွာ ဆက်ဆံတတ်သည်။

- (က) (၃.၁) မြန်မာနိုင်ငံရှိ ဆရာများ၏ အခန်းကဏ္ဍနှင့် သတ်မှတ်တာဝန်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

တတ်ကျွမ်းမှု စံသတ်မှတ်ချက် (ဂ–၁) သင်ကြားရေးလောက ဖွံ့ဖြိုးတိုးတက်အောင် အမှုဆောင်ခြင်း

- (ဂ) (၁. ၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြ ပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင်ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။

## ၄။ သင်ယူသူ၏ လိုအပ်ချက်များ

တတ်ကျွမ်းမှု စံသတ်မှတ်ချက် (က–၃) ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများကို ကောင်းမွန်စွာ ဆက်ဆံတတ်သည်။

- (က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ ရပ်ရွာဒေသ၏ လူမှုပိုင်း၊ ဘာသာစကား၊ ယဉ်ကျေးမှု မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။

တတ်ကျွမ်းမှု စံသတ်မှတ်ချက် (ခ–၃) ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူပြုသော၊ ဘေးကင်းလုံခြုံစိတ်ချနိုင်သော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။

- (ခ) (၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်း ရှိကြောင်းပြသည်။

တတ်ကျွမ်းမှု စံသတ်မှတ်ချက် (ဂ–၃) ကျောင်းသားအားလုံး ပညာရေး အရည်အသွေးမြင့်မားစေရန်နှင့် ပညာရေး တန်းတူညီမျှ ရရှိနိုင်ရန် တိုးမြှင့်ဆောင်ရွက်သည်။

- (ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာ ပံ့ပိုးကူညီကြောင်း ပြသသည်။
- (ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှုသဘောထားကို ဖော်ပြသည်။

## ၅။ အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်များ

တတ်ကျွမ်းမှု စံသတ်မှတ်ချက် (ခ–၃) ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူပြုသော၊ ဘေးကင်းလုံခြုံစိတ်ချနိုင်သော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။

- (ခ) (၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်း ရှိကြောင်းပြသည်။

တတ်ကျွမ်းမှု စံသတ်မှတ်ချက် (ဂ–၃) ကျောင်းသားအားလုံးပညာရေး အရည်အသွေးမြင့်မားစေရန်နှင့် ပညာရေး တန်းတူညီမျှ ရရှိနိုင်ရန် တိုးမြှင့်ဆောင်ရွက်သည်။

- (ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာ ပံ့ပိုးကူညီကြောင်း ပြသသည်။
- (ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှု သဘောထားကို ဖော်ပြသည်။





# ၁ ပညာရေးနှင့် သင်ကြားရေးစက်ဝန်း



### ရည်ရွယ်ချက်များ

- ဆရာအတတ်သင် သင်တန်းသားများသည် ၎င်းတို့၏ သင်ယူမှုနှင့် သင်ကြားမှု အတွေ့အကြုံများကို ပြန်လှန်သုံးသပ်ခြင်းပြုရန်။
- ဆရာအတတ်သင် သင်တန်းသားများက သင်ကြားရေးစက်ဝန်း အဆင့် ၅ ဆင့်မှ တစ်ဆင့်ချင်းစီအတွက် နမူနာအခြေအနေများကို ဖော်ထုတ်စဉ်းစားရန်။
- ဆရာအတတ်သင် သင်တန်းသားများက သင်ကြားရေး စက်ဝန်းအဆင့် ၅ ဆင့်ကို အစီအစဉ်ရေးဆွဲပြင်ဆင်ရန်။

# ၁.၁ ပညာရေးဆိုသည်မှာ အဘယ်နည်း

## အကြိုသင်ခန်းစာ

**က** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ "ပညာရေး" ဆိုသည့် စကားလုံးအတွက် သင့်ကိုယ်ပိုင်ဖွင့်ဆိုချက်မှာ အဘယ်နည်း။

၂။ "ပညာတတ်တစ်ဦးဖြစ်ခြင်း" ဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။

"ပညာရေး" ဆိုသည်မှာ အသိပညာ၊ အတတ်ပညာ၊ စံတန်ဖိုး၊ ယုံကြည်ချက်နှင့် အလေ့အထများကို သင်ကြားပေးခြင်း သင်ယူခြင်းတို့ကို ခေါ်ဆိုခြင်းဖြစ်သည်။ ရံဖန်ရံခါ ၎င်းသည် မသင်မနေရ ဖြစ်သလို၊ ရံဖန်ရံခါတွင် ဆန္ဒအလျောက်သာ သင်ယူရခြင်းလည်း ရှိနိုင်သည်။ ပညာရေးဟုဆိုလျှင် သူငယ်တန်းမှ အထက်တန်းအထိ အခြေခံပညာရေးအထိ ပါဝင်သည်။ တက္ကသိုလ်နှင့် အဆင့်မြင့်ပညာရေးအပြင် နည်းပညာနှင့် သက်မွေးဝမ်းကျောင်း သင်တန်းများလည်း ပါဝင်နိုင်ပါသည်။ ပညာရေးသည် စာသင်ခန်းတွင်းတွင် ရှိနိုင်သလို စာသင်ခန်းပြင်ပတွင်လည်း ရှိနိုင်သည်။ ဆရာက သင်ကြားပေးခြင်းလည်း ဖြစ်နိုင်သလို ကိုယ့်အားကိုယ်ကိုး လေ့လာခြင်းလည်း ဖြစ်နိုင်ပါသည်။

ပညာရေးဆိုသည်မှာ ကြီးမားကျယ်ပြန့်သော အယူအဆတစ်ခုဖြစ်သည်။ ပညာရေးစနစ်အဆင့်ဆင့်တွင် လူပုဂ္ဂိုလ်ပေါင်းများစွာ ပါဝင်လုပ်ဆောင်ရသည်။ ဆရာ/မများနှင့် ကျောင်းသူ/သားများမှသည် မိဘများ၊ ရပ်ရွာဝင်များ၊ အစိုးရအရာရှိများအထိ ပါဝင်ရသည်။ မိမိပါဝင်လုပ်ကိုင်နေရသော ပညာရေးစနစ် အစိတ်အပိုင်းမှာ ကျောင်းတစ်ကျောင်းကဲ့သို့သော အဖွဲ့အစည်းငယ် တစ်ခုလည်း ဖြစ်နိုင်သလို ကျောင်းပေါင်းထောင်ချီပါဝင်သော နိုင်ငံအဆင့်ပညာရေးစနစ်တစ်ခုလည်း ဖြစ်နိုင်သည်။ ထိုနှစ်ခုကြားမှ စနစ်အဆင့်တစ်ခုခုလည်း ဖြစ်နိုင်သည်။

သုတေသနများတွင် တွေ့ရှိပြီး အချက်အလက်မှာ ပညာရေးအရည်အသွေးမြှင့်တင်ရန် အကောင်းဆုံးနည်းလမ်းမှာ ဆရာ/မများကို အထောက်အပံ့ပြုရန်ဟု ဖြစ်ပါသည်။ ထိုအထောက်အပံ့မျိုးကို စဉ်ဆက်မပြတ် ဆရာအတတ်ပညာ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ဆရာအတတ်သင် သင်တန်းများမှတစ်ဆင့် ပေးနိုင်ပါသည်။ ဆိုလိုသည်မှာ ဆရာ/မတို့၏ လုပ်သက် တစ်လျှောက်တွင် သင်တန်းများ အဆက်မပြတ် ပေးအပ်သင်ကြားပေးခြင်းအားဖြင့် တိုးတက်လာစေခြင်းဖြစ်သည်။ ဆရာ/မများက သင်ယူသူများထံ ပညာရေးကို ပေးအပ်သည်။ ၎င်းတို့ကိုယ်တိုင်သည်လည်း သင်တန်းဆရာများ၊ စာအုပ်များ၊ သင်တန်းများ၊ အထက်အရာရှိများမှတစ်ဆင့် ပညာရေး ပြန်လည်ရရှိ လက်ခံယူနိုင်ပါသည်။



"ကမ္ဘာကို ပြုပြင်ပြောင်းလဲရန် အသုံးပြုရမည့်အင်အားအကောင်းဆုံး လက်နက်ကိရိယာမှာ ပညာရေးပင်ဖြစ်သည်။"

\- နယ်ဆင် မန်ဒဲလား

# လုပ်ငန်းစဉ်

၁ ဆရာ/မတစ်ဦးအနေနှင့် သင်ပိုင်ဆိုင်သော အားအကောင်းဆုံး စွမ်းပကားများမှာ မည်သည်တို့ဖြစ်သည်ဟု ထင်ပါသနည်း။ သင့် သင်ကြားရေးနှင့် ပတ်သက်ပြီး မည်သည့်အပိုင်းကို အတိုးတက်စေချင်ဆုံး ဖြစ်သနည်း။ အောက်ပါဇယားကွက်ကို ဖြည့်ပါ။

| ကျွန်ုပ်၏ အားအကောင်းဆုံးစွမ်းရည် | ပြောင်းလဲတိုးတက်ရမည့် အပိုင်း |
|---|---|
| | |

# ဆွေးနွေးချက်


၈ ကျောင်းသူ/သားဘဝမှ အတွေ့အကြုံများကို ပြန်စဉ်းစားပါ။ မိမိအနှစ်သက်ဆုံး ဆရာ/မမှာ မည်သူနည်း။ အဘယ့်ကြောင့် ၎င်းကို အနှစ်သက်ဆုံးနည်း။ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆွေးနွေးဖြေဆိုပါ။



## လုပ်ငန်းစဉ်

**ဃ** အောက်ပါဇယားကွက်တွင် သင်ကြားရေးနှင့် ပတ်သက်သည့် သင့်အတွေးများ၊ ယုံကြည်ချက်များနှင့် မေးခွန်းများကို မှတ်သားပါ။ ဤသင်ရိုးစာအုပ်ကို မသုံးမီတွင် ရေးမှတ်ခြင်းဖြစ်ပြီး စာအုပ်သုံးအပြီးတွင် တစ်ကြိမ် ပြန်ရေးသားရပါမည်။ ယခုအချိန်အတွက်မှ ဝဲဘက်အကွက်တွင်သာ အဖြေများ ရေးဖြည့်ပါ။ ဤသင်ရိုးစာအုပ်အပြီးတွင် ယာဘက်အကွက်၌ အဖြေများ ထပ်ဖြည့်ရပါမည်။

| ယခု - ခေတ်သစ်ဆရာစာအုပ် မသုံးမီ | နောင်လုပ်ဆောင်ရန် ခေတ်သစ်ဆရာစာအုပ် သုံးအပြီး |
|---|---|
| **သင်ကြားရေးနှင့် သင်ယူမှုအကြောင်း အတွေး ၃ ခု –** | |
| ၁။<br>၂။<br>၃။ | ၁။<br>၂။<br>၃။ |
| **ဆရာ/မများ၊ သင်ယူသူများနှင့် ပတ်သက်သည့် ယုံကြည်ချက် ၂ ခု –** | |
| ၁။ ဆရာ/မများ ဘာနှင့် တူသနည်းဆိုသော် . . .<br>၂။ သင်ယူသူများက ဘာနှင့် တူသနည်းဆိုသော် . . . | ၁။ ဆရာ/မများ ဘာနှင့် တူသနည်းဆိုသော် . . .<br>၂။ သင်ယူသူများက ဘာနှင့် တူသနည်းဆိုသော် . . . |
| **ဆရာ/မဖြစ်ခြင်းနှင့် ပတ်သက်ပြီး မေးခွန်းတစ်ခု –** | |
| | |




၂။ စက်ဝိုင်းပုံစံနှစ်ခုရအောင် ဝိုင်းပြီး မတ်တပ်ရပ်ပါ။ တစ်ဝိုင်းက နောက်တစ်ဝိုင်း၏ အတွင်းထဲတွင် ဝင်နေရမည်။ အတွင်းစက်ဝိုင်းက အပြင်ဘက်ကို မျက်နှာမူရပ်ရမည်။ အပြင်စက်ဝိုင်းက အတွင်းဘက်ကို မျက်နှာမူရပ်ရမည်။ ထိုအခါ အတွင်းစက်ဝိုင်းက လူများနှင့် အပြင်စက်ဝိုင်းကလူများ မျက်နှာချင်းဆိုင် ရပ်နေလျက်သား ဖြစ်သွားမည်။

(က) မိမိမျက်နှာချင်းဆိုင် ရပ်နေသည့်သူနှင့် မိမိအတွေးများ၊ ယုံကြည်ချက်များနှင့် မေးခွန်းများကို အပြန်အလှန် ပြောပြနားထောင်ကြပါ။

(ခ) လေးမိနစ်ခန့်အပြီးတွင် လှုပြောင်းပြီး ဆွေးနွေးရမည်။ အတွင်းစက်ဝိုင်းက နေမြဲအတိုင်းရပ်နေရမည်။ အပြင်စက်ဝိုင်းရှိ လူများက မိမိညာဘက်မှ လူ၏ နေရာကို ဝင်ယူရပ်ရမည်။ ထိုအခါ လူတိုင်း တွဲဖက်အသစ် ရသွားမည်ဖြစ်သည်။

(ဂ) မိမိအဖြေများကို တွဲဖက်အသစ်နှင့် နောက်တစ်ကြိမ် ထပ်မံပြောပြဆွေးနွေးကြရမည်။

# ၁.၂ သင်ကြားရေးစက်ဝန်း

## အကြိုသင်ခန်းစာ



**က** မိမိသွားဖူးသော ခရီးတစ်ခုအကြောင်း စဉ်းစားပါ။ သွားရမည့်နေရာကို မည်သို့ ရွေးခဲ့သနည်း။ မည်သို့ သွားရောက်ခဲ့သနည်း။ မည်သည့်တို့ လုပ်ခဲ့ကြသနည်း။ မည်သည့် အိမ်ပြန်လက်ဆောင်များ၊ အမှတ်တရများ မိမိနှင့် ပြန်ပါလာခဲ့သနည်း။ အဘယ့်ကြောင့်နည်း။

၁။ မိမိတို့ ခရီးစဉ်များကို နှစ်ဦးတွဲအလိုက် ဆွေးနွေးပါ။

၂။ သင့်ခရီးနှင့် သင်ကြားရေးတို့ မည်သို့ တူညီသနည်း။

သင်ကြားရေးဆိုသည်မှာ ခရီးသွားသကဲ့သို့ပင်ဖြစ်သည်။ အစပိုင်းတွင် မိမိ မည်သည့်နေရာသို့ သွားချင်သည်၊ ဘာကြောင့်သွားချင်သည်ကို စဉ်းစားဖော်ထုတ်ရသည်။ မည်သို့သွားမည်၊ မည်သည့်လမ်းမှ သွားမည်ကို အစီအစဉ် ရေးဆွဲဖို့ လိုအပ်သည်။ လမ်းတွင် ကြုံတွေ့နိုင်သည့် အပိတ်အဆို့ အတားအဆီးများ၊ လမ်းလွဲများကို ကြိုတင်စဉ်းစား ထားရန်လိုသည်။ လမ်းတွင်လည်း လမ်းကြောင်း မှန်ကန်မှု ရှိနေမနေကို အစဉ်တစိုက် လေ့လာသတိထားရမည်။

သင်ကြားရေးတွင်လည်း မိမိတို့ သင်ယူသူများအတွက် ရှင်းလင်းသော ရည်ရွယ်ချက်များထားရှိရန် လိုအပ်သည်။ ထိုရည်ရွယ်ချက်များသို့ ရောက်ရှိအောင် မိမိတို့ သင်ယူသူများကို မည်သို့ ပို့ဆောင်မည်ဟူသည့် အစီအစဉ်လည်း ရေးဆွဲထားရမည်။ ကျောင်းသူ/ သားများ၏ သင်ယူမှုကို စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးပြီး ၎င်းတို့၏ သင်ယူမှုကို ပိုမိုတိုးတက်စေရန် ပြောင်းလဲလုပ်ဆောင်မှုများ ပြုလုပ်ရမည်။

သင်ကြားရေးစက်ဝန်းသည် ဆရာ/ မများ လုပ်ဆောင်ရမည့် အသုံးဝင်သော လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်ပေး နိုင်ပါသည်။ စာသင်ခန်းအတွင်း မိမိတို့ ထားရှိအပ်သော ရည်ရွယ်ချက်ကို ပေါက်မြောက်ရရှိအောင်လည်း ကူညီပေးနိုင်သည်။

သင်ကြားရေးဖြစ်စဉ် အဆင့်ဆင့်သည် စက်ဝန်းပမာဖြစ်ပေါ်သည်။ တစ်ဆင့်ချင်းစီက နောက်တစ်ဆင့်ရောက်အောင် ဆွဲခေါ်သည်။ တစ်ဆင့်ချင်းစီသည် ပြီးခဲ့သည့်တစ်ဆင့်ကို မှီလျက်ဖြစ်ပေါ်သည်။ ဆရာ/ မက သင်ယူသူများအား လိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်သည်။ ထို့နောက် သင်ရိုးများ၊ သင်ခန်းစာများနှင့် လုပ်ငန်းစဉ်များကို အစီအစဉ်ရေးဆွဲသည်။ သင်ခန်းစာ ပို့ချနေချိန်တွင် ဆရာ/ မက ထိုအစီအစဉ်များကိုသုံးပြီး သင်ကြားသည်။ သင်ယူသူများက ၎င်းတို့မှတစ်ဆင့် သင်ယူသည်။ ထိုသို့ သင်ကြားခြင်းဆိုသည်မှာ သင်ယူသူများကို အကြောင်းအရာသစ်များ သင်ကြားပေးခြင်းသာမကဘဲ စာသင်ခန်းစီမံခန့်ခွဲမှုကို သုံးပြီး ၎င်းတို့၏ အပြုအမူများကို စီမံထိန်းကျောင်းခြင်းပါ ပါဝင်သည်။ သင်ကြားနေစဉ်လည်းကောင်း၊ သင်ကြားပြီးချိန်တွင်လည်းကောင်း ဆရာ/ မများက ကျောင်းသူ/ သားများ၏ သင်ယူမှုအကဲဖြတ်ခြင်းကို ပြုလုပ်ရသည်။ ထိုသို့ အကဲဖြတ်ခြင်းမှတစ်ဆင့် သင်ကြားမှုကို ဆန်းစစ်အကဲဖြတ်ခြင်းဆီ ဆက်လက်ဦးတည်နိုင်သည်။ ဆရာ/ မက မိမိ၏ သင်ကြားရေးသည် မည်မျှ ထိရောက်မှုရှိခဲ့ကြောင်းနှင့် မည်သို့ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း ပြန်လှန်သုံးသပ်ခြင်းဖြစ်သည်။ ဆန်းစစ်အကဲဖြတ်ခြင်းအားဖြင့် သင်ယူသူများ၏ လိုအပ်ချက်တို့ကို ထပ်မံလေ့လာနိုင်ပြီး သင်ကြားရေး စက်ဝန်း နောက်တစ်ကျော့လည်နိုင်မည်ဖြစ်သည်။



## လေ့ကျင့်ခန်း

**၁** သင်ကြားရေးစက်ဝန်းတွင် အဆင့် ၅ ဆင့် ပါဝင်သည်။ အောက်ပါစာသားကို ဖတ်ပြီး အဆင့်များကို ပုံတွင် အစီအစဉ်တကျ ပြန်စီပါ။

(က) ~~လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း~~
(ခ) သင်ယူမှု အကဲဖြတ်ခြင်း
(ဂ) အစီအစဉ်ရေးဆွဲခြင်း
(ဃ) သင်ကြားမှု ဆန်းစစ်အကဲဖြတ်ခြင်း
(င) သင်ကြားခြင်း




၁။ လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း

၂။ ______________________

၃။ ______________________

၄။ ______________________

၅။ ______________________

## လုပ်ငန်းစဉ်

**ဂ** အဖွဲ့ ၅ ဖွဲ့ခွဲပြီး ဆောင်ရွက်ပါ။ တစ်ဖွဲ့စီတွင် သင်ကြားရေးစက်ဝန်း၏ အဆင့်တစ်ဆင့်စီ ရှိပါလိမ့်မည်။

၁။ မိမိအဖွဲ့ရထားသော သင်ကြားရေးစက်ဝန်းအဆင့်အကြောင်း စာသားကိုဖတ်ပါ။

၂။ မေးခွန်းများဖြေပါ။

(က) ဤအဆင့်က အဘယ့်ကြောင့် အရေးကြီးသနည်း။ (ဥပမာ – "သင်ကြားရေးကို ဆန်းစစ်အကဲဖြတ်ခြင်းမှာ အဘယ့်ကြောင့် အရေးကြီးသနည်း။")

(ခ) ဤအဆင့်ကို ဆရာ/မများ မည်သို့ ဆောင်ရွက်နိုင်သနည်း။ (ဥပမာ – "ဆန်းစစ်အကဲဖြတ်ခြင်းကို ဆရာ/မများ မည်သို့ ဆောင်ရွက်နိုင်သနည်း။")

(ဂ) မိမိကြုံတွေ့ဖူးသော နည်းလမ်းကောင်းများ၊ အဆင်မပြေသော အတွေ့အကြုံ နမူနာများကို ဖော်ပြပါ။

၃။ ၅ ဦးမှ ၁၀ ဦးအထိ ပါနိုင်သော အဖွဲ့အသစ်များခွဲပါ။ အဖွဲ့အသစ်တိုင်းကို အဖွဲ့ဟောင်းအားလုံးမှ အဖွဲ့ဝင်တစ်ဦးစီ ပါဝင်အောင် စုံလင်စွာ ထည့်သွင်းထားရမည်။

၄။ အဖွဲ့ဝင်များက မိမိတို့ အဖွဲ့ဟောင်းတွင် ဖတ်ရှုခဲ့ရသော သင်ကြားရေးအဆင့်အကြောင်းကို အခြားအဖွဲ့မှလာသူများအား ရှင်းပြရမည်။

### လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း

သင်ယူသူများကို အကောင်းဆုံး သင်ကြားပေးရေး အစီအစဉ်ရေးဆွဲနိုင်ရန် ၎င်းတို့ လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ပါ။ အတန်းသစ်ရပြီဆိုပါက ၎င်းတို့ နောက်ခံများကို ဖော်ထုတ်သိရှိရန်လိုသည်။ ၎င်းတို့ သိပြီးအကြောင်းအရာများ၊ ရှိပြီးကျွမ်းကျင်မှုများ၊ စိတ်ဝင်စားမှုများနှင့် မည်သည့် သင်ယူမှုပုံစံက အကောင်းဆုံးဖြစ်ကြောင်း စသည်တို့ ဖြစ်သည်။

၎င်းတို့ တွေ့ကြုံခံစားခဲ့ရသည့် အောင်မြင်သော၊ မအောင်မြင်သော သင်ယူမှု အတွေ့အကြုံများကို ဖော်ထုတ်ပါ။ မိမိ၏ သင်ယူသူများနှင့် ၎င်းတို့၏ သင်ယူမှုအကြောင်းကို ပိုသိရှိလေလေ၊ သင်ခန်းစာ အစီအစဉ်ရေးဆွဲမှု ပိုမိုကောင်းမွန်လေလေ ဖြစ်ပါမည်။

### အစီအစဉ် ရေးဆွဲခြင်း

သင်ယူသူများကို ကောင်းစွာ လမ်းညွှန်ထိန်းကျောင်းနိုင်ရန် အစီအစဉ်တစ်ခု လိုအပ်သည်။ အစီအစဉ် ရေးဆွဲခြင်းဆိုသည်မှာ ပြီးခဲ့သည့် သင်ယူမှုတစ်ခုအပေါ် နောက်ထပ်သင်ယူမှုများ ထပ်ဆင့်တင်တည်ဆောက်ခြင်းဖြစ်သည်။ ထိုဖြစ်စဉ်ကို ဆရာ/မများက ထိန်းကျောင်းပေးရခြင်းဖြစ်ရာ သင့်အနေနှင့် သင်ယူမှုဦးတည်ရာသည် မည်သို့ဖြစ်ကြောင်း ရှင်းလင်းစွာ သိရှိရန် လိုအပ်ပါသည်။

သင်ကြားရမည့် အကြောင်းအရာနှင့် သင်ခန်းစာ တစ်ခုစီအတွက် သင်ယူမှု ရည်ရွယ်ချက်များကိုလည်း အစီအစဉ်ရေးဆွဲရမည် ဖြစ်ပါသည်။ မိမိသင်ယူသူများအတွက် ဆီလျော်သော အဆင့်ဖြစ်အောင် ပြင်ဆင်ရမည်ဖြစ်သည်။ သင်ယူသူများအနေနှင့် သင်ခန်းစာ အကြောင်းအရာကို သိရှိနားလည်ရန်၊ သင်ယူနေသည့် ကျွမ်းကျင်မှုများကို လေ့ကျင့်နိုင်စေရန်နှင့် သင်ယူမှု ရည်ရွယ်ချက်များကို ပေါက်မြောက်နိုင်စေရန် ကူညီထောက်ပံ့မည့် လုပ်ငန်းစဉ်များကို အစီအစဉ်ရေးဆွဲရမည်။ သင်ယူသူများ၏ တိုးတက်မှုကို မည်သို့ အကဲဖြတ်မည်ကိုလည်း အစီအစဉ်ရေးဆွဲရန် လိုအပ်ပါသည်။

ဆရာ/မများ၏ အလုပ်တာဝန်ပမာဏများမှာ တစ်ဦးနှင့်တစ်ဦး မတူကြပါ။ အချို့ ဆရာ/မများက သင်ရိုးများ၊ သင်ခန်းစာများ၊ အကဲဖြတ်စာမေးပွဲများနှင့် သင်ကြားသင်ယူမှု လုပ်ငန်းစဉ်များကို မိမိတို့ကိုယ်တိုင် ရေးဆွဲပြင်ဆင်ရသည်။ အချို့နေရာများတွင်မူ ၎င်းတို့ကို အဆင်သင့် ပြင်ဆင်ပေးထားခြင်းရှိသည်။ ဥပမာ – သင်ရိုးစာအုပ်များ ပြဋ္ဌာန်းထားခြင်း၊ နိုင်ငံအဆင့် သင်ရိုးညွှန်းတမ်းထားရှိခြင်း စသည်တို့ဖြစ်သည်။ ပြဋ္ဌာန်းပြီး သင်ထောက်ကူများ သုံးကာ သင်ကြားလျှင်ပင် ၎င်းတို့ကို မိမိသင်ယူသူများ လိုအပ်ချက်နှင့် ကိုက်ညီအောင် မည်သို့ သင်ကြားမည်ဖြစ်ကြောင်း ကြိုတင်ပြင်ဆင်ဖို့ လိုအပ်ပါသည်။

## သင်ကြားခြင်း

ကျောင်းသူ/သားများက သင်ယူမှု ရည်ရွယ်ချက်များ ရရှိအောင်မြင်စေရန် မိမိသင်ခန်းစာကို သင်ကြားခြင်း၊ သင်ကြား သင်ယူမှု လုပ်ငန်းစဉ်အမျိုးမျိုးကို အသုံးပြုပြီး သင်ယူသူများ၏ သင်ယူမှုပုံစံအမျိုးမျိုး၊ စိတ်ဝင်စားမှု အမျိုးမျိုးနှင့် ကိုက်ညီအောင် သင်ကြားပါ။ ထိုအခါ သင်ယူမှုမှာ ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်လာပြီး စိတ်အားထက်သန်မှုလည်း ပိုမိုရှိလာပါလိမ့်မည်။

သင်ကြားစဉ် စာသင်ခန်းသည် သင်ယူသူတစ်ဦးချင်းစီအတွက် ဘေးကင်းလုံခြုံပြီး သက်သောင့်သက်သာ ဖြစ်နေစေရန် စီစဉ်ရမည်။ သန်စွမ်းမှု၊ ဘာသာစကား၊ တိုင်းရင်းသား လူမျိုးဖြစ်မှု၊ ကျား မ ဖြစ်မှု၊ အသက်အရွယ် စသဖြင့် အချက် တစ်စုံတစ်ရာကြောင့် နောက်ကျကျန်ရစ်ခြင်း မရှိစေဘဲ သင်ယူသူအားလုံးတို့က သင်ယူမှု အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပါ။

## သင်ကြားမှု ဆန်းစစ်အကဲဖြတ်ခြင်း

ဆရာ/မများသည် အောက်ပါမေးခွန်းများအတွက် အဖြေရရန် ဆန်းစစ်အကဲဖြတ်ခြင်းကို အသုံးပြုသည်။ သင်ကြားရေး မည်မျှ အောင်မြင်သနည်း။ သင်ယူသူများသည် သင်ယူမှု ရည်ရွယ်ချက်များကို အောင်မြင်ပေါက်မြောက်ခြင်း ရှိသလား။ မည်သည့်အပိုင်း အဆင်ပြေခဲ့သနည်း။ မည်သည့်အပိုင်း အဆင်မပြေခဲ့သနည်း။ အဘယ့်ကြောင့်နည်း။

မိမိပို့ချသော သင်ခန်းစာများ၊ မိမိအသုံးပြုနေသော သင်ရိုးညွှန်းတမ်းနှင့် သင်ထောက်ကူများအကြောင်း စဉ်းစားပါ။ မည်သည်က အဆင်ပြေခဲ့ပြီး မည်သည်က အဆင်မပြေခဲ့ကြောင်းကို မှတ်စုထားပါ။ သင်ယူသူများ၏ တိုးတက်မှုကို မိမိမည်သို့ အကဲဖြတ်ထားကြောင်းကြည့်ပါ။ သင်ယူသူများထံမှ အကြံပြုတုံ့ပြန်ချက်များ ရယူပါ။

နောက်တစ်ကြိမ် သင်ကြားရေးတွင် သင်ကြားဖြည့်ဆည်းရမည့် သင်ယူသူ လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ရန် ဆန်းစစ်အကဲဖြတ်ခြင်းကို သုံးပါ။

## သင်ယူမှု အကဲဖြတ်ခြင်း

အကဲဖြတ်ချက်များသည် သင်ယူသူများက သင်ယူနေသည့် အကြောင်းအရာတို့ကို မည်မျှ ကောင်းစွာ နားလည်မှုရှိကြောင်း ပြသနိုင်ပါသည်။ ဆရာ/မများအနေနှင့် ထိုအချက်ကို နားလည်ရမည်။ သို့မှသာ သင်ယူသူများ၏ တိုးတက်မှုကို တိုင်းတာ နိုင်မည်ဖြစ်သည်။ သင်ယူသူများက ထိုအချက်ကို သိဖို့လိုသည်။ သို့မှသာ အောင်မြင်မှုရှိရန် လုပ်စရာရှိသည်ကို လုပ်နိုင်မည်ဖြစ်ပါသည်။ သင်ယူမှု အကဲဖြတ်ခြင်းကို ပုံမှန်ဆောင်ရွက်ခြင်းက ဆရာ/မများရော သင်ယူသူများကိုပါ အထောက်အကူပြုပါသည်။

သင်ယူသူများ၏ ရှိပြီးအသိပညာကို သင်ရိုးအစတွင် အကဲဖြတ်ပါ။ ထို့နောက် သင်ရိုးတစ်လျှောက် ၎င်းတို့၏ တိုးတက်မှုနှင့် သင်ရိုးအပြီးတွင်လည်း သင်ယူမှု အကဲဖြတ်ခြင်းပြုရမည်။ သင်ယူမှု အကဲဖြတ်ခြင်းတွင် စစ်ဆေးချက်များ၊ စာမေးပွဲများ ပါနိုင်သည်။ ထို့ပြင် ပရောဂျက်များ၊ လုပ်ငန်းတာဝန် သတ်မှတ်ချက်များ၊ အိမ်စာများ၊ လေ့လာစောင့်ကြည့်ချက်များ၊ စာသင်ခန်းတွင်း လုပ်ငန်းစဉ်များ ပါဝင်နိုင် ပါသည်။ သင်ယူသူများကိုပေးသော အကြံပြု တုံ့ပြန်ချက်များသည်လည်း သင်ယူမှု အကဲဖြတ်ခြင်းအောက်တွင် ပါဝင်ပါသည်။

## လေ့ကျင့်ခန်း

**ဃ** အောက်ပါလုပ်ငန်းများ၊ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်ရာ သင်ကြားရေး စက်ဝန်းအဆင့်များနှင့် တွဲစပ်ပါ။ အချို့ နမူနာများမှာ အဆင့်တစ်ဆင့်ထက်ပိုမို၍ ချိတ်ဆက်နိုင်မည်ဖြစ်သည်။

| | |
|---|---|
| ၁။ သင်ယူသူများကို လိုအပ်ချက် ဖော်ထုတ်သော စစ်ဆေးအကဲဖြတ်ချက် စာမေးပွဲဖြေဆိုစေသည်။ | ၂။ စားပွဲများကို စီစဉ်နေရာချပါ။ |
| ၃။ သင်ယူသူများကို လမ်းညွှန်၊ ပံ့ပိုး၊ စီမံခန့်ခွဲခြင်း။ | ၄။ သင်ယူသူများ၏ စိတ်ဝင်စားမှုများကို ဖော်ထုတ်သည်။ |
| ၅။ အပတ်စဉ် ပဟေဠိများပေးသည်။ | ၆။ ညွှန်ကြားချက်ကောင်းတစ်ခုပေးမည်။ |
| ၇။ လုပ်ဖော်ကိုင်ဖက်များထံမှ တုံ့ပြန်အကြံပြုချက်များ ရယူသည်။ | ၈။ သင်ရိုးညွှန်းတမ်းတစ်ခု ရေးဆွဲသည်။ |
| ၉။ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း သင်တန်း တက်ရောက်သည်။ | ၁၀။ သင်ခန်းစာ အစီအစဉ်တစ်ခု ဖန်တီးသည်။ |
| ၁၁။ အတန်းတင်စာမေးပွဲ မေးခွန်းရေးသည်။ | ၁၂။ လေ့လာရေးခရီးတစ်ခု စုစည်းစီစဉ်သည်။ |
| ၁၃။ သင်ယူမှု ရည်ရွယ်ချက်များကို ဖော်ထုတ် သတ်မှတ်သည်။ | ၁၄။ သင်ထောက်ကူပစ္စည်းများ ဖန်တီးသည်။ |
| ၁၅။ သင်ယူသူများ စိတ်ပါဝင်စားမှုရှိအောင် မေးခွန်းများ မေးသည်။ | ၁၆။ သင်ခန်းစာတစ်ခု သင်ကြားသည်။ |
| ၁၇။ ကောင်းစွာ မှတ်စုထုတ် မှတ်သားနိုင်ရန် သင်ယူသူများကို ကူညီပါ။ | ၁၈။ စာသင်ခန်းအချိန်ကို စီမံခန့်ခွဲပါ။ |
| ၁၉။ သင်ယူသူများက သင်ခန်းစာကို နားလည်ခြင်း ရှိမရှိ စစ်ဆေးပါ။ | ၂၀။ သင်ထောက်ကူရင်းမြစ်များကို ရှာဖွေပါ။ |
| ၂၁။ သင်ယူသူများ၏ အဆိုင်းမန့် အိမ်စာများကို အမှတ်ခြစ်ပါ။ | ၂၂။ သင်ယူသူများက အဖွဲ့လိုက် လုပ်ငန်းများ လုပ်ဆောင်ချက်ကို လေ့လာစောင့်ကြည့်ပါ။ |
| ၂၃။ သင်ခန်းစာ မည်မျှ အောင်မြင်ခဲ့ကြောင်း မိမိကိုယ်ကို ပြန်မေးပါ။ | ၂၄။ ကျောင်းသူ/သား အသစ်များကို မေးခွန်းမေးမြန်းပါ။ |
| ၂၅။ မည်သည့်အရာ အောင်မြင်မှုရှိပြီး မည်သည်က မအောင်မြင်ကြောင်း ပြန်လှန်သုံးသပ်ပါ။ | ၂၆။ သင်ရိုးစာအုပ်တစ်အုပ် ရွေးချယ်ပါ။ |
| ၂၇။ စာသင်ခန်းအတွက် စည်းမျဉ်းများ ဖန်တီးပါ။ | ၂၈။ သင်ယူသူများ၏ သင်ယူမှု အတွေ့အကြုံများကို ဖော်ထုတ်ပါ။ |
| ၂၉။ ကျောင်းသူ/သားများ၏ ကိုယ်ရေးအချက်အလက် ပုံစံများ ဖန်တီးပါ။ | ၃၀။ အိမ်စာအတွက် အချိန်မည်မျှပေးနိုင်ကြောင်း သင်ယူသူများကို မေးပါ။ |

**င** သင်ကြားရေးသာ ခရီးစဉ်တစ်ခုဖြစ်ပါက သင်ကြားရေးစက်ဝန်းသည် ခရီးစဉ်တွင် မည်သို့ ပါဝင်နေသနည်း။

၁။ “ခရီး” နမူနာများ (က–င) ကို ကိုက်ညီသည့် သင်ကြားရေး စက်ဝန်းအဆင့် ၅ ဆင့်နှင့် တွဲစပ်ပါ။

၂။ ဆရာ/မများ၏ အတွေ့အကြုံနမူနာများ (၁–၅) နှင့် သင်ကြားရေး စက်ဝန်းအဆင့် ၅ ဆင့်တို့ကို တွဲစပ်ပါ။

**က** ခရီးဦးတည်ရာသို့ သွားနိုင်သည့် လမ်းတစ်လမ်းတည်းမက အမြဲရှိတတ်ပါသည်။ အဖြောင့်ဆုံးလမ်းကို ရွေးနိုင်သလို အလှဆုံးလမ်းကိုလည်း ရွေးနိုင်မည်။

**ခ** ကားအကြာကြီး မောင်းပြီးသောအခါ လူလည်း ပင်ပန်းသလို ကားသည်လည်း ဝန်ပိခံရနိုင်သည်။ ခေတ္တရပ်တန့်ပြီး လူတိုင်း အဆင်ပြေမပြေ၊ ကားကောင်းမကောင်း ပြန်စစ်ဆေးခြင်းမျိုး လုပ်သင့်ပါသည်။

**ဂ** ခရီးစဉ်တွင် အလွန်လှပသော ဓာတ်ပုံများ ရိုက်ကူးမှတ်တမ်းတင်နိုင်ခဲ့သလို အမှတ်တရများစွာလည်း ရရှိခဲ့သည်။ နောက်ထပ် ခရီးစဉ် ဘယ်သွားလျှင်ကောင်းမည်နည်း။ ပိုကောင်းသော ခရီးစဉ်ဖြစ်အောင် ဘာလုပ်နိုင်မည်နည်း။

**ဃ** ကားပေါ်တက်ပြီး မောင်းနှင်ခရီးသွားဖို့ အချိန်ရောက်ပြီ။



**င** ခရီးစဉ်တွင် သယ်ဆောင်သွားရမည့် အရာများကို စဉ်းစားရမည်။ ပူပြင်းသော ဒေသများ သွားသည်ဆိုပါက အနွေးထည်ကြီးများ မလိုအပ်။

**၁။** လပြည့်လကွယ်ပုံ အဆင့်ဆင့်အကြောင်း မိနစ် (၉၀) စာ သင်ခန်းစာတစ်ခုကို ဆရာက ပို့ချသည်။ ထိုသင်ခန်းစာတွင် အဆင့် (၅) ဆင့်ပါပြီး သတင်းအချက်အလက်အသစ် တင်ပြရန် အမြင်ပိုင်း အထောက်အကူ အများအပြားကို အသုံးပြုသည်။ သင်ခန်းစာပို့ချစဉ် အဖြေ ဖြေဆိုလိုပါက လက်အရင်ထောင်ပါဟု ကျောင်းသူ/သားများကို ခဏခဏ သတိပေးနေရသည်။

**၂။** လစဉ် သင်ကြားခဲ့ပြီးသော အကြောင်းအရာများကို ပြန်လှန်စစ်ဆေးသည့် စာမေးပွဲတစ်ခုကို ကျောင်းသူ/သားများ ဖြေဆိုရသည်။

**၃။** အင်္ဂလိပ်စာ သင်ခန်းစာ ပထမနေ့တွင် ဆရာ/မသည် ကျောင်းသားများကို အင်္ဂလိပ်စာအဆင့် စစ်ဆေးသော စာမေးပွဲတစ်ခု ဖြေဆိုစေသည်။ ထို့နောက် ဆရာ/မက စာသင်ခန်းအတွင်းတွင် လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် နေရာမည်မျှ လွတ်သည်ကို လေ့လာသည်။

**၄။** ကျောင်းချိန်ပြီးသည့်အခါ အိမ်မပြန်မီတွင် ဆရာ/မက နေ့စဉ်မှတ်တမ်းတွင် ၅ မိနစ်ခန့် ရေးသွင်းသည်။ ထိုနေ့အတွက် မိမိသဘောကျခဲ့သည့် အကြောင်းအရာနှစ်ခုနှင့် အခက်အခဲ တွေ့ခဲ့သည့် အရာတစ်ခု၊ အံ့ဩမိသည့် အရာတစ်ခုတို့ကို မှတ်သားရေးသွင်းသည်။

**၅။** ဆရာ/မများက မူလတန်း ကျောင်းသူ/သားများကို သင်ကြားရမည့် နွေရာသီ အင်္ဂလိပ်စာ သင်တန်းတစ်ခုအတွက် အတူတူပူးပေါင်းပြီး သင်ရိုးရေးဆွဲကြသည်။ သင့်လျော်သော သင်ရိုးကို ရွေးချယ်ခြင်းနှင့် ခေါင်းစဉ်များ၊ ဘာသာစကား ကျွမ်းကျင်မှုအမျိုးမျိုးတို့အား သင်ကြားရေး တာဝန်များကို အချင်းချင်းအကြား ခွဲဝေကြခြင်းများ ဆောင်ရွက်သည်။

## လုပ်ငန်းစဉ်

**၁** မျိုးမင်းက ဆမ်ကို အပင်စိုက်နည်း သင်ပေးမည်။ မျိုးမင်း၏ အစီအစဉ်ကို ဖတ်ပါ။

၁။ ၎င်း၏ အစီအစဉ်များနှင့် သင်ကြားရေး စက်ဝန်း၏ အဆင့်များ မှန်ကန်စွာ တွဲစပ်ပါ။



**က**

မျိုးမင်းက အပင်စိုက်ပျိုးခြင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရှာစုသည်။ လိုအပ်သော ပစ္စည်းကိရိယာများ စုစည်းသည်။

**ခ**

ဆမ်က သစ်ပင်တစ်ပင် သူ့ဘာသာစိုက်လိုက်သည်။ မျိုးမင်းက ဆမ့် အပင် မည်သို့ ကြီးပြင်းမှု ရှိနေကြောင်း စစ်ဆေးပေးသည်။

**ဂ**

မျိုးမင်းက သူ့သင်ကြားရေး မည်သို့ ရှိကြောင်း၊ မည်သို့ သင်လိုက်လျှင် ဆမ်အတွက် ပိုကောင်းသွားနိုင်ကြောင်း ပြန်လှန်သုံးသပ်ခြင်းပြုသည်။

**ဃ**

မျိုးမင်းက ဆမ် အပင်စိုက်မည့် နေရာသို့သွားသည်။ ဆမ် အပင်စိုက်သည်ကို ကူညီရန် မျိုးမင်းက မှတ်စုထဲမှာ လမ်းညွှန်ချက်များကို သုံးသည်။ ဆမ် အပင်စိုက်သည်ကို ကြည့်ပြီး အကြံဉာဏ်ပေးသည်။

**င**

မျိုးမင်းက ဆမ်ကို အရင်က သစ်ပင် စိုက်ဖူးခြင်း ရှိမရှိ မေးသည်။ ဆမ်က ဘယ်အပင်တွေကို ကြိုက်ကြောင်း၊ အပင် သန် မသန်ကို ကြည့်ပြီး စစ်ဆေးတတ်ခြင်း ရှိမရှိ ဆွေးနွေးကြသည်။

၂။ သင်က သင့်မိတ်ဆွေတစ်ယောက်ကို အောက်ပါကျွမ်းကျင်မှုများ သင်ကြားပေးရန် အစီအစဉ်ရေးဆွဲနေသည်။

- သီချင်းတစ်ပုဒ်၏ စာသား
- ဟင်းတစ်မျိုးချက်နည်း
- လက်ဖဝါးပုံဆွဲနည်း
- စက္ကူလေယာဉ် ခေါက်နည်း
- ဖုန်းတွင် ဂိမ်းကစားနည်း

အဆင့်တစ်ဆင့်ချင်းစီတွင် မည်သည်တို့ ဖြစ်ပေါ်မည်နည်း။ အောက်ပါဇယားကွက်ကို ဖြည့်ပါ။

| | |
|---|---|
| **လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း** | |
| **အစီအစဉ်ရေးဆွဲခြင်း** | |
| **သင်ကြားခြင်း** | |
| **သင်ယူမှု အကဲဖြတ်ခြင်း** | |
| **သင်ကြားမှု ဆန်းစစ် အကဲဖြတ်ခြင်း** | |

၃။ မိမိအစီအစဉ်ကို နှစ်ဦးတွဲ အလိုက်ဖြစ်စေ၊ အဖွဲ့လိုက် ဖြစ်စေ တင်ပြပါ။

၄။ သင်ကြားရေးစက်ဝန်း အဆင့်ဆင့်က တစ်ဆင့်နှင့် တစ်ဆင့် မည်သို့ ဆက်စပ်သနည်း။



## ဆွေးနွေးချက်

**ဃ** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။


၁။ ဤသင်ရိုးက သင်ကြားရေး စက်ဝန်း၏ မည်သည့်အဆင့်ကို စူးစိုက်တင်ပြမည် ဖြစ်သနည်း။




၂။ သင်ကြားရေး စက်ဝန်းမှ မည်သည့်အဆင့်များကို သင်အပိုင်နိုင်ဆုံးဖြစ်သည်ဟု ထင်သနည်း။ အဘယ့်ကြောင့်နည်း။



၃။ သင်ကြားရေး စက်ဝန်းမှ မည်သည့်အဆင့်များက လုပ်ရခက်ခဲသော အဆင့်တို့ ဖြစ်သနည်း။ အဘယ့်ကြောင့်နည်း။






၄။ ဤစာအုပ်ထဲမှာ မည်သည့်အခန်းများကို သင်ယူရန် အလိုလားဆုံး ဖြစ်သနည်း။ အဘယ့်ကြောင့်နည်း။

## ပြန်လှန်သုံးသပ်ခြင်း

၈ အသစ်များ သင်ယူရရှိပြီးတိုင်း မိမိသင်ယူမှုကို မိမိ ပြန်လှန်သုံးသပ်ခြင်းပြုခြင်းသည် အသုံးဝင်သောလုပ်ရပ်ဖြစ်သည်။ ထိုသို့ သုံးသပ်ရန်အတွက် နေ့စဉ်သုံးသပ်ချက် မှတ်တမ်းတစ်ခုထားရမည်။ မိမိသင်ယူရရှိခဲ့သည်တို့ကို ပြန်လည်ချရေးသော မှတ်တမ်းဖြစ်သည်။ အောက်ပါမေးခွန်းများကို အသုံးပြုပြီး မိမိ သင်ယူမှုကို မိမိ ပြန်လှန် သုံးသပ်ခြင်းပြုနိုင်သည်။




### အကျဉ်းချုပ် - အခန်း (၁) ပညာရေးနှင့် သင်ကြားရေးစက်ဝန်း

ပညာရေးကဏ္ဍကို အရည်အသွေးမြင့်တင်ရာတွင် အထိရောက် အမြန်ဆန်ဆုံး နည်းလမ်းတစ်ခုမှာ ဆရာ/မများ၏ ဆရာ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုခြင်းတို့ပင် ဖြစ်ပါသည်။ ဆရာ/မများကို သင်ကြားရေးစက်ဝန်း၏ အဆင့် ၅ ဆင့်လုံးတွင် ပိုမိုအားကောင်းလာစေမည့် သင်တန်းများ ပေးခြင်းအားဖြင့် ထိုသို့ ထောက်ပံ့နိုင် ပါသည်။

၁။ ဆရာ/မများ၊ ကျောင်းနှင့် ကျောင်းသူ/သားများ၏ လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ခြင်း။

၂။ သင်ရိုး/သင်ခန်းစာများ၏ သင်ယူမှု ပန်းတိုင်များ၊ ရည်ရွယ်ချက်များနှင့် ပါဝင်သော အကြောင်းအရာများကို အစီအစဉ်ရေးဆွဲခြင်း။

၃။ ထိရောက်သော စာသင်ခန်းစီမံခန့်ခွဲမှု ဗျူဟာများ၊ သင်ကြားရေး နည်းလမ်းများသုံးကာ သင်ခန်းစာများ ပို့ချသင်ကြားခြင်း။

၄။ သင်ကြားနေချိန်နှင့် သင်ကြားပြီးချိန်များတွင် ကျောင်းသူ/သားများ၏ သင်ယူမှုကို အကဲဖြတ်ခြင်း။

၅။ သင်ကြားမှုကို ပြန်လှန်ဆန်းစစ် အကဲဖြတ်ခြင်းပြုပြီး သင်ကြားပုံ၏ အားသာချက်များ၊ ပြုပြင်ဖွံ့ဖြိုးရာ လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ခြင်း။

သင်ကြား သင်ယူမှု အတွေ့အကြုံများကို သုံးသပ်စဉ်းစားရာတွင် သင်ကြားရေး စက်ဝန်းနည်းလမ်းမှာ အလွန်အသုံးဝင်သော ချဉ်းကပ်စဉ်းစားပုံတစ်မျိုးဖြစ်ပါသည်။ စက်ဝန်းတစ်ခုဖြစ်သောကြောင့် ဆရာများအနေနှင့် ဤဖြစ်စဉ်ကို အစအဆုံး အဖန်ဖန် ပြန်လည်ဆောင်ရွက်နိုင်သည်။ တစ်ကျော့လည်ပြီးတိုင်း တစ်မျိုးတိုးတက်လာခြင်းလည်း ရှိနိုင်ပါသည်။





# ၂ သင်ယူခြင်း ဖြစ်ပေါ်ပုံ

## ရည်ရွယ်ချက်များ

- ဆရာအတတ်သင် သင်တန်းသားများက လက်တွေ့ဘဝတွင်း သင်ယူမှုနှင့် စာသင်ခန်းတွင်း သင်ယူမှုတို့၏ တူညီကွဲပြားချက်များ နှိုင်းယှဉ်ကြရန်။
- ဆရာအတတ်သင် သင်တန်းသားများက သင်ယူမှုကို အဓိပ္ပာယ်ဖွင့်ဆိုကြရန်။
- ဆရာအတတ်သင် သင်တန်းသားများက စာသင်ခန်း လုပ်ငန်းစဉ်များသည် တက်ကြွသော သင်ယူမှုနှင့် အင့်သဘော ငြိမ်သက်လက်ခံသည့် သင်ယူမှုသဘော မည်သို့ဆောင်နေကြောင်း ခွဲခြားကြရန်။
- ဆရာအတတ်သင် သင်တန်းသားများက သင်ယူမှုအားသန်ပုံအမျိုးမျိုးတို့ကို လေ့လာကြရန်။
- ဆရာအတတ်သင် သင်တန်းသားများသည် စာသင်ခန်း လုပ်ငန်းစဉ်အမျိုးမျိုးနှင့် ဦးနှောက်၏ လိုအပ်ချက်များကို ဆက်စပ် စဉ်းစားနိုင်ရန်။

# ၂.၁ လက်တွေ့ဘဝနှင့်စာသင်ခန်း

## အကြိုသင်ခန်းစာ




**က** မိမိနောက်ဆုံး သင်ယူခဲ့သည့် သင်ယူမှုတစ်ခုအကြောင်း မျက်လုံးမှိတ်ပြီး ပြန်မြင်ယောင်စဉ်းစားပါ။

၁။ မည်သည့်အရာကို သင်ယူခဲ့ပါသနည်း။ မည်သို့ သင်ယူခဲ့သနည်း။

၂။ မကြာသေးမီက မိမိတို့ သင်ယူခဲ့ကြသောအရာများကို တစ်တန်းလုံးအနေနှင့် ဝိုင်းစဉ်းစားကြပါ။ ၎င်းသင်ယူမှုများကို သင်ပုန်းပေါ်တွင် စာရင်းတစ်ခုအဖြစ်ရေးပါ။

၃။ မိမိ၏ သင်ယူမှုနှင့် ဆင်တူသော သင်ယူမှု အနည်းဆုံးတစ်ခုရှိသော အခြားအတန်းဖော်တစ်ဦးကိုရှာပါ။

၄။ ထို့နောက် မိမိတို့ သင်ယူခဲ့သည့် အရာများအကြောင်းကို နှစ်ဦးတွဲ ဆွေးနွေးပြီး စာရင်းပြုစုပါ။ အောက်ပါ အကြောင်းအရာများပါအောင် ဆွေးနွေးပါ။

(က) မိမိတို့ သင်ယူခဲ့သည့်အရာ

(ခ) သင်ယူခဲ့သည့် နေရာ

(ဂ) သင်ယူခဲ့သည့် အချိန်

(ဃ) သင်ယူနိုင်ရန် ကူညီခဲ့သူ

(င) သင်ယူခဲ့သည့် နည်းလမ်းပုံစံ

(စ) သင်ယူရသည့် အကြောင်းအရင်း

၅။ မိမိတို့ သင်ယူမှုအကြောင်းကို အတန်းသို့ ပြန်လည်တင်ပြပါ။

၆။ အဖွဲ့တိုင်းက ပြန်လည်တင်ပြပြီးပါက အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။


(က) မည်သည်တို့ကို စာသင်ခန်းအတွင်း သင်ယူကြပြီး မည်သည်တို့ကို လက်တွေ့ပြင်ပ ဘဝတွင် သင်ယူကြသနည်း။

(ခ) စာသင်ခန်းအတွင်း သင်ယူခြင်းနှင့် စာသင်ခန်းပြင်ပ ဘဝတွင် သင်ယူခြင်းတို့၏ ခြားနားချက်များမှာ အဘယ်တို့နည်း။

(ဂ) မည်သည့် သင်ယူမှုက ပိုမိုထိရောက်သည်ဟု သင်ထင်မြင်ယူဆပါသနည်း။ အဘယ့်ကြောင့်နည်း။

သင်ယူမှုဆိုသည်မှာ စာသင်ခန်းအတွင်းရော အပြင်၌ပါ ဖြစ်ပွားနိုင်သည်။ နေ့စဉ်ဘဝများအတွင်း ရှိနိုင်သည်။ စာသင်ခန်းပြင်ပ သင်ယူမှုကို "သဘာဝအလျောက် သင်ယူတတ်မြောက်ခြင်း" ဟု ခေါ်လေ့ရှိပါသည်။

ကျောင်းသို့ ပထမဆုံး ရောက်လာဖူးခြင်းဖြစ်သော်လည်း ကျောင်းသူ/သား ကလေးများသည် သင်ယူမှု အတွေ့အကြုံများ များစွာရှိထားပြီးဖြစ်သည်။ မိခင်ဘာသာစကားနှင့် စကားပြောတတ်လာခြင်း၊ ရိုးရာဓလေ့ထုံးတမ်းများအတိုင်း သွားလာနေထိုင်တတ်ခြင်း၊ လမ်းလျှောက်တတ်လာခြင်း၊ ပြေးတတ်ခြင်း၊ မိဘ ကူတတ်ခြင်း စသည်ဖြင့် အခြား သင်ယူမှုများစွာ ရှိထားပြီးသား ဖြစ်ကြပါလိမ့်မည်။ ကျောင်းတွင် သင်ကြားရေးအလုပ်လုပ်သည့် ဆရာ/မများ မရှိသော်လည်း အခြား အလွတ်သဘော သင်ကြားပေးသည့် ဆရာ/မများ ၎င်းတို့ဘဝထဲတွင် ရှိပြီးသားဖြစ်သည်။ မိဘများ၊ မိသားစုဝင်များ၊ သူငယ်ချင်းများအပြင် ကိုယ့်အားကိုယ်ကိုး သင်ယူတတ်မြောက်နိုင်စွမ်းလည်း ရှိထားပါလိမ့်မည်။ ကလေးများသည် (အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့) အာရုံများကို အသုံးပြုပြီး ပတ်ဝန်းကျင်ကမ္ဘာနှင့် အပြန်အလှန် ထိတွေ့ဆက်သွယ်ခြင်းက သဘာဝအလျောက် ရှိထားပြီးသားပင်ဖြစ်သည်။ ထိုထိတွေ့မှု အတွေ့အကြုံများက ကလေးများကို များစွာသင်ကြားပေးနိုင်သည်။ ဥပမာ – အပူကို ထိမိလျှင် နာကျင်ကြောင်း သင်ယူသိရှိမှုကို ပူသည့်အရာတစ်ခုခု ထိကိုင်မိခြင်းမှသာ ရနိုင်လိမ့်မည်။



ကျောင်းသို့မရောက်မီ ရရှိခဲ့သမျှ သင်ယူမှုများသည် အတွေ့အကြုံမှ သင်ယူမှုများ ဖြစ်လေ့ရှိပါသည်။ ဆိုလိုသည်မှာ ရရှိတွေ့ကြုံသော အတွေ့အကြုံများမှတစ်ဆင့် ကလေးက သင်ခန်းစာ ရယူနေခြင်း သိရှိသင်ယူနေခြင်းဟု ဖြစ်ပါသည်။ ထိုသို့ သင်ယူပုံတွင် ကလေးက တစ်စုံတစ်ရာကို အကြိမ်ကြိမ် တွေ့ကြုံသတိပြုမိခြင်း၊ ထိုသို့ တွေ့ကြုံသည့် တစ်ကြိမ်တိုင်းတွင် သင်ယူမှု တစ်စုံတစ်ရာ ရရှိခြင်းတို့ဖြစ်ပါသည်။ ကလေးက စက်ဘီးစီးသင်သည့်အခါ များသောအားဖြင့် မိဘများ၊ မောင်နှမ အကြီးများ၊ သူငယ်ချင်းများက ဦးစွာနည်းလမ်း ပြသခြင်းရှိရသည်။ ထို့နောက် ကလေးက စက်ဘီးကို ကိုယ်တိုင်စီးကြည့်သည်။ အစပိုင်းတွင် ဖြည်းဖြည်းသာ သွားနိုင်သည်။ စီးရမည်ကို ကြောက်ရွံ့ခြင်းရှိမည်။ လဲကျခြင်းလည်း ဖြစ်နိုင်သည်။ သို့ရာတွင် စက်ဘီးကို ထပ်မံအစီးလေ့ကျင့်ခြင်းအားဖြင့် အတွေ့အကြုံပိုရလာသည်။ မကြာမီတွင် အစီးရဲသွားပြီး ပိုပြီးလည်း မြန်မြန်သွားနိုင်လာလိမ့်မည်။ ကလေးက စက်ဘီးစီးတတ်သွားခြင်းမှာ ကိုယ်တိုင်စီးနင်းကြည့်ခြင်းကြောင့်ပင်ဖြစ်သည်။ အတွေ့အကြုံမှ သင်ယူခြင်း ဖြစ်စဉ်တစ်ရပ်ကို ဖြတ်သန်းခြင်းအားဖြင့် တတ်မြောက်သွားခြင်းပင်ဖြစ်သည်။

စာသင်ခန်းအတွင်း သင်ယူမှုကမူ ဆရာ/မများထံမှ သင်ယူမှု၊ အတန်းဖော်များ၊ ပြဋ္ဌာန်းစာအုပ်များနှင့် သင်ရိုးညွှန်းတမ်းတို့ ပါဝင်သော သင်ယူမှုဖြစ်သည်။ စာသင်ခန်းအတွင်းတွင် လမ်းညွှန်မှု အထောက်အပံ့ပိုရပြီး စာသင်ခန်းပြင်ပတွင် ထိုမျှ မရရှိပေ။ သို့ရာတွင် စာသင်ခန်းအတွင်းရော ပြင်ပတွင်ရောအတွက် အတွေ့အကြုံမှ သင်ယူခြင်းနှင့် အာရုံခံစားမှုများမှ သင်ယူခြင်းတို့သည် အလွန်အရေးပါသည်။

## လေ့ကျင့်ခန်း

**၁** မှား/မှန်ရွေးပါ။ မှားပါက မှန်အောင် ပြန်ပြင်ရေးပါ။

၁။ ကျောင်းတက်သည့် အရွယ်မရောက်ခင် ကလေးတွင် သင်ယူမှု ဘာမျှ မရှိပါ။

၂။ စာသင်ခန်းပြင်ပတွင် ကျောင်းသူ/သားများသည် ကိုယ့်အားကိုယ်ကိုး သင်ယူမှု မလုပ်နိုင်ပါ။

၃။ စာသင်ခန်းအတွင်းတွင် များသောအားဖြင့် သတ်မှတ်ပြီးသော သင်ရိုးညွှန်းတမ်းတစ်ခုကို လိုက်နာပြီး စာသင်ခန်းပြင်ပ လက်တွေ့ဘဝတွင် သင်ယူမှုက ထိုသို့ လိုက်နာခြင်းမရှိ။

၄။ သင်ယူသူများသည် သင်ယူမှုပြုရာတွင် အာရုံငါးပါးကို အလိုအလျောက် အသုံးပြုမိတတ်ကြသည်။

၅။ စာသင်ခန်းပြင်ပတွင် ကျောင်းသူ/သားများသည် အချင်းချင်းထံမှသာ သင်ယူမှုပြုနိုင်ကြသည်။

၆။ တစ်စုံတစ်ခုကို သင်ယူရန်အတွက် အတွေ့အကြုံမှ သင်ယူခြင်းသည် အသုံးဝင်သော နည်းလမ်းကောင်း မဟုတ်ပါ။

## လုပ်ငန်းစဉ်

**ဂ** စာသင်ခန်းအတွင်း သင်ယူမှုနှင့် စာသင်ခန်းပြင်ပ လက်တွေ့ဘဝတွင် သင်ယူမှုတို့၏ အားသာချက် အားနည်းချက်တို့မှာ အဘယ်နည်း။ ဆွေးနွေးပြောဆိုပြီး အောက်ပါဇယားကွက်ကို ဖြည့်ပါ။





| | အားသာချက်များ | အားနည်းချက်များ |
|---|---|---|
| စာသင်ခန်းအတွင်း သင်ယူမှု | | |
| စာသင်ခန်းပြင်ပ လက်တွေ့ဘဝတွင် သင်ယူမှု | | |

## ဆွေးနွေးချက်

**ဃ** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ မည်သည့်အရာကို စာသင်ခန်းအတွင်း သင်ယူပြီး မည်သည့်အရာကို ပြင်ပဘဝတွင် သင်ယူသင့်သနည်း။

၂။ စာသင်ခန်းနှင့် စာသင်ခန်းပြင်ပ လက်တွေ့ဘဝ သင်ယူမှုတို့တွင် မည်သည့် သင်ယူမှုကို သင်ပိုမို နှစ်သက်သနည်း။ အဘယ့်ကြောင့်နည်း။

၃။ စာသင်ခန်းအတွင်း သင်ယူမှုကို ပြင်ပဘဝ သင်ယူမှုနှင့် ပိုမိုဆင်တူလာစေရန် ဆရာ/မများက မည်သို့ ဆောင်ရွက်ပြင်ဆင်ပေးနိုင်သနည်း။

၄။ စာသင်ခန်းအတွင်းမှ သင်ယူမှုနှင့် လက်တွေ့ဘဝတွင်း အတွေ့အကြုံများကို ချိတ်ဆက်ပေးရန် အဘယ့်ကြောင့် အရေးကြီးပါသနည်း။

# ၂.၂ တက်ကြွသော သင်ယူမှုနှင့် အငုံ့သဘော ငြိမ်သက်လက်ခံသည့်သင်ယူမှု

## အကြိုသင်ခန်းစာ

**ဂ** အဆိုအမိန့်ကို ဖတ်ပြီး အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ "ပြောခြင်း"၊ "ပြခြင်း"နှင့် "ပါဝင်လုပ်ဆောင်ရခြင်း" တို့မှာ အဘယ့်ကြောင့် သက်ရောက်မှု မတူကြခြင်း ရှိသနည်း။

၂။ ဖော်ပြပါ အဆိုအမိန့်အရ မည်သည့်အရာက သင်ယူမှုအတွက် အကောင်းဆုံး ဖြစ်သနည်း။ အဘယ့်ကြောင့် ထိုသို့ ဖြစ်သည် ထင်ပါသနည်း။

၃။ ဤအဆိုအမိန့်သည် သင့်စာသင်ခန်းတွင်း သင်ယူမှု အတွေ့အကြုံများ၊ လက်တွေ့ဘဝမှ သင်ယူမှုများနှင့် မည်သို့ ချိတ်ဆက်မှု ရှိပါသနည်း။

၄။ ကျောင်းသူ/သားတစ်ဦးအနေနှင့် စာသင်ခန်းအတွင်း၌ ပြောခြင်း/ပြခြင်းနှင့် ပါဝင်လုပ်ဆောင်ရခြင်း အတွေ့အကြုံ တို့တွင် မည်သည်ကို အတွေ့ရများဆုံး ဖြစ်သနည်း။

> "ရှင်းလင်းပြောဆိုသည့်အရာကို မေ့သည်။ ပြသသည့်အရာကို မှတ်မိကောင်း မှတ်မိနိုင်သည်။ ပါဝင်ပူးပေါင်း လုပ်ကိုင်ရလျှင် သင်ယူတတ်မြောက်တော့သည်။"
>
> - ဘင်ဂျမင် ဖရန်ကလင်း

## လုပ်ငန်းစဉ်

**ခ** "သင်ယူမှု" ဟူသည့် စကားရပ်အတွက် စာလုံး ၅၀ ခန့်ပါသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အဖွဲ့လိုက်ရေးသားပါ။

၁။ မိမိတို့ ဖွင့်ဆိုချက်များကို စာသင်ခန်း ပတ်ပတ်လည်တွင် လိုက်ကပ်ထားပါ။ စာသင်ခန်းထဲ လှည့်လည် လျှောက်သွားပြီး အခြားအဖွဲ့များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖတ်ပါ။

၂။ မိမိအနှစ်သက်ဆုံး အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အမှတ်ခြစ်ခဲ့ပါ။

သင်ယူမှုကို အပိုင်းနှစ်ပိုင်းအဖြစ်ခွဲနိုင်သည်။ တက်ကြွသော သင်ယူမှုနှင့် အငုံ့သဘော ငြိမ်သက်လက်ခံသည့် သင်ယူမှုဟူ၍ ဖြစ်သည်။ အငုံ့သဘော ငြိမ်သက်လက်ခံသည့် သင်ယူမှုဆိုသည်မှာ အသိပညာကို ဆရာ/မထံမှတစ်ဆင့် သင်ယူသူများ ထံသို့ လွှဲပြောင်းပို့ချလိုက်ခြင်းဖြစ်သည်။ ထိုအသိပညာကို ကျောင်းသူ/သားများက မှတ်သားရသည်။ များသောအားဖြင့် မေးခွန်းပြန်မေးခြင်းမရှိ။ ပြန်လှန်သုံးသပ်ခြင်းမရှိ။ အသိပညာကို ဟောပြောပို့ချချက်များ၊ ဆလိုက်ပြကွက်များ၊ ဗီဒီယိုများမှတစ်ဆင့် လွှဲပြောင်းပို့ချခြင်းဖြစ်သည်။ စာသင်ခန်းတွင်း အဓိက အာရုံစုစည်းရာနေရာမှာ ဆရာ/မထံတွင် ဖြစ်သည်။ ကျောင်းသူ/သားများက နားသာနားထောင်ရသည်။ ထိုသင်ယူမှု အမျိုးအစားတွင် ကျောင်းသူ/သားများ ဘာလုပ်နေသည်ဆိုသည်ထက် ဆရာ/မ ဘာလုပ်နေသည်ဆိုသည်က ပိုအရေးကြီးသည့် သဘောဖြစ်သည်။ ၎င်းကို ဆရာဗဟိုပြု သင်ယူခြင်းဟုလည်း (ဆရာဗဟိုပြု သင်ကြားခြင်းလည်းဖြစ်နိုင်) ခေါ်လေ့ ရှိပါသည်။

တက်ကြွသော သင်ယူမှုဆိုသည်မှာ အသိပညာနှင့် ကျွမ်းကျင်မှုများကို ဆွေးနွေးချက်၊ ပရောဂျက် လုပ်ဆောင်ချက်၊ လုပ်ငန်းစဉ်စသည်တို့တွင် ကျောင်းသူ/သားများ ပူးပေါင်းပါဝင်ခြင်းအားဖြင့် ရယူတတ်မြောက်သော ဖြစ်စဉ်ကို ခေါ်ပါသည်။ ထိုဖြစ်စဉ်တွင် ကျောင်းသူ/သားနှင့် ဆရာ/မများအကြား အပြန်အလှန် ဆွေးနွေးဆက်ဆံမှုများစွာပါရမည်။ သင်ယူသူများက ဆရာ/မနှင့်သော်လည်းကောင်း၊ အချင်းချင်းအကြားတွင်သော်လည်းကောင်း ဆွေးနွေးဆက်သွယ် ပြောဆိုမှုများ ရှိနေမည်ဖြစ်သည်။ အပြန်အလှန် ဆွေးနွေးဆက်ဆံမှု ပုံစံများတွင် အတွေ့ရများသည့် ပုံစံများမှာ မေးခွန်း အမေးအဖြေပြုလုပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းစဉ်များ၊ ပြဿနာဖြေရှင်းခြင်းကို အဖွဲ့လိုက် အတွဲလိုက် ဆောင်ရွက်ရခြင်းတို့ ဖြစ်ကြပါသည်။ တက်ကြွသော သင်ယူမှုဖြစ်စဉ်တွင် ကျောင်းသူ/သားများသည် ၎င်းတို့၏ အတွေ့အကြုံများ၊ ထင်မြင်ချက်များကို ဆရာ/မများထံ၊ အတန်းဖော်များထံ တင်ပြဆွေးနွေးခြင်းရှိသည်။

မိမိသင်ယူနေသော အရာနှင့် ပတ်သက်ပြီး မေးခွန်းထုတ်ခွင့်၊ ပြန်လှန်သုံးသပ်ခွင့်တို့ရှိသည်။ ထိုသင်ယူမှု အမျိုးအစားတွင် ကျောင်းသူ/ သားများ ဘာလုပ်နေသည်ဆိုသည်က ဆရာ/ မ ဘာလုပ်နေသည်ဆိုသည်ထက် ပိုအရေးကြီးသည့် သဘော ဖြစ်သည်။ ၎င်းကို ကျောင်းသားဗဟိုပြု သင်ယူခြင်းဟုလည်း (သင်ယူသူဗဟိုပြု သင်ကြားခြင်းလည်း ဖြစ်နိုင်) ခေါ်လေ့ ရှိပါသည်။

စာသင်ခန်းတွင်းတွင် ဆရာ/ မတစ်ဦးသည် တက်ကြွသော သင်ယူမှုရော၊ အငုံ့သဘော ငြိမ်သက်လက်ခံသည့် သင်ယူမှုကိုပါ သင်ခန်းစာတစ်ခုအတွင်း ရောယှက်သင်ကြားခြင်း ရှိနိုင်သည်။ ဥပမာ – ဆရာ/ မသည် သတင်းအချက်အလက် အကြောင်းအရာသစ်များကို ဟောပြောပို့ချချက်သုံးပြီး သင်ပေးကာ ကျောင်းသူ/ သားများက နားထောင်ပြီး လိုက်မှတ်ရသည်။ ဟောပြောချိန်တွင် ကျောင်းသူ/ သားများက ဆရာ/ မကို မေးခွန်းမေးခွင့်ရှိပြီး ဆရာ/ မကလည်း သင်ယူသူများ၏ နားလည်မှုစစ်ဆေးရန် ခဏနားပြီး မေးခွန်းပြန်မေးခြင်း ရှိနိုင်သည်။ ဟောပြောပို့ချချက်အပြီးတွင် ကျောင်းသူ/ သားများ သင်ယူနေရသည့် အကြောင်းအရာကို လေ့ကျင့်နိုင်ရန် လုပ်ငန်းစဉ်တစ်ခု သတ်မှတ်ပေးနိုင်သည်။ ၎င်းကို ကျောင်းသူ/ သားများက နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်နိုင်သည်။

## လေ့ကျင့်ခန်း

**ဂ** အောက်ပါ စာသင်ခန်း လုပ်ငန်းစဉ်စာရင်းကို ဖတ်ပါ။

၁။ မည်သည့် လုပ်ငန်းစဉ်က တက်ကြွသော သင်ယူမှုဖြစ်ပြီး မည်သည်က အငုံ့သဘော ငြိမ်သက်လက်ခံသည့် သင်ယူမှုဖြစ်ကြောင်း၊ မည်သည့် လုပ်ငန်းစဉ်က နှစ်မျိုးလုံးဖြစ်နိုင်ကြောင်း မိမိတစ်ဦးတည်း ခွဲခြားပါ။

၂။ အဖြေများကို အဖွဲ့လိုက် နှိုင်းယှဉ်ကြပါ။

| | | တက်ကြွသော သင်ယူမှု | အငုံ့သဘော ငြိမ်သက်လက်ခံမှု | နှစ်မျိုးလုံး |
|---|---|---|---|---|
| က | သင်ယူသူများက ဆရာ/ မ တိုင်ပေးသည်ကို လိုက်ဆိုရသည်။ | | | |
| ခ | သင်ပုန်းပေါ်က စာကို ကျောင်းသူ/ သားများက လိုက်ကူးရသည်။ | | | |
| ဂ | လုပ်ငန်းစဉ်တစ်ခုခုကို ကျောင်းသူ/ သားများက နှစ်ဦးတွဲအလိုက် လုပ်ဆောင်သည်။ | | | |
| ဃ | ကျောင်းသူ/ သားများက အချက်အလက်များ ပိုသိအောင် မေးခွန်းများ မေးကြသည်။ | | | |
| င | ပြဋ္ဌာန်းစာအုပ်ပေါ်မှ အချက်အလက်များကို စာရွက်အသစ်တွင် ကျောင်းသူ/ သားများက ကူးရေးကြသည်။ | | | |
| စ | ကျောင်းသူ/ သားများက မေးခွန်းဖြေပြီး အဖြေအတွက် အကြောင်းပြချက်များ ပေးကြသည်။ | | | |
| ဆ | ကျောင်းသူ/ သားများက ဆရာ/ မ၏ ဟောပြောပို့ချချက်ကို နားထောင်ကြသည်။ | | | |
| ဇ | စာသင်ခန်းတွင်းတွင် ဆွေးနွေးချက်တစ်ခု ပြုလုပ်ကြသည်။ | | | |
| ဈ | ကျောင်းသူ/ သားများက သိပ္ပံနည်းကျ စမ်းသပ်ချက်တစ်ခု ဆောင်ရွက်ကြသည်။ | | | |

| | | | |
|---|---|---|---|
| ည ကျောင်းသူ/သားများသည် စာအုပ်တစ်အုပ်မှ စာကို အသံထွက် ဖတ်ကြသည်။ | | | |
| ဋ ကျောင်းသူ/သားများက စာသင်ခန်းတွင်း စစ်တမ်းတစ်ခု ကောက်သည်။ | | | |
| ဌ ကျောင်းသူ/သားများက ဗီဒီယိုတစ်ခု ကြည့်ကြသည်။ | | | |
| ဍ ကျောင်းသူ/သားများက အဖြေအမှားပြော၍ ဆရာ/မက ပြင်ပေးရသည်။ | | | |
| ဎ ဆရာ/မက ကျောင်းသူ/သားများကို ပါဝါပွိုင့် တင်ဆက်ချက်တစ်ခု ပြသသည်။ | | | |
| ဏ ကျောင်းသား/သူများက ၎င်းတို့၏ ကိုယ်ပိုင်သင်ယူမှုကို ပြန်လှန်သုံးသပ်ကြသည်။ | | | |
| တ စာစစ်ဆေးလွှာတစ်ခုတွင် ကျောင်းသူ/သားများက အဖြေများ ပြန်ရေးကြသည်။ | | | |
| ထ ခေါင်းစဉ်တစ်ခုနှင့် ပတ်သက်ပြီး ကျောင်းသူ/သားများက ၎င်းတို့ သိထားသည်တို့ကို ဝိုင်းဝန်းစဉ်းစားကြသည်။ | | | |
| ဒ ဆရာ/မက ပြသသည့် သရုပ်ပြချက်ကို ကျောင်းသူ/သားများက ကြည့်ရှုသည်။ | | | |
| ဓ ကျောင်းသူ/သားများက ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ပြောပြပြီး ဘာကြောင့် ထိုသို့ ထင်မြင်ကြောင်း ရှင်းပြသည်။ | | | |
| န သင်ရိုးပြဋ္ဌာန်းစာအုပ်ကို လေ့လာရန် ဆရာ/မက သင်ယူသူများကို လမ်းညွှန်ချက်ပေးသည်။ | | | |
| ပ အိမ်စာအနေနှင့် မည်သည့် ပုစ္ဆာကို လုပ်မည်ဖြစ်ကြောင်း ကျောင်းသူ/သားများက ကိုယ်တိုင်ရွေးချယ်ကြသည်။ | | | |
| ဖ ကျောင်းသူ/သားများက မိမိတို့ သင်ယူမှုကို ပြန်လည်အကျဉ်းချုပ် ဖော်ပြသည်။ | | | |
| ဗ ပြဋ္ဌာန်းစာအုပ်ကို ကျောင်းသူ/သားများက မိမိဘာသာ ဖတ်ကြသည်။ | | | |

၃။ မည်သည့် လုပ်ငန်းစဉ်များကို ကျောင်းသူ/သား ဘဝတွင် အများဆုံးတွေ့ကြုံခဲ့ရပြီး မည်သည့် လုပ်ငန်းစဉ်ကို ဆရာ/မဘဝတွင် အသုံးမိဆုံးဖြစ်ကြောင်း မိမိဘာသာ ရွေးချယ်ပါ။

၄။ မိမိတို့ အတွေ့အကြုံများကို အဖွဲ့လိုက် ဆွေးနွေးနိုင်းယှဉ်ပါ။

၅။ အငံ့သဘော ငြိမ်သက်လက်ခံသည့် သင်ယူမှု၊ တက်ကြွသော သင်ယူမှုတို့အတွက် မည်သည့် အခြား လုပ်ငန်းစဉ်များ ထပ်မံစဉ်းစားနိုင်သနည်း။ တစ်တန်းလုံးအတွက် စာရင်းတစ်ခုလုပ်ပါ။

## လုပ်ငန်းစဉ်

**ဃ** အောက်ပါ ဆရာ/မများ၏ မှတ်ချက်များကို အဖွဲ့လိုက် ဖတ်ရှုပါ။ တစ်ဦးစီကို မည်သို့ အကြံဉာဏ်ပေးလိုပါသနည်း။

၁။ "ကျောင်းသားတွေကို သူတို့ သင်ယူမှုအတွက် သူတို့ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ခွင့် ပေးလိုက်ရင် စာသင်ခန်းကို ထိန်းနိုင်မှာ မဟုတ်ဘူး။ လှုပ်လှုပ်ရှားရှား လုပ်ငန်းစဉ်တွေလုပ်ရင် ကျောင်းသူ/သားတွေကို ကျွန်တော် ထိန်းနိုင်တော့မှာ မဟုတ်ဘူး။"



၂။ "ကျွန်တော်က အင်္ဂလိပ်ဆရာပါ။ ကျွန်တော့် သင်ကြားရေး အောင်မြင်တယ်လို့ထင်တယ်။ ကျောင်းသူ/သားတွေ အမြဲတမ်း ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်ပဲ။ သင်ခန်းစာ အချိန်တော်တော် များများကို ဂိမ်းတွေကစားတယ်။ သီချင်းတွေဆိုဖြစ်တယ်။"


၃။ "သမိုင်းဘာသာရပ် စာသင်ခန်းမှာ ကျောင်းသား တွေကို ဘာသင်ချင်လဲ ဘာလုပ်ချင်လဲလို့ မေးလိုက်ရင် မသိတာဘဲ များတယ်။"

၄။ "ကျွန်မရဲ့ ကျောင်းသူ/သား တွေက အတန်းတင် အင်္ဂလိပ် စာမေးပွဲကို အောင်မှဖြစ်မယ်။ သူတို့ သိသင့်တာ အားလုံး အလွတ်ရအောင် လုပ်ပေးရမယ်။"

၅။ "တစ်ရက်တည်းကို အတန်းခြောက်တန်း သင်ရတယ်။ သင်ခန်းစာအကုန်လုံးကို သေချာပြင်ချိန် ဘယ်ရမလဲ။ အကုန်လုံး ဆရာဗဟိုပြု သင်ကြားရေးပဲ လုပ်ရတာပဲ။ ဒါပေမယ့်လည်း တစ်နေ့စာ အလုပ်ပြီးရင် အရမ်းပင်ပန်းသေးတာပဲ။"

## လုပ်ငန်းစဉ်

**င** ၂.၂ (ခ) တွင် ရေးခဲ့သော သင်ယူမှု အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြန်ပြင်ဆင်ရေးသားပါ။ မိမိအတန်းဖော်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအပြင် အင့်သဘော ငြိမ်သက်လက်ခံသည့် သင်ယူမှုနှင့် တက်ကြွသော သင်ယူမှုအကြောင်း သိရှိ သင်ယူထားသည်တို့ကို ပေါင်းစပ်ရေးသားပါ။




## ဆွေးနွေးချက်

❶ အောက်ပါမေးခွန်းများကို ဆွေးနွေး ဖြေဆိုပါ။

၁။ မည်သည့် သင်ယူမှု အမျိုးအစားများက အထိရောက်ဆုံး ဖြစ်သည်ဟု ထင်ပါသနည်း။ အဘယ့်ကြောင့်နည်း။

၂။ မိမိသင်ကြားရေးတွင် တက်ကြွသော သင်ယူမှု ပိုမိုရှိလာအောင် မည်သို့ ထည့်သွင်းနိုင်မည်နည်း။

၃။ ငြိမ်သက်လက်ခံသော သင်ယူမှုကို ဆရာ/မများ သုံးရန် လိုအပ်နိုင်သော အကြောင်းပြချက်မှာ အဘယ်နည်း။









# ၂.၃ သင်ယူမှု အားသန်ပုံအမျိုးမျိုး

| အကြိုသင်ခန်းစာ | လေ့ကျင့်ခန်း |
|---|---|
| **က** သင်အနှစ်သက်ဆုံး သင်ယူမှု လုပ်ငန်းစဉ်များမှာ အဘယ်တို့နည်း။ အနှစ်သက်ဆုံး ၅ ခုကို အဖွဲ့လိုက် စာရင်းတစ်ခု ရေးပါ။ | **ခ** အောက်ပါ ဖော်ပြချက်များကို ဖတ်ရှုပြီး မိမိနှင့် မည်မျှတူကြောင်း အမှတ်ပေးပါ။<br>၁ – မိမိနှင့် လုံးဝမတူ<br>၂ – မိမိနှင့် အနည်းငယ်တူ<br>၃ – မိမိနှင့် အတော်ဆင်တူ<br>၄ – မိမိနှင့် တစ်ထပ်တည်းတူ |


| | | | |
|---|---|---|---|
| ၁ | အခြားသူများနှင့်ယှဉ်လျှင် မိမိက ဝေါဟာရ ပိုသုံးသည်။ တိကျစွာသုံးသည်။ | ၉ | သင်္ချာပုစ္ဆာများ တွက်ရခြင်းကို သဘောကျသည်။ |
| ၂ | သင်္ချာနှင့် ပတ်သက်လျှင် အခြားသူများနှင့် နည်းတူ သို့မဟုတ် ပို၍ စွမ်းဆောင်နိုင်သည်။ | ၁၀ | မိမိသည် ပုံဆွဲတော်သည်။ မိမိပုံတူဆွဲလျှင် အတော်တူသည်။ |
| ၃ | စက်ပစ္စည်း အစိတ်အပိုင်းများကို ကြည့်လိုက် သည်နှင့် ဘယ်နားတွင် တပ်ဆင်ရမည်ကို သဘောပေါက်သည်။ | ၁၁ | သီချင်းတစ်ပုဒ်ကို တစ်ခါကြားရုံမျှဖြင့် သံစဉ်မှတ်မိသည်။ |
| ၄ | ခေါင်းထဲတွင် အမြဲသီချင်းတစ်ပုဒ်ရှိနေသည်။ | ၁၂ | အားကစား၊ အကနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများကို သဘောကျသည်။ |
| ၅ | ပစ္စည်းတစ်ခုခုကို (ဘောလုံး၊ ပေါက်မြား၊ စသည်ဖြင့်) ပစ်မှတ်တိတိကျကျ ထိအောင် ပစ်နိုင်သည်။ | ၁၃ | လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်ပြေပါသည်။ |
| ၆ | မိမိနှင့် နောက်ခံယဉ်ကျေးမှု မတူသူများ၊ အတွေး ကွဲပြားသူများနှင့် တွေ့ဆုံရသည်ကို နှစ်သက်သည်။ | ၁၄ | မိမိကိုယ်ကို မိမိကောင်းစွာ နားလည်သည်။ |
| ၇ | လောကသဘာဝကို နားလည်သဘောပေါက်အောင် ထိုင်စဉ်းစားဖြစ်သည်။ | ၁၅ | စကားလုံးအသစ်တွေ့လျှင် အဓိပ္ပာယ်ကို နားလည်အောင် ကြိုးစားဖြစ်သည်။ |
| ၈ | စကားလုံးများကို နားလည်ခြင်း၊ အသုံးချရခြင်းကို နှစ်သက်သည်။ | ၁၆ | မတူသည့်အရာနှစ်ခုကို နှိုင်းယှဉ်ခိုင်းသည့် မေးခွန်းများကို ကောင်းစွာဖြေတတ်သည်။ |


| | | | |
|---|---|---|---|
| ၁၇ | ပုံပြလျှင် စာ/စကားထက် ပိုနားလည်လွယ်သည်။ | ၂၇ | ပြဇာတ်ကခြင်း၊ သရုပ်ဆောင်ခြင်းတို့တွင် ထူးချွန်သည်။ |
| ၁၈ | စည်းချက်ခက်ခဲသော သီချင်းများကို ကြားလျှင်ပင် စည်းဝါးမှန်အောင် လိုက်နိုင်သည်။ | ၂၈ | မိမိတိုးတက်မှုအတွက် မိမိကြိုးပမ်းလုပ်ဆောင်နေသော အရာများရှိသည်။ |
| ၁၉ | မိမိခန္ဓာကိုယ်ကို ကောင်းစွာထိန်းချုပ်နိုင်သည်။ ခန္ဓာကိုယ် လိုသလို လှုပ်ရှားမှုပြုနိုင်သည်။ | ၂၉ | အခြားလူများ နှစ်သက်အောင် ဇာတ်လမ်းများ ဖန်တီးပြောပြတတ်သည်။ |
| ၂၀ | တစ်ဖက်လူ မည်သို့ ခံစားနေရသည်ကို ဖွင့်မပြောလျှင်ပင် မိမိသိတတ်သည်။ | ၃၀ | သတင်းအချက်အလက်များ ရယူထားပြီး တစ်စုံတစ်ခုကို ဖြေရှင်းရသော ပုစ္ဆာများ၊ ကစားနည်းများ ကစားခြင်း ကျွမ်းကျင်သည်။ |
| ၂၁ | မိမိကိုယ်ကိုမိမိ ကျေနပ်သူဖြစ်ပါသည်။ | ၃၁ | စာရွက်ပေါ်တွင် 3D ပုံများ ဆွဲတတ်သည်။ |
| ၂၂ | အဆင်ပြေတိုင်း စာအတော်ဖတ်ဖြစ်သည်။ | ၃၂ | ကိုယ်ပိုင်သံစဉ်များ၊ သီချင်းများ ခေါင်းထဲက ခဏခဏထွက်သည်။ |
| ၂၃ | အချက်အလက်များစွာ ရှိနေလျှင်လည်း ခြုံငုံ ကောက်ချက်ချခြင်းကို ကောင်းစွာလုပ်နိုင်သည်။ | ၃၃ | အချိန်ပေးပြီး ဂရုတစိုက်လုပ်ရသော အလုပ်များ ကောင်းစွာလုပ်တတ်သည်။ ဥပမာ – အပ်နဖားထဲ အပ်ချည်ထိုးခြင်းမျိုး။ |
| ၂၄ | မိမိနေသော ပတ်ဝန်းကျင်တစ်ခုလုံးမှ လမ်းများကို မှန်ကန်တိကျစွာ မြေပုံထုတ်နိုင်သည်။ | ၃၄ | သူများတွေ အချင်းချင်း သဘောတူညီမှုရအောင် ညှိပေးတာ တော်တယ်။ |
| ၂၅ | မိမိသီချင်းဆိုလျှင် ကီးမှန်အောင်ဆိုတတ်သည်။ | ၃၅ | ကိုယ့်ခံစားချက်ကို ကိုယ်သိတယ်။ ဘာကြောင့် အဲ့လိုခံစားရလဲ ဆိုတာလည်း နားလည်တယ်။ |
| ၂၆ | အားကစား လေ့ကျင့်ခန်းများ၊ ကကွက်သစ်များကို အလွယ်တကူ တတ်မြောက်နိုင်သည်။ | | |


အကြောင်းအရာအသစ်များကို သင်ယူခြင်း ဖြစ်ပေါ်ပုံနှင့် ပတ်သက်ပြီး သဘောတရားသီအိုရီများစွာ ရှိပါသည်။ ၎င်းတို့အနက် ဉာဏ်ရည်ဉာဏ်သွေး အမျိုးမျိုးဟူသည့် သီအိုရီက လူသိအများဆုံးတွင် တစ်ခုဖြစ်သည်။ ၁၉၈၃ ခုနှစ်တွင် ဟောင်းဝပ်ဂါ့ဒနာဟူသည့် စိတ်ပညာရှင်က လူတို့ သင်ယူမှုအသစ်ပြုရာတွင် အသုံးပြုသော ဉာဏ်ရည်ဉာဏ်သွေး ခုနစ်မျိုး အကြောင်းကို သတ်မှတ်ဖော်ထုတ်ခဲ့သည်။ ၎င်းဉာဏ်ရည်ဉာဏ်သွေးများက တစ်ဦးချင်း ဉာဏ်မည်မျှကောင်းသည်၊ ထက်မြက်သည်ဟူသည့် အချက်များနှင့် မပတ်သက်။ အသိပညာ၊ အတတ်ပညာအသစ်များ သင်ယူရာတွင် မည်သို့ နည်းလမ်းများကို ပိုမိုနှစ်သက်တတ်ကြကြောင်းကိုသာ ပြသနိုင်သော သီအိုရီဖြစ်သည်။ ဂါ့ဒနာက ၎င်းနှစ်သက်မှု ခုနစ်မျိုးကို "ဉာဏ်ရည်ဉာဏ်သွေး အမျိုးမျိုး" ဟု အမည်တပ်ပါသည်။ ထိုဉာဏ်ရည်ဉာဏ်သွေးများ နောက်ကွယ်မှ သုတေသနနှင့် သဘောတရားက ဆရာ/မများအတွက် အသုံးဝင်သည်။ အဘယ်ကြောင့်ဆိုသော် ဆရာ/မများအနေနှင့် မိမိသင်ယူသူများက မည်သည့် နည်းလမ်းကို ပိုမိုနှစ်သက်မှု ရှိနိုင်ကြောင်း မှန်းဆစေနိုင်သောကြောင့်ဖြစ်သည်။


ဂါ့ဒနာက ဉာဏ်ရည်ဉာဏ်သွေး ခုနစ်မျိုးရှိကြောင်း သတ်မှတ်ဖော်ထုတ်ခဲ့ပါတယ်။

- **ဝေါဟာရ/ဘာသာစကားနှင့် ဆိုင်သောဉာဏ်** – သင်ယူသူများက စကားလုံးများ၊ ဘာသာစကားများကို နှစ်သက်ခြင်း ရှိကြသည်။
- **ယုတ္တိသင်္ချာဉာဏ်** – သင်ယူသူများက ကျိုးကြောင်းဆင်ခြင်မှု၊ ယုတ္တိနှင့် ကိန်းဂဏန်းများ အသုံးပြုတတ်သည်။
- **အမြင်နှင့် နေရာများကို သိခြင်းဉာဏ်** – သင်ယူသူများသည် ရုပ်ပုံများနှင့် စဉ်းစားတွေးတောတတ်ကြသည်။
- **စည်းဝါးဂီတဉာဏ်** – သင်ယူသူများက အသံများ၊ စည်းချက်များ၊ အသံ အဆင်အကွက်များသုံးပြီး စဉ်းစားတတ်ကြသည်။
- **ကာယနှင့် လှုပ်ရှားမှုဆိုင်ရာ ဉာဏ်** – သင်ယူသူများက မိမိတို့ ခန္ဓာကိုယ်လှုပ်ရှားမှုများကို ကောင်းစွာ ထိန်းချုပ်တတ်ပြီး အမြင်အာရုံနှင့် ခန္ဓာကိုယ်လှုပ်ရှားမှုတို့ ဟန်ချက်ညီသည်။
- **မိမိကိုယ်ကို သိခြင်းဉာဏ်** – သင်ယူသူများက မိမိကိုယ်ပိုင်အတွေးများ၊ ခံစားချက်များကို နားလည်သိရှိသည်။
- **အများသူငါကို သိခြင်းဉာဏ်** – အခြားသူများ၏ ရှုထောင့်မှနေ၍ နားလည်ခြင်း၊ ချိတ်ဆက်စဉ်းစားခြင်းများ လုပ်နိုင်သည်။









## လေ့ကျင့်ခန်း

**၈** ဉာဏ်ရည်ဉာဏ်သွေး အမျိုးမျိုးအကြောင်း အောက်ပါစာသားကို ဖတ်ပါ။ (လက်ဝဲဘက်) ထို့နောက် နှစ်သက်ပုံအမျိုးမျိုး (၁–၇) နှင့် ရုပ်ပုံများ (က–ဆ) တို့ကို တွဲစပ်ပါ။ ထို့နောက် စာသားပါ ဉာဏ်ရည်ဉာဏ်သွေး (၇) မျိုးနှင့် ၎င်းတို့ကို ထပ်မံတွဲစပ်ပါ။

၁။ ၎င်းတို့ နှစ်သက်မှုများတွင် နားထောင်ခြင်းနှင့် စာနာမှုတို့ ပါဝင်သည်။

၂။ ၎င်းတို့ နှစ်သက်မှုများတွင် စာဖတ်ခြင်း၊ ရေးခြင်း၊ ပန်းချီဆွဲခြင်း၊ ပုံဆွဲခြင်းနှင့် လက်တွေ့ ပစ္စည်းကိရိယာများ ဒီဇိုင်းထုတ်ခြင်းတို့ ပါဝင်သည်။

၃။ ၎င်းတို့ နှစ်သက်မှုများတွင် မိမိအတွေးများနှင့် စဉ်းစားပုံများကို မိမိဘာသာ သိရှိနားလည်ခြင်း၊ အခြားသူများနှင့် ဆက်ဆံရေးများကို နားလည်ခြင်းတို့ ပါဝင်သည်။

၄။ ၎င်းတို့ နှစ်သက်မှုများတွင် နားထောင်ခြင်း၊ စကားပြောခြင်း၊ ဇာတ်လမ်းပြောခြင်းနှင့် သင်ကြားခြင်းတို့ ပါဝင်သည်။

၅။ ၎င်းတို့ နှစ်သက်မှုများတွင် သီချင်းဆိုခြင်း၊ ဂီတတူရိယာများ တီးမှုတ်ခြင်း၊ သံစဉ်များ မှတ်မိသိရှိခြင်းတို့ ပါဝင်သည်။

၆။ ၎င်းတို့ နှစ်သက်မှုများတွင် ပြဿနာဖြေရှင်းခြင်း၊ အရာဝတ္ထုများကို အမျိုးအစား ခွဲခြားခြင်း၊ ကိစ္စရပ်များ အချင်းချင်းအကြားမှ ဆက်နွယ်မှုများကို နားလည်ခြင်းတို့ ပါဝင်သည်။

၇။ ၎င်းတို့ နှစ်သက်မှုများတွင် အားကစား၊ ကခုန်ခြင်းနှင့် သရုပ်ဆောင်ခြင်းတို့ ပါဝင်သည်။

## လုပ်ငန်းစဉ်

**ဃ** ၂.၃ (ခ) မှ သင့်အဖြေများကို ကြည့်ပါ။

၁။ ၎င်းအဖြေများမှ ရမှတ်များကို ဇယားကွက်အတွင်း ကူးထည့်ပါ။ ထို့နောက် ပေါင်းပါ။ အမှတ်အများဆုံးရသော အပိုင်းမှာ သင့်သင်ယူမှု အားသန်ပုံများပင် ဖြစ်ပါသည်။

၂။ ဇယားအရ သင့်တွင် အားအကောင်းဆုံး ဉာဏ်ရည်ဉာဏ်သွေးက အဘယ်နည်း။ အဆိုပါ ဉာဏ်ရည်ဉာဏ်သွေးများနှင့် ဆက်စပ်သည့် လုပ်ငန်းစဉ်များကို နှစ်ခြိုက်ခြင်း ရှိပါသလား။

၃။ စာသင်ခန်းအတွင်း မည်သည့် လုပ်ငန်းစဉ်များကို သင်နှစ်သက်သဘောကျသနည်း။ ဤလုပ်ငန်းစဉ်များသည် မည်သည့် ဉာဏ်ရည်ဉာဏ်သွေးများနှင့် ချိတ်ဆက်မှု ရှိသနည်း။

၄။ စစ်တမ်းရလဒ်များကို အဖွဲ့လိုက် ပြန်လည်တင်ပြပါ။ မည်သည့် ဉာဏ်ရည်ဉာဏ်သွေးများက တွေ့ရအများဆုံး ဖြစ်သနည်း။

| ဉာဏ်ရည်ဉာဏ်သွေး | ဖော်ပြချက် | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| ဝေါဟာရ/ဘာသာစကားနှင့် ဆိုင်သောဉာဏ် | ၁ | ၈ | ၁၅ | ၂၂ | ၂၉ | |
| မိမိ၏ ရမှတ်များ | | | | | | |
| ယုတ္တိသင်္ချာဉာဏ် | ၂ | ၉ | ၁၆ | ၂၃ | ၃၀ | |
| မိမိ၏ ရမှတ်များ | | | | | | |
| အမြင်နှင့် နေရာများကို သိခြင်းဉာဏ် | ၃ | ၁၀ | ၁၇ | ၂၄ | ၃၁ | |
| မိမိ၏ ရမှတ်များ | | | | | | |
| စည်းဝါးဂီတဉာဏ် | ၄ | ၁၁ | ၁၈ | ၂၅ | ၃၂ | |
| မိမိ၏ ရမှတ်များ | | | | | | |
| ကာယနှင့် လှုပ်ရှားမှုဆိုင်ရာဉာဏ် | ၅ | ၁၂ | ၁၉ | ၂၆ | ၃၃ | |
| မိမိ၏ ရမှတ်များ | | | | | | |
| အများသူငါကို သိခြင်းဉာဏ် | ၆ | ၁၃ | ၂၀ | ၂၇ | ၃၄ | |
| မိမိ၏ ရမှတ်များ | | | | | | |
| မိမိကိုယ်ကို သိခြင်းဉာဏ် | ၇ | ၁၄ | ၂၁ | ၂၈ | ၃၅ | |
| မိမိ၏ ရမှတ်များ | | | | | | |

## လုပ်ငန်းစဉ်

**င** အဖွဲ့ ၇ ဖွဲ့ခွဲပြီး လုပ်ဆောင်ရမည်။ တစ်ဖွဲ့ကို ဉာဏ်ရည်ဉာဏ်သွေးတစ်ခု ယူရမည်။


၁။ စက္ကူချပ်ကြီးပေါ်တွင် ဉာဏ်ရည်ဉာဏ်သွေး တစ်ခုနှင့်ဆိုင်သော ပိုစတာတစ်ခု ရေးပေးရန်ဖြစ်သည်။

(က) ဉာဏ်ရည်ဉာဏ်သွေးအမည်ကို ထိပ်ဆုံးတွင်ရေးပါ။ နှစ်မိနစ်ခန့် အချိန်ယူပြီး ထိုဉာဏ်ရည်ဉာဏ်သွေးနှင့် ဆိုင်သော လုပ်ငန်းစဉ်များ တတ်နိုင်သမျှ များများရအောင် ချရေးပါ။

(ခ) အခြားအဖွဲ့၏ စက္ကူချပ်ဆီ နေရာရွှေ့ပါ။ ထိုပိုစတာစက္ကူတွင် ခေါင်းစဉ်တပ်ထားသော ဉာဏ်ရည် ဉာဏ်သွေးနှင့် ကိုက်ညီသည့် လုပ်ငန်းစဉ်များကို တတ်နိုင်သမျှ များများရအောင် အချိန်နှစ်မိနစ်အတွင်း စဉ်းစားချရေးပါ။

(ဂ) ထို့နောက် အခြား စက္ကူချပ်များစီ တစ်လှည့်စီသွားလာရင် သက်ဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးနှင့် ဆက်စပ်သော လုပ်ငန်းစဉ်များ စဉ်းစားချရေးပါ။

(ဃ) မိမိအဖွဲ့က စက္ကူ ၇ ချပ်မြောက်တွင် လုပ်ငန်းစဉ်များ ဖြည့်ရေးပြီးပြီဆိုပါက လက်ရှိ စက္ကူချပ်ကို နံရံတွင်ကပ်ပါ။ ထို့နောက် အခြားအဖွဲ့များ၏ စဉ်းစားချက်များကို လှည့်လည်ကြည့်ရှုပါ။




၂။ ဉာဏ်ရည်ဉာဏ်သွေး အမျိုးမျိုးပါဝင်အောင် ဦးတည်သင်ကြားရေးကို လေ့ကျင့်ခြင်း။

(က) နံရံတွင် ကပ်ထားသော စက္ကူချပ်များကို ပြန်ခွာပါ။ အမည်ဖုံးအုပ်သွားအောင် ပုံစံတူခေါက်ထားပြီး မြေပေါ်တွင် ချထားပါ။

(ခ) တစ်ဖွဲ့ချင်းစီက ခေါက်ထားသော ပိုစတာတစ်ခုစီကို ရွေးပါ။ ရလာသော စက္ကူချပ်တွင်ပါသော ဉာဏ်ရည်ဉာဏ်သွေးနှင့် ကိုက်ညီသော လုပ်ငန်းစဉ်များသာပါသည့် ၅ မိနစ်စာ သင်ခန်းစာ အစီအစဉ်တစ်ခု ဖန်တီးပါ။






(ဂ) ထိုစီစဉ်ထားသော သင်ခန်းစာကို နမူနာသင်ကြားပြပါ။ သို့ရာတွင် မည်သည့် ဉာဏ်ရည်ဉာဏ်သွေးကို ဦးတည်သင်ကြားနေကြောင်း ဖွင့်မပြောပါနှင့်ဦး။

(ဃ) အဖွဲ့တစ်ဖွဲ့စီက သက်ဆိုင်ရာ သင်ခန်းစာများကို သင်ကြားပြီးသည့်အခါ ၎င်းတို့က မည်သည့် ဉာဏ်ရည်ဉာဏ်သွေးကို ဦးတည်သင်ကြားနေခြင်းဖြစ်ကြောင်း မှန်းဆကြပါ။

## ဆွေးနွေးချက်

❶ အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ ဆရာ/မတစ်ဦးက ဉာဏ်ရည်ဉာဏ်သွေး တစ်မျိုးတည်းကို အချိန်တိုင်း အသုံးချသင်ကြားနေပါက မည်သို့ ဖြစ်မည်နည်း။

၂။ ကျောင်းသူ/သားအများစုသည် ပိုမိုအားကောင်းသော ဉာဏ်ရည်ဉာဏ်သွေးအမျိုးအစား တစ်မျိုးထက်ပိုပြီး ရှိကြသည်ချည်းသာဖြစ်သည်။ ထို့ကြောင့် သင်ယူမှုပြုရာတွင် နည်းလမ်းတစ်မျိုးတည်းမဟုတ်ဘဲ စုံလင်စွာ သင်ယူလိုကြသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် မိမိသင်ကြားရေးကို မည်သို့ ပြောင်းလဲသင့်သနည်း။

၃။ ဆရာ/မတစ်ဦးသည် အတန်းသစ်တစ်ခု မသင်မီတွင် ကျောင်းသူ/သားများ၏ ဉာဏ်ရည်ဉာဏ်သွေး အမျိုးမျိုးကို အသိအမှတ်ပြု ထည့်သွင်းစဉ်းစားပြီး သင်ကြားနိုင်ရန် မည်သို့ ကြိုတင်ပြင်ဆင်သင့်သနည်း။

# ၂.၄ သင်ယူရန် ဦးနှောက်လိုအပ်ချက်များ

## အကြိုသင်ခန်းစာ


**က** ဦးနှောက်ကျန်းမာကြံ့ခိုင်ရန် လိုအပ်သည့် အရာများမှာ အဘယ်တို့နည်း။ စာရင်းတစ်ခု ပြုစုပါ။

ခေတ်မီသိပ္ပံပညာကြောင့် ကျွန်ုပ်တို့ သင်ယူမှုပြုသည့်အခါ ဦးနှောက်က မည်သို့တုံ့ပြန်ကြောင်း စစ်ဆေးနိုင်ပြီဖြစ်သည်။ ဦးနှောက်သည် နျူရွန်ဟုခေါ်သော အာရုံကြောဆဲလ်များမှတစ်ဆင့် သတင်းအချက်အလက်များ လက်ခံရယူခြင်း၊ သိမ်းဆည်းခြင်း၊ ဖြန့်ဝေခြင်းများ လုပ်ဆောင်ကြောင်း သိပ္ပံပညာရှင်များက သိရှိပြီးဖြစ်သည်။ သုတေသနများအရ ဦးနှောက်များ "တဖျတ်ဖျတ် မီးပွင့်" သည့်အခါ (ဆိုလိုသည်မှာ ဦးနှောက်က အားစိုက်နေသည့်အခါ) နျူရွန်များ တက်ကြွလှုပ်ရှားလာကြပြီး သင်ယူမှုလည်း ပိုအားကောင်းလာကြောင်း တွေ့ရသည်။ သင်ယူမှုအသစ်ရရှိရန် မည်သည်တို့ လိုအပ်ကြောင်း နားလည်အောင် သင်ကြားရေးနယ်ပယ်သည် ဦးနှောက်နှင့် အာရုံကြောပညာရပ်ကိုလည်း တစေ့တစောင်း လေ့လာထားပါသည်။ ဦးနှောက်ဆိုသည်မှာ ကြွက်သားကဲ့သို့ပင်ဖြစ်ကြောင်း၊ နျူရွန်များ မီးပွင့်လှုပ်ရှားသည့်အခါတွင် ဦးနှောက်လည်း ပိုမိုသန်မာလာကြောင်း တွေ့ရှိနားလည်ထားကြပါသည်။

## လုပ်ငန်းစဉ်

**၁** ထိရောက်စွာ သင်ယူရန်အတွက် ဦးနှောက်က လိုအပ်သည့်အရာများစွာ ရှိပါသည်။

၁။ လိုအပ်ချက် ကိုးခု (က–ဈ အထိ) ကို ပုံများ (၁–၉ အထိ) နှင့် တွဲစပ်ပါ။



## (က) အားပြန်ဖြည့်ခြင်း

ဦးနှောက်သည်လည်း ဓာတ်ခဲကဲ့သို့ပင် ဖြစ်သည်။ အားကုန်တတ်သည်။ ကံကောင်းသည်မှာ မိနစ် ၂၀–၃၀ ခန့်တိုင်း ခေတ္တအနားယူခြင်းဖြင့် အလွယ်တကူ အားပြန်ဖြည့်နိုင်ပါသည်။ ၎င်းက ကျွန်ုပ်တို့ ဦးနှောက်များ ပြန်လည်အင်အားပြည့်လာစေပြီး စူးစိုက်နိုင်မှု ပြန်လည်ရရှိစေပါသည်။ ဦးနှောက်ပင်ပန်းသည့်အခါ အနားယူရန် အရေးကြီးပါသည်။

## (ဃ) အသစ်အဆန်း

အသစ်ဖြစ်သော၊ ကွဲပြားသော နည်းလမ်းများဖြင့် သင်ယူခြင်းအားဖြင့် ဦးနှောက်ကို ဆွပေးသလိုဖြစ်ပြီး သင်ယူမှုကို ပိုမိုအားကောင်းစေသည်။ မိမိတို့၏ အသိပညာနှင့် အတတ်ပညာများကို အခြေအနေ အမျိုးမျိုးတွင် အသုံးချလေ့ကျင့်နေပါက သင်ယူမှုပိုမိုအားကောင်းပြီး ပိုမိုမှတ်သားနိုင်မည် ဖြစ်သည်။

## (ဆ) လူမှုဆက်ဆံရေး

အခြားလူများနှင့် ပူးပေါင်းအလုပ်လုပ်သည့်အခါ ဦးနှောက်အတွင်းမှ နျူရွန်များတွင် လှုပ်စီးမှုပေါ်ပေါက်သည်။ တစ်ဦးတည်း အလုပ်လုပ်ခြင်းမှာ မကောင်းဟု မဆိုလိုပါ။ သို့ရာတွင် အခြားသူများနှင့် မိမိအသိများ၊ အတွေးများကို မျှဝေဆွေးနွေးပါက သင်ယူမှုနှင့် ပြန်လည်မှတ်မိနိုင်မှု ပိုမိုအားကောင်းလာပါသည်။

## (ခ) အပြန်ပြန်အလှန်လှန် အသုံးပြုခြင်း

တစ်စုံတစ်ခုကို ပိုမိုမြင်တွေ့ခြင်း၊ ပိုမိုလေ့ကျင့်ခြင်း ရှိလေလေ ပိုမိုကျွမ်းကျင်လာလေလေဖြစ်သည်။ သင်ကြားရာတွင် တစ်ကြိမ်သာ သင်ကြားပြီး ပစ်ထားလိုက်ခြင်း မလုပ်ရန် အရေးကြီးသည်။ သင်ကြားသည့် အကြောင်းအရာကို ရက်သတ္တပတ်၊ လပိုင်း၊ နှစ်ပိုင်း တစ်လျှောက်လုံး အပြန်ပြန်အလှန်လှန် အသုံးချနေသင့်ပါသည်။

## (င) အမြင်ပိုင်း အထောက်အကူများ

ကျွန်ုပ်တို့၏ ဦးနှောက်များသည် အမြင်ပိုင်း အထောက်အကူများ၊ ရုပ်ပုံများကို အလွန်အားကိုးသည်။ ကြားဖူးသည့်အရာထက် မြင်ဖူးသည့်အရာကို ပိုမို မှတ်မိလေ့ရှိတတ်ပါသည်။ သဘောတရားပိုင်း အယူအဆများ အတွေးအကြံများကိုလည်း အမြင်ပိုင်း အထောက်အကူများရှိလျှင် ပိုနားလည်လွယ်သည်။ အတွေးအကြံအသစ်များကို သင်ယူနေသည့်အခါတွင် ၎င်းတို့ကို မျက်ဝါးထင်ထင် 'မြင်တွေ့' ရခြင်းသည် သင်ယူမှုကို ပိုမိုလွယ်ကူစေသည်။

## (ဇ) ရှိနှင့်ပြီး ဗဟုသုတကို ရယူသုံးစွဲခြင်း

သင်ယူသူများသည် အိုးအလွတ်များ မဟုတ်ကြပါ။ နောက်ခံ ဗဟုသုတ အသိပညာများ သယ်ဆောင်ပြီး ရောက်လာသူများချည်းဖြစ်သည်။ အတွေးအကြံအသစ်များကို ရင်းနှီးသိရှိပြီး အရာများနှင့် ချိတ်ဆက်နိုင်သည့်အခါတွင် ဦးနှောက်က အလုပ်ကောင်းစွာ လုပ်လာနိုင်သည်။ ထို့ကြောင့် ဆရာ/မများအနေနှင့် ကျောင်းသူ/သားများ သိရှိပြီးသည့်အရာတို့ကို ဖော်ထုတ်ရန် လိုအပ်သည်။ ဘာသာရပ်က ခက်ခဲသည့်အခါမျိုးတွင် ထိုအကြောင်းအရာကို ကျောင်းသူ/သားများက မည်သည့် သိရှိပြီး အကြောင်းအရာနှင့် ချိတ်ဆက်နားလည် နိုင်မည်ကို မှန်းဆဖော်ထုတ်ရမည်။

## (ဂ) ပြန်လှန်သုံးသပ်ခြင်း

ထိရောက်စွာ သင်ယူနိုင်ရန် မိမိမည်သည့်အရာကို သင်ယူခဲ့ကြောင်း ပြန်လှန်သုံးသပ်ရပါမည်။ ထိုအရာက အဘယ့်ကြောင့် သင်ယူရန် အရေးကြီးကြောင်းနှင့် ထိုသင်ယူမှုကို မည်သို့ အသုံးချနိုင်ကြောင်း စဉ်းစားသုံးသပ်နိုင်သင့်သည်။ သင်ယူရာတွင် ရရှိခဲ့သည့် အောင်မြင်မှုများ၊ အခက်အခဲများ၊ အမှားအယွင်းများကိုလည်း ပြန်လည်သုံးသပ်ခြင်းအားဖြင့် နောက်တစ်ကြိမ်သင်ယူရာတွင် ပိုမိုထိရောက် အောင်မြင်စေနိုင်သည်။

## (စ) လှုပ်ရှားမှုနှင့် အောက်ဆီဂျင်

ကျွန်ုပ်တို့ ဦးနှောက်သည် စွမ်းဆောင်ရည်အပြည့်ဆုံးအခြေအနေတွင် အလုပ်လုပ်နိုင်ရန် သွေးဝင်ရောက်မှု လိုအပ်သည်။ လှုပ်ရှားမှုပြုခြင်းသည် သွေးလှည့်ပတ်မှု ရရှိစေရန် အကောင်းဆုံး နည်းလမ်းတစ်ခုဖြစ်ပြီး အောက်ဆီဂျင်များများ ပိုမိုရရှိစေသည်။ ထို့ကြောင့် ဦးနှောက်ကို အောက်ဆီဂျင် ပိုမိုရရှိစေလိုပါက ကိုယ်လက်လှုပ်ရှားမှုက အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်။ ပြင်းပြင်းထန်ထန် လှုပ်ရှားရသော လေ့ကျင့်ခန်းများဖြစ်ရန် မလိုအပ်ပါ။ ခပ်ရိုးရိုးလှုပ်ရှားမှုနှင့် အကြောဆန့်ခြင်း လေ့ကျင့်ခန်းများကပင် ဦးနှောက်ကို အောက်ဆီဂျင် ပို့ဆောင်နိုင်မည် ဖြစ်ပါသည်။

## (ဈ) စိန်ခေါ်မှု

စိန်ခေါ်မှုတစ်ခုခု လာသည့်အခါတွင် ဦးနှောက်၏ လုပ်ဆောင်ချက် ပိုမိုမြန်ဆန်လာပါသည်။ သို့ရာတွင် ပျော်ရွှင်ပြီး သက်သောင့်သက်သာ ဖြစ်နေသည့်အခါမျိုးမှ ဦးနှောက်က အကောင်းဆုံး အလုပ်လုပ်နိုင်ပါသည်။ ကြောက်လန့်၊ စိတ်ဖိစီးနေသည့်အခါများတွင် ဦးနှောက်သည် သင်ယူမှုပြုရန် ပိုမိုခက်ခဲနိုင်သည်။ စိန်ခေါ်မှုများကို လိုအပ်သည်။ သို့ရာတွင် စိန်ခေါ်မှုများကို ရင်ဆိုင်နေရချိန်တွင် ဖိစီးမှု တရားလွန်ခံစားရခြင်းလည်း မရှိသင့်ပါ။

# စာသင်ခန်း လုပ်ငန်းစဉ်များ

## လုပ်ငန်းစဉ်အမျိုးမျိုးအနက် နမူနာအချို့မှာ –

**က** **အခန်းပတ်လည်မှ စာသားများ –** ခေါင်းစဉ်တစ်ခုနှင့် ပတ်သက်သော စာပုဒ်ခြောက်ပုဒ်ဖြစ်စေ၊ စာသားအရှည် တစ်ပုဒ်ကို ခြောက်ပိုင်းပိုင်းထားသော စာသားများဖြစ်စေ ယူပါ။ ထိုစာသားခြောက်ပိုင်းကို စာသင်ခန်း နံရံများတွင် နေရာခွဲကပ်ပါ။ စာသားတစ်ခုစီအတွက် နားလည်မှု စစ်ဆေးသော မေးခွန်းနှစ်ခုမှ လေးခုအထိထုတ်ပါ။ ထိုမေးခွန်းများကို ရှေ့နောက် အစီအစဉ်တကျ ဖြစ်မနေအောင် မွှေနှောက်ပြီးမှ စာရွက်ပေါ်တွင် သော်လည်းကောင်း သင်ပုန်းပေါ်တွင် သော်လည်းကောင်းရေးပါ။ ကျောင်းသူ/သားများက စာသင်ခန်း အတွင်း လှည့်လည်လျှောက်သွားကြပြီး စာသားများကို လိုက်ဖတ်ရမည်။ ထို့နောက် ပေးထားသော မေးခွန်းများကို ဖြေဆိုရမည်။

**ခ** **သင်ပုန်းကျောခိုင်း မှန်းဆခြင်း –** ကျောင်းသူ/သားများကို အဖွဲ့နှစ်ဖွဲ့ ခွဲပါ။ တစ်ဖွဲ့စီမှ တစ်ဦးစီထွက်ပြီး သင်ပုန်းကို ကျောခိုင်းထိုင်ခိုင်းပါ။ ဆရာ/မက ပြီးခဲ့သည့် သင်ခန်းစာတစ်ခုခုတွင်ပါသော အဓိကဝေါဟာရတစ်လုံးဖြစ်စေ၊ အယူအဆ တစ်ခုခု၏ အမည်ကိုဖြစ်စေ သင်ပုန်းပေါ်တွင် ရေးရမည်။ ကျောခိုင်းထိုင်နေသည့် ကျောင်းသူ/သားက ၎င်းကို မြင်ရမည်မဟုတ်။ ကျန်သည့် အဖွဲ့သားများက သင်ပုန်းပေါ်မှ စကားလုံးများကို မြင်နေရမည်။ သင်ပုန်းပေါ်တွင် ရေးထားသော စကားလုံးကို သင်ပုန်းကျောခိုင်းထိုင်နေသည့် မိမိတို့ အဖွဲ့ဝင်က ပြောထွက်လာသည်အထိ အဖွဲ့သားများက သဲလွန်စများပေးပြီး ရှင်းပြပေးရမည်ဖြစ်သည်။ ပထမဆုံး မှန်ကန်စွာ မှန်းဆမိသည့် ကျောင်းသူ/သား၏ အဖွဲ့က တစ်မှတ်ရမည်။

**ဂ** **ပြေးလွှားခေါ်ပေး စာရေးခြင်း –** လေးယောက်မှ ဆယ်ယောက်ထိ ပါနိုင်သော အဖွဲ့များ ခွဲရမည်။ တစ်ဖွဲ့စီတွင် ကျောင်းသူ/သား တစ်ဦးစီက စာရေးသူလုပ်ရမည်။ စာရေးသူနှင့် ကျန်သည့်အဖွဲ့သားများက စာသင်ခန်း တစ်ဖက်တစ်ချက်စီတွင် သီးသန့်ခွဲထိုင်ပြီး နေရာယူရမည်။ စာတစ်ပုဒ်ကို မိတ္တူများဆွဲပြီး တစ်ဖွဲ့ကို မိတ္တူတစ်ရွက်စီပေးရမည်။ ပထမဆုံး အဖွဲ့သားက စာပုဒ်၏ ထိပ်ဆုံး စာသားကို အလွတ်ရအောင် မှတ်ပြီး စာရေးသူအနီးသို့ ပြေးသွားကာ စာသားကို ရွတ်ပြရမည်။ စာရေးသူက အဖွဲ့သားခေါ်ပေးသော စာကို ၏သည်မရွေး ရေးချရမည်။ ထို့နောက် အဖွဲ့သားက စာသားရှိရာ အခန်းတစ်ဖက်ခြမ်းကို ပြန်ပြေးလာရမည်။ ထို့နောက် ဒုတိယ အဖွဲ့သားက ကျန်စာသား တစ်ပိုဒ်ကို အလွတ်ရအောင်မှတ်ပြီး စာရေးသူ အနီးသို့ ပြေးသွားကာ စာသားကို ရွတ်ပြရမည်။ အဖွဲ့တိုင်းက စာတစ်ပုဒ်လုံးကို ဤနည်းဖြင့် ရေးပြီးသည်အထိ ဆက်လက်ဆောင်ရွက်ပါ။ ပြီးစီးသွားပါက စာရေးသူ ရေးချလိုက်သည့် စာသားနှင့် မူလစာသားတို့ကို အဖွဲ့တိုင်းက တိုက်စစ်ရမည်။

**ဃ** **ဝေါဟာရ ကွန်ရက်များ –** ကျောင်းသူ/သားတစ်ဦးချင်းစီကို ဝေါဟာရ တစ်လုံးပါသော ကတ်ပြားတစ်ခုစီ ပေးရမည်။ ထို့နောက် ကျောင်းသူ/သားများက စာသင်ခန်းတွင်း ရောနှော လျှောက်သွားကာ မိမိစကားလုံးနှင့် ဆက်စပ်သော ဝေါဟာရ ကိုင်ထားသော အခြားကျောင်းသားများနှင့် ပေါင်းပြီး အဖွဲ့ဖွဲ့ရမည်။ ထို့နောက် မိမိတို့အုပ်စုနှင့် အခြားအုပ်စုတို့အကြား ဝေါဟာရများ ဆက်စပ်ပုံကို ရှာဖွေပြီး အုပ်စုများ ဆက်စပ်ပြနိုင်သည်။ ထိုအခါ တစ်တန်းလုံးသည် လူကွန်ရက်ကြီး ဖြစ်သွားလိမ့်မည်။

**င** **ကြိုတင်ခန့်မှန်းခြင်း –** စာသားတစ်ခုကို ဖတ်ရှုနေရင်းဖြစ်စေ၊ ရုပ်ရှင်ကြည့်ရင်းဖြစ်စေ၊ ခေတ္တရပ်တန့်ပြီး နောက်ဆက် ဖြစ်နိုင်သည့်အရာကို ကျောင်းသူ/သားများက ခန့်မှန်းရမည်။ ထို့နောက် စာဆက်ဖတ်ခြင်း၊ ရုပ်ရှင်ဆက်ကြည့်ခြင်း လုပ်ရမည်။ မိမိတို့ ခန့်မှန်းချက်များ မှန်ကန်မှု ရှိမရှိ ကြည့်ရမည်ဖြစ်သည်။

**စ** **ဘာကြောင့်လဲ အထပ်ထပ်မေးခြင်း –** ကျောင်းသူ/သားတစ်ဦးဦးကို ဘာကြောင့်နှင့်စသော မေးခွန်းတစ်ခု မေးပါ။ ထို့နောက် ၎င်းတို့ဖြေသော အဖြေ ဘာကြောင့် ဖြစ်ရကြောင်း

မေးခွန်းထပ်မေးပါ။ ဘာကြောင့်လဲဟု အဆင့်ဆင့် အထပ်ထပ် ၅ ကြိမ် မေးပါ။

**ဿ အဖြေများ ရောနှောခြင်း** – သင်ယူထားသော သင်ခန်းစာနှင့် ပတ်သက်ပြီး မေးခွန်းများ ရေးသားရမည်။ မေးခွန်းတစ်ခုကို စာရွက်အပိုင်း တစ်ခုစီပေါ်တွင် ရေးရမည်ဖြစ်သည်။ မေးခွန်းတစ်ခုစီ အတွက် အဖြေများကို အခြား စာရွက်အပိုင်းများပေါ်တွင် ရေးရမည်။ ထို့နောက် မေးခွန်းနှင့် အဖြေစာရွက်များကို ရောမွှေပြီး ကျောင်းသူ/သားများကို တစ်ဦးလျှင် စာရွက်တစ်ပိုင်းစီပေးရမည်။ ကျောင်းသူ/သားများက အခန်းတွင်း လှည့်ပတ်သွားလာကာ အချင်းချင်း မေးမြန်းပြီး မေးခွန်းနှင့် အဖြေမှန်များ တွဲစပ်ရမည်။

**ဧ လက်တွေ့ဘဝနှင့် ချိတ်ဆက်ခြင်း** – ကျောင်းသူ/သားသည် ၎င်းတို့ သင်ယူနေရသည့် အကြောင်းအရာများ၊ ၎င်းအကြောင်းအရာများနှင့် မိမိ၏ လက်တွေ့ဘဝတို့ မည်သို့ ချိတ်ဆက်ကြောင်းကို ရေးသားရမည်။

**ဤ ပိုစတာများ** – ကျောင်းသူ/သားများက မိမိတို့ သင်ယူနေသော အကြောင်းအရာများကို ပိုစတာတစ်ခု ဖြစ်အောင် ဒီဇိုင်းရေးဆွဲရမည်။ ပိုစတာပေါ်တွင် အဆိုအမိန့်များ၊ စာသားကိုးကားချက်များ၊ ရုပ်ပုံများ၊ ကာတွန်းရုပ်များ၊ အကျဉ်းချုပ်များ၊ ပြန်လှန်သုံးသပ်ခြင်း၊ မေးခွန်းများ၊ ထင်မြင်ချက်များ စသည်တို့ ရေးသားနိုင်သည်။ ထို့နောက် ပိုစတာများကို အခန်းပတ်လည်တွင် ကပ်ထားစေပြီး ကျောင်းသူ/သားများက လှည့်ပတ်သွားပြီး အခြားပိုစတာများကို လေ့လာရမည်။

**ဥ ဝေါဟာရ ကတ်ပြားများ** – မိမိတို့ မှတ်သားရခက်နေသည့် အဓိကဝေါဟာရဖြစ်စေ၊ အယူအဆအချို့တို့ကိုဖြစ်စေ ကျောင်းသူ/သားများက ရွေးရမည်။ ထိုဝေါဟာရ/အယူအဆ အမည်ကို ကတ်ထူပြားတစ်ခုပေါ်တွင် ရေးရမည်။ ကတ်ထူပြား ကျောဘက်တွင် တစ်ဖက်ပါ ဝေါဟာရ၏ ဖွင့်ဆိုချက်၊ အဓိပ္ပာယ်တူ စကားလုံး၊ နမူနာ ဝါကျ၊ ဘာသာပြန်ချက်၊ သရုပ်ဖော်ပုံ စသည့် တစ်ခုခုကို ထည့်ထားနိုင်သည်။ ကျောင်းသူ/သားက ၎င်းကတ်ပြားများကို အိတ်ကပ်ထဲ လွယ်အိတ်ထဲ ထည့်ထားရမည်။ အိမ်တွင် အားသည့်အခါ၊ လမ်းသွားရင် ကားစောင့်ချိန်၊ တစ်နေရာတွင် စောင့်ဆိုင်းရချိန်များတွင် ထိုကတ်များကို ထုတ်ပြီး ကျောဘက်ကိုကြည့်ပြီး မူလ ဝေါဟာရကို မှတ်မိခြင်းရှိမရှိ ဉာဏ်စမ်းနိုင်သည်။

၂။ (က–ည အထိ) သည် စာသင်ခန်း လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်များနှင့် စာမျက်နှာ ၄၁ တွင် ဖော်ပြထားသော ဦးနှောက်အတွက် လိုအပ်ချက်များကို တွဲစပ်ပါ။ လုပ်ငန်းစဉ်များသည် လိုအပ်ချက် အမျိုးအစား တစ်မျိုးထက်ပို၍ ကိုက်ညီ တွဲစပ်နိုင်ခြင်းရှိသည်။ လိုအပ်ချက် တစ်ခုသည်လည်း လုပ်ငန်းစဉ် တစ်ခုထက်ပိုပြီး ကိုက်ညီတွဲစပ်နိုင်ခြင်းရှိသည်။

၃။ ဆွေးနွေးပါ။

(က) အထက်ပါ လုပ်ငန်းစဉ်များကို မိမိစာသင်ခန်းတွင် လုပ်ဆောင်ပါက မည်သည့် အကျိုးကျေးဇူးများ ရရှိနိုင်သနည်း။

(ခ) ထိုလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် မည်သည့် အခက်အခဲများ ကြုံတွေ့ရနိုင်သနည်း။

# လုပ်ငန်းစဉ်

ဂ  သင်ကြားရေး ကျွမ်းကျင်မှု လေ့ကျင့်ခြင်း။


၁။ ဖော်ပြခဲ့သော စာသင်ခန်း လုပ်ငန်းစဉ်များအနက်မှ တစ်ခုကို နှစ်ဦးတွဲအလိုက် ရွေးချယ်ပါ။ လုပ်ငန်းစဉ်တစ်ခုကို ရွေးပါ။ ထို့နောက် မိမိသင်သည့် ဘာသာရပ်မှ သင့်တော်ရာ စာအုပ်တစ်အုပ်ကို ရွေးပြီး ၎င်းတို့ထဲမှ စာသား တစ်ခုကို ထိုလုပ်ငန်းစဉ်ဖြင့် သင်ကြားရန် အစီအစဉ်ရေးဆွဲပါ။

၂။ ထို့နောက် အခြားတစ်တွဲကိုဖြစ်စေ၊ တစ်တန်းလုံးကိုဖြစ်စေ အဆိုပါ လုပ်ငန်းစဉ်အသုံးပြုပြီး စာသင်ပါ။


၃။ အခြားအတွဲများ၏ သင်ကြားသရုပ်ပြမှုကို မှတ်ချက်ပေးပါ။ အောက်ပါမှတ်ချက် အမျိုးအစားများ ပေးနိုင်ပါသည်။



- ကျွန်တော်ကြိုက်တဲ့ အပိုင်းက ________________ (ဥပမာ – *"ညွှန်ကြားချက်ပေးပုံ၊ ညွှန်ကြားချက် စကားတွေကို ကြိုက်ပါတယ်။"*)
- ________________ ဆိုရင် ပိုကောင်းသွားမယ်ထင်ပါတယ်။ (ဥပမာ – *"နည်းနည်းလှုပ်လှုပ်ရှားရှား သွားလာဖြစ်ရင် ပိုကောင်းသွားမယ်။"*)



၄။ တစ်တွဲကို ရွေးပြီး ၎င်းတို့နှင့် မိမိတို့အတွဲ အပြန်အလှန် မှတ်ချက်ပေးရမည်။ ထို့နောက် မိမိတို့ မှတ်ချက်များကို ပြန်လှန်ဆွေးနွေးရမည်။



## ဆွေးနွေးချက်

**ဃ** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ ထိုလိုအပ်ချက် ၉ မျိုးအနက် မည်သည်တို့ကို မိမိသင်ကြားရေးပုံစံတွင် ထည့်သွင်းသင်ကြားရန် လွယ်ကူသနည်း။ အဘယ့်ကြောင့်နည်း။

၂။ ထိုလိုအပ်ချက် ၉ မျိုးအနက် မည်သည်တို့ကို မိမိသင်ကြားရေးပုံစံတွင် ထည့်သွင်းသင်ကြားရန် ခက်ခဲနိုင်သနည်း။ အဘယ့်ကြောင့်နည်း။

၃။ မိမိသင်ခန်းစာများတွင် အဆိုပါ လိုအပ်ချက် ၉ မျိုးကို ဦးတည်ဖြည့်ဆည်းသင်ကြားရန် မည်သည်တို့ လုပ်ဆောင်နိုင်သနည်း။

၁ အားပြန်ပြည့်ခြင်း

၂ အပြန်ပြန်အလှန်လှန် အသုံးပြုခြင်း

၃ ပြန်လှန်သုံးသပ်ခြင်း

၄ အသစ်အဆန်း

၅ အမြင့်ပိုင်း အထောက်အကူများ

၆ လှုပ်ရှားမှုနှင့် အောက်ဆီဂျင်

၇ လူမှုဆက်ဆံရေး

၈ ရှိနှင့်ပြီး ဗဟုသုတကို ရယူသုံးစွဲခြင်း

၉ စိန်ခေါ်မှု



**င** အောက်ပါ စာပိုဒ် ၇ ခုကို ဖတ်ပြီး မေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ ဤစာပိုဒ်များသည် (စာမျက်နှာ ၄၁) ဖော်ပြခဲ့သော မည်သည့် လိုအပ်ချက်များနှင့် ဆက်စပ်မှုရှိသနည်း။ စာပိုဒ်တစ်ခုစီနှင့် ဆက်စပ်သော လိုအပ်ချက်တစ်မျိုးထက် ပိုနိုင်သည်။ လိုအပ်ချက်အမျိုးအစား တစ်ခုစီသည် စာပိုဒ်တစ်ခုထက်ပို၍ ချိတ်ဆက်မှုရှိနိုင်သည်။

၂။ ဤစာသားများနှင့် သင့်ဆရာဘဝ အတွေ့အကြုံများ၊ ကျောင်းသားဘဝ အတွေ့အကြုံများ မည်သို့ ဆက်စပ်သနည်း။

# သင်ယူမှုဆိုင်ရာ သိပ္ပံ

## (က) ဦးနှောက်က အသစ်အဆန်း လိုအပ်သည်။

ပျင်းရိငြီးငွေ့မှုသည် အာရုံစိုက်နိုင်စွမ်းနှင့် သင်ယူမှုပြုနိုင်စွမ်းကို ယိုင်နဲ့စေသည်။ သင်ယူမှုအောင်မြင်ရန် တစ်စုံတစ်ခုကို အကြိမ်ကြိမ်အဖန်ဖန် လေ့ကျင့်ရန် အလွန်အရေးကြီးသည်။ သို့ရာတွင် ဦးနှောက်က အသစ်အဆန်းကိုသာ အလိုရှိပြန်သည်။

အသစ်အဆန်းနှင့် တွေ့ကြုံပါက ဦးနှောက်အတွင်း ဒိုပါမင်းဟုခေါ်သော ဓာတ်ပစ္စည်း ထွက်လာကြောင်း သုတေသီများက တွေ့ရှိထားသည်။ ဒိုပါမင်းဆိုသည်မှာ "ပီတိသုခ" ရစေသော ဓာတ်ပစ္စည်းဖြစ်ပြီး ဦးနှောက်အတွင်း ၎င်းထွက်လာလျှင် ကြည်နူးရွှင်ပျမှုကို ခံစားရသည်။ သို့ရာတွင် သိပ္ပံပညာရှင်များက ထိုဓာတ်သည် ခံစားချက် ကောင်းမွန်စေရန် သပ်သပ်အတွက်သာမကဘဲ သင်ယူလိုစိတ် စေ့ဆော်မှုတွန်းအား ပိုရှိလာစေခြင်း၊ သင်ယူရန် အဆင်သင့်ဖြစ်စေခြင်း သက်ရောက်မှုများလည်း ရှိကြောင်း တွေ့ရှိထားပါသည်။

ထိုတွေ့ရှိချက်ကြောင့် သင်ယူမှုအပေါ် ကျွန်ုပ်တို့ထားရှိသော အမြင်သဘောထားများ ပြောင်းလဲလာရသည်။ ဦးနှောက်အသစ်ဖြစ်သော၊ ကွဲပြားစုံလင်သော သင်ယူမှုအတွေ့အကြုံများကို လိုလားကြောင်း သဘောပေါက်လာသောကြောင့်ပင် ဖြစ်ပါသည်။

http://niemanreports.org/ articles/ novelty-and-testing-when-the-brain-learns- and-why-it-forgets/ မှ ထုတ်နုတ်ပြီး ဆီလျော်အောင် ပြန်ဆိုထားသည်။

## (ခ) များများမှတ်တိုင်း များများသင်ယူတတ်မြောက်သည်မဟုတ်။

ကျွန်ုပ်တို့၏ ဦးနှောက်သည် အချက်အလက် အတော်များများကို ရအောင် မှတ်သားနိုင်ပါသည်။ သို့ရာတွင် ပမာဏတစ်ခုကို ကျော်ပါက ဟုန်သွားနိုင်သည်။ သိပ္ပံပညာရှင်များက ၎င်းကို "သိမှုဆိုင်ရာ ဝန်ပိခြင်း" ဟုခေါ်သည်။ သတင်းအချက်အလက်အသစ်များကို ကျွန်ုပ်တို့ ဦးနှောက်က နစ်သက်သော်လည်း များလွန်းသည့်အခါ ၎င်းတို့ကို ကျေညက်အောင် စဉ်းစားနိုင်စွမ်း၊ အချက်အလက် အသစ်များကို အာရုံထားနိုင်စွမ်း မရှိတော့သည်အထိ ဖြစ်နိုင်သည်။

ထိုသို့သော သိမှုဆိုင်ရာ ဝန်ပိခြင်းကို ရှောင်ကြဉ်နိုင်ရန်အတွက် ဆရာ/မများသည် သင်ခန်းစာတစ်ခုတွင် အချက်အလက်သစ်များ မည်မျှများများ တင်ဆက်နေကြောင်း၊ မိမိမည်သို့ ပို့ချနေမိကြောင်း သတိထား သိရှိရမည်။ ဆရာ/မများအနေနှင့် အကြောင်းအရာသစ်များ ပို့ချသည့်အခါတွင် အစုလိုက် ပို့ချခြင်း (အပိုင်းပိုင်းဖြတ်၍ တစ်ပိုင်းစီ ပို့ချခြင်း)၊ အကြောင်းအရာသစ်နှင့် ရှိနှင့်ပြီး အတွေ့အကြုံများ၊ ဗဟုသုတများနှင့် ချိတ်ဆက်စေခြင်း၊ မရှိမဖြစ် မလိုသော အချက်အလက်များကို ချန်လှပ်ပို့ချခြင်းတို့ သုံးသင့်ကြောင်း သုတေသီများက အကြံပြုထားသည်။

http://clive-shepherd.blogspot.com/2007/02/science-of-learning.html မှ ထုတ်နုတ်ပြီး ဆီလျော်အောင် ပြန်ဆိုထားသည်။



## (ဂ) မသုံးလျှင် ဆုံးမည်။

ဘာသာစကားတစ်ခုခုကို မပြောတတ်တော့ခြင်း၊ သင်္ချာပုစ္ဆာများ မတွက်တတ်တော့ခြင်း ဖြစ်ကြခြင်းမှာ အကြောင်းမဲ့မဟုတ်ချေ။ ထိုအတတ်ပညာများကို ပုံမှန်အသုံးချခြင်း မရှိပါက၊ ၎င်းတို့ကို သိုမှီးထားသော ဦးနှောက်တွင်း အာရုံကြောလမ်းကြောင်းများ တဖြည်းဖြည်း အားပျော့လာတတ်သည်။ ထိုချိတ်ဆက်မှု လမ်းကြောင်းများ အားပျော့လာသည်နှင့်အမျှ ထိုလမ်းကြောင်းများတွင် သိုမှီးသိမ်းဆည်းထားသော မှတ်ဉာဏ် အချက်အလက်များ ပျောက်ဆုံးသွားနိုင်ပါသည်။

သုတေသနများအရ ဦးနှောက်သည် ဆဲလ်အသစ်များကို လိုသည်ထက်ပို၍ ဖန်တီးထုတ်လုပ်နိုင်ကြောင်း တွေ့ရသည်။ သို့ရာတွင် ထိုဆဲလ်များအားလုံးကို ထိန်းသိမ်းထားနိုင်စွမ်းတော့ မရှိချေ။ ဆဲလ်တစ်ခု ရှင်သန်ရန် ဦးနှောက်က ဓာတုအားဖြင့်သော်လည်းကောင်း၊ လျှပ်စစ်အားဖြင့်သော်လည်းကောင်း လှုံ့ဆော်မှုပေးရသည်။ အဆိုပါ ဆဲလ်အတွင်း သိုမှီးထားသည့် သတင်းအချက်အလက်များကို ဦးနှောက်က ထုတ်သုံးပါက လိုအပ်သည့် လှုံ့ဆော်မှုကို ရသည်။ ဆဲလ်က လိုအပ်သည့် လှုံ့ဆော်မှုကို မရရှိလျှင်၊ ဆိုလိုသည်မှာ ၎င်းဆဲလ်ကို ဦးနှောက်က အသုံးချမှု မရှိနေလျှင်၊ ၎င်းပျက်စီးသွားမည်ဖြစ်ပြီး သိုလှောင်ထားသော အချက်အလက်လည်း ပျောက်ဆုံးသွားမည်။ အချက်အလက်များကို အသုံးမပြုပါက ဦးနှောက်က သွားရောက်ရှာဖွေခြင်း ပြုမည်မဟုတ်။ ထိုအခါ သိုလှောင်ထားသည့် ဆဲလ်များ ပျက်စီးပြီး အချက်အလက်ကိုလည်း မေ့ပျောက်သွားပေလိမ့်မည်။ ထို့ကြောင့် ကျောင်းသူ/ သားများ ပိတ်ရက်ရှည်အပြီး ကျောင်းသို့ ပြန်ရောက်လာသည့်အခါ ဖတ်စာနှင့် သင်္ချာပါ အရေးကြီး အသိ၊ အတတ်များကို မေ့သွားနိုင်ခြေများခြင်း ဖြစ်သည်။

http://www.sciencedaily.com/releases/2008/02/080207091859.htm မှ ထုတ်နုတ်ပြီး ဆီလျော်အောင် ပြန်ဆိုထားသည်။

## (ဃ) အမှားသည် သင်ယူမှုတွင် မပါမဖြစ် ပါရသည်။

များသောအားဖြင့် “မှားယွင်း/ မအောင်မြင်ခြင်း” ဟူသည့် စကားကို ဆရာ/ မများနှင့် ကျောင်းသူ/ သားများ အလွန်ကြောက်ရွံ့ကြသည်။ သို့ရာတွင် အမှားအယွင်း လုပ်ခြင်းဆိုသည်မှာ သင်ယူမှု၏ မရှိမဖြစ်သော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သုတေသနက ပြသထားသည်။ ၂၀၁၂ ခုနှစ်တွင် ပြုလုပ်ခဲ့သော သုတေသနတစ်ခုတွင် “အမှားအယွင်း လုပ်မိခြင်းမှာ

သင်ယူမှု၏ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်သာ” ဟု ပြောကြားသင်ပြခြင်းကို နာယူခဲ့သော ကျောင်းသူ/ သားများမှာ မိမိကိုယ်ကို ယုံကြည်မှုပိုမိုရှိခြင်း၊ ပိုမိုစွမ်းဆောင် နိုင်ခြင်းတို့ ရှိကြကြောင်း တွေ့ရသည်။

ဆိုင်ကယ်မောင်းတတ်ရန်၊ ဘောလုံး ကျွမ်းကျင်စွာ ကန်တတ်ရန် အလေ့အကျင့် များစွာလိုသည်။ အလားတူပင် ပညာရပ် ဆိုင်ရာ လုပ်ဆောင်ဖွယ်တစ်ခုခုကို ကျွမ်းကျင်ပိုင်နိုင်ရန်အတွက် အကြိမ်ကြိမ် လေ့ကျင့်ရန် လိုအပ်နိုင်ပါသည်။ အတတ်ပညာသစ်တစ်ခုကို သင်ယူရန် အကောင်းဆုံးနည်းလမ်းမှာ ၎င်းလုပ်ငန်းကို တတ်မြောက်အောင် သင်ယူရာတွင် မိမိကြုံတွေ့နိုင်ခြေရှိသည့် အမှားအယွင်းများကို ကြိုတင်စိတ်ကူး ပုံဖော်ပြီး ၎င်းအမှားများကို ကျော်လွန်ရန် စူးစိုက်လေ့ကျင့်ခြင်းဖြစ်ကြောင်း ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ သုတေသီများက အကြံပြုသည်။ ဖြစ်တတ်သည့် အမှားအပေါ်တွင် အာရုံစိုက်လွန်းပါက ထိုအမှားမျိုးကို ထပ်ကာထပ်ကာ လုပ်မိနိုင်ခြေများသည်။ သို့ရာတွင် အမှားကိုရော ပြုပြင်ရမည့် နည်းလမ်းကိုပါ အာရုံစိုက်ပါက သင်ယူသူများသည် ဆန်းသစ်ဖန်တီး နိုင်စွမ်းရော၊ ပြဿနာ ဖြေရှင်းနိုင်စွမ်းပါ ပိုမိုအားကောင်းလာနိုင်ပါသည်။

http://www.sciencedaily.com/releases/2012/03/120312101439.htm မှ ထုတ်နုတ်ပြီး ဆီလျော်အောင် ပြန်ဆိုထားသည်။

## (င) သင်ယူနိုင်စွမ်းအပေါ် စိတ်ခံစားချက်များက လွှမ်းမိုးမှုရှိသည်။

သင်ယူနိုင်စွမ်း၊ မှတ်မိနိုင်စွမ်းနှင့် သင်ယူထားသည့် အသိပညာကို အသုံးပြုနိုင်စွမ်းကို လူ့ခံစားချက်များက လွှမ်းမိုးခြယ်လှယ် နိုင်သည်။ သင်ယူသူများက စိတ်ဒုက္ခ ရောက်နေခြင်း၊ ရှက်ရွံ့နေခြင်းနှင့် သက်သောင့်သက်သာ မရှိခြင်းတို့ ဖြစ်နေပါက သင်ယူရ ပိုမိုခက်ခဲနိုင်သည်။ သင်ယူရ ခက်ခဲလာပါက အဆိုးသဘော စိတ်ခံစားချက်များ ပို၍ ထွက်ပေါ်လာ နိုင်ပြီး အဆိုးကျော့သံသရာ ပေါ်လာမည် ဖြစ်သည်။ ဦးနှောက်မှ ခံစားချက်နှင့် ပတ်သက်သည့် အပိုင်း (လင်းဘစ် စနစ်ဟုခေါ်သော အပိုင်း) မှာ သင်ယူမှုနှင့် မှတ်ဉာဏ်ဆိုင်ရာ အပိုင်းများကို ဖွင့်လှစ်ပေးခြင်း ပိတ်ဆို့လိုက်ခြင်း လုပ်ဆောင်နိုင်စွမ်း ရှိကြောင်း သုတေသနများက ဖော်ပြထားသည်။ စိတ်ဒုက္ခရောက်နေသည့် အချိန်၊ ပူပန်နေသည့် အချိန်များတွင် ဦးနှောက်သည် သင်ယူမှုနှင့် မှတ်ဉာဏ် အပိုင်းကို ပိတ်ဆို့ဟန့်တားလိုက်နိုင်သည်။ ထိုအခါ သင်ယူရခက်ခဲခြင်း၊ သင်ယူရန် မဖြစ်နိုင်တော့ခြင်းပင် ရှိနိုင်သည်။ ထို့ကြောင့် ကျောင်းသူ/ သားများ၏ စိတ်ခံစားချက်များ၊ ထိုခံစားချက်များ ကြောင့် သင်ယူမှုအပေါ် လွှမ်းမိုး သက်ရောက်မှုများကို ဆရာ/ မတို့က သိရှိ နားလည်ထားရန် လိုအပ်ပါသည်။

http://www.greatschools.org/parenting/teaching-values/751-the-role-of-emotions- in-learning.gs မှ ထုတ်နုတ်ပြီး ဆီလျော်အောင် ပြန်ဆိုသည်။

## (စ) ဦးနှောက်သည် လှုပ်ရှားပြောင်းလဲမှု များသော ကိုယ်တွင်းအင်္ဂါဖြစ်သည်။

ဦးနှောက်အတွင်းမှ အာရုံကြောများ (နျူရွန်များ) အကြား ချိတ်ဆက်မှုများ သည် ဆယ်ကျော်သက်အရွယ်တွင် အသားကျ ပုံသေဖြစ်သွားသည်ဟု အများစုက ပြီးခဲ့သည့် ဆယ်စုနှစ် အနည်းငယ်အထိ ထင်ခဲ့ကြပါသည်။ ထိုထင်မြင်ချက် မှားယွင်းနေကြောင်း တွေ့ရှိခြင်းသည် သင်ယူမှုဆိုင်ရာ သိပ္ပံလေ့လာချက်များမှ အရေးကြီး တွေ့ရှိချက်တစ်ခုဖြစ်သည်။ ဦးနှောက် သည် အသက်အရွယ်မရွေး ပြောင်းလဲ နိုင်စွမ်း၊ နျူရွန်များ တိုးပွားဖန်တီးနိုင်စွမ်း၊ အခြေအနေအသစ်များကို လိုက်လျော ညီထွေ ပြောင်းလဲနိုင်စွမ်းရှိကြောင်း တွေ့ရှိခဲ့ကြပါသည်။ သို့ရာတွင် အသက် ရလာပါက ထိုသို့ ပြောင်းလဲကြီးထွားနှုန်း နှေးလာခြင်းတော့ရှိသည်။

ထိုသို့ ဦးနှောက်၏ ကြီးထွားပြောင်းလဲ နိုင်စွမ်းကို ‘neuroplasticity’ အာရုံကြောပျော့ပျောင်းမှုဟု ခေါ်ပါသည်။ ဦးနှောက်၏ လုပ်ဆောင်ချက်ကို အဓိပ္ပာယ်ဖော်ရာတွင် ဤတွေ့ရှိချက်က အလွန်အရေးပါခဲ့ပါသည်။ ထိုတွေ့ရှိချက်ကြောင့် လူတိုင်း လူငယ် လူကြီးမရွေး၊ ကလေးငယ်မှသည် သက်ကြီးရွယ်အိုများအထိ အသိပညာ၊ အတတ်ပညာသစ်များကို သင်ယူရရှိ နိုင်ကြောင်း သဘောပေါက် သိရှိလာကြပြီ ဖြစ်ပါသည်။

http://www.infoq.com/articles/science-of-learning မှ ဆီလျော်အောင် ထုတ်နုတ်ပြန်ဆိုသည်။

## (ဆ) သင်ယူမှုတွင် လူမှုရေးပါသည်။


လူပုဂ္ဂိုလ်အချို့က တစ်ဦးတည်းနေမှ အကောင်းဆုံး သင်ယူနိုင်ခြင်း ရှိသော်လည်း လူအများစုသည် ၎င်းတို့ သင်ယူမှု အကောင်းဆုံး ဖြစ်နိုင်ရန် လူမှုဝန်းကျင်တစ်ခု လိုအပ်ပါသည်။ ကလေးဘဝမှ အရွယ်ရောက်သည်အထိ သင်ယူမှုပြုရာတွင် လူမှုဆက်ဆံရေး ဆိုင်ရာ အထောက်အပံ့များပါရကြောင်း သုတေသနမှ တွေ့ရှိထားသည်။ ဥပမာ အခြားသူတစ်ဦး၏ အပြောအဆို အပြုအမူများကို ပြန်စဉ်းစားခြင်း၊ လိုက်တုပခြင်းတို့ဖြစ်သည်။

လူမှုဆက်ဆံရေးက အခြားသင်ယူမှု အထောက်အပံ့များလည်း ဖြစ်စေနိုင်သေး သည်။ အတန်းဖော်များနှင့် ပူးပေါင်း ဆောင်ရွက်ကြခြင်း၊ အတူသင်ယူကြခြင်း ကြောင့် ကျောင်းသူ/ သားများသည် အတွေ့အကြုံအမျိုးမျိုး ကျယ်ပြန့်စွာ ရရှိခြင်း၊ အာရုံအမျိုးမျိုးကို ကောင်းစွာ အသုံးချ သင်ယူရခြင်းများ ရှိလာပါသည်။ သင်ယူမှုပြုနေစဉ်တွင် အာရုံအမျိုးမျိုးကို အသုံးချခြင်းကြောင့် ဦးနှောက်ကို ပိုမို တက်ကြွစေပြီး ရေရှည်မှတ်ဉာဏ်ကို တိုးတက်စေပါသည်။ ထို့ကြောင့် အဖွဲ့လိုက် လုပ်ငန်းစဉ်များသည် သင်ယူမှု အားကောင်းစေမည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။

http://www.nwp.org/cs/public/print/resource/35551 မှ ဆီလျော်အောင် ထုတ်နုတ်ပြန်ဆိုသည်။

# ပြန်လှန်သုံးသပ်ခြင်း

**၁** နေ့စဉ်သုံးသပ်ချက် မှတ်တမ်းတွင် . . .




## အကျဉ်းချုပ် - အခန်း (၂) သင်ယူခြင်း ဖြစ်ပေါ်ပုံ

သင်ယူသူ လိုအပ်ချက်များကို ဖော်ထုတ်ခြင်း မပြုမီတွင် ဆရာ/မသည် သင်ယူခြင်းဖြစ်ပေါ်ပုံကို ကောင်းစွာနားလည်ရန် လိုအပ်သည်။ ကျောင်းသူ/သားများသည် ၎င်းတို့ ပိုမိုနှစ်သက်သော သင်ယူမှုပုံစံများ ရှိကြသည်။ ထို့ကြောင့် စာသင်ခန်းတစ်ခန်းကို ရှုမြင်ရာတွင် မတူကွဲပြားကြသော လူပုဂ္ဂိုလ်များ လာရောက်စုစည်းနေကြသည့် အုပ်စုတစ်စုဖြစ်ပြီး ၎င်းတို့တွင် ကိုယ်ပိုင်သင်ယူမှုပုံစံများရှိကာ ကိုယ်ပိုင်နောက်ခံဗဟုသုတများကို သယ်ဆောင်ထည့်ဝင်နိုင်သည့် လူများဖြစ်ကြောင်း ရှုမြင်ရမည်။

သင်ယူသူများ၏ သင်ယူမှုအားသန်ပုံအမျိုးမျိုးအလိုက် သင်ခန်းစာ အစီအစဉ်ရေးဆွဲရန်အတွက်မူ သင်ခန်းစာအသီးသီးတွင် သင်ယူမှု လုပ်ငန်းစဉ်အမျိုးမျိုးကို သင်ရိုးတစ်လျှောက် ရောနှောထည့်သွင်းရမည် ဖြစ်ပါသည်။ စာသင်ခန်းအတွင်းတွင် တက်ကြွသော သင်ယူမှုပမာဏ တိုးမြင့်လာအောင် ကြိုးစားပါ။ လုပ်ငန်းစဉ်များ ဆောင်ရွက်သည့်ပုံစံကိုလည်း အချိန်အားလျော်စွာ ပြောင်းလဲပါ။ သင်ခန်းစာတိုင်းတွင် လုပ်ဆောင်သည့်အရာများ တသမတ်တည်း မပြောင်းမလဲဖြစ်နေပါက ကျောင်းသူ/သားများ ပျင်းရိငြီးငွေ့ပြီး ဦးနှောက်အတွက် အသစ်များဖြင့် စိန်ခေါ်မှုတို့ကို ရရှိနိုင်မည် မဟုတ်တော့ပါ။

ဦးနှောက်က အားအင်အပြည့် အလုပ်လုပ်နိုင်ရန်အတွက် လေ့ကျင့်ခန်း လိုအပ်ပါသည်။ သင်ယူသူများ၏ သင်ယူမှုဆိုင်ရာ လိုအပ်ချက်အမျိုးမျိုးကို အသိအမှတ်ပြု ထည့်သွင်းစဉ်းစားပြီး သင်ကြားရေးကို စီစဉ်ပြင်ဆင်ပါက ၎င်းတို့၏ ဦးနှောက် ပိုမိုကြီးထွားဖွံ့ဖြိုးတိုးတက်ခွင့် ပိုမိုရှိလာမည်ဖြစ်ပါသည်။



# ၃ ထိရောက်သော ဆရာ/မ တစ်ဦး ဆိုသည်မှာ



### ရည်ရွယ်ချက်များ

- ဆရာအတတ်သင် သင်တန်းသားများက ကျောင်းသူ/သားနှင့် ဆရာ/မများအကြား ကြောင်းကျိုးဆက်စပ်မှုတို့ကို နမူနာပေး ရှင်းပြတတ်ရန်။
- ထိရောက်သော ဆရာ/မတစ်ဦးဖြစ်ရန် လိုအပ်သော အသိပညာ၊ အတတ်ပညာ၊ စိတ်နေစိတ်ထားနှင့် အပြုအမူများကို အမျိုးအစား ခွဲတတ်ရန်။
- ဆရာ/မတစ်ဦး၏ အခန်းကဏ္ဍအမျိုးမျိုးကို ရှင်းလင်းတင်ပြတတ်ရန်။

# ၃.၁ စာသင်ခန်းကောင်းတစ်ခု

## အကြိုသင်ခန်းစာ

**က** မိမိအနှစ်သက်ဆုံးဖြစ်ခဲ့သော စာသင်ခန်းတစ်ခုအကြောင်းကို ပြန်စဉ်းစားပါ။

၁။ ဘာကြောင့် နှစ်သက်ခဲ့ပါသနည်း။ ဘာကြောင့် ၎င်းစာသင်ခန်းက စိတ်ဝင်စားဖွယ်ဖြစ်သနည်း။ ဆရာ/မက မည်သူနည်း။ ၎င်းတို့က မည်သည်တို့ ပြုမူလုပ်ဆောင်ခဲ့သနည်း။ ထိုစာသင်ခန်းအကြောင်း ဖော်ပြနိုင်မည့် နာမဝိသေသနများ၊ စကားစုများ၊ နမူနာများကို ဇယားကွက်တစ်ခုတွင် စာရင်းချရေးပါ။

၂။ နှစ်ဦးတွဲအလိုက် ထိုအတန်းများအကြောင်း ဆွေးနွေးပါ။

| နာမဝိသေသနများ | စကားစုများ | နမူနာများ |
|---|---|---|
| ***နမူနာများ*** *- ပူးပေါင်းဆောင်ရွက်မှုရှိသော* | *အတူတူ ပူးပေါင်းဆောင်ရွက်ခြင်း* | *ရပ်ရွာအတွင်း ညစ်ညမ်းမှု လျှော့ချရေး လုပ်ငန်းစဉ်များ အစီအစဉ် ရေးဆွဲရန်အတွက် အဖွဲ့ငယ်များအလိုက် ဆောင်ရွက်ခဲ့ကြရပါသည်။* |

## စာသင်ခန်းအတွင်းမှ အကြောင်းနှင့် အကျိုး

ကျောင်းသူ/သားတစ်ဦး၏ သင်ယူမှုနှင့် ပတ်သက်သော အကြီးမားဆုံးလိုအပ်ချက်မှာ ထိရောက်မှုရှိသော ဆရာ/မရှိရေးပင် ဖြစ်သည်။ ၎င်းမှာ ဆရာ/မနှင့် ကျောင်းသူ/သားအကြား ကြောင်းကျိုးဆက်စပ် ပတ်သက်မှု ရှိနေသောကြောင့်ပင်ဖြစ်သည်။

ကျောင်းသူ/သားတစ်ဦး၏ သင်ယူမှု၊ အပြုအမူ၊ စိတ်ခံစားချက်များမှာ စာသင်ခန်းအတွင်း ဆရာ/မတစ်ဦး၏ လုပ်ရပ်များ အပေါ် များစွာမူတည်သောကြောင့်ပင် ဖြစ်ပါသည်။ ဆရာ/မဆိုသည်မှာ ကျောင်းသူ/သားများ၏ ကြေးမုံပြင်ပင်ဖြစ်သည်။ ဆရာ/မက ပျင်းရိငြီးငွေ့ခြင်း၊ စိတ်အနှောင့်အယှက် ဖြစ်ခြင်းတို့ ပြသနေပါက ကျောင်းသူ/သားများလည်း ထိုသို့ ခံစားလာရမည်ဖြစ်သည်။ ဆရာ/မက စိတ်အားထက်သန်မှုနှင့် သိလိုစိတ်ပြင်းပြမှုကို ပြသပါက ကျောင်းသူ/သားများလည်း ထိုသို့ ပြသလာမည်ဖြစ်သည်။

## လုပ်ငန်းစဉ်

**၇** ဆရာ/မနှင့် ကျောင်းသူ/သားအကြား ကြောင်းကျိုးဆက်စပ် ပတ်သက်မှုဆိုသည်မှာ အဘယ်နည်း။ ဆရာ/မ တစ်ဦးက ၎င်း၏ ကျောင်းသူ/သားများအပေါ် သက်ရောက်မှု ရှိနိုင်ပုံအမျိုးမျိုးကို နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ စာရင်းချရေးပါ။ အထက်ပါ အကြံဉာဏ်များကို အတွေးအထောက်အကူအဖြစ်သုံးပါ။

| ဆရာ/မက (အကြောင်း) ---- ခြင်း ပြုပါက၊ | ကျောင်းသူ/သားများက (အကျိုး) ---- ခြင်း ပြုလာလိမ့်မည်။ |
|---|---|
| *ဆရာ/မက မေးခွန်းမေးမြန်းသော ကျောင်းသူ/သားများကို ချီးကျူးပါက . . .* | *ကျောင်းသူ/သားက မေးခွန်းပိုမေးလာလိမ့်မည်။* |



## လုပ်ငန်းစဉ်

**၈** ဆရာ/မ များအတွက် ဆောင်ရန် ရှောင်ရန်တို့ကို စာရင်းတစ်ခု အဖွဲ့လိုက်ချရေးပါ။

၁။ ကျောင်းသူ/သားများအပေါ် ကောင်းသော အကျိုးသက်ရောက်မှုများ ကျရောက်စေရန် ဆရာ/မက မည်သည်တို့ ပြုမူဆောင်ရွက်ရမည်နည်း။ ဆရာ/မများ လုပ်ဆောင်သင့်သည့်အရာ ၆ ခုကို ရေးသားပါ။

၂။ ကျောင်းသူ/သားများအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိနိုင်သောကြောင့် မည်သည့်ကိစ္စတို့ကို ဆရာ/မက မလုပ်သင့်သနည်း။ ဆရာ/မများ မလုပ်သင့်သည့်အရာ ၆ ခုကို ရေးသားပါ။

၃။ မိမိတို့ စာရင်းကို နံရံတွင် ကပ်ထားပါ။ အခြားသူများ၏ စာရင်းများကို အခန်းပတ်လည် လှည့်လည်သွားလာပြီး လိုက်ဖတ်ပါ။ မိမိအနှစ်သက်ဆုံး ရေးသားချက်များဘေးတွင် ကြယ်ပွင့်များ ဆွဲသားခဲ့ပါ။

၄။ ထိရောက်သော ဆရာ/မတစ်ဦး၏ အလေ့အထ ၉ ခုကို ဖတ်ရှုသုံးသပ်ပါ။ (မေးခွန်း ၁) အတွက် မိမိဖန်တီး ထားသော စာရင်းနှင့် မည်သို့ တူညီမှု ကွဲပြားမှု ရှိပါသနည်း။

## ထိရောက်သော ဆရာ/မ တစ်ဦး၏ အလေ့အထ ၄ ခု



၁။ **အလုပ်ကို မွေ့လျော်တတ်သည်** - ဆရာ/မက မိမိ၏အလုပ်ကို မွေ့လျော်ကျေနပ်ခြင်းဖြစ်သည်။ သင်ကြားရေးအပေါ် မြတ်နိုးမွေ့လျော်မှုကို စာသင်ခန်းအတွင်း ပျော်ရွှင်တတ်မှုနှင့် စိတ်အားထက်သန်မှုမှတစ်ဆင့် သိနိုင်သည်။ သင်ကြားရေးကို နှစ်သက်မြတ်နိုးမှုရှိကြောင်း ပြသပါက ကျောင်းသူ/သားများက ထိုစာသင်ခန်းကို ဆွဲဆောင်မှုရှိသော စိတ်ပါဝင်စားဖွယ် အတွေ့အကြုံတစ်ရပ်အဖြစ် မြင်ခြင်းအားဖြင့် တုံ့ပြန်ပါလိမ့်မည်။



၂။ **ရှင်းပြသိရှိစေခြင်း** - ဆရာ/မတစ်ဦးသည် ၎င်းတို့၏ လိုလားချက်များကို ရှင်းလင်းပြရမည်။ ဘာကို ဘာကြောင့် သင်ကြားပေးမည်ဖြစ်ကြောင်း၊ ကျောင်းသူ/သားများ စာသင်ခန်းတွင် အောင်မြင်စွာ သင်ယူနိုင်ရန် လုပ်ဆောင်ရမည်တို့မှာ မည်သည်တို့ဖြစ်ကြောင်း ဂရုတစိုက် ရှင်းပြရမည်ဖြစ်သည်။

၃။ **ပံ့ပိုးကူညီခြင်း** - သင်ယူမှုဖြစ်ပေါ်အောင် ပံ့ပိုးကူညီရာတွင် ဆရာ/မတစ်ဦးသည် အဖွဲ့လိုက် ဆွေးနွေးချက်များ၊ ပရောဂျက်များ၊ လုပ်ငန်းဆောင်တာ အမျိုးမျိုးတို့ကို အသုံးပြုပြီး ပံ့ပိုးရမည်ဖြစ်သည်။ ပညာရေးဆိုသည်မှာ ဗဟုသုတများ ပေးအပ်ပို့ချခြင်းသာ မဟုတ်၊ ကျောင်းသူ/သားများအနေနှင့် ရှာဖွေလေ့လာသိရှိခြင်း ဖြစ်စဉ်တစ်ရပ်ကို ဖြတ်သန်းတွေ့ကြုံနိုင်ရန် ဦးဆောင်ခေါ်ယူခြင်းလည်းဖြစ်ကြောင်း ဆရာ/မများက နားလည်သိရှိရမည်။



၄။ **မှတ်ချက် တုံ့ပြန်ချက်ပေးတတ်သည်** - ကျောင်းသူ/သားများအနေနှင့် လမ်းကြောင်းမှန်ပေါ်တွင် ရှိမရှိ သေချာသိရှိအောင် ဆရာ/မများက မှတ်ချက်ပေးခြင်းပြုကြရသည်။ ကျောင်းသူ/သားများက စွမ်းဆောင်မှု ကောင်းသည့်အခါ အားပေးချီးကျူးမှုကို လိုအပ်ပြီး အခက်အခဲတွေ့သည့်အခါ လမ်းညွှန်ပြသမှုကို လိုအပ်သည်။ ဆရာ/မများသည် ကျောင်းသူ/သားများထံမှ တုံ့ပြန်မှတ်ချက်များကိုလည်း ရယူနိုင်သည်။ ထိုအခါ သင်ယူသူ လိုအပ်ချက်များကို ပိုမိုထိရောက်စွာ ဖြည့်ဆည်းနိုင်စေမည့် အပြောင်းအလဲများ ထည့်သွင်းသင်ကြားနိုင်မည်ဖြစ်သည်။

၅။ **ကိုယ်ရေးကိုယ်တာဆန်ပါ** - ဆရာ/မများသည် ၎င်းတို့၏ ကျောင်းသူ/သားများကို ခင်မင်သိရှိရမည်။ ကျောင်းသူ/သားများ၏ အမည်ကို သိရုံမကဘဲ ၎င်းတို့၏ ပုဂ္ဂိုလ်ရေး ဖြစ်တည်ပုံကိုပါ သိနားလည်ရန် လိုအပ်သည်။ ၎င်းတို့၏ လိုအပ်ချက်များ၊ ၎င်းတို့၏ စေ့ဆော်မှုတွန်းအားများ၊ နှစ်သက်မှုနှင့် မနှစ်သက်သည့်အရာများ အားသာချက်များနှင့် ပူပန်မှုများ စသည်တို့ကို သိရှိရမည်။ ၎င်းမှာ မိမိနှင့် ကျောင်းသူ/သားများအကြား စစ်မှန်သည့် ခင်မင်ရင်းနှီး ချိတ်ဆက်မှုတစ်ခု တည်ဆောက်ခြင်းဖြစ်ပြီး မိမိဘက်ကလည်း မိမိအကြောင်းကို ပွင့်လင်းရင်းနှီးစွာ ပြောဆိုလမ်းခင်းရန် လိုအပ်ပါမည်။

၆။ **အပြန်အလှန် လိုလားတောင်းဆိုချက်ထားပါ** - ကျောင်းသူ/သားရော ဆရာ/မဘက်ကပါ နှစ်ဦးနှစ်ဖက် သိရှိနားလည်ပြီး ဖြည့်ဆည်းပေးရန် လိုအပ်သည့် အပြန်အလှန် လိုလားတောင်းဆိုချက်များ ရှိရမည်။ စာသင်ခန်းအစပိုင်းတွင် ကျောင်းသူ/သားက မိမိတို့က မည်သို့သော အပြုအမူများ ပြုမူဆောင်ရွက်ရန် ဆရာ/မက လိုလားကြောင်း အသိပေးရမည်။ ထိရောက်သော ဆရာ/မတစ်ဦးက ၎င်းအပြုအမူများကို စံနမူနာပြ ကျင့်သုံးနေထိုင်ပြရသည်။ ကျောင်းသူ/သားများအနေနှင့် စာသင်ခန်းအတွင်း မိုဘိုင်းဖုန်းများ မသုံးရဟု သတ်မှတ်ထားပါက ဆရာ/မကိုယ်တိုင်ကလည်း ၎င်း၏ ဖုန်းကို စာသင်ခန်းအတွင်း မသုံးသင့်ပါ။



၇။ **စနစ်တကျ စုစည်းမှုရှိခြင်း** - ထိရောက်သော ဆရာ/မတစ်ဦး ဖြစ်ရန် စနစ်ကျစုစည်းမှုရှိပြီး စာရွက်စာတမ်းများ နိုင်နိုင်နင်းနင်း ကိုင်တွယ်ရမည်။ အမှတ်ခြစ်ခြင်း၊ သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်း၊ မှတ်တမ်းတင်ခြင်းတို့တွင် နောက်ကျ ပျက်ကွက်ခြင်း မရှိရပါ။

၈။ **ပါဝင်မှုကို အားပေးခြင်း** - လုပ်ကိုင်ဆောင်ရွက်ပုံများတွင် ပါဝင်ဆုံးဖြတ် ပြောဆိုခွင့်ရှိပါက ကျောင်းသူ/သားများက ပိုမိုစိတ်ဝင်စား ပါဝင်မှု ရှိလာပါသည်။ ပညာရေးဆိုသည်မှာ အသိဗဟုသုတများ ရယူရုံမျှမကပါ။ အစီအစဉ်ရေးဆွဲမှု၊ စုစည်းစနစ်ကျမှု၊ ဆုံးဖြတ်ချက်ချခြင်းစသည့် ဘဝတွက်တာ ကျွမ်းကျင်မှုများကိုပါ သင်ယူခြင်းတို့ ပါဝင်ရသည်။



၉။ **အပြောင်းအလဲ ဖော်ဆောင်နေသည်ဟု နားလည်ခြင်း** - ဆရာ/မများက ဘဝများကို ပြောင်းလဲပေးနိုင်သည်။ ထိရောက်သော ဆရာ/မများက ကြီးမြတ်ကောင်းမွန်မှုပေါ်ပေါက်အောင် တွန်းအားပေးနိုင်သည်။ စာသင်ခန်းအပြင်တွင် မရနိုင်သော ဘေးကင်းလုံခြုံ၍ အပြုသဘောဆောင်သော သင်ယူမှု ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရန်မှာ ဆရာ/မများက ကျောင်းသူ/သားများအပေါ်တွင်ရှိသော တာဝန်တစ်ရပ်ပင် ဖြစ်သည်။

## လုပ်ငန်းစဉ်

### အလေ့အထ ခြောက်ခု အနှစ်သက်ဆုံး

| |
|---|
| ၁။ |
| ၂။ |
| ၃။ |
| ၄။ |
| ၅။ |
| ၆။ |

**ဃ** စာမျက်နှာ ၅၄ နှင့် ၅၅ တွင် ပြသထားသော ထိရောက်သော ဆရာ/မတစ်ဦး၏ အလေ့အထ ၉ ခုကို ကြည့်ပါ။

၁။ ၎င်းတို့အနက်မှ မိမိအနှစ်သက်ဆုံးဖြစ်သော အလေ့အထ ၆ ခုကို ရွေးထုတ်ပြီး အနှစ်သက်ဆုံး အလေ့အထကို ထိပ်ဆုံးတွင်ထားလျက် အစီအစဉ်ချပါ။ နှစ်ဦးတွဲအလိုက် လုပ်ဆောင်ပါ။

၂။ ဆရာ/မတစ်ဦးတွင် ထိုအလေ့အထများ ပေါ်ပေါက်လာအောင် မည်သို့ ကူညီနိုင်မည်နည်း။ အကြံပြုချက်များ ရေးပါ။

၃။ အလေ့အထ တစ်ခုစီအတွက် အကြံပြုချက်တစ်ခု နှစ်ခုကို အတန်းထံ ပြန်လည်တင်ပြပါ။

၄။ အဖွဲ့ဖွဲ့ပါ။ မိမိတို့စာရင်းမှ အလေ့အထ တစ်ခုကို ရွေးပါ။ ထိုအလေ့အထနှင့် ၎င်းအတွက် အကြံပြုချက်များကို လက်တွေ့ကျင့်သုံးနေပြပုံ ပါသော ပြဇာတ်တစ်ခု ဖန်တီးပါ။

၅။ ထိုပြဇာတ်ကို အတန်းရှေ့တွင် လက်တွေ့ တင်ဆက်ပါ။ မိမိတို့က မည်သည့် အလေ့အထကို ပြသနေခြင်းဖြစ်ကြောင်း မပြောပါနှင့်ဦး။ အခြားအဖွဲ့များက တင်ဆက်သော ပြဇာတ်က မည်သည့် အလေ့အထကို တင်ပြနေခြင်း ဖြစ်ကြောင်း မှန်းဆပါ။

## ဆွေးနွေးချက်

**င** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ မိမိတို့ ရေးသားထားသည့် ဆောင်ရန်ရှောင်ရန် စာရင်းအတိုင်း ဆရာ/မလိုက်နာပြီး ကျင့်သုံး/ရှောင်ကြဉ်စေရေးအတွက် စာသင်ကျောင်းက ဆရာ/မများကို မည်သို့ အားပေးကူညီနိုင်မည်နည်း။

၂။ စာမျက်နှာ ၅၄ နှင့် ၅၅ ပါ ထိရောက်သော ဆရာ/မတစ်ဦး၏ အလေ့အထ ၉ ခုတွင် မည်သည့် အလေ့အထက မိမိအတွက် အလွယ်ဆုံးဖြစ်ပြီး မည်သည်က အခက်ခဲဆုံး ဖြစ်သနည်း။ အဘယ့်ကြောင့်နည်း။



# ၃.၂ ထိရောက်သော ဆရာ/မ တစ်ဦးဖြစ်ရန် လိုအပ်ချက်များ

## အကြိုသင်ခန်းစာ

**ဂ** အောက်ပါမေးခွန်းများကို ဆွေးနွေးပြီး ဖြစ်နိုင်ခြေရှိသော အဖြေများကို မှန်းဆပါ။

၁။ အသိနှင့် အတတ်တို့အကြား ခြားနားမှုမှာ အဘယ်နည်း။

၂။ စိတ်နေစိတ်ထားနှင့် အပြုအမူတို့အကြား ခြားနားကွဲပြားမှုက အဘယ်နည်း။

၃။ စိတ်နေစိတ်ထားနှင့် အပြုအမူတို့အကြား မည်သို့ ချိတ်ဆက်မှု ရှိသနည်း။

၄။ ထိရောက်သော ဆရာ/မများအနေနှင့် မည်သည့် အသိပညာ၊ အတတ်ပညာ၊ စိတ်နေစိတ်ထား၊ အပြုအမူများ လိုအပ်သနည်း။

အောက်ပါစာသားကို ဖတ်ပြီး အဖြေတိုက်စစ်ပါ။

## ထိရောက်သော ဆရာ/မများ၏ အခန်းကဏ္ဍ

ကျောင်းသားတစ်ဦးစီက အရည်အသွေးပြည့် သင်ယူမှုရရှိအောင် စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကူညီပံ့ပိုးခြင်းများ ဆောင်ရွက်ခြင်းက ထိရောက်သော ဆရာ/မ တစ်ဦး၏ အခန်းကဏ္ဍပင် ဖြစ်ပါသည်။ ဤအခန်းကဏ္ဍကို ဆောင်ရွက်နိုင်ရန် အချို့သော အရည်အသွေးများ လိုအပ်ပါသည်။ အသိပညာ၊ အတတ်ပညာ၊ စိတ်နေစိတ်ထားနှင့် အပြုအမူအချို့ပင် ဖြစ်ပါသည်။

### အသိပညာ

ဆရာ/မများသည် မိမိတို့ သင်ကြားရမည့် ဘာသာရပ်များနှင့် ပတ်သက်ပြီး အချက်အလက် လုံလောက်စွာ သိရှိရမည်။ နားလည်သဘောပေါက်ရမည်။ သင်ကြားရေးနှင့် ပတ်သက်ပြီး သိနားလည်မှုလည်း ရှိရမည်။

### အတတ်ပညာ

ဆရာ/မတို့သည် သင်ကြားပို့ချနေချိန်တွင် ကျောင်းသူ/သားများကို လမ်းညွှန်နိုင်သော၊ ပံ့ပိုး ကူညီနိုင်သော၊ စီမံခန့်ခွဲနိုင်သော စွမ်းရည်များရှိရန် လိုအပ်ပါသည်။

### စိတ်နေစိတ်ထား

ကျောင်းသူ/သားများအပေါ် အကောင်းသဘော သက်ရောက်မှု ဖြစ်စေနိုင်သည့် အတွေးများ စိတ်ခံစားချက်များ ရှိရမည်။

### အပြုအမူ

ဆရာ/မများသည် ကျောင်းသူ/သားများ အနားတွင် ပြုမူနေထိုင်ပြောဆိုပုံသည် သင့်တော်ဖွယ်ရာမှု ရှိခြင်းအားဖြင့် ကျောင်းသူ/သား ဘေးကင်း လုံခြုံမှုကို ခံစားစေပြီး သင်ယူလိုစိတ်ကို ပိုတိုးတက်စေနိုင်ပါသည်။

## လုပ်ငန်းစဉ်

၁ ထိရောက်သော ဆရာ/ မတို့၏ အရည်အသွေးများကို ဇယားကွက်အတွင်းထည့်ပါ။

| အသိပညာ | အတတ်ပညာ | စိတ်နေစိတ်ထားနှင့် အပြုအမူများ |
|---|---|---|
| | | |

၁ စိတ်ရှည်သည်။

၂ ဘာသာရပ်အကြောင်း နားလည်သည်။

၃ သင်ယူသူအားလုံးအပေါ် တန်းတူမျှတမှုရှိသည်။

၄ ရှင်းလင်းစွာ ရှင်းပြတတ်သည်။

၅ ကျောင်းသူ/ သားများထံမှ ပြန်နားထောင်တတ်သည်။

၆ ချီးမွမ်းစကားပြောတတ်သည်။

၇ သင်ယူမှုဖြစ်ပေါ်ပုံကို နားလည်သည်။

၈ သင်ကြားရေး ကျွမ်းကျင်မှုကို လေ့ကျင့်သင်ယူဖူးသည်။

၉ အကြောင်းအရာတစ်ခုခုရှိလာပါက သုတေသနပြု တတ်သည်။

၁၀ ညွှန်ကြားချက်ပေးရာတွင် ရှင်းလင်းပြတ်သားသည်။

၁၁ သင်ယူသူများအပေါ် အလေးထားဂရုစိုက်သည်။

၁၂ မအော်ဟစ်တတ်။

၁၃ စိတ်ခံစားချက်များကို ချုပ်တည်းနိုင်သည်။

၁၄ အရှက်ခွဲခြင်း၊ ကိုယ်ထိလက်ရောက် အပြစ်ပေးခြင်း မလုပ်။

၁၅ ဘာသာရပ်ကို စိတ်ဝင်စားဖွယ်ဖြစ်အောင် တင်ပြတတ်သည်။

၁၆ လေ့လာရသည်က ပျော်စရာကောင်းအောင် စီစဉ်တတ်သည်။

၁၇ စာသင်ခန်းအတွင်း အပြန်အလှန် လေးစားမှု ထားရှိသည်။

၁၈ စိတ်အေးလက်အေးရှိသည်။

၁၉ သင်ခန်းစာ အစီအစဉ်ရေးဆွဲသည်။

၂၀ စာသင်ခန်းအတွက် စည်းကမ်းများ ဖန်တီးပေးသည်။

၂၁ လေ့ကျင့်ခြင်း လုပ်ငန်းစဉ်များ သုံးတတ်သည်။

၂၂ အသိ၊ အတတ် အသစ်များ ခင်းကျင်းတင်ပြတတ်သည်။

၂၃ သင်ခန်းစာနှင့် လက်တွေ့ဘဝတို့ကို ချိတ်ဆက်ပေး တတ်သည်။

၂၄ သင်ယူသူများကို အားပေးသည်။

၂၅ သင်ယူမှု အကဲဖြတ်ခြင်းရှိသည်။

၂၆ သင်ယူသူများကို တုံ့ပြန်ချက် မှတ်ချက်များပေးသည်။

၂၇ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက် ပါဝင်သည်။

၂၈ အခြား ဆရာ/ မများကို လေ့လာပြီး အတွေးအကြံသစ်များပေါ်အောင် စဉ်းစားသည်။

## လုပ်ငန်းစဉ်


**ဂ** နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့ငယ်များဖြင့်ဖြစ်စေ ၃.၂ (ခ) မှ ထိရောက်သော ဆရာ/မများ၏ အရည်အသွေး ၆ မျိုးကို ရွေးချယ်ပါ။ ထိုအရည်အသွေးများအကြားမှ ဆက်စပ်မှုကို ပြနိုင်သော ဆက်စပ်မှုပြ အတွေးမြေပုံတစ်ခုကို ပိုစတာတစ်ခုအဖြစ် ဖန်တီးရေးဆွဲပါ။ ထိုပိုစတာပေါ်တွင် နမူနာရှင်းလင်းချက်များ၊ သရုပ်ဖော်ပုံများ ထည့်သွင်း ရေးဆွဲနိုင်ပါသည်။

## ဆွေးနွေးချက်

**ဃ** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ အသိ၊ အတတ်၊ စိတ်နေစိတ်ထားနှင့် အပြုအမူများ တစ်ခုနှင့်တစ်ခု မည်သို့ ဆက်စပ်မှုရှိပါသနည်း။ အဖြေအတွက် ဥပမာ သာဓကများသုံးပြီး သက်သေထူပါ။

၂။ ဆရာ/မတစ်ဦးသည် ၎င်း၏ အသိ၊ အတတ်၊ စိတ်နေစိတ်ထားနှင့် အပြုအမူများကို မည်သို့ တိုးတက်အောင် ဆောင်ရွက်နိုင်မည်နည်း။




# ၃.၃ ဆရာ/မ ကောင်းဆိုသည်မှာ

## အကြိုသင်ခန်းစာ

**ဂ** သင့်အပေါ် လွှမ်းမိုးသက်ရောက်မှုကောင်း ရှိခဲ့သော ဆရာ/မကောင်းတစ်ဦး အကြောင်းကို ပြန်စဉ်းစားပါ။

၁။ ၎င်းအကြောင်း ပုံဖော်ပါ။ မည်သည့် အသိ၊ အတတ်များကို ၎င်းက တတ်ကျွမ်းသနည်း။ မည်သည့် စိတ်နေစိတ်ထား၊ အပြုအမူများ ရှိသနည်း။

၂။ မည်သည့် အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများကို ၎င်းက ဆောင်ရွက်ခဲ့သနည်း။ ဖြစ်လေရုံ ဆရာ/မလော၊ အခြား ပိုမိုသည့် အခန်းကဏ္ဍများပါ ဆောင်ရွက်ခြင်း ရှိပါသလား။



## ဆရာ/မတစ်ဦး၏ အခန်းကဏ္ဍများ

စာသင်ခန်းတိုင်း၊ ကျောင်းတက်ရက်တိုင်းတွင် ဆရာ/မတစ်ဦးသည် အခန်းကဏ္ဍပေါင်းများစွာကို ဆောင်ရွက်ရသည်။ ဆရာ/မတို့သည် သင်ခန်းစာ အစီအစဉ်ရေးဆွဲသည်၊ ပို့ချသည်၊ သင်ယူမှု အကဲဖြတ်ခြင်းပြုရသည်။ သင်ယူသူများကို လေ့လာစောင့်ကြည့်ခြင်း၊ လမ်းညွှန်ဖေးမကူညီခြင်း၊ ၎င်းတို့ ရင်ဆိုင်ကြုံတွေ့နေသည့် အခက်အခဲများကို နားလည်အောင် ကြိုးစားသည်၊ အဘယ့်ကြောင့် ထိုအခက်အခဲများ ရှိနေရကြောင်းကိုလည်း နားလည်အောင်ကြိုးစားသည်။ ရုံးစာရွက်စာတမ်းများ ရေးသားဖြည့်သွင်းခြင်း၊ အစည်းအဝေးများတက်ခြင်း၊ မိဘများနှင့် ချိတ်ဆက်ခြင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့် စည်းဝေးချိတ်ဆက်ခြင်း၊ အထက်အရာရှိများနှင့် ပူးတွဲအလုပ်လုပ်ခြင်းတို့ ရှိရသည်။ ဆရာ/မတို့သည် စာသင်သည့်အပြင် အခြားအလုပ်တာဝန်များစွာကို လုပ်ဆောင်ကြရပါသည်။

## လုပ်ငန်းစဉ်

**၁** ဆရာ/မတစ်ဦး၏ သာမန်နေ့စဉ် အလုပ်တာဝန်များအကြောင်းကို စဉ်းစားပါ။

၁။ ဆရာ/မတစ်ဦး၏ တစ်နေ့တာ တာဝန်ယူရသော အခန်းကဏ္ဍအမျိုးမျိုးကို အဖွဲ့လိုက် စာရင်းပြုစုပါ။ အောက်ပါတို့မှာ နမူနာအချို့ဖြစ်ပါသည်။ ဇယားကွက်တွင် ထပ်ဖြည့်ပါ။

(က) အစီအစဉ်ရေးဆွဲသူ
(ခ) စုစည်းစီစဉ်သူ
(ဂ) စိတ်ပညာရှင်
(ဃ) စီမံအုပ်ချုပ်သူ
(င) ဖေးမလမ်းညွှန်သူ
(စ) အကဲဖြတ်စစ်ဆေးသူ
(ဆ) လေ့လာစောင့်ကြည့်သူ
(ဇ) မိတ်ဆွေ
(ဈ) သုတေသီ

| ဆရာ/မတစ်ဦး၏ အခန်းကဏ္ဍများ | | |
|---|---|---|
| **စာသင်ခန်းအတွင်း** | **ကျောင်းအတွင်း** | **ရပ်ရွာအတွင်း** |
| | *(က) အစီအစဉ်ရေးဆွဲသူ* | |
| **သင်ခန်းစာ မတိုင်မီ** | **သင်ခန်းစာ ပို့ချစဉ်** | **သင်ခန်းစာ အပြီး** |
| *(က) အစီအစဉ်ရေးဆွဲသူ* | | |

၂။ အခြားမည်သည့် အခန်းကဏ္ဍများကို ဆရာ/မများ တာဝန်ယူကြသနည်း။ ၎င်းတို့ကို ဇယားကွက်တွင်ထည့်ပါ။

၃။ မိမိတို့ စဉ်းစားချရေးထားသည်တို့ကို တစ်တန်းလုံးထံဖြစ်စေ၊ အခြားတစ်ဖွဲ့ထံတွင်ဖြစ်စေ တင်ပြပါ။

၄။ မေးခွန်း ၁ နှင့် ၂ အတွက် သင့်အဖြေများကို စာအုပ်နောက်ကျောတွင်ပါသော နမူနာအဖြေများနှင့် တိုက်ဆိုင်စစ်ဆေးပါ။ ထိုအဖြေများကို မိမိသဘောတူပါသလား။ အဘယ်ကြောင့်နည်း။

# ဆရာ / မ တစ်ဦး၏ အခန်းကဏ္ဍများ

**စမှတ်**

မနက်ဖြန် သင်ခန်းစာအတွက် ဘာတွေကို ပြန်လှန်သုံးသပ် ရမလဲ။

၈ ဤကစားနည်းကို ကစားပါ။

၁။ တစ်ဖွဲ့လျှင် ၃ ယောက်မှ ၆ ယောက်ထိရှိနိုင်သည်။ တစ်ယောက်ကို အမှတ်အသား တစ်ခုစီ ရှိရမည်။ (ဥပမာ – အကြွေစေ့၊ ခဲဖျက် (သို့မဟုတ်) ခဲလုံး စသည်တို့ သုံးနိုင်သည်။)

၂။ စာရွက်အပိုင်းများအပေါ်တွင် ၁၊ ၂၊ ၃ ဂဏန်းများရေးပါ။ ထို့နောက် စာရွက်များကို ဂဏန်းမမြင်ရတော့အောင် ခေါက်ပါ။

၃။ လူတိုင်းက မိမိတို့၏ အမှတ်အသားကို တာထွက် အကွက်တွင် လာတင်ရမည်။ ကစားသူ နံပါတ် (၁) က စာရွက်ခေါက်တစ်ခုကို ကျပန်းနှိုက်ယူရမည်။ ထို့နောက် စာရွက်ပါ ဂဏန်းအရ အကွက်အရေအတွက်ယူပြီး ရွှေ့တိုးရမည်။

၄။ ကျသည့်အကွက်ပေါ်တွင်ပါသည့် စာသားက မည်သည့် အခန်းကဏ္ဍ ဖြစ်ကြောင်း၊ အဘယ့်ကြောင့် ထိုသို့ ထင်ကြောင်း ဆွေးနွေးရမည်။

၅။ ပြီးပါက စာရွက်ကို ပြန်ခေါက်ပြီး အခြား စာရွက်ခေါက်များနှင့် ပြန်ရောထားရမည်။ ထို့နောက် နောက်တစ်ယောက် အလှည့် စကစားရမည်။

အဖြေမှန် ၇ ကို ကျောင်းသား ဘယ်နှစ်ယောက် ရသလဲ။

"ကျော်ကျော်. . တော်လိုက်တာ. . ။ အဲ့ဒီနမူနာ အရမ်းကောင်းတယ်။"

အတွေ့အကြုံ မရှိသေးတဲ့ လုပ်ဖော် ကိုင်ဖက်တွေကို ကူညီပေးရမယ်။

ကျောင်းသားတွေရဲ့ စာမေးပွဲ ရမှတ် စာရင်းတွေ သွင်းရမယ်။

မနက်ဖြန် သင်ခန်းစာ ခေါင်းစဉ်နဲ့ ပတ်သက်ပြီး သတင်းအချက်အလက် ဘယ်မှာ ထပ်ရှာလို့ ရနိုင်မလဲ။

"ဆရာမ ပိုပိုရေ၊ လာမယ့် ဗုဒ္ဓဟူးနေ့ ကျွန်တော့် စာသင်ခန်း တွေကို ခဏ အစား ဝင်သင်ပေးနိုင် မလား။"

ဒီသင်ခန်းစာကို ကျောင်းသူ/သားတွေ ပိုစိတ်ဝင်စားလာအောင် ဘာလုပ်ရင် ကောင်းမလဲ။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး တစ်ယောက်ယောက်က ကိုယ်တွေ့ အတွေ့အကြုံ တစ်ခုခု ပြောပြနိုင် မလား။"

ယနေ့ သင်ခန်းစာ
အတွက် စားပွဲခုံများကို
မှန်ကန်စွာ
နေရာချထားပြီလား။

ဤလုပ်ငန်းစဉ်
အတွက် မိမိ
ကျောင်းသားများ
အချိန်မည်မျှ
ယူနိုင်ကြောင်း
စဉ်းစားနေသည်။

အတန်း
တက်ရောက်သူ
စာရင်းကို
ကျောင်းအုပ်ကို
ပေးရဦးမည်။

ကျောင်းသားများ၏
ဘဝနှင့် ကိုက်ညီမှု
ရှိအောင် ဤ
သင်ခန်းစာကို မည်သို့
ပြုပြင်နိုင်မည်နည်း။

"ဤသင်ခန်းစာ
သင့်လက်တွေ့
ဘဝနှင့်
ချိတ်ဆက်နေပုံ
သုံးမျိုးကို
ဖော်ထုတ်ပါ။"

**ပန်းတိုင်**

နှစ်ဦးတွဲနှင့်
အဖွဲ့လိုက် လုပ်ငန်းစဉ်
မည်သည်ကို
လုပ်ဆောင်ခိုင်းလျှင်
ကောင်းမည်နည်း။

ဤခေါင်းစဉ်အတွက်
စိတ်ဝင်စားစရာ
လုပ်ငန်းစဉ်တစ်ခု
မည်သည့် နေရာတွင်
ရှာရမည်နည်း။

ကျောင်းသား
သုံးယောက်တည်း
အဖြေမှန်သည်မှာ
အဘယ်ကြောင့်နည်း။

ခေါ်လှီတစ်ယောက်
ဒီနေ့ ငြိမ်သက်လွန်း
နေသည်။

"ဖွင့်ဆိုချက်ကို
ပြောပြပါဦး။"

အုပ်စုများက
ညွှန်ကြားချက်
လိုက်နာနေမှု ရှိမရှိ
စစ်ဆေးရဦးမည်။

သားတို့ သမီးတို့
ဒီလေ့ကျင့်ခန်းအတွက်
၅ မိနစ်ရမယ်။

အယ်ဂေးက
သူ့အဖွဲ့နဲ့ ဘာကြောင့်
အဆင်မပြေတာ
ပါလိမ့်။

"ဆရာမ
ကူပေးရဦးမလား။"

မနက်ဖြန်ကျလျှင်
မာကာအသစ်များ
ဆောင်သွားရမည်။

ဤသင်ခန်းစာက
မိမိကျောင်းသားများ၏
သင်ယူမှု
အားသန်ပုံများနှင့်
ကိုက်ညီမည်လော။

## လုပ်ငန်းစဉ်

**ဃ** သင်ကြားရေးနှင့် လေ့ကျင့်ရေး အခြေအနေအမျိုးမျိုးကို ကြည့်ပါ။

၁။ အခြေအနေတစ်ခုစီအတွက် အရေးအကြီးဆုံး အခန်းကဏ္ဍ ၃ ခုနှင့် အရေးပါမှု အနည်းဆုံး အခန်းကဏ္ဍ ၁ ခုကို ရွေးထုတ်ပါ။ (စာမျက်နှာ ၆၁ မှ)

| | (က) ဒုတိယတန်း စာသင်ခန်း | (ခ) တက္ကသိုလ် ဟောပြောပို့ချချက် | (ဂ) စစ်သင်တန်း | (ဃ) အချက်အပြုတ် သင်တန်း | (င) ၁၁ တန်း စာသင်ခန်း | (စ) လူ့အခွင့်အရေး အလုပ်ရုံ ဆွေးနွေးပွဲ သင်တန်း |
|---|---|---|---|---|---|---|
| အရေးအပါဆုံး | | | | | | |
| အရေးပါမှု အနည်းဆုံး | | | | | | |

၂။ သင့်အဖြေများကို စာအုပ်နောက်ကျောတွင်ပါသော နမူနာအဖြေများနှင့် တိုက်ဆိုင်စစ်ဆေးပါ။ ထိုအဖြေတစ်ခုစီကို မိမိသဘောတူပါသလား။ အဘယ်ကြောင့်နည်း။

## ဆွေးနွေးချက်

**င** အောက်ပါဖော်ပြချက်များကို ဖတ်ပါ။ ဖော်ပြချက်တစ်ခုစီနှင့် သဘောတူသလား၊ မတူပါသလား။ အဘယ့်ကြောင့်နည်း။ အဖွဲ့လိုက်ဖြစ်စေ၊ အတန်းလိုက်ဖြစ်စေ၊ ဆွေးနွေးပါ။

၁။ ဆရာကောင်းဆိုသည်မှာ မွေးရာပါဖြစ်သည်။ လုပ်ယူ၍ မရပါ။

၂။ ဆရာ/မကောင်းဆိုသည်မှာ သင်ယူသူကောင်းများလည်းဖြစ်သည်။

၃။ ဆရာ/မကောင်းများဆိုသည်မှာ သင်ယူသူများအတွက် မိဘသဖွယ်ဖြစ်သည်။

၄။ ဆရာ/မကောင်းဖြစ်သည် မဖြစ်သည်ကို ကျွန်ုပ်တို့က မိမိတို့ ကိုယ်ပိုင်သင်ယူမှု အတွေ့အကြုံများနှင့် ချိန်ထိုးဆုံးဖြတ်ခြင်းဖြစ်သည်။

၅။ ဆရာ/မကောင်းဆိုသည်မှာ မျိုးစေ့များ ပျိုးထောင်ပေးသော ဥယျာဉ်မှူးများနှင့် တူသည်။

၆။ ဆရာ/မကောင်းဆိုသည်မှာ စက်ရုံအလုပ်ရုံ လုပ်သားများနှင့်တူသည်။ ကျောင်းသားကောင်းများကို တည်ဆောက်ထုတ်လုပ်ပေးသူများဖြစ်သည်။

## လုပ်ငန်းစဉ်

**စ** ဆရာ/မများအတွက် အကြံပြုချက် အနည်းငယ်ကို ဖတ်ရှုပါ။

၁။ စာမျက်နှာ (၆၅) မှ ခေါင်းစဉ်များ (က–ဇ) နှင့် အကြံပြုချက်များ (i-viii) အထိတို့ကို တွဲစပ်ပါ။

i “သင်ထောက်ကူအသစ်ပေါင်းများစွာကို မိမိတစ်ဦးတည်း ဖန်တီးရန် မကြိုးစားပါနှင့်။ မိမိပတ်ဝန်းကျင်တွင် ရှိနှင့်ပြီး ရင်းမြစ်များကို အသုံးပြုပြီး ဉာဏ်ကွန့်မြူးမှု ရှာဖွေပါ။ အွန်လိုင်းတွင်ရှာပါ။ စာအုပ်များတွင် ရှာပါ။ လုပ်ငန်းစဉ်များ၊ ကစားနည်းများ၊ သီချင်းများ၊ ပဟေဠိဂျက်များ စသည်ဖြင့် ... အခြားသူများ ဖန်တီးပြီးသားအရာများကို ရှာဖွေပါ။”

ii “သင်ကြားရေး အတတ်ဆိုင်ရာ သင်ယူမှုရပ်ဝန်းတစ်ခု ဖန်တီးပါ။ အကြံဉာဏ်များ မျှဝေပါ။ ပြဿနာရပ်များ ဆွေးနွေးပါ။ အကူအညီယူပါ။ စာသင်ခန်းများကို မျှဝေသင်ကြားပါ။ အထောက်အပံ့ အကူအညီယူပါ၊ ပေးပါ။ မည်သည်က အဆင်ပြေပြီး မည်သည်က အဆင်မပြေကြောင်း ဆွေးနွေးပါ။”

iii “ညီလာခံများ၊ သင်တန်းအခွင့်အလမ်းများကို ရှာဖွေပါ။ နည်းလမ်းသစ်များကို သင်ကြားပို့ချပေးနေသည့် ဗီဒီယိုများ၊ အွန်လိုင်းစာသင်ခန်းများကို ရှာဖွေတက်ရောက်ပါ။ ပုံမှန်လုပ်နေကြအချိန်ဇယားတွင်း အသားကျသွားလွန်း၍ သိစရာရှိသည်တို့ကို မိမိအကုန်သိပြီဟု မထင်ပါနှင့်။ ဆရာကောင်းများသည် သင်ယူသူကောင်းများလည်း ဖြစ်နေရမည်။ စဉ်ဆက်မပြတ် ပိုမိုတိုးတက်နေအောင် ကြံဆောင်နေရမည်။

iv မှားယွင်းရှုံးနိမ့်မှာကို မကြောက်ပါနှင့်။ အသစ်အသစ်သော အရာများကို စမ်းသပ်လုပ်ဆောင်ပါ။ စွန့်စားလုပ်ဆောင်ပြီး ကျရှုံးသောအခါ ပြန်လည်ကြိုးစားခြင်းမှာ သင့်လျော်သည့်အရာဖြစ်ကြောင်း စံနမူနာပြပါ။ လုပ်ငန်းစဉ်တစ်ခုခု အဆင်မပြေပါက လက်မလျှော့ပါနှင့်။ ထပ်ကြိုးစားပါ။ ပထမအကြိမ်မှာ အနည်းငယ်မှန်ပါလိမ့်မည်။ အခြားသူများက မဖြစ်နိုင်၊ မလုပ်သင့်ဟု ပြောလာသည့်အတွက်နှင့် လက်မလျှော့ပါနှင့်။

v “မိမိဆောင်ရွက်ခဲ့ပြီးသော သင်ကြားမှုတစ်ခုအကြောင်းကို ပြန်စဉ်းစားပါ။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ စဉ်းစားပါ။

မိမိကိုယ်ကို ပြန်မေးပါ။

- စာသင်ခန်း၊ လုပ်ငန်းစဉ်က အဘယ်နည်း။
- စာသင်ခန်းအတွင်း မည်သည်တို့ ဖြစ်ပျက်ခဲ့သနည်း။
- ရေရှည် ရေတို ရလဒ်များမှာ အဘယ်နည်း။
- ဘာဆက်လုပ်မည်နည်း။
- အမှားအယွင်းများကို မည်သို့ ပြင်ဆင်ပြီး အဆင်ပြေသည့် အရာများကို မည်သို့ ထပ်မံ အသုံးချမည်နည်း။

မိမိတို့ သင်ယူမှုနှင့် ပတ်သက်ပြီး ကျောင်းသူ/သားများသည်လည်း မိမိတို့ဘာသာ ပြန်လှန်သုံးသပ်ခြင်း ပြုလုပ်ခွင့်ပေးပါ။ မိမိတို့ သင်ယူနေသည့်အရာအပေါ် အာရုံစိုက် စဉ်းစားနိုင်ရန် ကျောင်းသူ/သားများကို အချိန်ပေးပါ။”

vi “မိမိအတွက် ခက်ခဲသည့်အရာများအပေါ် အာရုံစိုက်ရန် အချိန်ယူပါ။ များသောအားဖြင့် ဆရာ/မများသည် မိမိတို့ အားသာသည့် သင်ကြားရေးပုံစံများနှင့် သင်တတ်ကြပြီး မိမိတို့ အားနည်းချက်ပေါ်နိုင်သည့် သင်ကြားရေးပုံစံများကို မထုတ်တတ်ကြ။ ထို့ပြင် မိမိကျောင်းသူ/သားများက မည်သည့်အပိုင်းတွင် အခက်အခဲဖြစ်နေကြောင်း အာရုံစိုက်ပြီး ၎င်းအပိုင်းကို လေ့ကျင့်ချိန် ပိုမိုပေးရပါမည်။”

vii “ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ဖြစ်မလာကလည်း စိတ်မပူပါနှင့်။ စာသင်ခန်းကို ကြိုတင်ပြင်ဆင်မှုရှိစွာ ဝင်ရောက်ပါ။ သို့ရာတွင် အစီအစဉ်ရေးဆွဲထားသည့်အတိုင်း မဖြစ်လာလျှင်လည်း စိတ်ဓာတ်မကျပါနှင့်။ အစီအစဉ်တို့ကို ပြောင်းလဲ၍ ရပါသည်။ အသစ်အသစ်များကို စမ်းသပ်ကြည့်ပါ။”

viii “မည်သည့် နည်းလမ်းများ၊ သင်ကြားရေးဟန်များက အောင်မြင် အဆင်ပြေကြောင်း မှတ်တမ်းထားရှိပါ။ ထိုအခါ မမျှော်လင့်သည်တို့ ဖြစ်လာသည့်အခါများတွင်လည်း ကြိုတင်ပြင်ဆင်မှု ရှိနေမည်ဖြစ်ပြီး ဆီလျော်သည့် လုပ်ငန်းစဉ်များကို အလွယ်တကူ ရှာဖွေလုပ်ဆောင်နိုင်မည်ဖြစ်သည်။ မိမိဖန်တီးထားသည့် လေ့ကျင့်ခန်းစာရွက်များ၊ လုပ်ငန်းစဉ် သင်ထောက်ကူများကို သိမ်းဆည်းပါ။ သင်ထောက်ကူတစ်ခုခုကို တစ်ခါဖန်တီးပြီး ဘယ်တော့မှ ပြန်မသုံးတော့ခြင်း မလုပ်ပါနှင့်။ မိမိကျောင်းသူ/သားများ နှစ်သက်မှုရှိပြီး သုံးရအဆင်ပြေသည့် အရာများကို အကြိမ်ကြိမ် ပြန်သုံးပါ။ အားမသုံးပါနှင့်၊ ဉာဏ်နှင့်ယှဉ်၍ လုပ်ပါ။

| | |
|---|---|
| **က** မိမိ လုပ်ဖော်ဆောင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ပါ။ | **င** ပြန်လှန်သုံးသပ်ပါ။ |
| **ခ** ဉာဏ်ကွန့်မြူးမှု ရှာဖွေပါ။ | **စ** အသင့်သုံးနည်းလမ်း သေတ္တာတစ်ခု ဖန်တီးပါ။ |
| **ဂ** စွန့်စားပါ။ | **ဆ** စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေပါစေ။ |
| **ဃ** ခက်ခဲသည့်အလုပ်ကို အာရုံစိုက်ပါ။ | **ဇ** ပြုလွယ်ပြင်လွယ်ရှိပါ။ |

၂။ ဤဆရာ/မအသစ်များက အကြံဉာဏ်လိုအပ်လျက်ရှိပါသည်။ ၎င်းတို့၏ မေးခွန်းများ/ပြဿနာများ (က–ဇ) ကို အကြံဉာဏ်များ (ပြီးခဲ့သည့် စာမျက်နှာမှ i-viii) အထိနှင့် တွဲစပ်ပေးပါ။

၃။ အဘယ့်ကြောင့် ထိုသို့ တွဲစပ်ရကြောင်း အဖွဲ့လိုက် ရှင်းပြပါ။

(က) "လုပ်ငန်းခွင်အကြို သင်တန်းကို အရမ်းသဘောကျမိပါတယ်။ အတွေ့အကြုံ ရလာပြီးသား ဆရာ/မဖြစ်လာရင်တောင် ရှေ့ဆက်ပြီး ဆက်လက် သင်ယူဖို့ ဘာတွေ လုပ်သင့်ပါသလဲ။"



(ခ) "လုပ်ငန်းစဉ်တွေ၊ ရင်းမြစ်တွေ အတွက် အကြံဉာဏ်ထုတ်ရတာ အရမ်းခက်တယ်။ အဲ့ဒါတွေ လုပ်ဖို့အချိန် သိပ်မရှိဘူး။"

(ဃ) အမှားလုပ်မိမှာ ကြောက်တယ်။ လုပ်ငန်းစဉ်တစ်ခုခုက အဆင်မပြေရင် ဘယ်လိုလုပ်မလဲ။ ကျောင်းသူ/သားတွေက ကိုယ်မှားနေတာ သိနေမြင်နေရင် ဘယ်လိုလုပ်မလဲ။

(ဂ) "တစ်ခါတလေ စာသင်ဖို့ ပြင်ဆင်ရတာ အချိန်အကြာကြီးကုန်တယ်။ တကယ်တမ်းသင်တော့ ပြုပြင်ပြောင်းလဲပြီး လုပ်ရတာပဲ။ အဲ့ဒါ ပြင်ရကျိုးရော နပ်ရဲ့လား။"

(င) စာသင်ခန်း တစ်ခုစီအတွက် ရင်းမြစ်တွေ အများကြီးဖန်တီးတယ်။ သီးသန့်စီ အစီအစဉ် ရေးဆွဲတာလည်းလုပ်တယ်။ ဒါက သိပ်ထိရောက် မြန်ဆန်တာတော့ မဟုတ်ဘူး။ ကြိုတင်ပြင်ဆင်တဲ့အချိန် ပိုနည်းအောင် ဘာလုပ်ရမလဲ။

(စ) ကျောင်းက လုပ်ဖော်ကိုင်ဖက်တွေဆီက အထောက်အပံ့ အကူအညီ ပိုရအောင် ဘယ်လိုလုပ်ရမလဲ။

(ဆ) တစ်ခါတလေ ကျွန်တော့်သင်ခန်းစာ အစီအစဉ်တွေ အဆင်ပြေတယ်။ တစ်ခါတလေ အဆင်မပြေဘူး။ ဘယ်ဟာတွေက အဆင်ပြေတယ်ဆိုတာ မှတ်ထားပြီး လာမယ့် သင်ခန်းစာတွေကျရင် ပြုပြင်သင်ကြားချင်တယ်။

(ဇ) ကျွန်မက လုပ်ငန်းစဉ်တွေကို လှုပ်ရှားမှု များများနဲ့ စီစဉ်တာကြိုက်တယ်။ ပြေးလွှားတာ၊ အသံကျယ်ကျယ် လှုပ်ရှားတာ၊ ပြိုင်ပွဲလုပ်တာ စတာတွေပေါ့။ ကျွန်မ ကျောင်းသူ/သားတွေက အဲ့ဒါမျိုး သဘောကျတယ်။ ဒါပေမဲ့ စာငြိမ်ငြိမ်လေး ထိုင်ရေးရတဲ့ လုပ်ငန်းတွေက ကျွန်မ စာသင်ခန်းထဲမှာ ထိန်းရခက်တယ်။

၄။ (စာမျက်နှာ ၆၅ မှ အကြံဉာဏ် i-viii) တို့အနက် မိမိလိုက်နာဆောင်ရွက်မည့် အကြံဉာဏ်တစ်ခုကိုရွေးပါ။ အဘယ့်ကြောင့် ၎င်းကို ရွေးချယ်ရကြောင်း ပိုမိုထိရောက်သော ဆရာ/မတစ်ဦး ဖြစ်လာစေရန် ၎င်းအကြံဉာဏ်ကို မည်သို့ အသုံးပြုမည်ဖြစ်ကြောင်း ရေးချပါ။ မိမိတို့ အစီအစဉ်များကို အဖွဲ့လိုက် ရှင်းပြပါ။


| အကြံဉာဏ် | ရွေးချယ်ရခြင်း အကြောင်းပြချက် | မိမိအသုံးပြုမည့်ပုံစံ |
|---|---|---|
| *vi - ခက်ခဲသည့် အကြောင်းအရာများကို အာရုံစိုက်ရန် အချိန်ယူပါ။* | *ကျွန်တော်က ကျွန်တော် ကျွမ်းကျင်တဲ့အရာတွေပဲ သင်တာ။ ဒါကြောင့် ကျွန်တော် သိပ်မကျွမ်းတဲ့ အရာတွေဆို ကျောင်းသူ/သားတွေ သင်ယူခွင့် မရတော့ဘူးပေါ့။* | *သိပ္ပံသင်ကြားရေး လက်တွေ့နည်းလမ်းတချို့ကို လိုက်ရှာကြည့်ပါမယ်။ ပြီးတော့ စာသင်ခန်းထဲမှာ သိပ္ပံလက်တွေ့ လုပ်ငန်းစဉ်တွေ ပိုလုပ်ကြည့်မယ်။* |



## လုပ်ငန်းစဉ်

၁၁ ဆရာနိုင်လင်းသည် အစိုးရ အလယ်တန်းကျောင်း ကျောင်းဆရာတစ်ဦးဖြစ်သည်။ ဆရာမ ရိုစလင်းက အရွယ်ရောက်ပြီးသူများအတွက် အဆင့်မြင့်ပညာရေး အစီအစဉ်တစ်ခုတွင် စာသင်ကြားနေသည်။ ၎င်းတို့ကို ပညာရေး စာစောင်တစ်ခုက လူတွေ့မေးမြန်းလျက်ရှိသည်။ ၎င်းတို့၏ သင်ကြားရေး အတွေ့အကြုံများအကြောင်းကို ဖတ်ပါ။ ထို့နောက် စာမျက်နှာ ၇၀ မှ မေးခွန်းများကို ဖြေပါ။

### ဆရာ/မ အလုပ်လုပ်တယ်ဆိုတာ ဘယ်လိုမျိုးလို့ ဖွင့်ဆိုချင်ပါသလဲ။




**ဆရာနိုင်လင်း –** ဩော်၊ ဒါက တော်တော်လေး ခက်ခဲတဲ့ကိစ္စပါ။ ဒါပေမယ့် အရမ်းလည်း ကျေနပ်စရာအလုပ်ပါ။ ကျွန်တော်က ကျွန်တော့် ကျောင်းသူ/သား အယောက် ၈၀ လုံးရဲ့ ဘဝအပြောင်းအလဲဖြစ်အောင် ကူညီနေနိုင်တယ်လို့ အမှန်တကယ် ခံစားရပါတယ်။ ကျွန်တော်က အတန်းပေါင်းစုံ သင်ရတဲ့ အခါကျတော့ သူတို့ သင်ယူဖို့ ကူညီခွင့်အများကြီး ရတယ်လို့ ယူဆပါတယ်။ နာမည်တွေတော့ အများကြီးမှတ်ရတာပေါ့။ ရက်သတ္တပတ် တော်တော်ကြာ သွားတယ်။ ခုတော့ ကျောင်းသူ/သားအားလုံးရဲ့ နာမည်တွေ ကျွန်တော်သိတယ်လို့ အခိုင်အမာ ပြောနိုင်ပြီ။ ကျွန်တော့် ကျောင်းသူ/သားတွေတော်တယ်။ အရမ်းလည်း တက်ကြွတယ်။ စာသင်ခန်းအတွက် အကုန်လုံး သေချာအစီအစဉ် ရေးဆွဲထားဖို့ အရေးကြီးကြောင်း ကျွန်တော်လုံးဝ သဘောပေါက်ထားပါတယ်။ ဒါမှသာ စာသင်ခန်းကို ပိုပြီး လွယ်ကူစွာ ထိန်းကျောင်းနိုင်မှာပါ။



**ဆရာမ ရိုစလင်း –** မှန်ပါတယ်။ အစီအစဉ်ရေးဆွဲတာကောင်းဖို့ အရေးကြီးပါတယ်။ ကျွန်မရဲ့ ကျောင်းသူ/သားတွေက ဆရာ့ရဲ့ ကျောင်းသူ/သားတွေထက် အသက်ပိုကြီးတယ်။ သူတို့တွေ စာသင်ခန်းကို လာကြတဲ့ ရည်ရွယ်ချက်ကကျတော့ အလုပ်ကောင်းကောင်းရဖို့ ပြင်ဆင်လိုတဲ့အတွက်ပါ။ သူတို့စိတ်ဝင်စားတဲ့ အလုပ်တွေကို ရရှိဖို့အတွက် ပြင်ဆင်ပေးတဲ့နေရာမှာ ကျွန်မရဲ့ အရေးပါတဲ့ အခန်းကဏ္ဍရှိကြောင်း ကျွန်မယုံကြည်ပါတယ်။ ကျွန်မ ကျောင်းသူ/သားတွေက အရမ်းတက်ကြွကြတယ်။ အကြံဉာဏ်၊ ထင်မြင်ချက်တွေနဲ့ အတွေ့အကြုံတွေကို ဝေမျှကြပါတယ်။ များသောအားဖြင့် သူတို့ ဆွေးနွေးချက်တွေ လုပ်ဖြစ်အောင်၊ သင်ယူမှုနဲ့ ရှိနှင့်ပြီး အတွေ့အကြုံတွေ ချိတ်ဆက်ဖြစ်သွားအောင် လိုက်ပံ့ပိုးကူညီရတာက များပါတယ်။

## ဆရာ/မဖြစ်ခြင်းနဲ့ ပတ်သက်ပြီး အံ့သြဖို့အကောင်းဆုံးကိစ္စက ဘာဖြစ်ပါသလဲ။



**ဆရာနိုင်လင်း** – တုံ့ပြန်အကြံပြုချက်တွေပေးတာက အင်မတန်အရေးကြီးပါတယ်။ ကျွန်တော့် ကျောင်းသူ/သားတွေအားလုံး လုပ်ငန်းစဉ်တစ်ခုပြီးတိုင်းမှာ တုံ့ပြန်အကြံပြုချက်ရအောင် စီစဉ်တယ်။ အနည်းဆုံး တစ်လတစ်ခါ စာသင်ခန်းတွင်း ရမှတ်တွေပါတဲ့ တိုးတက်မှုအစီရင်ခံစာ ကတ်ပြားတွေ ပေးပါတယ်။ အမှတ်ပေးတာနဲ့ ပတ်သက်ပြီး သေချာစုစုစည်းစည်းတော့ လုပ်ရတာပေါ့။ ဒါပေမယ့် အလုပ်များရကြိုးနပ်ပါတယ်။ ကျောင်းသူ/သားတွေက သင်တန်းထဲမှာ ဘယ်အဆင့် ရှိနေတယ်ဆိုတာ သိချင်ကြတာချည်းပဲလေ။ အမှတ်တွေပေးတဲ့ အခါမှာ ပိုကြိုးစားဖို့လည်း စိတ်အားတက်ကြွမှု ပိုရှိလာတယ်လို့ ယုံကြည်ပါတယ်။




**ဆရာမ ရိုစလင်း** – ကျွန်မကတော့ တုံ့ပြန်အကြံပြုချက်က ဆရာ့လောက် မပေးဖြစ်ဘူး။ ဒါပေမယ့် ကျွန်မ ကျောင်းသူ/သားတွေနဲ့ ကျွန်မတတ်နိုင်သမျှ စကားပြောဖြစ်အောင် ကြိုးစား ပါတယ်။ ကိုယ့်သင်ယူမှု အတွေ့အကြုံတွေနဲ့ ပတ်သက်ပြီး ကျွန်မဆီမှာ စကားလာပြောလို့ ရနိုင်တဲ့ ရုံးချိန်တွေကို အပတ်စဉ် သတ်မှတ်ပေးထားပါတယ်။ များသောအားဖြင့် သင်တန်းကာလ အပြီး သူတို့ရချင်တဲ့ ရည်ရွယ်ချက်တွေအကြောင်း လာပြောလေ့ရှိပါတယ်။ သူတို့ လိုချင်တဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိဖို့ စာသင်ခန်းအတွင်းက သင်ယူမှု အတွေ့အကြုံတွေက ဘယ်လို အထောက်အကူပြုမလဲဆိုတာ ဆွေးနွေးဖြစ်ကြပါတယ်။ စာသင်ခန်းအတွင်းမှာ သက်သောင့်သက်သာရှိအောင် ကျောင်းသူ/သားတွေနဲ့ ကျွန်မ စကားပြောရတာ သဘောကျပါတယ်။

## ပိုမိုကောင်းမွန်တဲ့ ဆရာ/မတစ်ယောက်ဖြစ်လာဖို့ လိုသေးတယ်လို့ ထင်ပါသလား။



**ဆရာမ ရိုစလင်း** – လေ့ကျင့်သား ပြည့်ဝလေလေ ပိုပြည့်စုံလာလေလေပါပဲ။ ဒီအလုပ်မလုပ်ခင်က ဆရာအတတ်သင် သင်တန်းအချို့ ရဖူးပါတယ်။ ဒါကြောင့် သင်ကြားရေးနှင့် ပတ်သက်ပြီး အသိ၊ အတတ် အချို့ ရှိထားပြီးသားပါ။ စာစသင်တဲ့ ပထမလအတွင်းမှာတော့ အမှားအယွင်းတချို့ ရှိမှာပဲဆိုတာ သိပါတယ်။ ဒါပေမယ့် အဲ့ဒီအမှားတွေက ပြန်သင်ယူလို့ ရနိုင်မှန်းလည်းသိတယ်။ ဒါကြောင့် စာသင်ပြီးတိုင်း သင်ခန်းစာတစ်ခုတိုင်းအတွက် ကိုယ့်ရဲ့စွမ်းဆောင်မှုကို ကိုယ်ပြန်စဉ်းစားတယ်။ ကိုယ့်ရဲ့ သင်ကြားရေးဘယ်အပိုင်းကို အတိုးတက်စေချင်ဆုံးလဲလို့ ဖော်ထုတ်သုံးသပ်တယ်။




**ဆရာနိုင်လင်း** – ထင်ပါတယ်။ ကျွန်တော်ပိုပြီး အသိပြည့်ဝတဲ့၊ ယုံကြည်မှုရှိတဲ့ ဆရာတစ်ဦးဖြစ်လာဖို့အတွက် သိပ္ပံနဲ့ပတ်သက်တာတွေ လိုက်ဖတ်ခဲ့ရပါတယ်။ ကံကောင်းတာက လိုအပ်တဲ့ စာရွက်စာတမ်း အကြောင်းအရာတွေကို အင်တာနက် ပေါ်မှာ ရှာတွေ့ပါတယ်။ စာမသင်မီမှာလည်း သင်ကြားမယ့် အကြောင်းအရာနဲ့ ပတ်သက်ပြီး ရင်းနှီးအောင်လို့ ပြဋ္ဌာန်းစာအုပ်ကို အမြဲကြိုဖတ်ပါတယ်။ တစ်ခုခု နားမလည်ဘူးဆိုရင် အင်တာနက်သုံးပြီး အဲ့ဒီအကြောင်းအရာကို ရှာဖွေပါတယ်။

## အလုပ်ဝင်ခါစ ဆရာ/မအသစ်တွေကို ဘယ်လို အကြံဉာဏ်ပေးချင်ပါသလဲ။



**ဆရာမ ရှိစလင်း –** အလုပ်ဝင်ခါစ ဆရာ/မအသစ်တစ်ဦး ရှိသင့်တဲ့ အရေးအကြီးဆုံး ဝိသေသက အပြုသဘောဆောင်တဲ့ စိတ်နေစိတ်ထားပါ။ အမှားအယွင်းဆိုတာ သဘာဝပါပဲ။ ကိုယ့်အမှားဆီက ကိုယ်ပြန်သင်ယူနိုင်ပါတယ်။ လုံးဝပြီးပြည့်စုံဖို့ မလိုအပ်ပါဘူး။ သင်ခန်းစာ မတိုင်ခင်မှာ ကြိုးစားအစီအစဉ်ရေးဆွဲဖို့၊ သင်ခန်းစာ သင်ကြားနေတုန်းမှာ ကြိုးစားသင်ကြားဖို့၊ သင်ခန်းစာအပြီးမှာ ကိုယ့်အားသာ အားနည်းချက်တွေကို ပြန်သုံးသပ်ဖို့ စိတ်အားထက်သန်ဖို့တော့ လိုပါတယ်။



**ဆရာနိုင်လင်း –** သင်ခန်းစာတွေ အပြီးမှာ စုစုစည်းစည်းနဲ့ စနစ်တကျရှိဖို့ မဖြစ်မနေ လိုအပ်ပါတယ်။ သင်ထောက်ကူများနဲ့ ရင်းမြစ်တွေကို လုံခြုံစိတ်ချရစွာ သိမ်းဆည်းနိုင်သင့်ပါတယ်။ ဘယ်လုပ်ငန်းစဉ်တွေက အဆင်ပြေခဲ့ကြောင်း မှတ်မိသင့်ပါတယ်။ ဒါမှသာ နောက်တစ်ခါ ပြန်သုံးနိုင်မှာဖြစ်တယ်။ ကျောင်းသူ/သားတွေရဲ့ ရမှတ်တွေကိုလည်း မှတ်တမ်းတင်ထားသင့်ပါတယ်။ စုစည်းစနစ်ကျမှု ရှိလေလေ၊ လာမယ့် သင်ခန်းစာတွေအတွက် အစီအစဉ်ရေးဆွဲရတာ ပိုလွယ်လေလေပါပဲ။ ပြီးတော့ တခြား ဆရာ/မတွေနဲ့ ဆွေးနွေးစကားပြောဆိုပြီး သူတို့ရဲ့ အကြံဉာဏ်တွေကို ရယူဖို့လည်း လိုပါတယ်။ 'ဦးနှောက်နှစ်လုံးပေါင်းတာ တစ်လုံးတည်းထက် ပိုကောင်းတယ်' လို့ ကျွန်တော်အမြဲ လက်ခံပါတယ်။ ဒါကြောင့် ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေနဲ့ တတ်နိုင်သမျှ စကားပြောပါ။

၁။ ဤအခန်းမှ အယူအဆများသည် ဆွေးနွေးချက်နှင့် မည်မျှ ချိတ်ဆက်မှု ရှိပါသနည်း။
- (က) အစီအစဉ်ရေးဆွဲသူဖြစ်ခြင်း။
- (ခ) မိမိလုပ်ဖော်ဆောင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။
- (ဂ) အသိပညာနှင့် အတတ်ပညာ။
- (ဃ) တုံ့ပြန်အကြံပြုချက်ပေးခြင်း။
- (င) ပြန်လှန်သုံးသပ်ခြင်း။
- (စ) မိမိကြောင့် အပြောင်းအလဲကောင်း ဖြစ်ပေါ်နေကြောင်း နားလည်ခြင်း။
- (ဆ) ကိုယ်ရေးကိုယ်တာဆန်သော ဆက်ဆံရေးကောင်းရှိခြင်း။
- (ဇ) စနစ်တကျ စုစည်းမှုရှိခြင်း။
- (ဈ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေခြင်း။
- (ည) စိတ်နေစိတ်ထားနှင့် အပြုအမူ။
- (ဋ) ဉာဏ်ကွန့်မြူးမှု ရှာဖွေခြင်း။
- (ဌ) သုတေသနပြုသူဖြစ်ခြင်း။

၂။ ဤဆရာ/မနှစ်ဦးကို မည်သည့် မေးခွန်းများ မေးမြန်းလိုသနည်း။ အနည်းဆုံး မေးခွန်း ၂ ခု ရေးချပါ။

၃။ မေးခွန်းများကို အဖွဲ့ငယ်များအတွင်း ဆွေးနွေးပါ။ ဆရာ/မ နှစ်ဦးက ၎င်းတို့ သင်သည့်အရာ၊ သင်သည့် နေရာပေါ် မူတည်ပြီး ထိုမေးခွန်းများကို မည်သို့ ဖြေကြားလာကြောင်း ခန့်မှန်းပါ။

၄။ မိမိတို့၏ မေးခွန်းများနှင့် အဖြေများကို အတန်းထံ ပြန်လည်ရှင်းလင်းတင်ပြပါ။ သင်တန်းဆရာက ထိုမေးခွန်းများကို မည်သို့ ဖြေကြားမည် ဖြစ်ပါသနည်း။

## ဆွေးနွေးချက်


**၉** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။ စာမျက်နှာ ၆၅ မှ အကြံဉာဏ်များကို ပြန်လည်ကိုးကားဖြေဆိုနိုင်ပါသည်။

၁။ လုပ်ငန်းခွင်ဝင်ခါစ ဆရာ/မအတွေ့အကြုံ မရှိသေးသော ဆရာ/မများအတွက် မည်သည့် အကြံဉာဏ်က အရေးအကြီးဆုံး ဖြစ်မည်ဟု ထင်ပါသနည်း။

၂။ အတွေ့အကြုံရှိသော ဆရာ/မများအတွက် မည်သည့် အကြံဉာဏ်က အရေးအကြီးဆုံးဖြစ်မည်ဟု ထင်ပါသနည်း။

## ပြန်လှန်သုံးသပ်ခြင်း

**စျ** နေ့စဉ်သုံးသပ်ချက် မှတ်တမ်းတွင် . . .




### အကျဉ်းချုပ် - အခန်း (၃) ထိရောက်သော ဆရာ/မတစ်ဦး ဆိုသည်မှာ


ဆရာ/မတစ်ဦး၏ အခန်းကဏ္ဍမှာ ကျောင်းသူ/သားအားလုံး အရည်အသွေးမြင့် သင်ယူမှုတန်းတူရရှိစေရေး လမ်းညွှန်ရန်၊ ပံ့ပိုးရန်၊ စီမံခန့်ခွဲရန်ဖြစ်ပါသည်။ ၎င်းအခန်းကဏ္ဍကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် စာသင်ခန်းအတွင်း ဆရာ/မများနှင့် ကျောင်းသူ/သားတို့အကြား ကြောင်းကျိုးဆက်စပ်မှုရှိသော ဆက်ဆံရေးတစ်ရပ်ရှိကြောင်း ဆရာ/မတို့က နားလည်သဘောပေါက်ရပါမည်။

ကျောင်းသူ/သားများသည် ဆရာ/မတို့ သင်ကြားပေးသည့် ပုံစံမှ သင်ယူသလို ဆရာ/မများ၏ ပြုမူဆောင်ရွက်ပုံတို့မှလည်း သင်ယူကြသည်။ ကျွန်ုပ်တို့၏ အပြောထက် လုပ်ရပ်အပြုအမူများက ပို၍မြင်သာသည်။ ဆရာ/မတို့က အမှားအယွင်းမှ ပြန်လည်သင်ခန်းစာယူခြင်း၊ ပြဿနာဖြေရှင်းရန် ကြိုးစားခြင်း၊ ခက်ခဲသော ပုစ္ဆာများအတွက် ကြိုးပမ်းအဖြေရှာခြင်းတို့ကို လုပ်ဆောင်သည်ကို မြင်ရပါက ကျောင်းသူ/သားတို့လည်း အလားတူ လိုက်လုပ်ကြမည်ဖြစ်သည်။ များသောအားဖြင့် ကျောင်းသူ/သားတို့ လုပ်ရပ်များသည် ဆရာ/မတို့၏ လုပ်ရပ်ကို ထင်ဟပ်ခြင်းသာဖြစ်သည်။

ထိရောက်သော ဆရာ/မတို့တွင် တူညီသော ဝိသေသလက္ခဏာများရှိကြသည်။ ထိုဝိသေသလက္ခဏာများမှာ ဆရာ/မများ ရှိအပ်သည့် အသိ၊ အတတ်ပညာ၊ စိတ်နေစိတ်ထားနှင့် အပြုအမူတို့နှင့် ဆက်စပ်ပါသည်။ ထိရောက်သော ဆရာ/မများသည် စာသင်ခန်းအတွင်း အပြင်တွင် အခန်းကဏ္ဍအမျိုးမျိုးကို ဆောင်ရွက်ရသည်။ ဆိုခဲ့သည့် ဝိသေသလက္ခဏာများက အဆိုပါ အခန်းကဏ္ဍတစ်ခုစီအတွက် အသုံးဝင်လာမည်ဖြစ်သည်။

ထိရောက်သော ဆရာ/မများ ဖြစ်လာရန် အချိန်ယူရသည်။ အထပ်ထပ်လေ့ကျင့်ရင်း၊ စမ်းသပ်ရင်း၊ မှားယွင်းရင်း တိုးတက်လာခြင်းဖြစ်ပါသည်။ ထိရောက်သော ဆရာ/မတစ်ဦး ဖြစ်လာခြင်းဆိုသည်မှာ ခရီးရှည်တစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုရန် အရေးကြီးပါသည်။ ထိုခရီးစဉ်က ရှည်နိုင်သည်။ ကြမ်းနိုင်သည်။ လမ်းမှားနိုင်သည်။ လမ်းလွဲမှ သွားရနိုင်သည်။ သို့ရာတွင် ပန်းတိုင်ရောက်ပါက ပင်ပန်းရကျိုးလည်းနပ်ပါသည်။





# ၄ သင်ယူသူ လိုအပ်ချက်များ

## ရည်ရွယ်ချက်များ

- ဆရာအတတ်သင် သင်တန်းသားများသည် ကျောင်းသူ/သားများ၏ သိမှုဆိုင်ရာ၊ လူမှုဆိုင်ရာ၊ စိတ်ပိုင်းသက်ရောက်မှုဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ခွဲခြမ်းစိတ်ဖြာတတ်လိမ့်မည်။
- ဆရာအတတ်သင် သင်တန်းသားများသည် ကျောင်းသူ/သား၏ လိုအပ်ချက်ကို ပိုမိုကောင်းစွာ ဖြည့်ဆည်းနိုင်ရန် အစီအစဉ် ရေးဆွဲတတ်လိမ့်မည်။
- ဆရာအတတ်သင် သင်တန်းသားသည် စေ့ဆော်မှုတွန်းအားများအကြောင်းနှင့် ရည်ရွယ်ချက် ပန်းတိုင်များအကြောင်း လေ့လာကြလိမ့်မည်။
- ဆရာအတတ်သင် သင်တန်းသားများသည် မသန်စွမ်းမှုနှင့် သက်ဆိုင်သော စိတ်နေစိတ်ထား ဆိုင်ရာ အတားအဆီးများနှင့် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများအကြောင်းကို ချိတ်ဆက် နားလည်တတ်လိမ့်မည်။
- ဆရာအတတ်သင် သင်တန်းသားများသည် လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်၏ မျက်နှာစာများကို လေ့လာခွဲခြမ်းတတ်လိမ့်မည်။
- ဆရာအတတ်သင် သင်တန်းသားများသည် သင်ယူသူ ကိုယ်ရေးအချက်အလက်များနှင့် စာသင်ခန်း အချက်အလက်များ တည်ဆောက် ဖန်တီးတတ်လိမ့်မည်။

# ၄.၁ သင်ယူသူ လိုအပ်ချက်များအကြောင်း စဉ်းစားခြင်း

## အကြိုသင်ခန်းစာ

**က** လူမှုမီဒီယာ ဝက်ဘ်ဆိုက်တစ်ခုတွင် “. . . ဖြစ်နေတာ ဆရာ/မ သိခဲ့စေချင်တယ်” ဟု အဓိပ္ပာယ်ရသော ("I wish my teacher knew ..." #IWMTK...) ဖြင့် ကျောင်းသူ/သားများကို စာသားများတင်ရန် ဖိတ်ခေါ်ရာ ဤစာသားများ ရေးလာသည်ကို တွေ့ရသည်။

# ကျွန်တော့် မသန်စွမ်းမှုကို တခြား ကျောင်းသားတွေ လှောင်ပြောင်ကြတာ ဆရာ/မ သိခဲ့စေချင်တယ်။

# အိမ်မှာ မိသားစုကို ကူညီရတဲ့အတွက် အိမ်စာလုပ်ဖို့ အချိန်သိပ်မရှိကြောင်း ဆရာ/မ သိခဲ့စေချင်တယ်။

# အိမ်မှာ အမေနေမကောင်းလို့ အမြဲစိတ်ပူရကြောင်း ဆရာ/မ သိခဲ့စေချင်တယ်။

# ကျွန်မ သေချာ စာမလေ့လာ တတ်ကြောင်း ဆရာ/မ သိခဲ့စေချင်တယ်။

# အတန်းဖော်တွေနဲ့ ကျွန်တော်နဲ့ မိခင်ဘာသာစကားရော ယဉ်ကျေးမှုရော မတူကြောင်း ဆရာ/မ သိခဲ့စေချင်တယ်။

# ကျွန်မစာဖတ်ရင် နားလည်ရ ခက်ခဲကြောင်း ဆရာ/မ သိခဲ့စေချင်တယ်။

# “ကျောင်းနဲ့ ပတ်သက်တဲ့ ပစ္စည်းပစ္စယ ဝယ်ဖို့ငွေ အလုံအလောက် မရှိကြောင်း ဆရာ/မ သိခဲ့စေချင်တယ်။

# ဆရာ/မ ကျွန်တော့်ကို အာရုံစိုက်စေချင်မိတယ်။

# ကျွန်တော် တက္ကသိုလ် ဆက်တက်ချင်ကြောင်း ဆရာ/မ သိခဲ့စေချင်တယ်။

# ကျွန်တော်ကျောင်းမှာ စကားများရတဲ့ အကြောင်းက ဒီအချိန်လေးပဲ သူငယ်ချင်းတွေနဲ့ တွေ့ရလို့ပါဆိုတာကို ဆရာ/မ သိခဲ့စေချင်တယ်။

# စာသင်ခန်းထဲမှာ သူများတွေ စကားပြောတာ သိပ်မကြားရကြောင်း ဆရာ/မ သိခဲ့စေချင်တယ်။

# ပြဌာန်းစာအုပ်မှာ ကျွန်တော့် တိုင်းရင်းသား လူမျိုးစုအကြောင်း မပါတာ ဆရာ/မ သိခဲ့စေချင်တယ်။

# ကျွန်မပညာရေးနဲ့ ပတ်သက်ပြီး အိမ်က ပိုပြီး စိတ်ဝင်စားပေးရင် ကောင်းမှာလို့ ကျွန်မခံစားရကြောင်း ဆရာ/မ သိခဲ့စေချင်တယ်။

# သူများတွေထားတဲ့ မျှော်လင့်ချက်တွေ အတိုင်း ပြည့်မီအောင် မနေနိုင်လို့ ကျွန်တော်ကိုယ့်ကိုယ်ကိုယ် မုန်းတီးကြောင်း ဆရာ/မ သိခဲ့စေချင်တယ်။

၁။ ဤစာသားများကြောင့် ဆရာ/မ စာသင်ကြားပုံ မည်သို့ ပြောင်းလဲသင့်ပါသနည်း။

၂။ သင့်စာသင်ခန်း အတွင်းတွင် ဤလုပ်ငန်းစဉ်ကို မည်သို့ အသုံးပြုနိုင်မည်နည်း။

# သင်ယူသူ လိုအပ်ချက်များ

## စာသင်ခန်းအတွင်း သင်ယူသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် သိရှိထားသင့်သည်များ

ကျွန်ုပ်တို့အားလုံး ကွဲပြားခြားနားသည်။ နောက်ခံများ ကွဲပြားသည်။ အသိဗဟုသုတ၊ ကိုယ်ရည်ကိုယ်သွေး များ ကွဲပြားခြားနားသည်။ အားလုံးအတွက် တစ်မျိုးတည်း သင်ခန်းစာ အစီအစဉ်များ ဖန်တီးခြင်း သည် အဆိုပါ ကွဲပြားခြားနားချက်များကို အသိအမှတ်ပြုရာမကျဘဲ၊ အချို့သော သင်ယူသူများ နောက်ကျ ကျန်ရစ်စေမည်ဖြစ်သည်။

သင်ယူသူအမျိုးမျိုးကို အသိအမှတ်ပြုသော၊ ဉာဏ်ကွန့်မြူးစေသော သင်ခန်းစာများ ဖန်တီးနိုင်ရန် အတွက် ဆရာ/မများသည် မိမိတို့ သင်ယူသူများ အကြောင်းကို နားလည်အောင် အချိန်ယူရမည်။ ကျောင်းသူ/သားတစ်ဦးချင်းစီက ကိုယ်ပိုင်လိုအပ်ချက် အမျိုးမျိုးရှိနိုင်ပြီး ၎င်းတို့ကို ဆရာ/မများက နားလည် သိရှိသင့်သည်။ သင်ယူသူ လိုအပ်ချက်များကို အဓိက အမျိုးအစား ၄ မျိုးအတွင်း ခွဲခြားနိုင်သည်။

၁ **သိမှုဆိုင်ရာ** - သင်ယူသူတို့ စဉ်းစားသိနားလည်မှု ရှိလာအောင် ထောက်ပံ့နိုင်သောအရာများ။

၂ **လူမှုဆိုင်ရာ** - အခြားသူများနှင့် အပြန်အလှန် ဆက်ဆံ ဆောင်ရွက်တတ်ရေး သင်ယူရန် လိုအပ်သည့်အရာများ။

၃ **စိတ်ပိုင်းသက်ရောက်မှုဆိုင်ရာ** - ဆရာ/မများ သတိထား သိနားလည်သင့်သည့် စိတ်ခံစားချက်များ အတွေးအသိများ။

၄ **ရုပ်ပိုင်းဆိုင်ရာ** - သင်ယူသူများ၏ ခန္ဓာကိုယ်နှင့် ဦးနှောက်ဆိုင်ရာ လိုအပ်ချက်များ

ဤလိုအပ်ချက် အမျိုးအစား ၄ မျိုးစလုံးသည် ကျောင်းသူ/သားတစ်ဦး စာသင်ခန်းအတွင်း သင်ယူမှုပြုပုံအပေါ် သက်ရောက်မှုရှိနိုင်ပါသည်။ ဥပမာအားဖြင့် ကျောင်းသူတစ်ဦးက အိမ်နှင့် ဝေးနေသောကြောင့် ဝမ်းနည်းနေသည်ဆိုပါက ၎င်းတွင် စိတ်ပိုင်းသက်ရောက်မှုဆိုင်ရာ လိုအပ်ချက် ရှိနေပြီး စာသင်ခန်းအတွင်း စွမ်းဆောင်မှုကို သက်ရောက်မှု ရှိနေပေလိမ့်မည်။ သင်ယူသူများ အနေနှင့် ကျောင်းဘက်မှ လိုအပ်ချက်များကိုလည်း စဉ်းစားရန် အရေးကြီးသည်။ ဥပမာ - တရားမျှတမှု၊ လက်လှမ်းမီမှု၊ တုံ့ပြန်အကြံပြုချက်ရရှိမှုနှင့် အထောက်အပံ့ အကူအညီရရှိမှုတို့ဖြစ်သည်။

သင်ယူသူအရွယ် အမျိုးမျိုးအလိုက် လိုအပ်ချက်များလည်း အမျိုးမျိုးပြောင်းလဲနိုင်ကြောင်း အသိအမှတ်ပြုသင့်ပါသည်။ ဥပမာအားဖြင့် သူငယ်တန်းအရွယ် ကျောင်းသူ/သား ကလေးများသည် ခန္ဓာကိုယ်လှုပ်ရှားရန် အလွန်လိုအပ်သည်။ သို့ရာတွင် ဆယ်ကျော်သက် လူငယ်များကမူ ပို၍အချိန်ကြာကြာ ငြိမ်ငြိမ်ထိုင်နိုင် ကြသည်။ အရွယ်ငယ်သော ကျောင်းသူ/သားများ၏ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များမှာ ၎င်းတို့ အိမ်အပေါ်လည်း များစွာမူတည်သည်။ ဥပမာ အစားအသောက်၊ သွားလာလှုပ်ရှားနိုင်မှုနှင့် အိပ်ချိန်ရရှိမှုတို့ဖြစ်သည်။ အရွယ်ရောက်ပြီး သင်ယူသူများမှာမူ ပိုမိုအမှီအခိုကင်းပြီး ၎င်းတို့ လိုအပ်ချက်များမှာ မိသားစုနှင့် အလုပ်တာဝန် ဝတ္တရားများအပေါ် မူတည်ပေမည်။

## လုပ်ငန်းစဉ်

**၁** သင်ယူသူများတွင် မည်သည့် လိုအပ်ချက်များ ရှိသနည်း။

၁။ စာအုပ်များပိတ်ထားပါ။ ထို့နောက် ကျောင်းသူ/သား လိုအပ်ချက်များကို စာရင်းတစ်ခု အတန်းလိုက်စဉ်းစားပါ။ ၎င်းတို့ကို သင်ပုန်းပေါ်တွင် စာရင်းတစ်ခုအဖြစ်ရေးပါ။

၂။ အတန်းလိုက်စာရင်းကို အောက်ပါစာရင်းနှင့် နှိုင်းယှဉ်ပါ။ အောက်ပါတို့မှ မည်သည့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခဲ့သနည်း။

| | | | | | |
|---|---|---|---|---|---|
| တုံ့ပြန်အကြံပြုချက် | လေ့ကျင့်ခန်း | အစားအသောက် | မိတ်ဆွေ | ပြန်လှန်သုံးသပ်ချိန် | အနားယူချိန် |
| ငွေကြေး | နားထောင်ပေးမည့်သူ | စိန်ခေါ်မှု | ဘေးကင်းမှု | ချီးကျူးမှု | သင်ယူခြင်း ကျွမ်းကျင်မှုများ |
| အပြန်အလှန်ဆက်ဆံရေး | စာနာမှု | စာတတ်မြောက်မှု | သွားလာလှုပ်ရှားနိုင်မှု | စေ့ဆော်မှုတွန်းအားနှင့် | |
| အားပေးအားမြှောက်မှု | ဆက်ဆံရေး | မိဘနှင့် အုပ်ထိန်းစောင့်ရှောက်သူများ | လေ့ကျင့်မှု | အပျော် | |
| ဆိတ်ငြိမ်သောအချိန် | တီထွင်ဖန်တီးခွင့် | လွတ်လပ်အမှီအခိုကင်းမှု | | | |

၃။ မေးခွန်း ၁ နှင့် ၂ မှ လိုအပ်ချက်အားလုံးကို အောက်ပါဇယားကွက်အတွင်း ထည့်ပါ။

| သိမှုဆိုင်ရာ | လူမှုဆိုင်ရာ | စိတ်ပိုင်းသက်ရောက်မှုဆိုင်ရာ | ရုပ်ပိုင်းဆိုင်ရာ |
|---|---|---|---|
| | | | |

၄။ မိမိရွေးချယ်နေရာချရသည့် အကြောင်းအရင်းကို အတန်းဖော်နှင့်အတူ ဆွေးနွေးပါ။

## လုပ်ငန်းစဉ်

**ဂ** ၄.၁ (ခ) မှ လိုအပ်ချက်များကို နှစ်ဦးတွဲအလိုက် လေ့လာပါ။

၁။ မည်သည့် သင်ယူသူ လိုအပ်ချက် ၅ မျိုးက အရေးအကြီးဆုံးဖြစ်ကြောင်း ဆုံးဖြတ်ပါ။

၂။ အခြားတစ်တွဲနှင့် ပူးပေါင်းပြီး စာရင်းများ နှိုင်းယှဉ်ပါ။ အရေးအပါဆုံး သင်ယူသူလိုအပ်ချက် ၅ မျိုးကို စာရင်းအသစ်တစ်ခုရေးပါ။

၃။ ၄ ဦးပါ အခြားတစ်တွဲနှင့် ပူးပေါင်းပြီး စာရင်းများ နှိုင်းယှဉ်ပါ။ အရေးအပါဆုံး သင်ယူသူ လိုအပ်ချက် ၅ မျိုးကို စာရင်းအသစ်တစ်ခုရေးပါ။

၄။ အရေးအပါဆုံး သင်ယူသူ လိုအပ်ချက် ၅ မျိုးကို စာရင်းအသစ်တစ်ခု စီစဉ်ပြီး သင်ပုန်းပေါ်တွင် ရေးပါ။

**အရေးအပါဆုံး**


| |
|---|
| ၁။ |
| ၂။ |
| ၃။ |
| ၄။ |
| ၅။ |

# လုပ်ငန်းစဉ်

**ဃ** မိမိနှင့် သင်ကြားသည့် ဘာသာရပ်၊ အတန်းတူသည့် အတန်းဖော်များနှင့် အဖွဲ့လိုက် လုပ်ဆောင်ပါ။

၁။ (စာမျက်နှာ ၇၆ မှ) အရေးပါသော သင်ယူသူ လိုအပ်ချက်တစ်ခုကို ရွေးပါ။ စာရွက်ကြီးတစ်ခုပေါ်တွင် ထိုလိုအပ်ချက်ကို ရေးပါ။ ထို့နောက် လိုအပ်ချက် ဖြည့်ဆည်းခြင်းနှင့် ပူပန်မှုများဟူသည့် အကွက်နှစ်ကွက် ဆွဲသားပါ။

၂။ သင်ယူသူ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့် အကြောင်းအရာများကို လိုအပ်ချက် ဖြည့်ဆည်းခြင်း အကွက်တွင် တတ်နိုင်သမျှ များများချရေးပါ။ ထိုလိုအပ်ချက် ဖြည့်ဆည်းရာတွင် တွေ့ကြုံနိုင်မည်ဟု စိုးရိမ်မိသည့် အချက်များကို ပူပန်မှုများ အကွက်တွင် ချရေးပါ။



**သင်ယူသူ လိုအပ်ချက်များ**
**တုံ့ပြန်အကြံပြုချက်**

| လိုအပ်ချက်များ ဖြေရှင်းခြင်း | ပူပန်မှုများ |
|---|---|
| အသေးစိတ် အကြံဉာဏ် ရေးသားခြင်း | အားလုံးအတွက် လုပ်ပေးလျှင် အချိန်ကုန်နိုင် |
| ကျောင်းသူ/သားများ၏ လေ့ကျင့်ခန်း ဆောင်ရွက်ချက်များ တွင် မှတ်ချက်များ/အမှတ် ပေးချက်များ ရေးသားနိုင်။ | အမှတ်ခြစ်ရာတွင် အချိန် အလွန်ကုန်၊ မည်သည်ကို အာရုံစိုက်သင့်သနည်း။ |

၃။ ၃ မိနစ်ခန့်အပြီးတွင် အဖွဲ့များက ရေးလက်စ စာရွက်ကို ထားခဲ့ပြီး အခြားစာရွက်တစ်ရွက်ဆီ ပြောင်းရွှေ့ကြရမည်။ မူလအဖွဲ့ ရေးထားသည့် အကြံဉာဏ်များကို ဖတ်ပါ။ ထို့နောက် အချိန် ၂ မိနစ်ခန့်ယူပြီး အကွက်နှစ်ကွက်တွင် အကြံဉာဏ်သစ်များကို ရေးပါ။

၄။ မိမိတို့အဖွဲ့က အတန်းတွင်း စာရွက်တိုင်းကို ဖတ်ပြီး၊ အကြံဉာဏ်သစ်များ ရေးဖြည့်ပြီးသည်အထိ ရွှေ့ပါ။

၅။ ထို့နောက် ပိုစတာ စာရွက်ကြီးများကို နံရံတွင် ကပ်ထားပါ။

၆။ ပိုစတာများကို လိုက်လံဖတ်ရှုပါ။ မိမိသဘောကျသော၊ သဘောတူသော အကြံဉာဏ်ဘေးတွင် အမှတ်လိုက် ခြစ်ပါ။

၇။ အောက်ပါမေးခွန်းများကို အဖွဲ့လိုက် ဆွေးနွေးဖြေဆိုပါ။

(က) အမှတ်ခြစ်အများဆုံးရထားသော အကြံဉာဏ်များမှာ အဘယ်နည်း။ အဘယ့်ကြောင့် ထိုအကြံဉာဏ်များကို လူကြိုက်များရပါသနည်း။

(ခ) သင်ယူသူ လိုအပ်ချက်များကို ဖြည့်ဆည်းရန် လိုအပ်နိုင်သော ရင်းမြစ်များမှာ မည်သည်တို့နည်း။

(ဂ) ထိုလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် ကြုံတွေ့ရနိုင်သည့် စိုးရိမ်ချက်များကို မည်သို့ ဖြေရှင်းနိုင်မည်နည်း။

# ဆွေးနွေးချက်

**င** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။


၁။ မိမိစာသင်ခန်းအတွင်းတွင် မည်သည့် သိမှုဆိုင်ရာ၊ လူမှုဆိုင်ရာ၊ စိတ်ပိုင်းသက်ရောက်မှုဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ရှာဖွေတွေ့ရှိထားသနည်း။

၂။ မိမိသင်ယူသူ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းနှင့် ပတ်သက်ပြီး မည်သည့် ပူပန်မှုများ ရှိပါသနည်း။

၃။ ထိုပူပန်မှုများကို မည်သို့ ဖြေရှင်းနိုင်မည်နည်း။

# ၄.၂ စေ့ဆော်မှုတွန်းအား

## အကြိုသင်ခန်းစာ




**က** (ဘယ်ဘက်မှ) ဘားတန်းဇယားကွက်ကိုကြည့်ပါ။

၁။ မည်သည့်အကြောင်းအရာကို တင်ပြထားပါသနည်း။

၂။ ၎င်းအတွက် ဆီလျော်သည့် ခေါင်းစဉ်မှာ ဘာဖြစ်သင့်ပါသနည်း။

**ခ** မိမိ၏ ပန်းတိုင်များကို နှစ်ဦးတွဲအလိုက် ဆွေးနွေးပါ။

၁။ လာမည့် ၂ ပတ် အတွင်းတွင် မိမိဖြစ်လိုသည့်အရာမှာ . . .

၂။ လာမည့် ၂ ပတ် အတွင်းတွင် မိမိရရှိလိုသည့်အရာမှာ . . .

၃။ လာမည့် ၂ နှစ် အတွင်းတွင် မိမိဖြစ်လိုသည့်အရာမှာ . . .

၄။ လာမည့် ၂ နှစ် အတွင်းတွင် မိမိရရှိလိုသည့်အရာမှာ . . .

၅။ လာမည့် ၅ နှစ် အတွင်းတွင် မိမိဖြစ်လိုသည့်အရာမှာ . . .

၆။ လာမည့် ၅ နှစ် အတွင်းတွင် မိမိရရှိလိုသည့်အရာမှာ . . .

### စေ့ဆော်မှုတွန်းအားနှင့် ပန်းတိုင်များ

ရေရှည်ပန်းတိုင်များမှာ များသောအားဖြင့် အကောင်းဆုံးသော စေ့ဆော်မှုတွန်းအားများဖြစ်ကြသည်။ ကျွန်ုပ်တို့ ငြီးငွေ့စိတ်ပျက်မှု ဖြစ်လာပါက ရေရှည်ပန်းတိုင်များကို အသုံးပြုပြီး ပြဿနာဖြေရှင်းလိုစိတ် စေ့ဆော်မှု တွန်းအားကို ရယူနိုင်ပါသည်။


ရေရှည်ပန်းတိုင်များကို ရရှိနိုင်ရန် ရေတိုပန်းတိုင်များက အထောက်အကူပြုနိုင်သည်။ ရေတိုပန်းတိုင်တစ်ခုချင်းစီကို အောင်မြင်ခြင်းက ရေရှည်ပန်းတိုင်ကို ရရှိစေနိုင်မည့် ခြေတစ်လှမ်း ပိုနီးလာခြင်းပင်ဖြစ်သည်။ မိမိရရှိသည့် ပန်းတိုင်တစ်ခုချင်းစီက နောက်ပန်းတိုင်တစ်ခုကို လှမ်းတက်စေနိုင်မည့် စေ့ဆော်မှုတွန်းအားကိုပေးပါသည်။ ကျောင်းသူ/သားများကို စိတ်အားထက်သန်မှုရှိစေရန် အားပေးရာတွင် ပန်းတိုင်များ သတ်မှတ်ဖော်ထုတ်ခြင်းက အရေးပါသော အဆင့်တစ်ခုဖြစ်သည်။

လက်တွေ့ဆန်သော၊ ပြုလွယ်ပြင်လွယ်သော၊ အမှန်တကယ်ရရှိနိုင်သော ပန်းတိုင်များ သတ်မှတ်ဖော်ထုတ်နိုင်ရန် ကျောင်းသူ/သားများကို ဆရာ/မများက တက်ကြွစွာ ကူညီနိုင်ပါသည်။ ဤနည်းဖြင့် ကျောင်းသူ/သားများက သင်ယူရန် စိတ်အားထက်သန်မှု ပိုမိုရှိလာပါလိမ့်မည်။ သို့ရာတွင် ကျောင်းသူ/သားတို့က ခက်ခဲလွန်းသော ပန်းတိုင်များ သတ်မှတ်ခြင်း၊ အမှန်တကယ်ရနိုင်ခြင်း မရှိသော ပန်းတိုင်များ သတ်မှတ်ခြင်းတို့ ရှိလာပါက စေ့ဆော်မှု တွန်းအား ဆုံးရှုံးရလိမ့်မည်။



## လေ့ကျင့်ခန်း

ဂ  နီလာက တက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသူတစ်ဦးဖြစ်သည်။ နီလာ၏ ရေရှည်ပန်းတိုင်နှစ်ခု (အောက်ပါ နံပါတ် ၁ နှင့် ၂) တို့ကို ၎င်း၏ ရေတိုပန်းတိုင်များ (အောက်တွင်ရှိသော က–ဇ) တို့နှင့် တွဲစပ်ပေးပါ။




- ပန်းတိုင် က - စီးပွားရေးသုံး အင်္ဂလိပ်စာ သင်တန်းတစ်ခုတက်ရောက်ရန်။
- ပန်းတိုင် ခ - နောက်ဆုံးစာမေးပွဲ အောင်မြင်ရန်။
- ပန်းတိုင် ဂ - နိုင်ငံခြားရုပ်ရှင်များစွာ ကြည့်ဖြစ်ရန်။
- ပန်းတိုင် ဃ - မန္တလေး သို့မဟုတ် ရန်ကုန်တွင် ပြောင်းရွှေ့နေထိုင်ရန်။
- ပန်းတိုင် င - နိုင်ငံအမျိုးမျိုးမှ မိတ်ဆွေများ ရရှိရန်။
- ပန်းတိုင် စ - လူရှေ့သူရှေ့စကားပြောဆိုခြင်း ကျွမ်းကျင်မှု မြှင့်တင်ရန်။
- ပန်းတိုင် ဆ - ချီးကျူးဖွယ် ကိုယ်ရေးရာဇဝင် CV တစ်ခု ရေးရန်။
- ပန်းတိုင် ဇ - အင်္ဂလိပ်စကားပြော အဖွဲ့အစည်းတစ်ခုတွင် အလုပ်သင်နေရာတစ်ခုရအောင် ရှာဖွေရန်။

## လုပ်ငန်းစဉ်

**ဃ** နီလာ၏ အင်္ဂလိပ်စာ ဆရာကပေးသော ပုံစံတစ်ခုကို နီလာဖြည့်လိုက်သည်။ ပုံစံမှာ အင်္ဂလိပ်စာ သင်တန်းအတွက် သင်ယူမှုပန်းတိုင်များကို ဖော်ထုတ်သတ်မှတ်သော ပုံစံဖြစ်သည်။ ပုံစံကို ဖတ်ပြီး အောက်ပါမေးခွန်းများကို ဖြေပါ။

**ဒေါ်ရီရီ လုပ်ငန်းသုံး အင်္ဂလိပ်စာသင်တန်း၊ အလယ်ဆင့်** | **"သင်ရိုးအတွက် မိမိ၏ ပန်းတိုင်များ"**

အမည် နီလာဝင်း　　　　နေ့စွဲ ၁၈ ရက် ၊ မေလ ၊ ၂၀၂၀

မိမိထည့်လိုသမျှ ပန်းတိုင်များ ထည့်သွင်းရေးသားပါ။ ပြီးသည့်အခါ ထိုပန်းတိုင်များကို အရေးပါမှုအလိုက် ရှေ့နောက် အစီအစဉ်နေရာချပါ။ ဤပုံစံကို သိမ်းထားရမည်။ သင်တန်းတစ်လျှောက်တွင် မိမိပန်းတိုင်များကို ပြန်လှန်သုံးသပ်ရန် ဤပုံစံကိုသုံးရမည်။

**လုပ်ငန်းသုံး အင်္ဂလိပ်စာ ကျွမ်းကျင်သူဖြစ်လာရန် မိမိဖြစ်ချင်သည်မှာ . . .**

| ပန်းတိုင် | ဦးစားပေး အဆင့် | အောင်မြင်မှု ရပြီး/မရသေး |
|---|---|---|
| ၁။ သရုပ် အသံထွက်များ ပိုမိုတိုးတက်ရန် | ၁၀ | |
| ၂။ past simple နှင့် present perfect tenses များကို မှန်ကန်စွာ သုံးတတ်ရန် | ၁၁ | |
| ၃။ စာပိုဒ်ရေးသားခြင်း ကျွမ်းကျင်မှုပိုကောင်းရန် | ၁ | အောင်မြင်ပြီး |
| ၄။ အစီရင်ခံစာ ရေးသားခြင်း ကျွမ်းကျင်မှု ပိုကောင်းလာရန် | ၅ | |
| ၅။ ဆွဲဆောင်ရေးသားသော အက်ဆေးများ ပြင်ဆင်ရေးသားတတ်ရန် | ၆ | |
| ၆။ စာဖတ်နှုန်း ပိုမြန်လာရန် | ၁၂ | အောင်မြင်ပြီး |
| ၇။ လူမှုဆက်ဆံရေးအတွက် စကားစမြည်ပြောဆိုရာတွင် နားထောင်ခြင်း စွမ်းရည် ပိုကောင်းလာရန် | ၉ | |
| ၈။ စာသင်ခန်းအတွင်း စကားပြောသည့်အခါ ယုံကြည်မှုပိုရှိလာရန် | ၇ | အောင်မြင်ပြီး |
| ၉။ မိမိအတွေးအကြံများကို ပိုမိုရှင်းလင်းစွာ ဖော်ပြတတ်ရန် | ၂ | အောင်မြင်ပြီး |
| ၁၀။ လူမှုသိပ္ပံနှင့် ပတ်သက်သည့် ဝေါဟာရ ပိုမိုကြွယ်ဝလာစေရန် | ၈ | အောင်မြင်ပြီး |
| ၁၁။ လူရှေ့သူရှေ့ ဟောပြောခြင်း စွမ်းရည် ပိုမိုအားကောင်းလာရန် | ၃ | |
| ၁၂။ ထိရောက်သော ကိုယ်ရေးရာဇဝင်တစ်ခု ရေးဆွဲထားရန် | ၄ | |

၁။ မည်သည့် အင်္ဂလိပ်စာ စွမ်းရည်ကို နီလာက ပိုပြီး ယုံကြည်မှု ရှိသနည်း။
၂။ မည်သည့် စွမ်းရည်အပိုင်းများကို ပိုမိုအာရုံစိုက်လိုသနည်း။
၃။ နီလာအတွက် မည်သည့် အကြံဉာဏ်ပေးလိုသနည်း။

## လုပ်ငန်းစဉ်

**C** မိမိသင်ကြားရေးကို မြှင့်တင်ရန်အတွက် မည်သည့် ရေတို – ရေရှည် ပန်းတိုင်များ ရှိသနည်း။ မိမိအောင်မြင်မှု အရလိုဆုံး ပန်းတိုင်က အဘယ်နည်း။

၁။ အောက်ပါဇယားကွက်ကို ဖြည့်ပါ။

၂။ အဖွဲ့ငယ်များအလိုက် မိမိတို့ ဇယားကွက်များကို ဆွေးနွေးပါ။ အချင်းချင်း တုံ့ပြန်အကြံပြုချက်များပေးပါ။

| ရေရှည်ပန်းတိုင်များ – | | |
|---|---|---|
| ၁။ | | |
| ၂။ | | |
| **ရေတိုပန်းတိုင်များ –** | **ဦးစားပေးအဆင့်** | **အောင်မြင်မှု ရပြီး/မရသေး** |
| ၁။ | | |
| ၂။ | | |
| ၃။ | | |
| ၄။ | | |
| ၅။ | | |

## အတွင်းစွဲနှင့် အပြင်စွဲ စေ့ဆော်မှုတွန်းအား

ကျောင်းသူ/သားများတွင် စိတ်အားထက်သန်မှု ဖြစ်ရခြင်း အကြောင်းပြချက်အမျိုးမျိုး ရှိနိုင်သည်။ အချို့သော စေ့ဆော်မှု တွန်းအားများမှာ အတွင်းစွဲဖြစ်ပြီး အချို့မှာ အပြင်စွဲဖြစ်သည်။ အတွင်းစွဲ စေ့ဆော်မှုတွန်းအားမှာ အတွင်းမှလာပြီး ကျောင်းသူ/သား ကိုယ်ပိုင်ရှိသော ရေတို ရေရှည် ပန်းတိုင်များ ပါဝင်နိုင်သည်။


မိသားစု၊ မိတ်ဆွေများ၊ ဆရာ/မများမှာ အပြင်စွဲ စေ့ဆော်မှုတွန်းအား ရင်းမြစ်များဖြစ်သည်။ ကျောင်းသူ/သားအနေနှင့် သင်ယူလိုစိတ်ရှိလာအောင် လွှမ်းမိုးနိုင်သော အပြင်စွဲစေ့ဆော်မှုများဖြစ်နိုင်သည်။ အခြားသော အပြင်စွဲစေ့ဆော်မှုတွန်းအား များမှာ ကျောင်းသူ/သား၏ နောက်ခံများ၊ သင်ရိုးညွှန်းတမ်း၊ စာသင်ခန်းပတ်ဝန်းကျင်၊ ဒေသ၏ နိုင်ငံရေးအခြေအနေများ စသည်တို့ ပါဝင်နိုင်သည်။ သင်ယူမှုအားသန်ပုံအမျိုးမျိုးမှာလည်း အပြင်စွဲစေ့ဆော်မှုတွန်းအားများပင် ဖြစ်နိုင်သည်။ ကျောင်းသူ/သား၏ ဉာဏ်ရည်ဉာဏ်သွေးအမျိုးမျိုးကို အသိအမှတ်ပြု အလေးထားသော လုပ်ငန်းစဉ်တို့ကို အသုံးပြုပြီး သင်ကြားပါက ကျောင်းသူ/သားသည် သင်ယူမှုကို ပိုမိုစိတ်ဝင်စားခြင်း၊ ပိုမိုစိတ်အားထက်သန်ခြင်း ရှိနိုင်ပါသည်။

အရေးတကြီး မှတ်သားရမည်မှာ မိမိအနေနှင့် အလေးထားသောအရာများ၊ မိမိအတွက် အရေးပါကြောင်း လက်ခံထားသော အရာများကို သင်ယူမှုပြုရသည့်အခါ သင်ယူလိုစိတ် စေ့ဆော်မှုတွန်းအား ပိုမိုအားကောင်းကြောင်း ဖြစ်ပါသည်။ ယနေ့ခေတ်၏ သင်ရိုးညွှန်းတမ်းအများစုမှာ ကျောင်းသူ/သား၏ လက်တွေ့ဘဝများနှင့် သင်ခန်းစာ ခေါင်းစဉ်တို့ကို ချိတ်ဆက်ပေးခြင်းအားဖြင့် သင်ယူလိုစိတ်ကို ပိုမိုအားပေးရန် စီစဉ်ထားကြခြင်း ရှိပါသည်။ မိမိသင်ခန်းစာနှင့် ကျောင်းသူ/သားတို့၏ လက်တွေ့ဘဝများကို ချိတ်ဆက်ပေးခြင်းမှာ သင်ယူမှု အဓိပ္ပာယ်ပြည့်ဝစေခြင်းနှင့် စိတ်အား ထက်သန်မှု ရှိစေသော နည်းလမ်းကောင်းတစ်ရပ် ဖြစ်ပါသည်။

## လေ့ကျင့်ခန်း

**၁** ပုံများကိုကြည့်ပါ။ ပုံတစ်ပုံချင်းစီမှ စေ့ဆော်မှုတွန်းအားက ဘာဖြစ်နိုင်သနည်း။ ၎င်းတို့က အတွင်းစွဲလော၊ အပြင်စွဲလော။




## လုပ်ငန်းစဉ်

**၁၀** စေ့ဆော်မှုတွန်းအားစာရင်း (က–ည အထိ) ကို ကြည့်ပါ။ စေ့ဆော်မှုတွန်းအားတစ်ခုစီ (က–ည) နှင့် ကျောင်းသူ/သားအတွက် မည်သည်က အရေးကြီးကြောင်း မေးခွန်း (၁–၁၀) တို့ကို တွဲစပ်ပေးပါ။



### အတွင်းစွဲ စေ့ဆော်မှုတွန်းအားများ

(က) လုပ်ငန်းအပေါ် စိတ်ဝင်စားခြင်း။

(ခ) လုပ်ငန်းကို တန်ဖိုးရှိသည်ဟု ထင်မြင်မှု။

(ဂ) မိမိကိုယ်ပိုင်ဖြစ်သည်။ မိမိ ထိန်းချုပ်နိုင်သည်ဟု ခံစားရမှု။

(ဃ) ကျွမ်းကျင်ပိုင်နိုင်မှု။

(င) သင်ယူမှုအပေါ်ထားသော စိတ်နေစိတ်ထား။

(စ) အခြားစိတ်ခံစားချက်များ။


(ဆ) မိမိကိုယ်ကို ယုံကြည်စိတ်ချမှု။

### အပြင်စွဲ စေ့ဆော်မှု တွန်းအားများ

(ဇ) မိသားစုနှင့် မိတ်ဆွေများ။

(ဈ) သင်ယူမှု ဝန်းကျင်။

(ည) ပတ်ဝန်းကျင် အခြေအနေ အခင်းအကျင်း။




## မေးခွန်းများ

၁။ ကျောင်းသူ/သားများက ၎င်းတို့ သင်ယူမှု စွမ်းရည်အပေါ် ၎င်းတို့ မည်မျှ ယုံကြည်မှု ရှိကြသနည်း။

၂။ စာသင်ခန်း အဝန်းအဝိုင်းတွင် ၎င်းတို့လည်း ပါဝင်နေကြောင်း ခံစားမှုရှိပါသလား။ သက်သောင့်သက်သာရှိသော စာသင်ခန်းတွင်း အလေ့အထများဖြင့် သင်ယူနေကြပါသလား။

၃။ ကျောင်းသူ/သားများက (ဥပမာ – လုပ်ငန်းစဉ်က ခက်လွန်းသောကြောင့်) ပူပန်ခြင်း၊ ငြီးငွေ့ ခက်ခဲနေခြင်း ရှိပါသလား။

၄။ မိမိရပ်ရွာက မိမိအပေါ်ထားသော မျှော်လင့်ချက်များနှင့် မိမိရေရှည်ပန်းတိုင်များ အစပ်အဟပ် တည့်သည်ဟု ကျောင်းသူ/သားက ထင်ပါသလား။

၅။ ကျောင်းသူ/သားက မိမိသင်ယူနေရသော ခေါင်းစဉ်အကြောင်းအရာကို စိတ်ပါဝင်စားမှု ရှိပါသလား။

၆။ သင်ယူမှုနှင့် ပတ်သက်ပြီး မိသားစုနှင့် မိတ်ဆွေများ ထံမှ မည်သည့် ဖိအား၊ အားပေးထောက်ပံ့မှုများ ကျောင်းသူ/သားက ရရှိနေသနည်း။

၇။ မိမိတိုးတက်မှုအတွက် မိမိတွင် တာဝန်ရှိသည်ဟု ကျောင်းသူ/သားက ယူဆထားပါသလား။

၈။ သင်ယူနေရသည့် အကြောင်းအရာခေါင်းစဉ်များ၊ ဘာသာရပ်များက မိမိအနာဂတ်ဘဝနှင့် ဆက်စပ် အသုံးဝင်လိမ့်မည်ဟု ကျောင်းသူ/သားက ယုံကြည်ပါသလား။

၉။ ဤဘာသာရပ်နှင့် ခေါင်းစဉ်အကြောင်းအရာကို သင်ယူနေသင့်သည်ဟု ကျောင်းသူ/သားက ယုံကြည်ပါသလား။

၁၀။ မိမိသင်ယူမှုမှ ရလဒ်တစ်စုံတစ်ရာ ထွက်သည်ဟု ကျောင်းသူ/သားက ထင်မြင်ပါသလား။ ၎င်း၏ ကျွမ်းကျင်မှုများ တိုးတက်လာကြောင်း ၎င်းတို့ကိုယ်တိုင် မြင်ရပါသလား။

## လုပ်ငန်းစဉ်

၉ စိုင်းစိုင်းက အင်ဂျင်နီယာဖြစ်လိုသော အထက်တန်းကျောင်းသားတစ်ဦးဖြစ်သည်။ သင်ယူမှုအတွက် ၎င်း၏ စေ့ဆော်မှု တွန်းအားတို့ကို ပြန်လှန်သုံးသပ်ခြင်းပြုလျက်ရှိသည်။ ၎င်း၏ စေ့ဆော်မှုတွန်းအားများမှာ (က–ည အထိ) အောက်ပါတို့ အတိုင်းဖြစ်သည်။

၁။ မည်သည့် တွန်းအားများက ၎င်းကို စီးပွားရေးနှင့် လူမှုသိပ္ပံ လေ့လာလိုစိတ်ရှိအောင် အားပေးနေသနည်း။

၂။ မည်သည့် တွန်းအားများကြောင့် စိုင်းစိုင်းတစ်ယောက် စိတ်အားထက်သန်မှု လျော့ကျနိုင်သနည်း။

၃။ စိုင်းစိုင်းကို ကူညီရန် ဆရာ/မများက မည်သည်တို့ ဆောင်ရွက်နိုင်မည်နည်း။

| အတွင်းစွဲ စေ့ဆော်မှု တွန်းအားများ | |
|---|---|
| (က) လုပ်ငန်းအပေါ် စိတ်ဝင်စားခြင်း | ကျွန်တော်က ဒီက လူတွေရဲ့ လူနေမှု အဆင့်အတန်း မြင့်တက်လာအောင် လုပ်ချင်ပါတယ်။ ဒါပေမယ့် သင်ယူရတဲ့ ဘာသာရပ်တွေထဲမှာ အင်္ဂလိပ်စာလိုမျိုး ဘာသာရပ်ကို သိပ်စိတ်မဝင်စားဘူး။ |
| (ခ) လုပ်ငန်းကို တန်ဖိုးရှိသည်ဟု ထင်မြင်မှု | ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွေမှာ ဝင်ပါချင်တယ်ဆိုတော့ စီးပွားရေးဘာသာရပ်ကို သင်ယူဖို့ အရေးကြီးမယ်။ |
| (ဂ) မိမိကိုယ်ပိုင်ဖြစ်သည်။ မိမိထိန်းချုပ်နိုင်သည်ဟု ခံစားရမှု | ကျွန်တော်တို့ အဖွဲ့လိုက် ပရောဂျက်တွေလုပ်ပြီး အကြံဉာဏ်တွေ အပြန်အလှန် မျှဝေတာတွေ လုပ်ရပါတယ်။ ကိုယ့်သင်ယူမှုအတွက်ရော ကိုယ့်အတန်းဖော်တွေရဲ့ သင်ယူမှုအတွက်ရော ကူညီပါဝင်ပေးနိုင်တယ်လို့ ယုံကြည်ခံစားမိပါတယ်။ |
| (ဃ) ကျွမ်းကျင်ပိုင်နိုင်မှု | အင်္ဂလိပ်စာကိုတော့ ကျွန်တော်သိပ်မကြိုက်ဘူး။ အဲဒီအပိုင်း မတော်ဘူး။ သူများနောက်ကျတယ် ထင်မိတယ်။ |
| (င) မိမိကိုယ်ကို ယုံကြည်စိတ်ချမှု | ကျွန်တော့်ရပ်ရွာအတွက် ကျွမ်းကျင်မှုတွေ အများကြီး ကျွန်တော်ပေးနိုင်တယ်လို့ ခံစားရပါတယ်။ ဒါပေမယ့် သင်္ချာနဲ့ သိပ္ပံလိုပဲ လူမှုသိပ္ပံဘာသာရပ်တွေကိုလည်း ကျွန်တော်လေ့လာသင့်တယ် ထင်ပါတယ်။ |
| (စ) သင်ယူမှုအပေါ်ထားသော စိတ်နေစိတ်ထား | အင်ဂျင်နီယာကောင်းတစ်ယောက်ဆိုတာ လူမှုဘာသာရပ်တွေကိုလည်း နားလည်သင့်တယ် ထင်ပါတယ်။ ဥပမာ ဒဿနနဲ့ ဖွံ့ဖြိုးရေး ဘာသာရပ်တွေပေါ့။ |
| (ဆ) အခြားစိတ်ခံစားချက်များ | အင်္ဂလိပ်စာ ရမှတ်တွေနဲ့ ပတ်သက်ပြီးတော့ တော်တော်လေး စိတ်ပူမိပါတယ်။ |
| **အပြင်စွဲ စေ့ဆော်မှု တွန်းအားများ** | |
| (ဇ) မိသားစုနှင့် မိတ်ဆွေများ | ကျွန်တော့်မိဘတွေက ကျွန်တော့်အတွက် အမြော်အမြင်ရှိကြတဲ့သူတွေပါ။ အကောင်းဆုံး သင်ယူနိုင်အောင် အမြဲပံ့ပိုးကြပါတယ်။ |
| (ဈ) သင်ယူမှုဝန်းကျင် | တစ်ချိန်လုံးထိုင်ပြီး ဆရာ/မပြောဟောတာကို နားထောင်နေရတာလည်း သဘောမကျဘူး။ လက်တွေ့ လုပ်ငန်းစဉ်တွေကို ကြိုက်တယ်။ အဲဒီလုပ်ငန်းစဉ်တွေကနေ ပိုပြီးတော့ သင်ယူနိုင်တယ်လို့ ထင်မိပါတယ်။ |
| (ည) ပတ်ဝန်းကျင် အခြေအနေ အခင်းအကျင်း | အင်ဂျင်နီယာဖြစ်လာရေး ကျွန်တော့်ပန်းတိုင်က အရေးကြီးတယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ရပ်ရွာတွေ ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ အကူအညီလိုအပ်လို့ပါ။ |

## ဆွေးနွေးချက်

**ရျ** အောက်ပါမေးခွန်းများကို ဖြေပါ။

၁။ အတွင်းစွဲနှင့် အပြင်စွဲ စေ့ဆော်မှုတွန်းအားတို့တွင် မည်သည်က ပိုမိုအားကောင်းသည့် စိတ်အားထက်သန်မှုကို ပေးသည်ထင်ပါသနည်း။ အဘယ့်ကြောင့်နည်း။

၂။ မိမိတို့၏ ကျောင်းသူ/သား စိတ်အားထက်သန်အောင် မည်သို့ တွန်းအားပေးနိုင်မည်နည်း။



# ၄.၃ အားလုံး အကျုံးဝင်ပညာရေး

## အကြိုသင်ခန်းစာ

**က** အောက်ပါမေးခွန်းများကို နှစ်ဦးတွဲအလိုက် ဆွေးနွေးဖြေဆိုပါ။

၁။ မသန်စွမ်းဆိုသည်မှာ မကျန်းမာခြင်းနှင့် အတူတူဖြစ်ပါသလား။

၂။ မသန်စွမ်းဆိုသည်မှာ မွေးရာပါ အခြေအနေ ဟုတ်ပါသလား။

၃။ စကားမပြောနိုင်သည့် မသန်စွမ်းမှုရှိလျှင် ဉာဏ်ရည်မသန်စွမ်းခြင်းဟု သတ်မှတ်နိုင်ပါသလား။

၄။ နားမကြားသူအားလုံး အတူတူဖြစ်ပါသလား။

၅။ ကလေးများ၊ ဆယ်ကျော်သက်များအားလုံး ပြုမူလှုပ်ရှားပုံ တူညီကြလိမ့်မည်ဟု မျှော်လင့်နိုင်ပါသလား။

၆။ မသန်စွမ်းမှု တစ်စုံတစ်ရာရှိသူကို သနားသင့်ပါသလား။

၇။ လူတိုင်း ကျောင်းတက်ခွင့် အခွင့်အရေး ရှိပါသလား။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပုဒ် ၂၆ အရ လူတိုင်းတွင် ကျောင်းတက်ရောက်ခွင့် အခွင့်အရေး ရှိပါသည်။ ထို့ကြောင့် ကျောင်းများအနေနှင့် မည်သူ့ကိုမဆို ကျား/မ ဖြစ်တည်မှု၊ တိုင်းရင်းသားလူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ မိခင်ဘာသာစကား၊ ရုပ်ပိုင်းမသန်စွမ်းမှု၊ အာရုံခံစားမှုပိုင်း မသန်စွမ်းမှု သို့မဟုတ် ဉာဏ်ရည်ပိုင်း မသန်စွမ်းမှုတို့အပေါ် မူတည်ပြီး ကျောင်းတက်ခွင့်ကို ငြင်းပယ်၍ မရပါ။

မသန်စွမ်းမှုဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးအတွက် အားနည်းချက် တစ်စုံတစ်ရာ ဖြစ်ပေါ်စေသောအရာ ဖြစ်သည်။ မသန်စွမ်းမှုအကြောင်း စဉ်းစားသည့်အခါ စဉ်းစားပုံတစ်မျိုးမှာ မသန်စွမ်းလူမှုပုံစံဖြစ်သည်။ ဤပုံစံအရ ဆိုလျှင် မသန်စွမ်းမှုဆိုသည်မှာ စိတ်နေစိတ်ထားဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကြောင့် ပေါ်ပေါက်လာသည့် ပတ်ဝန်းကျင် အခက်အခဲတစ်ရပ် ဖြစ်သည်ဟု စဉ်းစားသည်။ မသန်စွမ်းသူကြောင့် ပြဿနာဖြစ်နေရခြင်း မဟုတ်ဘဲ အဆိုပါ အတားအဆီးများကြောင့် ပြဿနာများ ဖြစ်နေရခြင်းဖြစ်သည်။ ထို့ကြောင့် ထိုပြဿနာများ ဖြေရှင်းရန် တာဝန်မှာ မသန်စွမ်းသူထံတွင်မရှိဘဲ ရပ်ရွာ အသိုင်းအဝိုင်းထံတွင်သာရှိသည်။


စိတ်နေစိတ်ထားဆိုင်ရာ အတားအဆီးများဆိုသည်မှာ အခြားသူများ အကျုံးဝင်ပါဝင်မှုကို ဟန့်တားပိတ်ပင်လိုသော အတွေးခံစားချက်များဖြစ်သည်။ တိုင်းရင်းသားလူမျိုးစု တစ်စုစုအပေါ်ထားသော ဘက်လိုက်အယူလွဲမှု သော်လည်းကောင်း၊ သင်ယူမှု နှေးကွေးသူများအပေါ် ထားသော အမြင်အစွဲများမှာ စိတ်နေစိတ်ထားဆိုင်ရာ အဟန့်အတား နမူနာများ ဖြစ်ပါသည်။ စိတ်နေစိတ်ထား ဆိုင်ရာ အဟန့်အတားများကို ဖယ်ရှားလိုပါက မိမိတို့သည် မိမိတို့ ပတ်ဝန်းကျင်မှ ပုဂ္ဂိုလ်များအကြောင်း စဉ်းစားပုံ၊ ၎င်းတို့ကို ဆက်ဆံပုံများကို ပြောင်းလဲရန် လိုအပ်မည်။

ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကြောင့် ကျောင်းတစ်ကျောင်း အတွင်း လူတိုင်းတန်းတူညီမျှသော အခွင့်အရေးများ မရနိုင်ခြင်း၊ ရရန်ခက်ခဲခြင်း ရှိနိုင်သည်။ မသန်စွမ်းပုဂ္ဂိုလ်တစ်ဦးသည် အဆောက်အဦးတစ်ခုအတွင်း ဝင်ရောက်ရန် သွားလာလှုပ်ရှားရန် ခက်ခဲအောင် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများက ဟန့်တား နိုင်သည်။ လှေကားထစ်များသာရှိသော အဆောက်အဦးများတွင် ဘီးတပ်ကုလားထိုင် အသုံးပြုသူများသည် မြေညီထပ်မှလွဲ၍ အခြား အထပ်များကို မသွားနိုင်အောင်ဖြစ်လိမ့်မည်။ နေရာကျဉ်းလွန်းသော စာသင်ခန်းများတွင် မျက်စိမမြင်သူတစ်ဦးက ဘေးကင်းလွတ်လပ်စွာ သွားလာလှုပ်ရှားရန် ခက်ခဲပေလိမ့်မည်။ စာသင်ခန်းတစ်ခုအတွင်း စာသင်ခုံများ နေရာချပုံကလည်း ကျောင်းသူ/သားအချို့၏ သင်ယူနိုင်စွမ်းကို ဟန့်တားကန့်သတ်နေသည်ဆိုပါက ၎င်းသည် လည်း ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများ ဖြစ်ပါသည်။သင်ရိုး ညွှန်းတမ်းပို့ချသည့် ဘာသာစကားမှာ အချို့ကျောင်းသူ/သားများ နားမလည်သည့် ဘာသာစကားဆိုပါက ၎င်းသည်လည်း ရုပ်ပိုင်း ဆိုင်ရာ အတားအဆီးတစ်ခုဖြစ်သည်။ မိမိတို့သည် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကို ဖယ်ရှားလိုပါက မိမိတို့ပတ်ဝန်းကျင် အခြေအနေများကို ပြောင်းလဲရန် လိုအပ်ပါသည်။

အားလုံး အကျုံးဝင်ပညာရေးဆိုသည်မှာ ကျောင်းတစ်ကျောင်းတွင် စိတ်နေစိတ်ထားဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကို အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ခြင်းကြောင့် တိုင်းရင်းသားဖြစ်မှု၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ ရုပ်ပိုင်း အာရုံခံပိုင်းနှင့် ဉာဏ်ရည်ပိုင်း မသန်စွမ်းမှု တစ်စုံတစ်ရာ၏ သက်ရောက်မှု မရှိဘဲ လူတိုင်းစာသင်ခန်းကို တန်းတူညီမျှစွာ လက်လှမ်းမီနိုင်ခြင်း အခြေအနေကို ခေါ်ဆိုပါသည်။

## လေ့ကျင့်ခန်း

၁ သာဓကများကို ဖတ်ရှုပါ။ ၎င်းတို့က စိတ်နေစိတ်ထားဆိုင်ရာ အတားအဆီးများကို ပြသပါသလား၊ ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကို ပြသပါသလား။ အချို့ သာဓကများတွင် နှစ်မျိုးလုံးပါနိုင်သည်။ မိမိအဖြေများအတွက် ရှင်းလင်းချက်ပေးပါ။





၁ ဆရာတစ်ဦးက ဉာဏ်ရည်မသန်စွမ်းကျောင်းသူတစ်ဦးကို အလွန်ကာကွယ်ပေးလွန်းသည်။ ၎င်းကို ဆရာက ကိုယ်ပိုင်ဆုံးဖြတ်ချက်ချခွင့် မပေးသကဲ့သို့ ဖြစ်နေသည်။ မိမိဘာသာ တစ်စုံတစ်ခု လုပ်လိုက်ပါက အမှားအယွင်းဖြစ်ပြီး အခြားကျောင်းသားများရှေ့တွင် အရှက်ရမည်ကို စိုးသောကြောင့် အရာတိုင်း ဆရာက လိုက်လုပ်ပေးသည်။

၂ ချိုင်းထောက်သုံးသော ကလေးတစ်ဦးက အိမ်သာကို မိမိဘာသာ မသွားနိုင်သောကြောင့် သွားတိုင်း ဆရာက ကူညီပေးရသည်။

၃ စာသင်ခန်းနံရံများက ပါးလွန်းသောကြောင့် အမြဲဆူညံနေသည်။ အကြားအာရုံမသန်စွမ်းမှုရှိသော ကျောင်းသားတစ်ဦးက ဆရာ့အသံကိုလည်းကောင်း၊ အတန်းဖော်များအသံကို လည်းကောင်း သေချာမကြားရပေ။

၄ ကျောင်းသင်ရိုးညွှန်းတမ်းတွင် ဗမာသမိုင်းသာပါပြီး ရှမ်းသမိုင်း၊ ပအိုဝ်း သမိုင်းများ မပါဝင်။

၅ ကျောင်းအုပ်ဆရာက ၎င်း၏ ဆရာ/မများအနေနှင့် မူကြို စာသင်ခန်းများအတွင်း ကျောင်းသူ/သားအားလုံးက စကောကရင် ဘာသာ စကားပြောသူများ ဖြစ်သည့်တိုင် မြန်မာ စကားပြော သင်ကြားရန် ညွှန်ကြားသည်။ မြန်မာစကား ကိုသာ အများဆုံးသုံးပြီး ပြောလျှင် ကလေးများ ဗမာစကား အတတ်မြန်လာ လိမ့်မည်ဟု ကျောင်းအုပ်က ယုံကြည်ညွှန်ကြားခြင်း ဖြစ်သည်။

၆ ပြည်နယ်အစိုးရက ကျောင်းများသည် လာမည့် လပြည့်နေ့ကို မြန်မာ့ရိုးရာ အကဖြင့် ကျင်းပရမည်ဟု ညွှန်ကြားသည်။ ကျောင်းအားလုံးမှ ကျောင်းသူ/သား အများစုမှာ ကချင်ဖြစ်ကြသည်။

၇ အခြားကျောင်းသားများက လှုပ်ရှားမှုများများပါရသော ကစားနည်းများ လုပ်ဆောင်နေစဉ်တွင် ဘီးတပ်ကုလားထိုင်သုံးသော ကျောင်းသားကို ဆရာမက အနားခေါ်ထားပြီး ညွှန်ကြားချက်များပေးရာတွင် ကူညီခိုင်းသည်။

၈ ကျောင်းသားတစ်ဦးက အခြားသူများထက် အသက်သုံးနှစ်ကြီးသောကြောင့် အဖွဲ့လိုက် လုပ်ငန်းအားလုံးတွင် အတင်းလွှမ်းမိုးတတ်သည်။ ဆရာကလည်း ထိုကျောင်းသား လွှမ်းမိုးသည်ကို ခွင့်ပြုထားသည်။

၉ ယောကျ်ားလေးကဲ့သို့ ဝတ်သော မိန်းကလေးတစ်ဦးကို ဆရာက အမြဲနောက်ပြောင်သည်။ ထိုအခါ အခြားကျောင်းသားများကလည်း လိုက်လံစနောက်တော့သည်။

၁၀ အမြင်အာရုံတစ်စိတ်တစ်ပိုင်း မသန်စွမ်းတစ်ဦးက IELTS စာမေးပွဲ ဖြေချင်သည်။ ပုဂ္ဂလိကကျောင်း တစ်ကျောင်းက ၎င်းကျောင်းသားကို လက်ခံလိုသော်လည်း မည်သို့ သင်ပေးရမည်မှန်း မသိသောကြောင့် လက်မခံဟုဆိုသည်။

၁၁ ယောကျ်ားလေး အိမ်သာနှင့် မိန်းကလေး အိမ်သာက ကပ်လျက်ဆောက်ထားသည်။ ယောကျ်ားလေးများက မိန်းကလေးများ အိမ်သာသွားလျှင် လိုက်နောက်ပြောင်ကြသည်။ ထို့ကြောင့် မိန်းကလေးအချို့က ကျောင်းချိန်တွင် အိမ်သာ မသွားတော့ပေ။ အချို့ကမူ ကျောင်းတက်ရသည်ကို သက်သောင့်သက်သာ မဖြစ်တော့ပေ။

## လုပ်ငန်းစဉ်

**ဂ** ကျောင်းသူ/သားများ၏ ဉာဏ်ပြဿနာများကို ဖတ်ရှုပါ။

၁။ ကျောင်းသူ/သားအနေနှင့်ဖြစ်စေ၊ ဆရာ/မအနေနှင့်ဖြစ်စေ မိမိစာသင်ခန်းအတွင်းတွင် အလားတူ အတွေ့အကြုံများ ရှိခဲ့ဖူးပါသလား။



၁

*ကျွန်မက တောင်တန်းဒေသတွေထဲက ရွာလေးတစ်ခုကပါ။ ဗမာစကားက မိခင်ဘာသာစကား မဟုတ်ဘူး။ အစိုးရကျောင်းတက်တော့ ဗမာစကားကို သင်ယူရပေမယ့် ပြောရတာရော ရေးရတာရော ယုံကြည်မှုသိပ်မရှိပါဘူး။ လောလောဆယ် ကျွန်မက နိုင်ငံရေးသိပ္ပံဘာသာရပ်ကို မြို့ကြီးတစ်ခုမှာ တက်နေပါတယ်။ ဖတ်သမျှလည်း နားလည်တယ်။ ဆရာနဲ့ အတန်းဖော်တွေ ပြောတာနားလည်တယ်။ ဒါပေမယ့် ဆွေးနွေးငြင်းခုံတဲ့အခါ၊ တင်ဆက်ချက်တွေ လုပ်တဲ့အခါ အက်ဆေးတွေ ရေးရတဲ့အခါမျိုးမှာတော့ ဒုက္ခရောက်တယ်။ ကိုယ်စကားဝဲတာကို သူတို့တွေ နားမလည်ကြဘူး။ တစ်ခါတလေ ကျွန်မပြောတာ မှားနေတယ်လို့ သူတို့အထင်လွဲတယ်။ ကိုယ်ကတော့ မမှားတာ သေချာတယ်။*



၂

*ကျွန်တော်က အဆင့်မြင့်ပညာရေး သင်ရိုးတစ်ခုက ကျောင်းသားတစ်ယောက်ပါ။ ရုပ်ရှာဖွံ့ဖြိုးရေးနဲ့ နိုင်ငံသားပညာရေး ဘာသာရပ်တွေကို လေ့လာနေပါတယ်။ ကျွန်တော့်ဆရာက အလွန်တက်ကြွပါတယ်။ လုပ်ငန်းစဉ်အများကြီး စီစဉ်လုပ်ဆောင်ပေးပါတယ်။ လုပ်ငန်းစဉ်အတော်များများဟာ ပျော်စရာကောင်းပြီး ကျွန်တော့်သင်ယူမှုအတွက် အသုံးဝင်ပါတယ်။ တစ်ခုပဲ ခက်ခဲတာက ရုပ်ပိုင်းဆိုင်ရာ လုပ်ငန်းစဉ်တွေ လုပ်တဲ့အခါ စာသင်ခန်းအတွင်း သွက်သွက်လက်လက် သွားလာလှုပ်ရှားရတဲ့ လုပ်ငန်းစဉ်တွေသုံးတဲ့အခါ ကျွန်တော့်ဖို့ခက်ခဲပါတယ်။ ကျန်တဲ့အတန်းဖော်တွေအတွက်တော့ ဒီလုပ်ငန်းစဉ်တွေအားလုံးက အသုံးဝင်တယ်လို့ ထင်ပါတယ်။ ကျွန်တော့်ဖို့တော့ ခက်ခဲတယ်။ တစ်တန်းလုံးမှာ ကျွန်တော်တစ်ယောက်ပဲ မသန်စွမ်းရှိတာမို့လို့ပါ။*

၂။ သာဓကတစ်ခုစီမှ အတားအဆီးများသည် ရုပ်ပိုင်းဆိုင်ရာလား၊ စိတ်နေစိတ်ထားဆိုင်ရာ အတားအဆီးများ ဖြစ်ပါသလား။

၃။ သာဓကတစ်ခုစီအတွက် အဖွဲ့လိုက် ဆွေးနွေးပါ။

(က) ကျောင်းသားအပေါ် မည်သည့် သက်ရောက်မှုများ ကျရောက်နိုင်သနည်း။

(ခ) မိမိသာ ၎င်း၏ ဆရာ/မဆိုပါက ထိုအတားအဆီးများကို ဖယ်ရှားနိုင်အောင် မည်သို့ ကူညီပေးမည်နည်း။

၄။ ဖြေရှင်းနည်းပြနိုင်သည့် တင်ဆက်ချက်တစ်ခုဖြစ်စေ၊ ပြဇာတ်တစ်ခုဖြစ်စေ စီစဉ်ဖန်တီးပါ။ အတန်းထံ ပြန်လည်တင်ဆက်ပါ။

## ဆွေးနွေးချက်

**ဃ** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ ဆရာ/မအဖြစ်သော်လည်းကောင်း၊ ကျောင်းသူ/သားအဖြစ်သော်လည်းကောင်း တွေ့ကြုံဖူးသည့် စိတ်နေစိတ်ထားဆိုင်ရာ အဟန့်အတားများမှာ အဘယ်တို့နည်း။ ထိုအဟန့်အတားများကြောင့် မိမိအတွက်ဖြစ်စေ၊ အခြားသူများအတွက်ဖြစ်စေ၊ မည်သည့် မသန်စွမ်းမှု ဖြစ်ပေါ်စေခဲ့သနည်း။

၂။ ဆရာ/မအဖြစ်သော်လည်းကောင်း၊ ကျောင်းသူ/သား အဖြစ်သော်လည်းကောင်း တွေ့ကြုံဖူးသည့် ရုပ်ပိုင်းဆိုင်ရာ အဟန့်အတားများမှာ အဘယ်တို့နည်း။ ထိုအဟန့်အတားများကြောင့် မိမိအတွက်ဖြစ်စေ၊ အခြားသူများအတွက် ဖြစ်စေ၊ မည်သည့် မသန်စွမ်းမှု ဖြစ်ပေါ်စေခဲ့သနည်း။

၃။ မသန်စွမ်းမှုရှိသော ကျောင်းသူ/သားများကို အကျုံးဝင်ပါဝင်စေရေး သင့်စာသင်ခန်းနှင့် ကျောင်းတို့က မည်မျှကောင်းစွာ ပြင်ဆင်ထားမှုရှိပါသနည်း။ ဆရာ/မတစ်ဦးအနေနှင့် မည်သည့် စိန်ခေါ်မှုများ ရင်ဆိုင်ရမည် ထင်ပါသနည်း။

# ၄.၄ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်

## အကြိုသင်ခန်းစာ

**က** သင်ရိုးတစ်ခုကို သင်ကြားခြင်းမပြုမီ၊ မိမိကျောင်းသူ/သားများနှင့် ပတ်သက်သော မည်သည့် သတင်းအချက်အလက်များကို ရယူနိုင်ပါသနည်း။

၁။ သိထားလျှင် အသုံးဝင်နိုင်သော အချက်အလက်အားလုံးကို စာရင်းတစ်ခုချရေးပါ။

၂။ ထိုအချက်အလက်များကို သိထားခြင်းက မိမိသင်ရိုးအတွက် အစီအစဉ်ရေးဆွဲနိုင်ရန် မည်သို့ ကူညီနိုင်မည်နည်း။

### လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်တစ်ခု ဖန်တီးခြင်း

သင်ရိုးတစ်ခုအစပိုင်းတွင် မိမိကျောင်းသူ/သားများ၏ လိုအပ်ချက်များအကြောင်း နားလည်သိရှိခြင်းမှာ အသုံးဝင်နိုင်ပါသည်။ ဆရာ/မတစ်ဦးက မိမိကျောင်းသူ/သားများအကြောင်း သိနားလည်ပါက စာသင်ခန်းကိုသော်လည်းကောင်း၊ သင်ကြားပုံကို လည်းကောင်း လိုက်လျောညီထွေပြောင်းလဲပြီး ကျောင်းသူ/သားများအတွက် အကျိုးကျေးဇူးရရှိအောင် စီစဉ်နိုင်မည် ဖြစ်သည်။ မိမိတို့၏ ကျောင်းသူ/သားများနှင့် ပတ်သက်ပြီး သိစရာ အချက်အလက်ပေါင်းများစွာ ရှိနိုင်ပါသည်။ သိရှိ နားလည်သင့်သော အချက်အလက် နယ်ပယ် ၅ မျိုးကို အောက်တွင်ဖော်ပြထားပါသည်။

၁။ **ရှိနှင့်ပြီး အသိဗဟုသုတ** – မိမိသင်ကြားမည့် ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ မိမိကျောင်းသူ/သားများက မည်မျှ သိထားနှင့်ပြီး ဖြစ်ပါသနည်း။ ၎င်းတို့က မည်သည့် ကျွမ်းကျင်မှုများ ရှိနှင့်ပြီး ဖြစ်ပါသနည်း။

၂။ **ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ** – ကျောင်းသူ/သားတစ်ဦးဦးတွင် ကိုယ်ကာယပိုင်း မသန်စွမ်းမှု တစ်စုံတစ်ရာ ရှိပါသလား။ မိမိပြုပြင်ပေးရန် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများ စာသင်ခန်းအတွင်း ရှိပါသလား။



၃။ **စေ့ဆော်မှုတွန်းအား** – မိမိကျောင်းသူ/သားများက ဤသင်တန်းကို အဘယ့်ကြောင့် တက်ရောက်လိုခြင်း ဖြစ်သလဲ။ ၎င်းတို့တွင် မည်သည့် ရေတို ရေရှည်ပန်းတိုင်များ ရှိကြပါသလဲ။ ၎င်းတို့က မည်သည့်တို့ကို သင်ယူရန် စိတ်ဝင်စားကြသနည်း။

၄။ **သင်ယူမှုအားသန်ပုံအမျိုးမျိုး** – ကျောင်းသူ/သားတို့က မည်သည့် သင်ယူမှုအားသန် ပုံများ ရှိကြသနည်း။ မည်သည့် လုပ်ငန်းစဉ်များ ပေးပါက ၎င်းတို့ သင်ယူမှု အားအကောင်းဆုံး ဖြစ်နိုင်သနည်း။

၅။ **လူမှုလိုအပ်ချက်များ** – သင့်စာသင်ခန်းအတွင်းတွင် မည်သည့် တိုင်းရင်းသားလူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှုများ ရှိသနည်း။ ထိုဖြစ်တည်မှုများက ကျောင်းသူ/သား အချင်းချင်းအကြား ဆက်ဆံရေးအပေါ် မည်သို့ သက်ရောက်မှုရှိမည်နည်း။

ဤအကြောင်းအရာများနှင့် ပတ်သက်ပြီး သတင်းအချက်အလက် ရယူရန် နည်းလမ်းများစွာ ရှိနိုင်ပါသည်။ ဆရာ/မများသည် မည်သည့် သတင်းအချက်အလက်ကို ရှာဖွေမည်ဟု ရွေးချယ်ခြင်း၊ မည်သည့် နည်းလမ်းများကို အသုံးပြု ရှာဖွေမည်ဟု ရွေးချယ်ခြင်း ပြုနိုင်ပါသည်။

ဤအချက်အလက်များ ရယူနိုင်မည့် အများသုံး နည်းလမ်းများတွင် အောက်ပါတို့ ပါဝင်ပါသည်။

- သင်တန်းအကြို စစ်ဆေးခြင်း
- သင်ယူသူစစ်တမ်း
- သင်ယူသူ လူတွေ့မေးမြန်းခြင်း
- ဆွေးနွေးပွဲများ
- လေ့လာစောင့်ကြည့်ခြင်း



## လေ့ကျင့်ခန်း

**၁** သင်ယူသူ လိုအပ်ချက်များကို ဖော်ထုတ်ရာတွင် ဆရာ/မများ အသုံးပြုနိုင်သော နည်းလမ်းများကို ကြည့်ပါ။ ထို့နောက် –

၁။ အကွက်တစ်ကွက်စီတွင် မည်သည့်နည်းလမ်း သုံးထားကြောင်း ဖော်ထုတ်ပါ။ (စစ်တမ်း၊ သင်တန်းအကြို စစ်ဆေးခြင်း၊ လူတွေ့မေးမြန်းခြင်း၊ ဆွေးနွေးချက်၊ လေ့လာစောင့်ကြည့်ခြင်း)

၂။ ပြီးခဲ့သည့် စာမျက်နှာမှ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် ခေါင်းစဉ် ၅ ခုနှင့် ဤနည်းလမ်းတို့ကို တွဲစပ်ပါ။ ခေါင်းစဉ်တစ်ခုနှင့် နည်းလမ်းတစ်ခုထက် ပိုမိုတွဲစပ်နိုင်ပြီး၊ အချို့နည်းလမ်းများမှာ ခေါင်းစဉ်တစ်ခုထက် ပိုမို၍ တွဲစပ်နိုင်ခြင်း ရှိနိုင်ပါသည်။


၃။ ခေါင်းစဉ်တစ်ခုစီအတွက် လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် နည်းလမ်းအားလုံးကို အသုံးပြုရန် ဖြစ်နိုင်ပါသလား။

(က) ဆရာက သင်တန်းပထမပတ်တွင် ကျောင်းသူ/သား၏ ပြုမူလှုပ်ရှားပုံများကို စောင့်ကြည့်သည်။ အဖွဲ့လိုက် လုပ်ငန်းစဉ်များတွင် မည်သည့် ဘာသာစကားဖြင့် ဆောင်ရွက်ကြကြောင်း နားထောင်စောင့်ကြည့်သည်။

(ခ) သင်တန်းပထမနေ့တွင် ဆရာ/မက ကျောင်းသူ/သားများကို အရှေ့တောင်အာရှ ပထဝီဝင်နှင့် ပတ်သက်ပြီး ဉာဏ်စမ်း မေးခွန်းတစ်ခု ပေးလိုက်သည်။

(ဂ) သင်တန်းချိန်အပြီးတွင် ဆရာ/မက မသန်စွမ်း ကျောင်းသားတစ်ဦးထံ သွားရောက်ဆွေးနွေးပြီး မည်သည့် လုပ်ငန်းစဉ်များကို ၎င်းသက်သောင့်သက်သာ ရှိစွာ လုပ်နိုင်ကြောင်း မေးမြန်းသည်။

(ဃ) သင်တန်း ပထမပတ်အတွင်းတွင် ဆရာ/မက ကျောင်းသူ/သားများ ကြီးလာသည့်အခါ ဘာဖြစ်လိုကြောင်း ပုံဆွဲခိုင်းသည်။



(င) ဆရာက ကျောင်းသူ/သားများကို အောက်ပါ စစ်တမ်းပေးသည်။

**စာသင်ခန်းအတွင်း မည်သည့် လုပ်ငန်းစဉ်များကို နှစ်သက်သနည်း။ ၁ မှ ၅ အထိ အမှတ်ပေးပါ။ (၁ = 'ဤလုပ်ငန်းစဉ်ကို အကြိုက်ဆုံး')**

___ ဆရာ/မ ဟောပြောရှင်းပြချက်ကို နားထောင်ခြင်း

___ ပိုစတာများ ဆွဲသားခြင်း

___ သီချင်းဆိုခြင်း

___ ခန္ဓာကိုယ် လှုပ်ရှားရခြင်း

___ အဖွဲ့လိုက် လုပ်ဆောင်ခြင်း

___ တစ်ဦးတည်း အလုပ်လုပ်ခြင်း

___ စာသားများ ကူးရေးခြင်း

___ ပြဋ္ဌာန်းစာအုပ်မှ လုပ်ငန်းစဉ်ဆောင်ရွက်ခြင်း

___ ကိုယ့်အားကိုယ်ကိုး လေ့လာခြင်း

(စ) တက္ကသိုလ်သင်တန်းတစ်ခုတွင် ကျောင်းသူ/ကျောင်းသားများက ဇယားကွက်များကို အဖွဲ့လိုက် ဖြည့်ကြရသည်။

| နိုင်ငံရေးနှင့် ပတ်သက်၍ သိထားသည်များ | နိုင်ငံရေးနှင့် ပတ်သက်၍ သိလိုသည်များ |
|---|---|
| | |

(ဆ) လုပ်ငန်းခွင် ဝင်ခါစ ဆရာမတစ်ဦးက ၎င်း၏ လုပ်ဖော်ကိုင်ဖက် ဆရာ/မ များထံ သွားရောက်ပြီး ၎င်း၏ ကျောင်းသူ/သားများ၏ နောက်ခံများအကြောင်းကို ပိုမိုနားလည်ရန် မေးမြန်း ဆွေးနွေးသည်။

(ဇ) သင်တန်း ပထမလအပြီးတွင် ဆရာက ကျောင်းသားများကို သင်ယူမှု သုံးသပ်ချက် မှတ်တမ်းတစ်ခုကို ဖြည့်ခိုင်းပြီး ၎င်းတွင် မည်သည့် အကြောင်းအရာများက လွယ်ကူပြီး မည်သည်တို့က ခက်ခဲခဲ့ကြောင်း ထည့်သွင်း မေးမြန်းသည်။

(ဈ) ဆရာမက ၎င်း၏ ကျောင်းသူ/သား များကို အမြင်အာရုံ အကြားအာရုံ ကောင်းမွန်မှု ရှိမရှိသိအောင် အနီးကပ် လေ့လာစောင့်ကြည့်သည်။



(ည) ဆရာက ၎င်း၏ ကျောင်းသူ/သားများ ညနေပိုင်းတွင် စာလုပ်နိုင်ရန်အတွက် မည်သို့ ကူညီပေးရမည်နည်းဟု မေးမြန်းဆွေးနွေးသည်။

## လုပ်ငန်းစဉ်

**ဂ** သာဓကများကို ဖတ်ရှုပါ။ သာဓက တစ်ခုစီအတွက် –

၁။ အချက်အလက်ရရှိအောင် ကောက်ယူရန် လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် နည်းလမ်းတစ်ခုရွေးပါ။

၂။ ထိုအချက်အလက်ကို မည်သည့်အချိန်တွင် ကောက်ယူနိုင်ကြောင်း ဖော်ထုတ်ပါ။

၃။ ထိုအချက်အလက်ကို မည်သို့ နည်းလမ်းဖြင့် ကောက်ယူနိုင်ကြောင်း ဖော်ထုတ်ပါ။

၄။ **မိမိတို့ နည်းလမ်းများကို အဖွဲ့လိုက် နှိုင်းယှဉ်ကြပါ။ သာဓကတစ်ခုစီအတွက် အကောင်းဆုံး နည်းလမ်းတစ်ခုစီ ရွေးချယ်ပါ။**

(က) ဓီဝဗေဒဘာသာရပ်ကို တက်ရောက်သော ကျောင်းသူ/သားတို့၏ စေ့ဆော်မှု တွန်းအားများကို တက္ကသိုလ်ဆရာက ဖော်ထုတ်သိရှိလိုသည်။

(ခ) လေးတန်းကျောင်းသူ/သား၏ လူမှုလိုအပ်ချက်များကို မူလတန်း ဆရာတစ်ဦးက ဖော်ထုတ်သိရှိလိုသည်။

(ဂ) အထက်တန်းလွန်ကျောင်းမှ ဆရာတစ်ဦးက ၎င်း၏ ကျောင်းသူ/သားများ နိုင်ငံရေးသင်ရိုးနှင့် ပတ်သက်ပြီး မည်မျှ သိရှိထားပြီးဖြစ်ကြောင်း သိလိုသည်။

(ဃ) Pre-intermediate အင်္ဂလိပ်စာ သင်တန်းတစ်ခုမှ ဆရာမတစ်ဦးက ၎င်း၏ ကျောင်းသူ/သားများ သင်ယူမှုအားသန်ပုံအမျိုးမျိုး မည်သို့ရှိကြောင်း၊ အခြေခံမည်မျှ ရှိနှင့်ပြီးဖြစ်ကြောင်း သိလိုသည်။

(င) အထက်တန်းကျောင်း ကျောင်းအုပ်ဆရာသစ်တစ်ဦးက ၎င်း၏ကျောင်းမှ ကျောင်းသူ/သား ၂၀၀ လုံး၏ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုပိုင်းဆိုင်ရာ လိုအပ်ချက်များအကြောင်းကို သိရှိလိုသည်။

**လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် နည်းလမ်းများ**

- သင်တန်းအကြို စစ်ဆေးခြင်း
- သင်ယူသူ စစ်တမ်း
- သင်ယူသူ လူတွေ့ မေးမြန်းခြင်း
- ဆွေးနွေးပွဲများ
- လေ့လာ စောင့်ကြည့်ခြင်း

## လုပ်ငန်းစဉ်

**ဃ** မိမိသင်ကြားမည့် သင်တန်းတစ်ခုအတွက် လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် အစီအစဉ်တစ်ခု ရေးဆွဲပါ။

၁။ အဆင့်တစ်ခုစီအတွက် အောက်ပါမေးခွန်းများ ဖြေဆိုပါ။

| | |
|---|---|
| အဆင့် ၁ - မိမိကျောင်းသူ/သားများအကြောင်း ဘာကို သိရှိလိုသနည်း။ | |
| အဆင့် ၂ - မည်သည့် လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် နည်းလမ်းများကို အသုံးပြုမည်နည်း။ | |
| အဆင့် ၃ - လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်ကို မည်သည့်အချိန် ဆောင်ရွက်မည်နည်း။ | |
| အဆင့် ၄ - လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်ကို မည်သည့် နည်းလမ်းဖြင့် ဆောင်ရွက်မည်နည်း။ | |

၂။ အစီအစဉ်အကြမ်း ရေးဆွဲဖန်တီးပါ။ ဥပမာအားဖြင့် အဖြေအမျိုးမျိုးအနက် တစ်ခုရွေးရသော မေးခွန်းများ၊ လူတွေ့ မေးမြန်းခြင်း မေးခွန်းများ ဖန်တီးရေးသားရမည်ဖြစ်သည်။

# လိုအပ်ချက်

# ဆန်းစစ်အကဲဖြတ်ချက် အသုံးပြုခြင်း



လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်တစ်ခု အပြီးတွင် ဆရာ/မက စာသင်ခန်းပတ်ဝန်းကျင်၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားပုံတို့ကို ပြုပြင်ပြောင်းလဲခြင်းအားဖြင့် ကျောင်းသူ/သားအားလုံး အကျိုးဝင်အောင် ဆောင်ရွက်နိုင်သည်။ သင်ယူသူ လိုအပ်ချက်များက ဆရာ/မများ၏ သင်ကြားပုံကို လွှမ်းမိုးသက်ရောက်နိုင်မှု ရှိရမည်။ အကယ်၍ ပညာရေးကို ကျောင်းသူ/သား အားလုံးအကျိုးဝင်အောင် ဆောင်ရွက်ရန် ရည်ရွယ်ပါက ဆရာ/မသည် သင်ရိုးညွှန်းတမ်း၊ သင်ကြားရေးနည်းလမ်း၊ စာသင်ခန်း ပတ်ဝန်းကျင်စသည်တို့ကို အားလုံးနှင့် ဆီလျော်ကိုက်ညီအောင် ပုံဖော်ဆောင်ရွက်ခြင်း လုပ်ဆောင်သင့်ပါသည်။ သင်ယူသူ လိုအပ်ချက်များက ဆရာ/မများ၏ သင်ကြားပုံကို လွှမ်းမိုးသက်ရောက်နိုင်မှု ရှိရမည်။



လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် လုပ်ဆောင်ပြီးပါက ဆရာ/မသည် ရလဒ်များကို ခွဲခြမ်းစိတ်ဖြာရမည်။ အချက်အလက် ပုံစံများကိုကြည့်ပြီး မည်သည်တို့မှာ အရေးအပါဆုံး၊ စိတ်ဝင်စားစရာ အကောင်းဆုံး အချက်အလက်များဖြစ်ကြောင်း လေ့လာသုံးသပ်ရမည်။ မိမိကျောင်းသူ/သားများအကြောင်း မည်သည်တို့ ဖော်ထုတ်သိရှိပြီးကြောင်း ဆရာ/မက မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ရမည်။



စာသင်ခန်းတွင်းမှ သင်ယူသူတစ်ဦးချင်းစီအတွက် ကျောင်းသားကိုယ်ရေးအချက်အလက် စုစည်းမှုတစ်ခု ရရှိအောင် ဆရာ/မများက ဆောင်ရွက်ရမည်ဖြစ်သည်။ ကျောင်းသားကိုယ်ရေးအချက်အလက် စုစည်းမှုတွင် ကျောင်းသားတိုင်း၏ တစ်ဦးချင်း စွမ်းရည်များ၊ စိတ်ဝင်စားမှုများ၊ လိုအပ်ချက်များ၊ သင်ယူမှုပုံစံများ ပါဝင်နိုင်ပါသည်။ အတန်းကိုယ်ရေးအချက်အလက် စုစည်းမှုတစ်ရပ် ဖန်တီးရာတွင်လည်း ဤအချက်အလက်များက အသုံးဝင်နိုင်သည်။ တစ်တန်းလုံးအတွက် ယေဘုယျ အကျဉ်းချုပ်တစ်ခု ထားရှိနိုင်ခြင်းဖြစ်သည်။ မိမိသင်ကြားရမည့် ကျောင်းသားအုပ်စု တစ်စုလုံး၏ အားသာချက်များ၊ အားနည်းချက်များ၊ လိုအပ်ချက်များကို အကျဉ်းချုပ်ပေးထားမည့် အချက်အလက် စုစည်းမှုတစ်ရပ် ဖြစ်ပါလိမ့်မည်။ ကျောင်းသားကိုယ်ရေးအချက်အလက် စုစည်းမှုနှင့် အတန်းလိုက် ကိုယ်ရေးအချက်အလက် စုစည်းမှုများတွင်ပါသော အချက်အလက်များကို အသုံးပြုပြီး မိမိသင်ကြားမည့်ပုံစံကို အစီအစဉ် ရေးဆွဲနိုင်ပါသည်။

## လုပ်ငန်းစဉ်

**င** လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် ရလဒ်များအပေါ် မူတည်ပြီး ဆရာ/မများက ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ခဲ့သည့် သာဓကများကို ဖတ်ပါ။ သာဓကတစ်ခုစီအတွက် ၎င်းတို့သည် သင့်လျော်မှု ရှိသည် မရှိသည်ကို ဆုံးဖြတ်ပြီး အကြောင်းပြချက်ပေးပါ။

၁ အင်္ဂလိပ်စာ သင်တန်းအစတွင် ကျောင်းသူ/သားများက စာမေးပွဲတစ်ခုကို ဖြေဆိုရသည်။ ထို့နောက် ဆရာက အတန်းကို နှစ်ဖွဲ့ခွဲလိုက်သည်။ အားနည်းသည့် ကျောင်းသားအုပ်စုနှင့် သွက်လက်သော ကျောင်းသားအုပ်စုဟူ၍ဖြစ်သည်။

၂ ဆရာမတစ်ဦး သင်ကြားနေသည့် သိပ္ပံ သင်ရိုးညွှန်းတမ်းမှာ အလွန်ခက်သောကြောင့် ကျောင်းသူ/သားများက များသောအားဖြင့် သင်ခန်းစာ၏ အဓိကအပိုင်းများကို နားမလည်ကြပေ။ ၎င်းအနေနှင့် သင်ရိုးညွှန်းတမ်းကို မပြောင်းနိုင်ပါ။ သို့ရာတွင် သင်ကြားပုံကိုလည်းကောင်း ကျောင်းသူ/သားများအတွက် စာမေးပွဲများ ပြင်ဆင်ပုံကိုလည်းကောင်း ပြောင်းလဲခြင်းလည်း မရှိပါ။

၃ သင်ကြားချိန် တစ်လခန့် ကြာမြင့်အပြီးတွင်၊ ဆရာတစ်ဦးက သတိပြုမိသည်မှာ ၎င်း၏ ကျောင်းသူ/သားများက သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သည့် သင်ခန်းစာ အယူအဆများကို သိပ်နားမလည်ကြပေ။ အဘယ့်ကြောင့်ဆိုသော် သင်ရိုးစာအုပ်တွင်ပါသော နမူနာအများစုမှာ နိုင်ငံခြား တိုင်းပြည်များမှ ဖြစ်ရပ်များ ဖြစ်နေခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် ဒုတိယလပိုင်းတွင် ဆရာက အဓိက အယူအဆများကို ပြည်တွင်းထုတ် ပြဌာန်း စာအုပ်ပါ နမူနာများကိုသာသုံး၍ သင်ကြားရန် ဆုံးဖြတ်လိုက်သည်။ ထိုနမူနာများမှာ ကျောင်းသူ/သားများ၏ ဒေသရပ်ရွာများတွင် ဖြစ်ပျက်နေသည်တို့နှင့် ဆက်စပ်မှု ရှိသောကြောင့် ဖြစ်သည်။

၄ မြန်မာဘာသာရပ်သင်သော ဆရာမတစ်ဦးက ၎င်း၏ ကျောင်းသူ/သားအချို့မှာ မြန်မာဘာသာစကား ကျွမ်းကျင်မှု အားနည်းကြောင်း သတိပြုမိသည်။ ထိုအခါ ဆရာမက ကျောင်းသားများ မြန်မာစကား မြန်မြန်တတ်စေရန် ရည်ရွယ်ပြီး စာသင်ခန်းအတွင်း မြန်မာစကားသာ ပြောရန်နှင့် မိခင်ဘာသာစကား အသုံးပြု ပြောဆိုပါက ပူးပေါင်းပါဝင်မှု အမှတ်လျှော့သည့်စနစ် ထားရှိလိုက်သည်။

၅ ကျောင်းသူ/သားများကို မိမိတို့ဘာသာ အဖွဲ့ဖွဲ့ခိုင်းပါက အဆင်မပြေကြောင်း ဆရာမက တွေ့ရှိသွားသည်။ ယခုမူ ၎င်းက ကျောင်းသားများကို ကျပန်းအဖွဲ့ ဖွဲ့ပေးသည်။



၆ ပထမဆုံးကျောင်းချိန် ရက်သတ္တပတ် အနည်းငယ်တွင် ဆရာက ကျောင်းသားအချို့ကို သတိပြုမိသည်။ မေးခွန်းမေးတိုင်း ၎င်းတို့က အမြန်ဆုံး ထင်မြင်ချက်ပေးဖြေဆိုသည်။ ဝင်ခွင့်တွင်လည်း အမှတ်အများဆုံး ရထားကြသည်။ ထိုအချိန်မှစပြီး ဆရာက စာသင်ခန်းတွင်း မေးစရာရှိတိုင်း ထိုကျောင်းသားများကို အရင်ဆုံးဖြေဆိုခွင့်ပေးသည်။

၇ နိုင်ငံသားပညာရေး သင်ရိုးတစ်ခုတွင်၊ ကျောင်းသူ/သားအချို့က အရပ်ဘက်အဖွဲ့အစည်း များနှင့် အလုပ်လုပ်ဖူးသော အတွေ့အကြုံ ရှိကြကြောင်း ဆရာမက သိရှိသွားသည်။ ထို့ကြောင့် သင်ရိုးတစ်လျှောက်တွင် ဆရာမက ထိုကျောင်းသား များ၏ အတွေ့အကြုံနှင့် သင်ခန်းစာခေါင်းစဉ်တို့ ဆက်စပ်မှုရှိပါက ၎င်းတို့ကို အတွေ့အကြုံ မျှဝေခိုင်းသည်။

၈ ဆရာမက ၎င်း၏ လုပ်ဖော်ကိုင်ဖက်ထံမှ ကျောင်းသူ/သားများအကြောင်း ကြားသိ လိုက်သည်။ ပြီးခဲ့သည့် နှစ်က ဤအတန်းမှ ကျောင်းသူ/သားများက အချင်းချင်း အနိုင်ကျင့်ခြင်း ရှိခဲ့ကြကြောင်းဖြစ်သည်။ ထို့ကြောင့် သင်တန်း ပထမပတ်တွင် ဆရာမက အကြမ်းမဖက် ဆက်သွယ် ဆက်ဆံရေးနှင့် ပတ်သက်သော သင်တန်းတစ်ခု အရင်ဆုံးပို့ချသည်။

## လုပ်ငန်းစဉ်

၁ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် ရလဒ်များအပေါ် မူတည်ပြီး မည်သည့် အပြောင်းအလဲများကို ဆရာ/မက ဖော်ဆောင်နိုင်ခြေ ရှိသနည်း။ ဤသာဓကများကို အဖွဲ့လိုက် ဆွေးနွေးပြီး အကြံပြုချက်များပေးပါ။

၁။ ကျောင်းသားတစ်ဦးက ခြေထောက် အနည်းငယ်ဆာသည်။ မပြေးနိုင်။

၂။ ကျောင်းသူ/သားအချို့က မွန်ကျေးရွာ အချို့မှလာပြီး ကျန်သည့် ကျောင်းသူ/သားများက မြို့ပြဗမာများ ဖြစ်ကြသည်။

၃။ ကျောင်းသူ/သား ၅ ဦးက မျက်မှန် တပ်ရသူများ ဖြစ်သည်။

၄။ ဆရာက စာအရှည်ကြီးများ ရှင်းပြသောအခါ ကျောင်းသူ/သား အများစု ပျင်းရိငြီးငွေ့လာကြသည်။

၅။ ကျောင်းသားအချို့က အဖွဲ့လိုက် လုပ်ငန်းစဉ်များကို မကြိုက်ကြပေ။

၆။ စာသင်ခန်းတွင်း နေးသော ကျောင်းသား၊ သွက်သော ကျောင်းသားများ ရောနှော ပါဝင်နေသည်။

၇။ ကျောင်းသားတစ်ဦးက (၂) နှစ်ခန့် အဝေးရောက် ပြီးမှ ပြန်ပေါ်လာသူ ဖြစ်သည်။

၈။ ကျောင်းသူ/သားများက လွှတ်တော်များ အလုပ်လုပ်ပုံကို သင်ယူ သိရှိလိုကြသည်။

၉။ ကျောင်းသူ/သား အများစုက မြန်မာဘာသာစကား ကျွမ်းကျင်မှု အားနည်းသည်။

၁၀။ ကျောင်းသူ/သားအချို့က ပုဂ္ဂလိက ဘာသာစကား သင်တန်းများ တက်ထား ကြသည်။ အချို့က ထိုသင်တန်းများကို တက်ရန် ငွေမရှိကြပါ။

## လုပ်ငန်းစဉ်

**၁** အောက်ပါ ကျောင်းသား ကိုယ်ရေးအချက်အလက်များကို ကြည့်ပြီး အဆင့်မြင့်ပညာရေး အစီအစဉ်တစ်ခုမှ ဆရာ မှတ်စုများကို ဖတ်ပါ။ ထို့နောက် အတန်းတွင်း ကျောင်းသားအားလုံး၏ အချက်အလက်များကို အကျဉ်းချုပ် စုစည်းပြီး အတန်းကိုယ်ရေးအချက်အလက် စုစည်းမှုတစ်ခု ပြုလုပ်ပါ။ ဤသင်ရိုးအတွက် ဆရာ/မတစ်ဦးအနေနှင့် မည်သည့် ပန်းတိုင်များထားရှိကြောင်း အစီအစဉ်များထားရှိကြောင်း ထည့်သွင်းပါ။

| အမည်၊ ဂျန်ဒါ၊ အသက် | မိခင်ဘာသာစကား | ဆေးဘက်ဆိုင်ရာ မှတ်ချက် | စိတ်ဝင်စားမှုနှင့် စေ့ဆော်မှု တွန်းအား | သင်ယူမှု ပတ်ဝန်းကျင် အခင်းအကျင်း | အခြားမှတ်ချက်များ |
|---|---|---|---|---|---|
| ခင်စန္ဒာ<br>မ<br>၁၇ | မြန်မာ | | သမိုင်း၊ အင်္ဂလိပ်စာ၊ စာဖတ်အားကောင်း | တစ်ဦးတည်း အလုပ်လုပ်ရခြင်းကြိုက် | မိသားစုက အောင်မြင်မှု ရအောင် ဖိအားပေး၊ မိဘက ကျောင်းကို ခဏခဏလာကြည့် |
| နိုင်ဝင်း<br>ကျား<br>၂၂ | တရုတ်၊ ဗမာ | မျက်မှန်တပ် | ထိုင်းနိုင်ငံတွင် ပညာရေး ဆက်တက်လို | အဖွဲ့လိုက် လုပ်ငန်းများကြိုက် | မိဘမဲ့၊ ညီငယ်ကို စောင့်ရှောက်နေသူ |
| ထွန်းထွန်း<br>ကျား<br>၂၀ | ပိုးကရင် | အာရုံ ကြာကြာ မစိုက်နိုင် | တိုင်းရင်းသား နိုင်ငံရေးပါတီ အတွက် အလုပ်လုပ်နေ | အဖွဲ့လိုက် လုပ်ငန်းများကြိုက်၊ စကားများ | ကားတစ်စီးရှိ၊ နောက်နှစ် အိမ်ထောင်ပြုမည်၊ အမြဲဖုန်းကြည့်တတ် |
| လူးရယ်<br>ကျား<br>၂၀ | ကယား၊ မြန်မာ | ခြေထောက် တစ်ဖက်ဆာ | ဂီတသမားဖြစ်လို | အချစ်ဆုံးမိတ်ဆွေ နှစ်ယောက်နဲ့ အမြဲ အဖွဲ့ကျလို | အဖိုးက ရွာသူကြီး |
| မေ<br>မ<br>၂၀ | မြန်မာ | ပန်းနာရှိ | "မိသားစု ဂုဏ်ယူရသော သမီး" | အဖွဲ့လိုက် လုပ်ငန်းများကြိုက် | စာသင်ခန်းအတွင်း စကား ပြောရန် ယုံကြည်မှုသိပ်မရှိ၊ ပုံဆွဲတော်၊ ဖုန်းအမြဲ ကြည့်ရန် ကြိုးစား |
| ထူးအောင်<br>ကျား<br>၂၈ | စကောကရင် | မျက်မှန်တပ် | "လုပ်ငန်းခွင် ကျွမ်းကျင်မှုများ တည်ဆောက်နေသူ" | တစ်ဦးချင်း အလုပ်များကြိုက် | လုပ်သက် ၁၀ နှစ်ခန့်ရှိ၊ အခြားကျောင်းသားများကို ကူတတ် |
| ဂျိမ်းစ်<br>ကျား<br>၁၉ | စကောကရင်၊ မြန်မာ | မျက်မှန် ရှိသော်လည်း မတပ် | သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူ | အချို့ကျောင်းသားများ နှင့်သာ တည့် | ဒေါသကြီး၊ ရန်ခဏခဏ ဖြစ်တတ်၊ သီချင်းဆိုတာကြိုက် |
| လှဟန်<br>မ<br>၂၁ | ရှမ်း၊ ကယန်း၊ မြန်မာ | | အားကစားနှင့် သဘာဝကိုကြိုက် | အခြား ကျောင်းသူများ နှင့်သာ အလုပ်လုပ်လို | အင်္ဂလိပ်စာ ကျွမ်းကျင်မှု အားနည်း၊ အလွန် ကြိုးစားသူဖြစ် |
| မန်းထွန်း<br>မ<br>၁၈ | စကောကရင်၊ ပိုးကရင် | အကြားအာရုံ အားနည်း | သတင်းဖတ်ရ သည်ကို ကြိုက်၊ ဆရာမဖြစ်လို | အဖွဲ့လိုက် လုပ်ငန်းများကြိုက် | ကွန်ပျူတာကျွမ်း |

## ဆရာမှတ်စုများ (စာသင်ချိန် နှစ်ပတ်အပြီး)

- သင်ယူသူများက နိုင်ငံရေးနှင့် ဒီမိုကရေစီအကြောင်း နောက်ခံဗဟုသုတ နည်းကြသည်။
- ဆရာရှင်းပြသည်ကို နားထောင်ရပါက အလွယ်တကူ ငြီးငွေ့တတ်ကြသည်။
- ပါဝါပွိုင့်များနှင့် ဗီဒီယိုများ ကြိုက်ကြသည်။
- ကျောင်းသူ/သားအများစုက အထက်တန်း အတူတက်ခဲ့သောကြောင့် အချင်းချင်း သိထားပြီးဖြစ်ကြသည်။
- အချို့ ကျောင်းသူ/သားများက အင်္ဂလိပ်စာအဆင့် elementary ဖြစ်ပြီး အချို့က pre-intermediate အဆင့် ရှိကြသည်။
- အချို့ ကျောင်းသူ/သားများက အပြိုင်အဆိုင် လုပ်ငန်းစဉ်များ မကြိုက်။
- များသောအားဖြင့် အင်္ဂလိပ်စာ အချိန်တွင် အမှားအယွင်း ပြောမိပါက ရှက်တတ်ကြသည်။
- လူမှုသိပ္ပံ စာသင်ခန်းများတွင် ဗမာစကားဖြင့် ဆွေးနွေးရသည်ကို ပိုနှစ်သက်ကြသည်။
- မိမိတို့ ထင်မြင်ချက်များ ပေးရသည်ကို အခက်တွေ့သော်လည်း၊ အပိတ်မေးခွန်းများကို အလွယ်တကူ ဖြေလိုကြသည်။
- နေ့လည်ပိုင်းတွင် အချို့က အတော်အိပ်ငိုက်တတ်သည်။
- ကျောင်းသူ/သားအများစုက အဖွဲ့လိုက် လုပ်ငန်းစဉ်များ လုပ်ဆောင်ရသည်ကို နှစ်သက်ကြသည်။
- မှတ်စုလိုက်မှတ်ရခြင်း၊ သင်ပုန်းမှ စာကူးရခြင်းကို အချို့က သိပ်မလုပ်တတ်ကြ။
- ဇယားကွက်များ၊ သရုပ်ဖော်ပုံများ နှစ်သက်တတ်ကြသည်။
- စာအုပ်မှ ဖတ်ရခြင်း သပ်သပ်ဆိုပါက အများစုက မနှစ်သက်တတ်ကြ။
- ကျောင်းသားအနည်းငယ်က မှတ်စုများတွင် ပုံဆွဲရသည်ကို နှစ်သက်တတ်သည်။ အားလုံးက မိမိသင်ယူမှုကို မိမိ ပိုစတာများ အပေါ် ပုံဆွဲတင်ရသည်ကို နှစ်သက်ကြသည်။
- တစ်ဦးစီ အလုပ်လုပ်နေပါက အနေးအမြန် မတူကြ။ ပိုနေးသော ကျောင်းသားများကို သေချာစောင့်ကြည့်ပြီး အကူအညီပေးရန် အမြဲလိုအပ်။

| အတန်းကိုယ်ရေးအချက်အလက်များ | | | |
|---|---|---|---|
| အတန်းအားသာချက်များ | | အတန်း၏ လိုအပ်ချက်များ | |
| ပန်းတိုင်များ | | အနာဂတ် အစီအစဉ်များ | |
| သင်ယူမှုဆိုင်ရာ လိုအပ်ချက်များ | | | |
| သိမှုဆိုင်ရာ | လူမှုဆိုင်ရာ | စိတ်ပိုင်းသက်ရောက်မှုဆိုင်ရာ | ရုပ်ပိုင်းဆိုင်ရာ |
| | | | |

## လုပ်ငန်းစဉ်

**၉** မိမိ မကြာသေးမီက သင်ကြားဖူးသော ကျောင်းသူ/သားများနှင့် စာသင်ခန်းများအကြောင်း ပြန်စဉ်းစားပါ။

၁။ ကျောင်းသူ/သား ၃ ဦး၏ ကိုယ်ရေးအချက်အလက် စုစည်းမှုများ ဖန်တီးပါ။

| အမည်၊ ဂျန်ဒါ၊ အသက် | မိခင်ဘာသာစကား | ဆေးဘက်ဆိုင်ရာ မှတ်ချက် | စိတ်ဝင်စားမှုနှင့် စေ့ဆော်မှုတွန်းအား | သင်ယူမှု ပတ်ဝန်းကျင် အခင်းအကျင်း | အခြားမှတ်ချက်များ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |

၂။ အတန်းတစ်တန်းအတွက် အတန်းကိုယ်ရေး အချက်အလက် စုစည်းမှုတစ်ခုပြုလုပ်ပါ။ စာမျက်နှာ ၉၆ ကဲ့သို့ ဇယားကွက်တစ်ခု ဖန်တီးပြီးဖြည့်ပါ။

## လုပ်ငန်းစဉ်

**၁၀** တစ်ဖက်ပါ စာမျက်နှာမှ သာဓကကို ဖတ်ပါ။

၁။ အောက်ပါတို့မှ မည်သည့် ဝေါဟာရများသည် သာဓကအတွင်းမှ အချက်အလက်များနှင့် ချိတ်ဆက်မှု ရှိပါသနည်း။

- က။ သိမှုဆိုင်ရာ လိုအပ်ချက်
- ခ။ လူမှုဆိုင်ရာ လိုအပ်ချက်
- ဂ။ စိတ်ပိုင်းသက်ရောက်မှုဆိုင်ရာ လိုအပ်ချက်
- ဃ။ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်
- င။ စေ့ဆော်မှုတွန်းအား
- စ။ အားလုံး အကျုံးဝင်မှု
- ဆ။ စိတ်နေစိတ်ထားဆိုင်ရာ အဟန့်အတား
- ဇ။ ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများ
- ဈ။ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်
- ည။ လိုအပ်ချက် ခွဲခြမ်းစိတ်ဖြာချက်
- ဋ။ ကျောင်းသားကိုယ်ရေးအချက်အလက် စုစည်းမှု
- ဌ။ အတန်းကိုယ်ရေးအချက်အလက် စုစည်းမှု

၂။ ECDC က ကျောင်းအုပ်များ၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ/မများနှင့် အစိုးရအရာရှိများကို အဘယ့်ကြောင့် အသိအမြင် မြှင့်တင်ခြင်း သင်တန်းများ ပေးသည်ဟု ထင်ပါသနည်း။ ထိုဆောင်ရွက်ချက်၏ ရေရှည် သက်ရောက်မှုက မည်သည်တို့ ဖြစ်နိုင်သနည်း။

၃။ ဤစာသားနှင့် ချိတ်ဆက်မှုရှိသော အတွေ့အကြုံတစ်ခုခု ရှိပါသလား။ အဖွဲ့လိုက်ဖြစ်စေ၊ အတန်းလိုက်ဖြစ်စေ ဆွေးနွေးပါ။

# သာဓက လေ့လာချက်

## မြန်မာနိုင်ငံအတွင်း အားလုံး အကျုံးဝင်ပညာရေးဆီသို့ ခရီးလမ်း

ဒေင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံ ECDC သည် မြန်မာနိုင်ငံအတွင်း အားလုံးအကျုံးဝင်ပညာရေး ရရှိရေးအတွက် နှစ်ပေါင်းများစွာ ရပ်တည်အရေးဆိုမှု ပြုလုပ်နေခဲ့ပြီးဖြစ်သည်။ ECDC က အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ရည်ပိုင်းဆိုင်ရာ မသန်စွမ်းမှုရှိသော ကလေးသူငယ်များကို ပြုစုစောင့်ရှောက်သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် ဧပြီလတွင် ဦးထာအုပ်နှင့် ဒေါ်လီလီယန်ကြီးတို့က တည်ထောင်ခဲ့သော အဖွဲ့ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ အစိုးရကျောင်းများကို မသန်စွမ်းကလေးသူငယ်များ လက်လှမ်းမီမှု မြင့်တက်လာအောင် ဆောင်ရွက်ခဲ့ကြပါသည်။ အားလုံးအကျုံးဝင်ပညာရေး၊ မသန်စွမ်းမှုတို့နှင့် စပ်လျဉ်းသော အသိအမြင်ဖွင့် သင်တန်းများ၊ အတွေ့အကြုံမျှဝေသော ဆွေးနွေးပွဲများကို ကျောင်းအုပ်များ၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ/မများ၊ လူမှုဖူလုံရေးဌာနမှ အရာရှိများအတွက် အောင်မြင်စွာ ပို့ချမျှဝေနိုင်ခဲ့သည်။ ကလေးသူငယ်များအတွက် သင်ထောက်ကူများ၊ သွားလာလှုပ်ရှားမှု အထောက်အကူပြု စက်ပစ္စည်းများကိုလည်း ထောက်ပံ့ပေးနိုင်ခဲ့သည်။

မောင်စိုင်းဝင်းဌေးသည် ကိုယ်ကာယပိုင်း မသန်စွမ်းမှုအချို့ရှိပြီး ECDC ၏ အထောက်အပံ့ရရှိသူဖြစ်သည်။ ECDC က ၎င်းကို ဘီးတပ်ကုလားထိုင်တစ်ခု ပေးအပ်ထားပြီး ၎င်းတက်သောကျောင်းတွင်လည်း ပြင်ဆင်မှုများ ပြုလုပ်ပေးထားသောကြောင့် ဘီးတပ်ကုလားထိုင် သုံးနိုင်သော လျှောက်လမ်းများ၊ သင့်တော်ကိုက်ညီမှုရှိသော အိမ်သာတပ်ဆင်မှုများ ရှိထားပါသည်။ ထို့ပြင် ၎င်းနေမကောင်းပါက ဒေသကျန်းမာရေး ဆေးခန်းသွားနိုင်အောင်လည်း ECDC က ထောက်ပံ့ပေးထားသည်။ ဆရာ/မ၊ ကျောင်းသူ/သားများ၊ မိဘများ၊ ရပ်ရွာခေါင်းဆောင်များအကြားတွင် အားလုံးအကျုံးဝင်ပညာရေးအကြောင်း သိရှိနားလည်မှုရှိစေရန်လည်း ECDC က အသိအမြင်ဖွင့် အစီအစဉ်များ ဆောင်ရွက်ခဲ့သည်။ ၎င်းလှုပ်ရှားမှုများကြောင့် မောင်စိုင်းဝင်းဌေးတစ်ဦးက ကျောင်းကို လက်လှမ်းမီခြင်း၊ ကျောင်းဆက်နေနိုင်ခြင်း ရှိခဲ့ရသည်။ မဟုတ်ပါက အိမ်တွင်သာနေခဲ့ရမည့် အခြေအနေရှိခဲ့ပါသည်။ လက်ရှိ ၎င်း၏ ရပ်ရွာအတွင်းတွင် ဘီးတပ်ကုလားထိုင်နှင့် ကျောင်းတက်ခြင်းကို ထူးဆန်းသည်ဟု မထင်ကြတော့ပါ။ ၎င်း၏ ဆရာ/မများသည်လည်း မသန်စွမ်းမှုအကြောင်း သိနားလည်ထားကြပြီး အခြားမသန်စွမ်းကျောင်းသူ/သားများကိုလည်း ကျောင်းသို့ ကြိုဆိုရန် အဆင်သင့်ဖြစ်နေကြပါသည်။

https://www.eenet.org.uk/enabling-education-review/enabling-education-review-2/eer-2/2-14 မှ ဆီလျော်အောင် ပြန်ဆိုသည်။



## ဆွေးနွေးချက်

**ည** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် တစ်ခု ပြုလုပ်ရာတွင် အခက်ခဲဆုံး အရာက ဘာဖြစ်မည်ဟု ထင်ပါသနည်း။






၂။ ကျောင်းအုပ်များ၊ အခြား သက်ဆိုင်သူများ (ဥပမာ - မိဘ၊ ရပ်ရွာခေါင်းဆောင်များ) စသူတို့ကို လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်တွင် ပါဝင်အောင် မည်သို့ လုပ်ဆောင်နိုင်မည်နည်း။

၃။ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်အတွက် မည်သည့်ရင်းမြစ်များ လိုအပ်သနည်း။ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် အပြီးတွင် လိုအပ်သည့် အပြောင်းအလဲများ ဆောင်ရွက်နိုင်ရန် ဆရာ/မ လိုအပ်သည့် ရင်းမြစ်များမှာ အဘယ်တို့နည်း။





## ပြန်လှန်သုံးသပ်ခြင်း

**၄** နေ့စဉ်သုံးသပ်ချက် မှတ်တမ်းတွင် . . .

၁။ ဤအခန်းတွင် သင်ယူ ရရှိခဲ့သော အရာများအနက် မိမိအတွက် အရေးပါသော အရာတစ်ခုကို ဖော်ပြပါ။

၂။ မိမိအတွက် အဘယ့်ကြောင့် အရေးပါခြင်း ဖြစ်သနည်း။

၃။ ဤခေါင်းစဉ်အကြောင်း သင်ယူသိရှိသွားခြင်းကြောင့် သင်ကြားရေးအပေါ် မိမိ၏ အမြင်တစ်စုံတစ်ရာ ပြောင်းလဲခြင်း မည်သို့ ရှိပါသနည်း။

၄။ မိမိ၏ သင်ကြားရေး ပုံစံကိုရော တစ်စုံတစ်ရာ ပြောင်းလဲစေလိုခြင်း ရှိလာပါသလား။ မိမိ၏ သင်ကြားပုံကို မည်သို့ ပြောင်းလဲမည်နည်း။

### အကျဉ်းချုပ် - အခန်း (၄) သင်ယူသူ လိုအပ်ချက်များ

ကျောင်းသူ/သားတစ်ဦးစီသည် အတူမရှိသည့် ကွဲပြားသည့် ပုဂ္ဂိုလ်တစ်ဦးစီဖြစ်သည်။ ကျောင်းသူ/သားတစ်ဦးစီသည် ၎င်းတို့ကိုယ်ပိုင် စေ့ဆော်မှုတွန်းအားများ၊ လိုအပ်ချက်များနှင့် စာသင်ခန်းသို့ ရောက်လာသူများဖြစ်သည်။ မိမိကျောင်းသူ/သားများသည် သင်ယူမှုနှင့် စပ်လျဉ်း၍ ၎င်းတို့ကိုယ်ပိုင် ရေတိုရေရှည်ပန်းတိုင်များ၊ ကိုယ်ပိုင်အတွင်းစွဲနှင့် အပြင်စွဲ စေ့ဆော်မှုတွန်းအားများ ရှိကြလိမ့်မည်။ ၎င်းတို့၏ တစ်ဦးချင်း သီးသန့် သိမှုဆိုင်ရာ၊ လူမှုဆိုင်ရာ၊ စိတ်ပိုင်းသက်ရောက်မှုဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များလည်း ရှိကြလိမ့်မည်။

ဆရာ/မများအနေနှင့် မိမိတို့ စာသင်ခန်းများ ကျောင်းများကို အားလုံးအကျုံးဝင်အောင် စီစဉ်ရန်အရေးကြီးပါသည်။ ဆိုလိုသည်မှာ စိတ်နေစိတ်ထားဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကို လျှော့ချဖယ်ရှားရန် ဆရာ/မများ ကြိုးစား လုပ်ဆောင်သင့်ကြောင်းပင်ဖြစ်သည်။

မိမိကျောင်းသူ/သားများအကြောင်းကို ပိုမိုသိရှိသည်ဆိုပါက ဆရာ/မတစ်ဦးအနေနှင့် ၎င်းတို့ သင်ယူမှု အတွေ့အကြုံများ ပိုမိုအဓိပ္ပာယ်ပြည့်ဝအောင် ကူညီနိုင်မည်ဖြစ်ပါသည်။ မိမိကျောင်းသူ/သားများနှင့် ချိတ်ဆက်ဆက်သွယ်မှု ဖော်ဆောင်နိုင်ခြင်းက ဆရာ/မများအနေနှင့် လုပ်ဆောင်သင့်သော အရေးအကြီးဆုံးအရာတစ်ခု ဖြစ်ပါသည်။ ၎င်းတို့အကြောင်း၊ ၎င်းတို့ နောက်ခံများအကြောင်း၊ အခြားသူများနှင့် ဆက်ဆံရေးများအကြောင်း၊ နှစ်သက်မှု မနှစ်သက်မှုများအကြောင်း၊ ပန်းတိုင်များ၊ သင်ယူမှု အားသန်ပုံများအကြောင်း နားလည်အောင် လေ့လာခြင်းအားဖြင့် ချိတ်ဆက်မှု ဖော်ဆောင်နိုင်သည်။ ထိုနားလည် ချိတ်ဆက်မှုမှတစ်ဆင့် ၎င်းတို့၏ သင်ယူမှုကို ပိုမိုတစ်ကိုယ်ရေဆန်သော နည်းလမ်းပုံစံများနှင့် လမ်းညွှန်ခြင်း၊ ပံ့ပိုးခြင်း၊ စီမံခန့်ခွဲခြင်းများ ဆောင်ရွက်နိုင်ရန် သင်ကြားရေး လုပ်ငန်းစဉ်များ ဖန်တီးနိုင်မည်ဖြစ်သည်။

သင်ရိုးတစ်ခုကို သင်ကြားရန် ကြိုတင်ပြင်ဆင်ရန် နည်းလမ်းကောင်းတစ်ခုမှာ သင်ရိုးအစတွင် (သို့မဟုတ် သင်ရိုးမစမီတွင်) လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်တစ်ခုကို ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရန် စစ်တမ်းများ၊ သင်တန်းအကြို စစ်ဆေးခြင်းများ၊ လူတွေ့မေးမြန်းခြင်း၊ လေ့လာစောင့်ကြည့်ခြင်းနှင့် ပိုမိုရင်းနှီးအောင် မေးမြန်းခြင်းများကို အသုံးပြုနိုင်ပါသည်။





# ၇ အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်များ

## ရည်ရွယ်ချက်များ

- ကျောင်းသူ/သားများ ဘေးကင်းလုံခြုံ၊ သက်သောင့်သက်သာဖြစ်ပြီး သင်ယူရန် စိတ်အားထက်သန်မှုရှိသော သင်ကြား သင်ယူမှုဝန်းကျင်များ ဖန်တီးခြင်းကို ဆရာအတတ်သင် သင်တန်းသားများက လေ့ကျင့်ရန်။
- ဆရာအတတ်သင် သင်တန်းသားများက အပြုသဘောဆောင်သော စာသင်ခန်းတွင်း အလေ့အထများ ဖော်ဆောင်ရေး လမ်းညွှန်ချက်များကို အသုံးပြုပြီး သင်ကြား သင်ယူမှုဝန်းကျင်များ ပြုပြင်ပြောင်းလဲခြင်းကို ဆောင်ရွက်ကြရန်။
- ဆရာအတတ်သင် သင်တန်းသားများသည် ဤသင်ရိုးစာအုပ်တွင် သင်ယူရရှိခဲ့သည်တို့ကို ပြန်လှန်သုံးသပ်ခြင်းပြုကြရန်။

# ၅.၁ စာသင်ခန်းပတ်ဝန်းကျင်

## အကြံပြုသင်ခန်းစာ

**က** အောက်ပါ ခုံနေရာချပုံအမျိုးမျိုးကို ရှုထောင့်အမျိုးမျိုးမှ လေ့လာကြည့်ရှုပါ။

၁။ ဤစာသင်ခန်းအတွင်း သင်ယူရမည့် ကျောင်းသူ/သား ရှုထောင့်မှသော်လည်းကောင်း

၂။ ဤစာသင်ခန်းအတွင်း သင်ကြားပေးရမည့် ဆရာ/မတစ်ဦး၏ ရှုထောင့်မှသော်လည်းကောင်း

ကျောင်းသူ/သားအဖြစ်သော်လည်းကောင်း၊ ဆရာ/မအဖြစ်သော်လည်းကောင်း ရှုထောင့်ပြောင်းပြီး အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

- ဤနေရာအနေအထားက လာချင်စဖွယ် ဖြစ်ပါသလား။
- မိမိလိုအပ်ချက်များအတွက် ကိုက်ညီပါသလား။
- သင်ယူမှုကို အထောက်အကူပြုနိုင်သလား။



ရှေးရိုးအတိုင်း ခုံတန်းများ



ဟောပြောပို့ချရာခန်းမ



အဖွဲ့လိုက် အလုပ်နေရာများ




ပြုပြင်ပြောင်းလဲနိုင်သော နေရာချပုံ

# အရည်အသွေးပြည့် သင်ကြား သင်ယူမှု ဝန်းကျင်တစ်ရပ် ဖန်တီးခြင်း

စာသင်ခန်းပတ်ဝန်းကျင်သည် ကျောင်းသူ/သား အောင်မြင်မှုအတွက် အဓိက တွန်းအား တစ်ခု ဖြစ်ပါသည်။ ကျောင်းသူ/သားများအတွက် ဘေးကင်းလုံခြုံသော၊ ညဏ်လှုံ့ဆော်နိုင်သော နေရာများကို ဆရာ/မများက ဖန်တီးပေးရန် လိုအပ်သည်။ ကျောင်းသူ/သားများ စာသင်ခန်းအတွင်း လှုပ်ရှားသွားလာနိုင်ရန်၊ အပြန်အလှန် ဆွေးနွေးနိုင်ရန်၊ အချင်းချင်းနှင့် ဆရာ/မကို လွယ်ကူစွာ ကြားနိုင်မြင်နိုင်ရန် ဆရာ/မက စာသင်ခန်းတွင်း ထိုင်စရာနေရာ ချခြင်းကို လိုသလို ပြုပြင်ရမည်ဖြစ်သည်။ ကျောင်းသူ/သားများအနေနှင့် ဘေးကင်းလုံခြုံမှု ခံစားရသော၊ သက်သောင့်သက်သာရှိပြီး သင်ယူရန် စိတ်အားထက်သန်မှု ရှိစေသော စာသင်ခန်း ပတ်ဝန်းကျင်တစ်ခု မည်သို့ ဖန်တီးရမည်ကိုလည်း စဉ်းစားဆုံးဖြတ်ခြင်းကို ဆရာ/မက ဆောင်ရွက်ရမည်။

ကျောင်းသူ/သားများအတွက် အထောက်အပံ့ပြုသော သင်ယူမှုဝန်းကျင်များ ဖန်တီးသည့်အခါ သင်ယူသူတို့၏ အခြေခံလိုအပ်ချက်များအကြောင်း စဉ်းစားရန်အရေးကြီးသည်။ အခန်း (၄) တွင် ကျောင်းသူ/သားများ၏ သိမှုဆိုင်ရာ၊ လူမှုဆိုင်ရာ၊ စိတ်ပိုင်းသက်ရောက်မှုဆိုင်ရာနှင့် ရုပ်ပိုင်း ဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးခဲ့ပါသည်။ ၎င်းအခန်းတွင် စိတ်နေစိတ်ထားဆိုင်ရာနှင့် ရုပ်ပိုင်း ဆိုင်ရာ အတားအဆီးများကြောင့် မသန်စွမ်းမှု မည်သို့ ဖြစ်နိုင်ကြောင်းကိုလည်း လေ့လာခဲ့သည်။ ကျွန်ုပ်တို့၏ ကျောင်းများတွင် အားလုံးအကျုံးဝင်သော သင်ယူမှုဝန်းကျင်များ ဖန်တီးရာတွင် ထိုအယူအဆများကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ ဤသို့ ဖန်တီးခြင်းကို ဆရာ/မများက တစ်ဦးချင်းသီးသန့် လုပ်ဆောင်ခြင်းဖြစ်စေ၊ လုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းစီမံအုပ်ချုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်၍သော်လည်းကောင်း ဖန်တီးနိုင်သည်။



# လုပ်ငန်းစဉ်

**၁** (က–ဆ အထိ) လမ်းညွှန်ချက်များနှင့် ရှင်းလင်းချက် (၁–၇) အထိကို ဖတ်ပါ။ ထို့နောက် –

၁။ ရှင်းလင်းချက်များနှင့် လမ်းညွှန်ချက်များကို တွဲစပ်ပါ။

(က) သင်ယူသူများကို တစ်ဖက်သတ် ယူဆထင်မြင်ခြင်း မပြုပါနှင့်။

(ခ) လေးစားမှု တည်ဆောက်ပါ။

(ဂ) ကျောင်းသူ/သားများ စွန့်စားစမ်းသပ် တတ်အောင် အားပေးပါ။

(ဃ) မြင့်မားသော မျှော်လင့်ချက်များ ထားရှိပေးပါ။

(င) ကျရှုံးမှားယွင်းခြင်းမှာ သင်ယူမှု၏ တစ်စိတ် တစ်ပိုင်းဖြစ်ကြောင်း အသိပေးပါ။

(စ) စံသတ်မှတ်ချက်များ ချမှတ်ပေးပါ။

(ဆ) ပြုလွယ်ပြင်လွယ်မှု ရှိပေးပါ။

၁။ ကျောင်းသူ/သားများက ကိုယ့်အားကိုယ်ကိုးပြီး မကြိုးစားရသေးဘဲ အကူအညီတန်းမပေးပါနှင့်။ အကူအညီပေးရာ၌လည်း လုပ်ငန်း တစ်ခုလုံးကို အစားလုပ်ပေးခြင်း မပြုပါနှင့်။

၂။ မိမိကျောင်းသူ/သားများအပေါ် ယုံကြည်မှုရှိပါ။ ၎င်းတို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရန်လည်း တိုက်တွန်းပါ။ သို့ရာတွင် ထိုက်သင့်သော အကူအညီမပေးဘဲ ပစ်ထားရမည်ဟု ပြောခြင်းလည်း မဟုတ်ပါ။

၃။ မိမိအမှားကို မိမိဝေဖန်ပိုင်းခြားမှုရှိစွာ ပြန်လှန်သုံးသပ်တတ်အောင်နှင့် သင်ခန်းစာယူတတ်အောင် သင်ပေးပါ။ အမှားတစ်ခုမှ မလုပ်ဖြစ်သေး ခြင်းသည် ဘာကိုမျှ မကြိုးစား မစမ်းသပ်ရသေးသောကြောင့်လည်း ဖြစ်နိုင်သည်။

၄။ ကျောင်းသူ/သားတစ်ဦးဦးက နာမည်ဆိုးရှိရုံနှင့် အပြုအမူဆိုး လုပ်တော့မည်ဟု ကြိုထင်နေခြင်း မပြုရပါ။ ထိုသို့ တစ်ဖက်သတ် ယူဆပါက အပြုအမူဆိုး ပိုမိုထွက်လာစေသည်။

၅။ ကျောင်းသူ/သားများထံမှ မိမိဘာကို မျှော်လင့်ကြောင်း အသိပေးပါ။ ရှင်းလင်းစွာ သတ်မှတ်ထားသော ရည်ရွယ်ချက်များ ချမှတ်ပေးပါ။ ဘယ်ကို သွားရမည်ကို ရှင်းလင်းစွာ မသိပါက ရှေ့ဆက်သွားလိုသည့် စိတ်အားထက်သန်မှု ကြာကြာမရှိနိုင်ပါ။

၆။ သင်ယူမှုသည် အချိန်ဇယား အသေသတ်မှတ်ပြီး ဖြစ်ပေါ်ရန် ခက်ခဲသည်။ စာအုပ်ထဲတွင် ရှေ့နောက် အစီအစဉ်ချထားသောကြောင့် ထိုအစီအစဉ်က မိမိကျောင်းသူ/သားများအတွက် မှန်ကန်ဆီလျော် သည်ဟု တွေးထင်၍မရပါ။ အားကောင်းသော၊ အပြုသဘော ဆောင်သော စာသင်ခန်းတွင်း အလေ့အထများ ဖြစ်ပေါ်လာအောင် အချိန်ယူပါ။ ထိုအခါ သင်ရိုးညွှန်းတမ်းမှ ပြဋ္ဌာန်းထားသော အသိနှင့် အတတ်များကို သင်ကြားပေးရသည်မှာ ပိုမိုလွယ်ကူလာပါလိမ့်မည်။ အပြုသဘောဆောင်သော စာသင်ခန်းတွင်း အလေ့အထများ တည်ဆောက်ထားခြင်း မရှိပါက သင်ကြားရ ပိုမိုခက်ခဲနိုင်ပါသည်။

၇။ ဆရာ/မနှင့် ကျောင်းသူ/သားအကြားသာမက ကျောင်းသူ/သား အချင်းချင်း အကြားလည်း ရှိသင့်သည်။ ကျောင်းသူ/သားတိုင်းက မိမိတို့၏ အတွေးအကြံများကို ဖော်ပြရန် ဘေးကင်းလုံခြုံသည်ဟု ခံစားရသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပါ။ ကျောင်းသူ/သားများ၏ ကွဲပြားခြားနားသော လိုအပ်ချက်များကို အသိအမှတ်ပြုပါ။

၂။ အရည်အသွေးပြည့် သင်ကြားရေး ပတ်ဝန်းကျင်ဖန်တီးရာတွင် အရေးပါမှုအလိုက် လမ်းညွှန်ချက်များကို အစီအစဉ်သတ်မှတ်ပေးပါ။ ၁ ဆိုပါက အရေးအပါဆုံးဖြစ်ပြီး ၇ ဆိုပါက အရေးပါမှု အနည်းဆုံးဖြစ်သည်။

၃။ နှစ်ဦးတွဲအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ အစီအစဉ်တစ်ခု သတ်မှတ်သဘောတူပါ။

၄။ မိမိတို့စာရင်းကို အတန်းထံ တင်ပြပါ။

## လုပ်ငန်းစဉ်

**ဂ** ကြယ်ပုံစံဆက်စပ်မှုပြဇယားတစ်ခု ဆွဲသားပါ။ ဘယ်သူ၊ ဘာ၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘာကြောင့်၊ ဘယ်လို ဆိုသည်ကို စဉ်းစားပါ။

၁။ အဖွဲ့အတွင်း သာဓကဖြစ်ရပ်တစ်ခု ရွေးပါ။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ဖြစ်ရပ်မတူရပါ။

၂။ ပိုစတာစက္ကူပေါ်တွင် မိမိတို့ သာဓကအကြောင်း ဖော်ပြသည့် ကြယ်ပုံတစ်ခု ရေးသားရမည်။

၃။ မိမိတို့ ကြယ်ပုံကို နံရံပေါ်တွင် တင်ပါ။ အတန်းတွင်း လှုပ်ရှားသွားလာပြီး အခြားအဖွဲ့များ၏ ကြယ်ပုံများကို ဖတ်ရှုပါ။

၄။ အဖွဲ့လိုက် ဆွေးနွေးပါ။

(က) ကြယ်ပုံများတွင် မည်သည့်အတွေးများကို သဘောကျမိသနည်း။

(ခ) ကြယ်ပုံများတွင် ဖတ်မိသော အကြံဉာဏ်များနှင့် ပတ်သက်ပြီး မည်သည့် ပူပန်မှုများ မှတ်ချက် အကြံပြုချက်များ ရှိပါသလဲ။

(ဂ) မည်သည့် အခြေအနေများက ဖြေရှင်းရအခက်ခဲဆုံးဖြစ်မည်ဟု ထင်သနည်း။

(ဃ) မည်သည့် အခြေအနေများက မိမိ၏ သင်ကြားရေး အခြေအနေများနှင့် အကိုက်ညီဆုံး ဖြစ်သည်ဟု ထင်သနည်း။



၁။ ခွန်ထီးက ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုရှိသည်။ ခဏခဏ နောက်ကျပြီး စာသင်ခန်းအတွင်း အလွယ်တကူ လှုပ်ရှားသွားလာနိုင်စွမ်းမရှိသောကြောင့် ပူးပေါင်းပါဝင်နိုင်မှု အားနည်းသည်။

၂။ စုစုသည် ဆရာက သင်ပုန်းပေါ်တွင် စာရေးမှားသမျှကို လိုက်ထောက်ပြတတ်သည်။ ဆရာပြောသမျှကို လိုက်ပြင်ခြင်း အမှားရှာခြင်း လုပ်တတ်သည်။

၃။ သီတာက အဖွဲ့လိုက် လုပ်ငန်းစဉ်များတွင် ဝင်မပါ စာသင်ခန်းအတွင်း အမြဲတစ်ယောက်တည်း ထိုင်တတ်သည်။ မျက်နှာချင်းမဆိုင်ရန် အမြဲရှောင်သည်။ မေးခွန်းမေးခံရလျှင်လည်း တိုးတိုးလေးသာဖြေသည်။ တစ်ယောက်ယောက်က အနားကပ်ထိုင်လျှင်လည်း အဝေးသို့ ရွှေ့ထိုင်သည်။

၄။ သီရိက အသက်ငယ်သော ကျောင်းသူဖြစ်ပြီး အမြဲ မေးခွန်းများ ဝင်ဖြေသည်။ သူ့ကို မမေးလျှင်ပါ ဝင်ဖြေသည်။ စောထူးကမူ အသက်ပိုကြီးသည်။ ဘာမေးမေး မဖြေပါ။

၅။ ကျော်ကျော်က များသောအားဖြင့် စာသင်ခန်းတွင် ပျော်ရွှင်တတ်သည်။ တက်ကြွစွာ ပါဝင်တတ်သည်။ သို့သော် ယခုတလော နားချိန်များအပြီးတွင် ခပ်ငိုင်ငိုင်ဖြစ်နေပြီး မေးခွန်းများကို ဝင်မဖြေတော့။

၆။ သင်က အဖွဲ့လိုက် ပရောဂျက်တစ်ခု လုပ်ခိုင်းသည်။ ဒေးဗစ်က ဝင်မလုပ်ဘဲ အချောင်ခိုနေသည်။ ဘာကြောင့် မလုပ်ရကြောင်း မေးသည့်အခါ စာသင်ချိန်တွင် ကျောင်းသားများကို အလုပ်ခိုင်းခြင်းက အချိန်ဖြုန်းရာကျကြောင်း ဆရာက စာသင်ပေးရန်သာလိုကြောင်း ပြောသည်။

၇။ ကျောင်းသူ/သားအများစုသည် ၎င်းတို့တွဲနေကျ အဖွဲ့များနှင့်သာကျအောင် တတ်နိုင်သမျှ အဖွဲ့ဖွဲ့ပြီး အလုပ်လုပ်ကြကြောင်း သတိထားမိသည်။ ၎င်းအဖြစ်ကြောင့် သွေးကွဲလာသည်။ အဖွဲ့များသည် အတူပူးပေါင်းလုပ်ကိုင်ရမည့် အစား အဖွဲ့များအကြား အပြိုင်အဆိုင်ပို၍ များလာသည်။

၈။ နိုင်နိုင်က အမြဲဆူညံသည်။ ဟာသဖောက်သည်။ စာကို အာရုံမစိုက်။ ဉာဏ်ကောင်းလျက်သားနှင့် မကြိုးစားချေ။

၉။ မိမိက ပထဝီဘာသာရပ် သင်ကြားနေသည်။ အချို့ ကျောင်းသူ/သားများက အင်္ဂလိပ်လို မပြောနိုင်။ အချို့က မြန်မာစကား အနည်းငယ်သာတတ်သည်။

၁၀။ ငြိမ်းချမ်းရေးဘာသာရပ်ကို သင်ရမည်ဖြစ်သည်။ မိမိ သင်တန်းသားများက တစ်နိုင်ငံလုံးအနှံ့မှ ဖြစ်ကြသည်။ အကဲဆတ်သော ကိစ္စများကို ၎င်းတို့ မည်သို့ ဆွေးနွေးကြမည်နည်းဟု မိမိကြိုတင်စိုးရိမ်နေသည်။

# သာဓကများ

## လုပ်ငန်းစဉ်

**ဃ** ပြဇာတ်တစ်ခု ဖန်တီးပါ။



၁။ ၅.၁ (ဂ) မှ ရွေးချယ်ထားသော သာဓကအတွက် ဖြေရှင်းနည်းတစ်ခု ဆုံးဖြတ်ရွေးချယ်ပါ။ ပြီးခဲ့သည့် အခန်းများတွင် သင်ယူရရှိခဲ့သည်တို့ကို အသုံးချပါ။ မိမိ ဖြေရှင်းနည်းအတွက် ပြဇာတ်တစ်ခု ဖန်တီးပါ။

၂။ အခြားအဖွဲ့တစ်ဖွဲ့နှင့် ပူးပေါင်းပြီး မိမိတို့ ပြဇာတ်ကို ၎င်းတို့ဆီ တင်ဆက်ပါ။ အချင်းချင်း၏ ပြဇာတ်များကို ကြည့်ရှုပြီး တုံ့ပြန်အကြံပြုချက်များ အပြန်အလှန်ပေးပါ။

- အခြေအနေကို ရှင်းလင်းစွာ တင်ပြခဲ့ပါသလား။
- ထိုအခြေအနေကို ထိရောက်စွာ၊ လျင်မြန်စွာ၊ ရှင်းလင်းစွာ ဖြေရှင်းပြခဲ့ခြင်း ရှိပါသလား။
- မိမိတို့၏ ဖြေရှင်းနည်းသည် ရှေ့အခန်းများမှ အတွေးအကြံများကို ပြန်သုံးခြင်း ရှိပါသလား။

၃။ တုံ့ပြန်အကြံပြုချက်များကို အသုံးပြုပြီး မိမိတို့ ပြဇာတ်ကို ပြန်လည်ပြင်ဆင် မွမ်းမံခြင်းပြုပါ။

၄။ မွမ်းမံထားသော ပြဇာတ်ကို အခြားအဖွဲ့ထံဖြစ်စေ၊ အတန်းထံဖြစ်စေ ပြန်လည်တင်ပြပါ။

## ဆွေးနွေးချက်

**င** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ အရည်အသွေးပြည့် သင်ယူမှုဝန်းကျင်တစ်ခုကို မိမိကျောင်းတွင် ဖန်တီးခြင်းနှင့် ပတ်သက်ပြီး အကြီးမားဆုံး စိန်ခေါ်မှုများမှာ အဘယ်တို့နည်း။

၂။ မိမိကျောင်းသူ/သားများအပေါ်တွင် အရည်အသွေးရှိ သင်ယူမှုဝန်းကျင်တစ်ရပ်က မည်သည့် သက်ရောက်မှုများ ရှိနိုင်ကြောင်း မှန်းဆပါ။

- ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်တစ်ခု ပိုမိုကောင်းမွန်စွာရှိအောင် မည်သို့ ဖန်တီးနိုင်မည်နည်း။
- လူမှုပိုင်းဆိုင်ရာ ပတ်ဝန်းကျင်တစ်ခု ပိုမိုကောင်းမွန်စွာရှိအောင် မည်သို့ ဖန်တီးနိုင်မည်နည်း။
- စိတ်ပိုင်းသက်ရောက်မှုဆိုင်ရာ ပတ်ဝန်းကျင်တစ်ခု ပိုမိုကောင်းမွန်စွာရှိအောင် မည်သို့ ဖန်တီးနိုင်မည်နည်း။



# ၁၂ စာသင်ခန်းတွင်း အလေ့အထများ

## အကြိုသင်ခန်းစာ

**က** အောက်တွင်ပြထားသော စကားလုံးများ၊ စကားစုများကို ဖတ်ပါ။ ထို့နောက် အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

- စာသင်ခန်းအတွင်း ခံစားချက်ကို ဤအကြောင်းအရာများက မည်သို့ သက်ရောက်သနည်း။
- စာသင်ခန်းအတွင်း ဖြစ်ပျက်သည့်အရာများကို ဤအကြောင်းအရာများက မည်သို့ သက်ရောက်သနည်း။
- ကျောင်းသူ/ သားများ ကောင်းစွာ သင်ယူမှုအပေါ် ၎င်းတို့က မည်သို့ သက်ရောက်လွှမ်းမိုးမှု ရှိသနည်း။



# လုပ်ငန်းစဉ်

**၁** စာသင်ခန်းတစ်ခုတွင် အောက်ပါတို့အနက် မည်သည်တို့မှာ အရေးပါသောအရာများ ဖြစ်သနည်း။

၁။ ဆရာ/မက မျှတမှုရှိရမည်။

၂။ ကျောင်းသူ/သားများက အမှားလုပ်ရမှာ ကြောက်မနေသင့်ပါ။

၃။ ကျောင်းသူ/သားများ စာကြိုးစားလေ့လာရန် စာမေးပွဲများကို ဆရာ/မက ခဏခဏပေးသင့်သည်။

၄။ ကျောင်းသူ/သားများ သိသင့် သိထိုက်သည်တို့ကို ဆရာ/မက မခြွင်းမချန် အချိန်တိုင်း ပြောပြပေးလိမ့်မည်ဟု ကျောင်းသူ/သားများက မမျှော်လင့်ထားသင့်ပါ။

၅။ စာသင်ခန်းအတွင်းတွင် ဆရာ/မက အာဏာအပြည့်အဝ ရှိထားရမည်။

၆။ ဆရာ/မက မှားလျှင်ပင် ဝန်မခံသင့်။ မဟုတ်ပါက ကျောင်းသူ/သားများ မလေးစားဘဲနေလိမ့်မည်။

၇။ မိမိသင်ယူမှုအတွက် မိမိဘာသာ တာဝန်ယူရန် ကျောင်းသူ/သားများကို အားပေးသင့်သည်။

၈။ စာသင်ခန်းသည် အမြဲနီးပါး တိတ်ဆိတ်ငြိမ်သက်ရမည်။ ကျောင်းသူ/သားများက စာကူးရေးနေခြင်း အမြဲနီးပါး လုပ်ရမည် ဖြစ်သောကြောင့်ဖြစ်သည်။

၉။ ကြိုးစားသင့်သလောက် မကြိုးစားပါက အပြစ်ပေးခြင်းခံရမည်ကို ကျောင်းသူ/သားအားလုံး သိထားသင့်သည်။

၁၀။ ကျောင်းသူ/သားများအပေါ် ဆရာ/မက မြင့်မားသော မျှော်လင့်ချက်များ ထားသင့်သည်။

၁၁။ အချင်းချင်းကူညီရန် ကျောင်းသူ/သားများကို အားပေးသင့်သည်။

၁၂။ ဆရာ/မသည် ချဉ်းကပ်ရလွယ်ခြင်း၊ ဂရုစိုက်ကြင်နာတတ်ခြင်း ရှိရမည်။

၁၃။ စာသင်ခန်းအတွင်း ယုံကြည်စိတ်ချမှု အငွေ့အသက်တစ်ရပ် ရှိသင့်သည်။

"စာသင်ခန်းတွင်း အလေ့အထများ" ဆိုသည်မှာ ဆရာ/မနှင့် ကျောင်းသူ/သားတို့အနေနှင့် စာသင်ခန်းအတွင်း မည်သို့ ခံစားနေထိုင်ကြကြောင်း ဖော်ပြနိုင်သည့်အရာဖြစ်သည်။ သင်ယူမှုကို ကျေနပ်ပျော်ရွှင်စေလိုပါက အပြုသဘောဆောင်သော စာသင်ခန်းတွင်း အလေ့အထများ ဖန်တီးပေးရန် အရေးကြီးသည်။ တရားမျှတသော၊ အားလုံးအကျုံးဝင်သော၊ ဘက်လိုက်မှုကင်းသော အလေ့အထ အနေအထိုင်မျိုးဖြစ်သည်။ အပြုသဘောဆောင်သော အလေ့အထရှိသည့် စာသင်ခန်းထဲတွင် ဆရာ/မနှင့် ကျောင်းသူ/သားတို့သည် အချင်းချင်း လေးစားခြင်းနှင့် ယုံကြည်စိတ်ချခြင်းတို့ရှိကြသည်။ အပြုသဘောဆောင်သော စာသင်ခန်းတွင်း အလေ့အထသည် ကျောင်းသူ/သားများကို ပိုမိုကြိုးစားရန် အားပေးသည်။ အဘယ့်ကြောင့်ဆိုသော် ကျောင်းသူ/သားအားလုံး အောင်မြင်မှု ရရှိနိုင်ကြောင်း ယုံကြည်မှုရှိသောကြောင့်ဖြစ်သည်။ အပြုသဘောဆောင်သော စာသင်ခန်းတွင်း အလေ့အထဖော်ဆောင်ရန် ဆရာ/မကိုယ်တိုင်က ကျောင်းသူ/သားတွင် ရှိစေလိုသော အပြုအမူမျိုးကို စံနမူနာပြု လုပ်ဆောင်ပြရန် ကြိုးစားမှုသာ ဖြစ်နိုင်ပါသည်။

အပြုသဘောဆောင်သော စာသင်ခန်းတွင်း အလေ့အထများ ဖန်တီးခြင်းနှင့် ပတ်သက်ပြီး အခြေခံစည်းမျဉ်း အချို့မှာ –

- မိမိကျောင်းသူ/သားများရှေ့တွင် စံနမူနာပြုနေထိုင်ပြရန်။
- စာသင်ခန်းတွင်း မျှတမှုကို သရုပ်ပြသည့်အနေနှင့် ကျောင်းသူ/သားအားလုံးကို တန်းတူမျှတသော အခွင့်အလမ်းများပေးရန်။
- စာသင်ခန်းတွင် ရှေ့နောက်ညီညွတ်သော စည်းမျဉ်းစည်းကမ်းများရှိရန်၊ ၎င်းတို့ကို မိမိကိုယ်တိုင်လည်း လိုက်နာရန်။
- ကျောင်းသူ/သားများကို တာဝန်ယူမှုရှိရေး အားပေးရန်။

# လုပ်ငန်းစဉ်

**၈** အပြုသဘောဆောင်သော စာသင်ခန်းတွင်း အလေ့အထဖန်တီးခြင်းနှင့် ပတ်သက်သည့် အခြားလမ်းညွှန်ချက်များကို အောက်တွင် ဖော်ပြထားပါသည်။ လမ်းညွှန်ချက် (၁–၈) နှင့် တစ်ဖက်စာမျက်နှာမှ သာဓက (က–ဇ) အထိတို့ကို တွဲစပ်ပေးပါ။



၁။ **မျှတမှု ရှိပါစေ** – မေးခွန်းမေးမြန်းရာတွင် ကျောင်းသူ/သားအားလုံးကို တန်းတူမျှတစွာ မေးမြန်းပါ။ အနှစ်သက်ဆုံး ကျောင်းသူ/သားထားပြီး ၎င်းတို့ကိုချည်း ရွေးချယ်ခြင်းမှ ရှောင်ကြဉ်ပါ။ အပြုအမူဆိုးသော ကျောင်းသူ/သားကို အဖန်ဖန် ရွေးချယ်မေးခွန်းမေးခြင်း မပြုပါနှင့်။ စည်းမျဉ်းစည်းကမ်းများသည် လူတိုင်းအတွက် တန်းတူဖြစ်ရမည်။

၂။ **နွေးထွေးပြီး စည်းကမ်းကြီးပါ** – ဆရာ/မကောင်းတစ်ဦးသည် အားပေးဖော်ရွေတတ်သော်လည်း ကျောင်းသူ/သားများကို စည်းမျဉ်းစည်းကမ်းများ လိုက်နာရန် လိုလားသည်။

၃။ **အမြဲ အမည်ခေါ်ပါ** – ကျောင်းသူ/သားများ၏ အမည်များကို ထုတ်ခေါ်ခြင်း တတ်နိုင်သမျှပြုပါ။ ၎င်းအပြုအမူကြောင့် မိမိသည် ကျောင်းသူ/သားများကို ဂရုစိုက်ကြောင်း ပိုပြနိုင်သလို ဆရာနှင့် ကျောင်းသားအကြား ရင်းနှီးသော ဆက်ဆံရေးကိုလည်း ပိုမိုတည်ဆောက်နိုင်မည်ဖြစ်သည်။



၄။ **လုပ်ပိုင်ခွင့်သည် အာဏာနှင့် မတူပါ** – ဆရာ/မက စာသင်ခန်းကို ထိန်းကျောင်းကွပ်ကဲရမည်ဖြစ်သည်။ သို့ရာတွင် ၎င်းက ဆရာ/မ အနေနှင့် အမြဲမှန်ကန်ရမည်ဖြစ်ပြီး ကျောင်းသူ/သားများက စာသင်ခန်းအတွက် မိမိတို့ မည်သို့ သင်ယူမှုပြုရမည်နှင့် ပတ်သက်ပြီး ဘာမျှ ဝင်ပြောခွင့် မရှိဟု မဆိုလိုပါ။

၅။ **အမှားလုပ်ခြင်းက ပြဿနာမဟုတ်** – အမှားလုပ်ခြင်းကြောင့် ကျောင်းသူ/သားများကို အပြစ်ပေးခြင်း အရှက်ခွဲခြင်း မပြုပါနှင့်။ ထပ်ကြိုးစားပါဟု အားပေးပါ။ ထပ်ကြိုးစားခြင်းအတွက် ကျေးဇူးတင်ကြောင်းပြောပါ။ အမြဲအပြုသဘောဆောင်ပါ။ ၎င်းက ကျောင်းသူ/သား ပါဝင်မှုကို မြှင့်တင်ပေးနိုင်ပါသည်။

၆။ **ကျောင်းသူ/သားများ အချင်းချင်း ကူညီကြအောင် အားပေးပါ** – အတူပူးပေါင်းဆောင်ရွက်မှုရှိသော စာသင်ခန်းတစ်ခု ဖြစ်ခြင်းသည် အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်တစ်ရပ် ဖန်တီးနိုင်စွမ်းရှိပါသည်။



၇။ **အောင်မြင်မှုရှိလျှင် လူသိရှင်ကြား ချီးကျူးပါ** – ကျောင်းသူ/သား တစ်ဦးဦးက အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်ပါက ၎င်း၏ ကြိုးစားရရှိမှုကို အသိအမှတ်ပြုပါ။ ကျောင်းသူ/သားတစ်ဦး၏ အောင်မြင်မှုကို အခြားသူအားလုံးသိအောင် မျှဝေထုတ်ဖော်ပါ။ ၎င်းက ကျောင်းသူ/သားများ၏ ပါဝင်မှုကို မြှင့်တင်ပေးနိုင်ပါသည်။

၈။ **ကျောင်းသူ/သား၏ ကိုယ်ပိုင်လုပ်ပိုင်ခွင့်ကို မြှင့်တင်ပါ** – ဆရာ/မဆီမှ သင်ယူရမည့်အပိုင်းမှာ အနည်းငယ်သာရှိပါသည်။ သင်ယူမှု တိုးတက်လာစေရန် ကျောင်းသူ/သားများသည် မိမိတို့ကိုယ်ပိုင် သင်ယူမှု နည်းလမ်းများကို ဖော်ထုတ်ပြီး မိမိသင်ယူမှုအတွက် မိမိကိုယ်ပိုင် တာဝန်ယူမှုသာ ဖြစ်နိုင်ပါမည်။

(က) ဟိန်းဦးက ခဏခဏ အပြင်ထွက်ခွင့်တောင်းနေသည်။ ဆရာကပြောသည်။ "ဟိန်းဦး၊ နောက်ဆယ်မိနစ်ဆို နားချိန်ရတော့မှာ သိတယ်မလား။ ဒီမေးခွန်းကို မင်းဖြေနိုင်မှန်း သိပါတယ်။ ကဲ အစွမ်းပြကြည့်ကွာ။ ဖြေကြည့်ပါဦး။"

(ခ) သင်တန်းသစ် အစတိုင်းတွင် ဆရာလင်းက ကျောင်းသူ/သားအားလုံး မိမိတို့ အမည်ကို စာရွက်ခေါက်တွင် ရေးပြီး ဆရာက ကျောင်းသားအားလုံး အမည်ကို မှတ်မိသည်အထိ စာရွက်များကို စားပွဲပေါ် တင်ထားခိုင်းသည်။

(ဂ) ငယ်ငယ်က ကြိုးစား စာလုပ်သောကြောင့် သင်္ချာအမှတ်များ တက်လာသည်။ ဆရာက "ကဲကဲ၊ ငယ်ငယ်ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုကြောင်း ပြောချင်ပါတယ်။ သင်္ချာ အမှတ်တွေ ဒီနှစ်ပိုင်းတိုးတက်လာတယ်။ ငယ်ငယ့် အောင်မြင်မှုအတွက် ဂုဏ်ယူပါတယ်။" ဟု ပြောသည်။

(ဃ) ကျောင်းသူ/သားတို့၏ အမည်များကို စာရွက်အပိုင်းများတွင် ရေးသားပြီး ခွက်တစ်ခွက်တွင် ထည့်ထားပါ။ မေးခွန်းများ မေးမြန်းချိန်တွင် ထိုခွက်ထဲမှ အမည်တစ်ခုကို မဲနှိုက်ပါက လူတိုင်း မေးခွန်း အမေးခံရရင် မျှတသော အခွင့်အလမ်း ရှိပြီးသား ဖြစ်သွားပါလိမ့်မည်။

(င) ကျောင်းသူ/သားများ အဖွဲ့လိုက် အလုပ်လုပ်နိုင်စေရေးအတွက် ၎င်းတို့ကို အဖွဲ့များ ဖွဲ့ထားခိုင်းသင့်သည်။ ကျောင်းသူ/သားများကို အခန်းကဏ္ဍအမျိုးမျိုး ပေးထားနိုင်သည်။ မှတ်စုမှတ်သားပေးသူ၊ ပြန်လည်တင်ပြသူ၊ အဖွဲ့တွင်း ဆွေးနွေးချက် ထိန်းကျောင်းပေးသူ စသည်ဖြင့် ခွဲပေးထားလျှင် အတူပူးပေါင်းလုပ်ဆောင်ရင် တာဝန်အမျိုးမျိုး ယူတတ်သွားမည်။

(စ) စာသင်နှစ် အစတွင် ဆရာက ကျောင်းသူ/သားများကို စာသင်ခန်း စည်းမျဉ်းများ ပြုစုရေးသားခိုင်းသည်။ ဆရာလည်း ဝင်ရောက်အကြံပေးသည်။ ထို့နောက် စာသင်ခန်းအတွင်း ထားရှိလိုက်နာသင့်သည့် စည်းမျဉ်းများကို အားလုံးသဘောတူညီ သတ်မှတ်လိုက်ကြသည်။

(ဆ) "မိချန်းက မေးခွန်းမှားဖြေလိုက်သည်။ ဆရာကပြောသည်၊ 'အဖြေတော့ မဟုတ်သေးဘူး။ ဒါပေမဲ့ ရတယ် မိချန်း။ ဒီမေးခွန်းက ခက်တယ်ဆိုတော့ အတူတူ ဖြေဖို့ ထပ်ကြိုးစားကြည့်ရအောင်"။

(ဇ) စာသင်နှစ်အစတွင် ဆရာက ကျောင်းသူ/သားများကို မိမိတို့ အားနည်းပြီး ပိုမိုတိုးတက်လိုသော အပိုင်းများကို စဉ်းစားသတ်မှတ်ရန်ပြောသည်။ ကျောင်းသူ/သားများက စာသင်ခန်း ပြင်ပတွင် လုပ်ဆောင်သော အပိုဆောင်း အိမ်စာများကို မှတ်တမ်းပြုပြီး မိမိတို့ တိုးတက်မှုကို မှတ်သားထားကြသည်။



# သာဓကများ

## လုပ်ငန်းစဉ်

**ဃ** အောက်ပါ ဆရာ/မများ၏ မှတ်ချက်များကို အဖွဲ့လိုက် ဖတ်ရှုပါ။ ၎င်းတို့အတွက် မည်သည့် အကြံဉာဏ်ပေးလိုကြောင်း ဆုံးဖြတ်ပါ။

၁။




အတန်းကို မေးခွန်းမေးလိုက်တိုင်း ဒီကျောင်းသား လေးယောက်ပဲ အမြဲလက်ထောင်ပြီး ဖြေတယ်။ ကျန်တဲ့ ကျောင်းသူ/သားတွေကိုလည်း ပူးပေါင်းပါဝင်စေချင်တယ်။ ဒါပေမယ့် သူတို့ကို ဘယ်လို တွန်းအားပေး စေ့ဆော်ရမလဲမသိဘူး။

၂။

စာသင်ခန်းထဲမှာ ကျောင်းသူ/သားတွေက အမှားပြောမိမှာ ကြောက်ကြတယ်။ ကျွန်တော် မေးခွန်းမေးတိုင်း တိတ်သွားကြရော။



၃။



စာသင်ခန်းထဲမှာ ကျောင်းသားတွေက အရည်အချင်း အမျိုးမျိုးပဲ။ ကျောင်းသူ/သားအားလုံး တညီတည်း စိန်ခေါ်မှု ရှိနေအောင် လုပ်ဖို့ခက်တယ်။ အားကောင်းတဲ့ ကျောင်းသားတွေက ငြီးငွေ့လွယ်ပြီး အားနည်းတဲ့ ကျောင်းသားတွေက လိုက်မမီကြဘူး။

၄။

ကျွန်တော့် စာသင်ခန်းထဲက ကျောင်းသားအကုန်လုံးက တတ်နိုင်သမျှ အနည်းဆုံးပဲ အလုပ်လုပ်တယ်။ သင်ခန်းစာတိုင်းမှာ ခိုင်းသမျှတော့လုပ်တယ်။ ဒါပေမယ့် သင်ခန်းစာ အပြီးကိုပဲ ထိုင်စောင့်နေကြတာ သိသာတယ်။ အိမ်စာပေးရင်တော့လုပ်တယ်။ ဒါပေမယ့် တတ်နိုင်သမျှ အချိန်အနည်းဆုံးပဲပေးကြတယ်။ သူတို့အကျိုးအတွက် သူတို့ ပိုကြိုးစားသင့်ကြောင်း ကျွန်တော် သူတို့ကို နားလည်စေချင်တယ်။




၅။



ကျွန်မ ကျောင်းသူ/သားတွေ အချင်းချင်း ပြိုင်ကြတယ်။ အမှတ်တွေ အဆင့်တွေကို အရမ်း အလေးထားလွန်းတယ်။ အမှတ်နည်းသွားတာနဲ့ ဝမ်းနည်းမပြီးတော့ဘူး။

၆။

ကျောင်းသူ/သားတွေက ကျွန်မကို ဆရာလို မဆက်ဆံဘူး၊ သူငယ်ချင်းလို ဆက်ဆံတယ်။ ကျောင်းသူ/သား အများစုက ကျွန်မနဲ့ အသက် သိပ်မကွာကြတော့ ကျွန်မသင်တန်းကို သိပ်အလေးမထားကြဘူး။



## လုပ်ငန်းစဉ်

**င** အကြံဉာဏ်တောင်းပါ။

၁။ အပြုသဘောဆောင်သော စာသင်ခန်းတွင်း အလေ့အထဖန်တီးခြင်းနှင့် စပ်လျဉ်းပြီး မိမိတွင်ရှိသော ပူပန်မှု တစ်ခုကို စဉ်းစားပါ။ မိမိတွေ့ကြုံဖူးသော ပြဿနာတစ်ရပ်လည်း ဖြစ်နိုင်သည်။ မိမိ မသေမချာဖြစ်နေသော အတွေးတစ်ခုလည်း ဖြစ်နိုင်သည်။ ၎င်းကို စာရွက်ကြီးတစ်ခု၏ အပေါ်ဆုံးတွင် ရေးသားပြီး စာရွက်ကို နံရံတွင် ကပ်ထားပါ။

၂။ စာသင်ခန်းတွင်း လျှောက်သွားပြီး အခြားသူများ၏ ပူပန်မှုများကို ဖတ်ရှုပါ။ ၎င်းတို့အတွက် အကြံဉာဏ်များ စဉ်းစားပေးပါ။ မိမိစဉ်းစားမိသော အကြံဉာဏ်ကို စာရွက်ပေါ်တွင် ရေးသားခဲ့ပါ။

၃။ မိမိစာရွက်ပေါ်တွင် အကြံဉာဏ်အနည်းငယ်ရရှိပြီးဖြစ်ပါက စာရွက်ကိုယူပြီး အကြံဉာဏ်များကို ဖတ်ရှုပါ။

## ဆွေးနွေးချက်

**၈** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ စာသင်ခန်းတွင်း အလေ့အထများက အဘယ့်ကြောင့် အရေးကြီးပါသနည်း။

၂။ စာသင်ခန်းတွင်း အလေ့အထများကို ဆရာ/မတစ်ဦးက မည်သို့ လွှမ်းမိုးသက်ရောက်မှု ရှိနိုင်သနည်း။

# ၅.၃ သင့်အတွက် သင်ကြားရေး အလားအလာ

## အကြိုသင်ခန်းစာ

**ဃ** စာမျက်နှာ ၁၀ မှ ပညာရေးနှင့် ပညာတတ်တို့၏ ဖွင့်ဆိုချက်များကို ပြန်လည်ကြည့်ရှုပါ။ ထိုစကားလုံးနှစ်ခု၏ ဖွင့်ဆိုချက်များကို မည်သို့ ပြန်လည်ပြင်ဆင်လိုပါသနည်း။

မိမိ ဆရာ/မတစ်ဦး ဖြစ်လာသည့် ခရီးစဉ်တွင် မိမိ၏ သင်ယူမှုများကို ပြန်လှန်သုံးသပ်ခြင်းပြုရန်နှင့် မိမိသင်ယူမှုများကို စာသင်ခန်းတွင် မည်သို့ ပြန်လည်အသုံးချမည်ကို အစီအစဉ်ရေးဆွဲရန် အချိန်သတ်မှတ်ထားရှိခြင်းမှာ အရေးပါသော လုပ်ငန်း တစ်ခုဖြစ်သည်။

"သင်ယူခြင်းအားဖြင့် သင်ကြားရမည်၊ သင်ကြားခြင်းအားဖြင့် သင်ယူရမည်။" စကားပုံရှိသည်။ ကျောင်းသူ/သားများ အကြောင်း သိနားလည်အောင် ကြိုးစားရန်မှာ ဆရာ/မ၏ တာဝန်ဖြစ်သည်။ ကျောင်းသူ/သားများအကြောင်း သိနားလည်ရန် ကြိုးစားခွင့် စာသင်ခန်းတွင် များစွာရမည်လည်း ဖြစ်ပါသည်။ ထိုသိနားလည်မှုကြောင့် မိမိသင်ကြားပုံ ပြောင်းလဲနိုင်မည် ဖြစ်သည်။ သင်ရိုးညွှန်းတမ်းကို လိုက်လျောညီထွေပြောင်းလဲခြင်း၊ စာသင်ခန်းပတ်ဝန်းကျင်ကို မြှင့်တင်ခြင်းတို့အားဖြင့် မိမိ ကျောင်းသူ/သားများ၏ ကွဲပြားသော လိုအပ်ချက်အမျိုးမျိုးကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

မိမိ ကျောင်းသူ/သားများနှင့် ၎င်းတို့ သင်ယူမှုအပေါ် အပြုသဘောဆောင်သော လွှမ်းမိုးသက်ရောက်မှု ရှိနိုင်ရန် ၎င်းတို့၏ လိုအပ်ချက်များကိုသာမက မိမိကိုယ်တိုင်၏ လိုအပ်ချက်များကိုပါ နားလည်သဘောပေါက်ရမည်ဖြစ်သည်။

## လုပ်ငန်းစဉ်

**၁** အခန်း ၁ မှ ၁.၁ (ဃ) ကို ပြန်လှန်လေ့လာပါ။

၁။ ဤသင်ရိုးခရီးစဉ်ကို ပြီးစီးပြီဖြစ်သောကြောင့် "အပြီး" အပိုင်းကို ဆက်လက်ရေးဖြည့်ပါ။ မိမိရရှိပြီးဖြစ်သော သင်ယူမှုများကို ထင်ဟပ်နိုင်သည့် အတွေးသစ်များ၊ မေးခွန်းသစ်များ၊ နှိုင်းယှဉ်ချက် ဥပစာအသစ်များ၊ ဥပမာ အလင်္ကာအသစ်များကို ထည့်သွင်းရေးသားပါ။

၂။ စက်ဝိုင်းပုံစံနှစ်ခုရအောင် ဝိုင်းပြီး မတ်တပ်ရပ်ပါ။ တစ်ဝိုင်းက နောက်တစ်ဝိုင်း၏ အတွင်းထဲတွင် ဝင်နေရမည်။ အတွင်းစက်ဝိုင်းက အပြင်ဘက်ကို မျက်နှာမူရပ်ရမည်။ အပြင်စက်ဝိုင်းက အတွင်းဘက်ကို မျက်နှာမူရပ်ရမည်။ ထိုအခါ အတွင်းစက်ဝိုင်းက လူများနှင့် အပြင်စက်ဝိုင်းက လူများ မျက်နှာချင်းဆိုင် ရပ်နေလျက်သား ဖြစ်သွားမည်။

(က) မိမိမျက်နှာချင်းဆိုင် ရပ်နေသည့်သူနှင့် မိမိအတွေးများ၊ ယုံကြည်ချက်များနှင့် မေးခွန်းများကို အပြန်အလှန် ပြောပြနားထောင်ကြပါ။

(ခ) လေးမိနစ်ခန့်အပြီးတွင် လူပြောင်းပြီး ဆွေးနွေးရမည်။ အတွင်းစက်ဝိုင်းက နေမြဲအတိုင်း ရပ်နေရမည်။ အပြင်စက်ဝိုင်းရှိ လူများက မိမိညာဘက်မှ လူ၏ နေရာကို ဝင်ယူရပ်ရမည်။ ထိုအခါ လူတိုင်း တွဲဖက်အသစ်ရသွားမည်ဖြစ်သည်။

(ဂ) မိမိအဖြေများကို တွဲဖက်အသစ်နှင့် နောက်တစ်ကြိမ် ထပ်မံပြောပြဆွေးနွေးကြရမည်။

## လုပ်ငန်းစဉ်

**ဂ** ပိုစတာ စာရွက်ကြီးတစ်ခုပေါ်တွင် ခန္ဓာကိုယ်ပုံ သရုပ်ဖော်ပုံတစ်ခု ဆွဲရမည်။

၁။ အဖွဲ့ဖွဲ့ပါ။ အဖွဲ့ဝင်တစ်ဦးက စာရွက်ပေါ်တွင် လှဲလျောင်းပါ။ နောက်အဖွဲ့ဝင်တစ်ဦးက လှဲနေသူ၏ ခန္ဓာကိုယ် ကောက်ကြောင်းကို မာကာဖြင့် ဆွဲသားပါ။ ပေါ်လာသော ခန္ဓာကိုယ်ပုံကို ဆရာ/မဟု ခေါ်မည်။

၂။ ထို့နောက် ထိုဆရာ၏ အစိတ်အပိုင်းများနှင့် ဆက်စပ်သည့် အကြံဉာဏ်များကို တတ်နိုင်သမျှ များများချရေးပါ။ ဤသင်တန်းမှ ရရှိထားသည့် အကြံဉာဏ်များ ချရေးနိုင်သည်။ ဥပမာအားဖြင့် အပြုအမူများကို ခြေလက်များနှင့် ချိတ်ဆက်ပြီး ရေးနိုင်သည်။ စိတ်ခံစားချက်များကို နှလုံးသားနှင့်၊ ဘာသာစကား အသုံးအနှုန်းကို နှုတ်ဖြင့်၊ အတွေးများကို ဦးနှောက်နှင့် ဆက်စပ်ပြီး ရေးနိုင်သည်။

၃။ မိမိတို့ ဆရာ/မပုံကို အတန်းထဲတင်ပြပါ။

## ဆွေးနွေးချက်

**ဃ** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။


၁။ ဤစာအုပ်တွင် မိမိသင်ယူရရှိသည်တို့တွင် စိတ်ဝင်စားစရာ အကောင်းဆုံးမှာ မည်သည်ဖြစ်သနည်း။

၂။ မိမိ၏ သင်ကြားရေး တိုးတက်စေရန် ဤသင်တန်းအပြီး မည်သည်တို့ လုပ်ဆောင်မည်နည်း။

၃။ ဤသင်ရိုးကို မတက်ဖူးသေးသော ဆရာ/မအသစ်များကို အကြံဉာဏ်သုံးခု ပေးရမည်ဆိုပါက မည်သည့် အကြံဉာဏ်များ ပေးမည်နည်း။

## ပြန်လှန်သုံးသပ်ခြင်း

**င** နေ့စဉ်သုံးသပ်ချက် မှတ်တမ်းတွင် . . .




### အကျဉ်းချုပ် - အခန်း (၅) အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်များ

ကျောင်းသူ/သားများ စဉ်းစားပုံ၊ ခံစားပုံနှင့် အပြန်အလှန် ဆက်ဆံရေး တည်ဆောက်ပုံများတွင် စာသင်ခန်း ဖြစ်တည်ပုံကလည်း ကြီးမားသော သက်ရောက်မှုရှိပါသည်။ ဆရာ/မများအနေနှင့် စာသင်ခန်း၏ ရုပ်ပိုင်းဆိုင်ရာ နေရာထားရှိပုံက ကျောင်းသူ/သားများကို မည်သို့ သက်ရောက်မှုရှိကြောင်း နားလည်သင့်သည်။ မိမိတို့ နေ့စဉ်ဖန်တီးမိနေသော စာသင်ခန်းတွင်း အလေ့အထများကိုလည်း သတိပြုမိနေသင့်ပါသည်။ အပြုသဘောဆောင်သော စာသင်ခန်းတွင်း အလေ့အထတစ်ရပ်သည် သင်တန်းပထမရက်မှ စတင်ပြီး နေ့စဉ် ပိုမိုခိုင်မာအောင် တည်ဆောက်လာရသည့်အရာဖြစ်သည်။ မိမိကျောင်းသူ/သားတွင် မြင်တွေ့လိုသော အပြုသဘောဆောင်သည့် စာသင်ခန်း အပြုအမူများကို ဆရာ/မကိုယ်တိုင်က စံနမူနာပြု ပြုမူလုပ်ဆောင်ပြရန် အရေးကြီးသည်။

# စစ်ဆေးရန်စာရင်း

ခေတ်သစ်ဆရာ ၁ မှ ခေါင်းစဉ်များကို စာရင်းတစ်ခု ပြုစုပေးထားသည်။ စာရင်းကိုကြည့်ပါ။ ခေါင်းစဉ်တစ်ခုစီအတွက် မိမိလုပ်ဆောင်နေခြင်း၊ လုပ်ဆောင်ဖူးခြင်း ရှိ/မရှိနှင့် မည်သို့ ဆောင်ရွက်ကြောင်း ပြန်လှန်သုံးသပ်ပါ။

| လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် လုပ်ဆောင်ခြင်း (conduct a needs assessment) | | |
|---|---|---|
| ရှိနှင့်ပြီး ဗဟုသုတ | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| စေ့ဆော်မှုတွန်းအား လုပ်ဆောင်ပုံ | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| သင်ယူမှုအားသန်ပုံအမျိုးမျိုး | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| လူမှုလိုအပ်ချက်များ | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |

| ကျောင်းသားကိုယ်ရေးအချက်အလက် စုစည်းမှု ဖန်တီးခြင်း | | | |
|---|---|---|---|
| အမည်၊ အသက်၊ ဂျန်ဒါ | လုပ်ဖူး/မလုပ်ဖူး | မိခင်ဘာသာစကား | လုပ်ဖူး/မလုပ်ဖူး |
| ဆေးဘက်ဆိုင်ရာ မှတ်ချက် | လုပ်ဖူး/မလုပ်ဖူး | စိတ်ဝင်စားမှုနှင့် စေ့ဆော်မှုတွန်းအား | လုပ်ဖူး/မလုပ်ဖူး |
| သင်ယူမှု ပတ်ဝန်းကျင် အခင်းအကျင်း | လုပ်ဖူး/မလုပ်ဖူး | အခြားမှတ်ချက်များ | လုပ်ဖူး/မလုပ်ဖူး |

| အတန်းကိုယ်ရေးအချက်အလက် စုစည်းမှု ဖန်တီးခြင်း (Create a class profile) | | | |
|---|---|---|---|
| အတန်းအားသာချက်များ | လုပ်ဖူး/မလုပ်ဖူး | အတန်းလိုအပ်ချက်များ | လုပ်ဖူး/မလုပ်ဖူး |
| ပန်းတိုင်များ | လုပ်ဖူး/မလုပ်ဖူး | အနာဂတ် အစီအစဉ်များ | လုပ်ဖူး/မလုပ်ဖူး |
| သိမှုဆိုင်ရာ လိုအပ်ချက် | လုပ်ဖူး/မလုပ်ဖူး | လူမှုလိုအပ်ချက် | လုပ်ဖူး/မလုပ်ဖူး |
| စိတ်ပိုင်းသက်ရောက်မှုဆိုင်ရာ လိုအပ်ချက် | လုပ်ဖူး/မလုပ်ဖူး | ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက် | လုပ်ဖူး/မလုပ်ဖူး |

| အားလုံးအကျုံးဝင်သော စာသင်ခန်း ဖန်တီးခြင်း | | |
|---|---|---|
| စိတ်နေစိတ်ထားဆိုင်ရာ အဟန့်အတားများ ဖယ်ရှားခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများ ဖယ်ရှားခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |

| အပြုသဘောဆောင်သော စာသင်ခန်းတွင်း အလေ့အထများ ဖန်တီးခြင်း (create a positive classroom culture) | | |
|---|---|---|
| တရားမျှတမှုရှိခြင်း။ | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| လုပ်ပိုင်ခွင့်ထားပါ၊ အာဏာမထားပါနှင့်။ | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| အမှားလုပ်ခြင်းက ပြဿနာမဟုတ်။ | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ကျောင်းသူ/သားများ အချင်းချင်း ကူညီအောင် အားပေးပါ။ | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| အောင်မြင်မှုရှိလျှင် လူသိရှင်ကြား ချီးကျူးပါ။ | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ကျောင်းသူ/သား ကိုယ်ပိုင်လုပ်ပိုင်ခွင့်ကို မြှင့်တင်ပါ။ | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |

| (Teach for different learning preferences) သင်ယူမှု အားသန်ပုံအမျိုးမျိုးကို ဦးတည်သင်ကြားပါ | | |
|---|---|---|
| အမြင်နှင့် နေရာများကို သိခြင်းဉာဏ် | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ဝေါဟာရ/ဘာသာစကားနှင့် ဆိုင်သောဉာဏ် | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ကာယနှင့် လှုပ်ရှားမှုဆိုင်ရာဉာဏ် | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| စည်းဝါးဂီတဉာဏ် | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| မိမိကိုယ်ကို သိခြင်းဉာဏ် | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| အများသူငါကို သိခြင်းဉာဏ် | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |

| ဦးနှောက်၏ သင်ယူမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်း (Address the Brain's Needs For Learning) | | |
|---|---|---|
| အားပြန်ဖြည့်ခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| အပြန်ပြန်အလှန်လှန် အသုံးပြုခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ပြန်လှန်သုံးသပ်ခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| အသစ်အဆန်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| အမြင်ပိုင်း အထောက်အကူများ | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| လှုပ်ရှားမှုနှင့် အောက်ဆီဂျင် | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| လူမှုဆက်ဆံရေး | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ရှိနှင့်ပြီး ဗဟုသုတ | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |

| ဆရာ/မတို့၏ အပြုအမူများ ပြုလုပ်ခြင်း (Do These Teacher Actions) | | |
|---|---|---|
| မွေ့လျော်ခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ရှင်းပြသိရှိစေခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ပံ့ပိုးကူညီခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ကိုယ်ရေးကိုယ်တာဆန်ပါ | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| အပြန်အလှန် လိုလားတောင်းဆိုချက်ထားပါ | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| စနစ်တကျ စုစည်းမှုရှိခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ပါဝင်မှုကို အားပေးခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| အပြောင်းအလဲ ဖော်ဆောင်နေသည်ဟု နားလည်ခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |

| အကြံဉာဏ်များကို အသုံးပြုခြင်း (Use this advice) | | |
|---|---|---|
| မိတ်ဆွေများနှင့် ပူးပေါင်းဆောင်ရွက်မှုရှိခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ဉာဏ်ကွန့်မြူးမှု ရှာဖွေခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| စွန့်စားခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ခက်ခဲသော အကြောင်းအရာကို အာရုံစိုက်ခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ပြန်လှန်သုံးသပ်ခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| အသင့်သုံးနည်းလမ်း သေတ္တာဖန်တီးခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| အမြဲတိုးတက်ပြောင်းလဲနေခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |
| ပြုပြင်ပြောင်းလဲလွယ်ခြင်း | လုပ်ဖူး/မလုပ်ဖူး | လုပ်ဆောင်ပုံ |

# အဖြေများ

## ၁။ ပညာရေးနှင့် သင်ကြားရေးစက်ဝန်း

### ၁.၁ ပညာရေးဆိုသည်မှာ အဘယ်နည်း

(က) **နမူနာအဖြေများ -**

၁။ ကျောင်းများ၊ ကောလိပ်များမှ သင်ကြားရေး၊ လေ့ကျင့်ရေး၊ သင်ယူရေး ဖြစ်စဉ်တစ်ခု။ အသိပညာ အတတ်ပညာတို့ကို မြှင့်တင်ရန် ရည်ရွယ်သည်။

၂။ တရားဝင်ပညာရေး အဆင့်တစ်စုံတစ်ခုကို ပြီးမြောက်ထားပြီး အသိအမှတ်ပြုမှု ရရှိထားသူတစ်ဦး ဖြစ်နိုင်သည်။

ထို့ပြင် အလွတ်တမ်း ကိုယ့်အားကိုယ်ကိုး သင်ယူမှုကို စာဖတ်ခြင်း၊ မိမိကိုယ်တိုင်လေ့လာခြင်း၊ အလုပ်အတွေ့အကြုံ (စဉ်ဆက်မပြတ် လေ့လာသင်ယူမှု ပြုထားသူ) စသည်တို့လည်း ဖြစ်နိုင်သည်။

### ၁.၂ သင်ကြားရေးစက်ဝန်း

(ခ) **အဖြေများ -**

၂။ (ဂ)

၃။ (င)

၄။ (ခ)

၅။ (ဃ)

(ဂ) **နမူနာအဖြေများ -**

**လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း**

(က) ကျောင်းသူ/သားများ၏ နောက်ခံများ၊ ကျွမ်းကျင်မှုများ၊ စိတ်ဝင်စားမှုများနှင့် ၎င်းတို့ မည်သို့ အကောင်းဆုံး သင်ယူမှုပြုနိုင်သည်ကို လေ့လာခြင်း။ ကျောင်းသူ/သားတို့၏ ပြီးခဲ့သည့် သင်ယူမှု အတွေ့အကြုံများတွင် မည်သည့် အောင်မြင်မှုများနှင့် မည်သည့် စိန်ခေါ်မှုများ ရှိခဲ့သည်ကို လေ့လာခြင်း။

(ခ) သင်ယူသူ စစ်တမ်းများ၊ သင်တန်းအကြို စစ်ဆေးခြင်း၊ ဝင်ခွင့်စစ်ဆေးခြင်း၊ အဆင့်သတ်မှတ်ချက် စစ်ဆေးခြင်း၊ လိုအပ်ချက် ရှာဖွေစစ်ဆေးခြင်း၊ လေ့လာစောင့်ကြည့်ခြင်း၊ လူတွေ့မေးမြန်းခြင်း၊ ဆွေးနွေးချက်များမှတစ်ဆင့်။

**အစီအစဉ်ရေးဆွဲခြင်း**

(က) သင်ရိုးများ၊ သင်ခန်းစာ၊ သင်ယူမှုအကဲဖြတ်ခြင်း၊ လုပ်ငန်းစဉ်များ၊ သင်ထောက်ကူများ စသည်တို့ကို ပြင်ဆင်ရန်။ သင်ကြားရမည့် အကြောင်းအရာကို ကြိုတင်ပြင်ဆင်ရန်။

(ခ) သင်ရိုးအစီအစဉ်များ၊ သင်ခန်းစာ အစီအစဉ်များ၊ လုပ်ငန်းစဉ်များ၊ သင်ကြားသင်ယူမှု အထောက်အကူ ရင်းမြစ်များ၊ သင်ယူမှု အကဲဖြတ်ခြင်းစနစ်များ စသည်တို့ကို ဖန်တီးခြင်းအားဖြင့်။

**သင်ကြားခြင်း**

(က) ဘေးကင်းလုံခြုံသော သင်ယူမှုဝန်းကျင်တစ်ခုရှိရန် စာသင်ခန်းစီမံခန့်ခွဲမှု လုပ်ရမည်ဖြစ်သည်။ သင်ယူမှု ရည်ရွယ်ချက်များ ရောက်ရှိနိုင်ရန် အခွင့်အလမ်းကို ကျောင်းသူ/သားအားလုံးကို တန်းတူညီမျှစွာ ပေးရမည်။

(ခ) သင်ယူမှု ရည်ရွယ်ချက်များ ဖန်တီးခြင်းအားဖြင့်။ စာသင်ခန်းစီမံခန့်ခွဲမှု၊ သင်ကြားသင်ယူမှု လုပ်ငန်းစဉ် အမျိုးမျိုးကို အသုံးပြုခြင်းအားဖြင့်။

**သင်ယူမှု အကဲဖြတ်ခြင်း**

(က) သင်ယူသူများက မည်မျှအဆင်ပြေ ကောင်းမွန်စွာ သင်ယူနေကြောင်း စစ်ဆေးရန်နှင့် တုံ့ပြန်အကြံပြုချက် ပေးရန်။

(ခ) ဉာဏ်စမ်းများ၊ စစ်ဆေးချက်များ၊ စာမေးပွဲများ၊ ပရောဂျက်များ၊ လုပ်ငန်းဆောင်တာများ၊ အိမ်စာ၊ လေ့လာစောင့်ကြည့်ခြင်း၊ စာသင်ခန်း လုပ်ငန်းစဉ်များ။

**သင်ကြားမှု ဆန်းစစ်အကဲဖြတ်ခြင်း**

(က) မိမိ၏ သင်ကြားရေး မည်မျှအောင်မြင်ကြောင်း သတ်မှတ်ဖော်ထုတ်ရန်။

(ခ) သင်ခန်းစာများ၊ သင်ရိုးညွှန်းတမ်းနှင့် သင်ထောက်ကူများကို ပြန်လှန်သုံးသပ်ခြင်း၊ အောင်မြင်မှုနှင့် စိန်ခေါ်မှုများကို မှတ်တမ်းထားခြင်း၊ ကျောင်းသား သင်ယူမှု အကဲဖြတ်ချက်များကို စစ်ဆေးခြင်း၊ ကျောင်းသူ/သားများထံမှ တုံ့ပြန်အကြံပြုချက်များ ရယူခြင်း။

(ဃ) **အဖြေများ -**

၁။ လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း၊ သင်ယူမှု အကဲဖြတ်ခြင်း။

၂။ အစီအစဉ်ရေးဆွဲခြင်း။

၃။ သင်ကြားခြင်း။

၄။ လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း။

၅။ သင်ယူမှု အကဲဖြတ်ခြင်း။

၆။ သင်ကြားခြင်း။

၇။ သင်ကြားမှု ဆန်းစစ်အကဲဖြတ်ခြင်း။

၈။ အစီအစဉ်ရေးဆွဲခြင်း။

၉။ သင်ကြားမှု ဆန်းစစ်အကဲဖြတ်ခြင်း။

၁၀။ အစီအစဉ်ရေးဆွဲခြင်း။

၁၁။ သင်ယူမှု အကဲဖြတ်ခြင်း။

၁၂။ အစီအစဉ်ရေးဆွဲခြင်း။

၁၃။ အစီအစဉ်ရေးဆွဲခြင်း။

၁၄။ အစီအစဉ်ရေးဆွဲခြင်း။

၁၅။ သင်ကြားခြင်း။

၁၆။ သင်ကြားခြင်း။

၁၇။ သင်ကြားခြင်း။

၁၈။ သင်ကြားခြင်း။

၁၉။ သင်ယူမှု အကဲဖြတ်ခြင်း။

၂၀။ အစီအစဉ်ရေးဆွဲခြင်း။

၂၁။ သင်ယူမှု အကဲဖြတ်ခြင်း။

၂၂။ သင်ယူမှု အကဲဖြတ်ခြင်း။

၂၃။ သင်ကြားမှု ဆန်းစစ်အကဲဖြတ်ခြင်း။

၂၄။ လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း။

၂၅။ သင်ကြားမှု ဆန်းစစ်အကဲဖြတ်ခြင်း။

၂၆။ အစီအစဉ်ရေးဆွဲခြင်း။

၂၇။ အစီအစဉ်ရေးဆွဲခြင်း၊ သင်ကြားခြင်း။

၂၈။ လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း။

၂၉။ လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း။

၃၀။ လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း။

(င) **အဖြေများ -**

၁။ (က) – အစီအစဉ်ရေးဆွဲခြင်း၊ (ခ) – သင်ယူမှု အကဲဖြတ်ခြင်း၊ (ဂ) – သင်ကြားမှု ဆန်းစစ်အကဲဖြတ်ခြင်း၊ (ဃ) – သင်ကြားခြင်း၊ (င) – လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း။

၂။ (၁) – သင်ကြားခြင်း၊ (၂) – သင်ယူမှု အကဲဖြတ်ခြင်း၊ (၃) – လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း၊ (၄) – သင်ကြားမှု ဆန်းစစ်အကဲဖြတ်ခြင်း၊ (၅) – အစီအစဉ်ရေးဆွဲခြင်း။

(စ) **အဖြေများ -**

၁။ (က) – အစီအစဉ်ရေးဆွဲခြင်း၊ (ခ) သင်ယူမှု အကဲဖြတ်ခြင်း၊ (ဂ) – သင်ကြားမှု ဆန်းစစ်အကဲဖြတ်ခြင်း၊ (ဃ) – သင်ကြားခြင်း၊ (င) – လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း။

၄။ လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်းက ကျွန်ုပ်တို့၏ ကျောင်းသူ/သားများ မည်သည့် အထောက်အပံ့များ ရရှိမှ သင်ယူမှုပြုနိုင်မည်ကို သိရှိအောင် ကူညီပေးသည်။ ဤအချက်အလက်ကို သုံးပြီး မိမိတို့ သင်ကြားသည့် ပုံစံကို အစီအစဉ်ရေးဆွဲနိုင်သည်။ ထို့နောက် သင်ခန်းစာ သင်ကြားပို့ချရာတွင် ထိုအစီအစဉ်နှင့် သင်ကြားရေး နည်းလမ်းများကို အသုံးပြုရသည်။ သင်ကြားပြီးပါက သင်ယူမှု အကဲဖြတ်ခြင်း နည်းလမ်းများကိုသုံးပြီး မိမိတို့ ကျောင်းသူ/သားများ မည်သည်တို့ကို အောင်မြင်စွာ သင်ယူပြီးကြောင်း။ မရသေးကြောင်း စစ်ဆေးရမည်။ ထိုအတွေ့အကြုံများအားလုံး ပြီးစီးသည့်အခါ မိမိ၏ သင်ကြားရေး။ မိမိက ဆရာ/မအလုပ်ကို မည်မျှကောင်းစွာ လုပ်ဆောင်နေကြောင်း နားလည်အောင် ကြိုးစားရသည်။

(ဆ) **အဖြေ -**

၁။ လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း။

## ၂။ သင်ယူခြင်း ဖြစ်ပေါ်ပုံ

### ၂.၁ လက်တွေ့ဘဝနှင့် စာသင်ခန်း

(ခ) **အဖြေများ -**

၁။ မှား – ကလေးများသည် ကျောင်းသို့ မရောက်ခင် ကတည်းက အရာများစွာကို သင်ယူခဲ့ပြီးဖြစ်သည်။

၂။ မှား – ဥပမာတစ်ခုဆိုရလျှင် ကလေးများသည် ၎င်းတို့ မိဘများထံမှ သင်ယူနိုင်သည်။

၃။ မှန်

၄။ မှန်

၅။ မှား – ၎င်းတို့က ကိုယ့်အားကိုယ်ကိုး သင်ယူနိုင်သည်။ ဥပမာ – အတွေ့အကြုံမှ သင်ယူခြင်းနည်းလမ်းအားဖြင့်။

၆။ မှား – အတွေ့အကြုံမှ သင်ယူခြင်းက အသုံးဝင်သည်။

(ဂ) **နမူနာအဖြေများ -**

**စာသင်ခန်းအတွင်း သင်ယူမှု**

**အားသာချက်များ** – သင်ရိုးညွှန်းတမ်းရှိ၊ ဆရာက သင်ယူမှုကို ထိန်းကျောင်းပြီး တုံ့ပြန်အကြံပြုချက်ပေးနိုင်၊ ကျောင်းသူ/သားများ အတူတူ အလုပ်လုပ်ပြီး အပြန်အလှန် သင်ယူနိုင်၊ သင်ယူမှု အကဲဖြတ်ခြင်း ပုံစံအမျိုးမျိုးသုံးနိုင်။

**အားနည်းချက်များ** – အကြောင်းအရာက သင်ရိုးညွှန်းတမ်း အပေါ် မူတည်၊ သင်ယူမှု အကဲဖြတ်ခြင်းပုံစံက ကျောင်းသူ/သားနှင့် အံဝင်ခွင်ကျမဖြစ်နိုင်၊ သင်ယူမှု အရည်အသွေးက ဆရာ/မ အရည်အသွေးကို မူတည်နိုင်။

**စာသင်ခန်းပြင်ပ လက်တွေ့ဘဝတွင် သင်ယူမှု**

**အားသာချက်များ** – သင်ယူသူများက မိမိတို့ စိတ်ဝင်စားမှု အတိုင်း လေ့လာနိုင်၊ မိမိကိုယ်ပိုင်နှုန်းအတိုင်း အလုပ်လုပ်နိုင်၊ အတွေ့အကြုံမှ သင်ယူခြင်းအတွက် အခွင့်အလမ်းကောင်းဖြစ်။

**အားနည်းချက်များ** – သင်ယူမှုကို လမ်းညွှန်ထိန်းကျောင်းမည့် ဆရာ/မ မရှိ၊ ကိုယ့်အားကိုယ်ကိုး အကြံပြုချက်များသာရှိနိုင်၊ ဆရာ/မ မရှိဘဲ ကိုယ်တိုင်လေ့လာသင်ယူရန် စိတ်အားထက်သန်မှု အားလျော့နိုင်။

## ၂.၂ တက်ကြွသော သင်ယူမှုနှင့် အငုံ့သဘော ငြိမ်သက်လက်ခံသည့် သင်ယူမှု

### (က) နမူနာအဖြေများ -

၁။ "ပြောခြင်း"၊ "ပြသခြင်း"၊ "ပါဝင်လုပ်ဆောင်ရခြင်း" တို့တွင် သက်ရောက်မှု အမျိုးမျိုးရှိနိုင်သည်။ ထိရောက်မှု အဆင့်အမျိုးမျိုး ရှိသောကြောင့်ဖြစ်သည်။ ကြားရုံကြားပါက မေ့လျော့သွားနိုင်ခြေများသည်။ မြင်ရပါက မှတ်မိသိရှိနိုင်ခြေ ပိုများလာသည်။ ပါဝင်လုပ်ဆောင်ရပါက သင်ယူတတ်မြောက်နိုင်ခြေ ပိုများလာသည်။

၂။ ပါဝင်လုပ်ဆောင်ရခြင်းမှာ သင်ယူမှုအတွက် အကောင်းဆုံးပင်ဖြစ်သည်။ တက်ကြွမှုရှိသောကြောင့် ဖြစ်သည်။ ကျောင်းသူ/သားများက ဆရာ/မနှင့်အတူ သင်ယူမှုဖြစ်စဉ်တွင် မေးခွန်းများ မေးဖြေခြင်းကဲ့သို့သော အခြား လုပ်ငန်းစဉ်အမျိုးမျိုးနှင့် ပူးပေါင်းပါဝင်မှု ရှိနေခြင်းကြောင့်ဖြစ်သည်။

### (ဂ) အဖြေများ -

၁။

(က) အငုံ့သဘော ငြိမ်သက်လက်ခံမှု

(ခ) အငုံ့သဘော ငြိမ်သက်လက်ခံမှု

(ဂ) တက်ကြွသော သင်ယူမှု

(ဃ) တက်ကြွသော သင်ယူမှု

(င) အငုံ့သဘော ငြိမ်သက်လက်ခံမှု

(စ) တက်ကြွသော သင်ယူမှု

(ဆ) နှစ်မျိုးလုံး

(ဇ) တက်ကြွသော သင်ယူမှု

(ဈ) တက်ကြွသော သင်ယူမှု

(ည) နှစ်မျိုးလုံး

(ဋ) တက်ကြွသော သင်ယူမှု

(ဌ) နှစ်မျိုးလုံး

(ဍ) အငုံ့သဘော ငြိမ်သက်လက်ခံမှု

(ဎ) အငုံ့သဘော ငြိမ်သက်လက်ခံမှု

(ဏ) တက်ကြွသော သင်ယူမှု

(တ) အငုံ့သဘော ငြိမ်သက်လက်ခံမှု

(ထ) တက်ကြွသော သင်ယူမှု

(ဒ) နှစ်မျိုးလုံး

(ဓ) တက်ကြွသော သင်ယူမှု

(န) နှစ်မျိုးလုံး

(ပ) တက်ကြွသော သင်ယူမှု

(ဖ) တက်ကြွသော သင်ယူမှု

(ဗ) တက်ကြွသော သင်ယူမှု

**မှတ်ချက်** – အချို့သော စာသင်ခန်း လုပ်ငန်းစဉ်များမှာ တက်ကြွသော သင်ယူမှုရော အငုံ့သဘော လက်ခံသင်ယူမှုသပ်သပ် လုပ်ငန်းစဉ်များပါ ဖြစ်နိုင်သည်။ အချို့ကို ပိုမိုတက်ကြွသော လုပ်ငန်းစဉ်များ ဖြစ်လာအောင် ဆရာ/မက လိုက်လျောညီထွေ ပြောင်းလဲနိုင်သည်။ ဥပမာ လက်ခံသင်ယူမှုသပ်သပ် လုပ်ငန်းစဉ် တစ်ခုတွင် ဆရာ/မက ကျောင်းသူ/သားများကို မေးခွန်းများ မေးခြင်း အားဖြင့် ပိုမိုတက်ကြွအောင် လုပ်နိုင်သည်။

### (ဃ) နမူနာအဖြေများ -

၁။ သင်ယူသူ ဗဟိုပြု လုပ်ငန်းစဉ်အားလုံးက လှုပ်ရှားသွားလာမှုများစွာ ရှိနေရန် မလိုအပ်ပါ။ ကျောင်းသူ/သားများ တစ်ဦးချင်း အလုပ်လုပ်သော လုပ်ငန်းများ၊ အဖွဲ့ငယ်များတွင် တိတ်ဆိတ်စွာ အလုပ်လုပ်သော လုပ်ငန်းစဉ်များကိုလည်း ရွေးချယ် လုပ်ဆောင်နိုင်ပါသည်။

၂။ ကျောင်းသူ/သားများက သီချင်းသာဆို၊ ဂိမ်းများသာ ကစားနေပါက ပျော်သာပျော်ပြီး သင်ယူမှု တစ်ခုမျှ မရရှိခြင်းလည်း ဖြစ်နိုင်ပါသည်။ ကျောင်းသူ/သားများကို အကြောင်းအရာသစ်များ ပို့ချရန်နှင့် ထိုအကြောင်းအရာ သစ်များကို လေ့ကျင့်နားလည်စေမည့် စာသင်ခန်း လုပ်ငန်းစဉ်များပေးကာ သင်ယူခိုင်းခြင်းမှာလည်း အရေးကြီးသော လုပ်ငန်းဖြစ်ပါသည်။

၃။ ကျောင်းသူ/သားများကို ၎င်းတို့ သင်ယူရမည့် ခေါင်းစဉ် စာရင်းတစ်ခု ပေးနိုင်ပါသည်။ သင်ရိုးအစတွင် ထိုခေါင်းစဉ်စာရင်းကို ရေးထားနိုင်သည်။ ထို့နောက် သင်ရိုးတစ်လျှောက် အချိန်အချို့တွင် ကျောင်းသူ/သား များကို ထိုစာရင်းမှ ရွေးချယ်ခိုင်းနိုင်သည်။ ခေါင်းစဉ် တစ်ခုစီတွင် မည်သည့် အကြောင်းအရာများ သင်ယူရမည်ဖြစ်ကြောင်း၊ မည်သည့် ကျွမ်းကျင်မှုများကို အာရုံစိုက်မည်ဖြစ်ကြောင်း ရှင်းလင်းစွာ တင်ပြရမည်။ သို့မှသာ ကျောင်းသူ/သားများက မိမိတို့ မည်သည်ကို ရွေးချယ်ရသည်ဖြစ်ကြောင်း ရှင်းလင်းစွာ နားလည်မည် ဖြစ်သည်။ ကျောင်းသူ/သားများက ရွေးသော ခေါင်းစဉ်များနှင့် ဆရာ/မက ရွေးချယ်သော ခေါင်းစဉ် များ ပေါင်းစပ်ထားခြင်း ရှိပါက ပိုမိုကောင်းမွန်သည်။

၄။ စာမေးပွဲအောင်ရန် ကျောင်းသူ/သားများက ပြင်ပြင်ဆင်ဆင်ရှိခြင်းမှာ ကောင်းပါသည်။ သို့ရာတွင် အလွတ်ကျက်မှတ်ထားခြင်းသပ်သပ်က အငုံ့သဘော လက်ခံရုံသင်ယူမှုဖြစ်သည်။ ဆရာ/မက စာသင်ခန်း လုပ်ငန်းစဉ်အမျိုးမျိုးကို အသုံးပြုပြီး ကျောင်းသူ/သားများကို ၎င်းတို့ သင်ယူနေသော အကြောင်းအရာကို ပိုမိုကျွမ်းကျင်အောင် လေ့ကျင့်ခိုင်းနိုင် ပါသည်။ စာမေးပွဲတွင် လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများနှင့် ဆင်တူသော လုပ်ငန်းဆောင်တာများဖြင့် လေ့ကျင့်ခိုင်းသင့်ပါသည်။

၅။ သင်ယူသူ ဗဟိုပြုလုပ်ငန်းစဉ်တိုင်း ပြင်ဆင်ချိန် ကြာမြင့်သည် မဟုတ်ပါ။ ဥပမာ – မိမိတို့ ထင်မြင်ချက် များကို အဖွဲ့လိုက် ဆွေးနွေးရသော ရေးသားရသော လုပ်ငန်းစဉ်များကို ကြိုတင်ပြင်ဆင်ရသည်မှာ

အတော်လွယ်ကူသည်။ အတူတွဲဖက်သင်ကြားသည့် ဆရာ/မများ ရှိပါက ၎င်းတို့နှင့် ဆွေးနွေးပြီး ၎င်းတို့ အသုံးပြုသော စာသင်ခန်း လုပ်ငန်းစဉ်များအကြောင်း ကြားနာသင်ယူနိုင်သည်။ ၎င်းတို့က သင်ယူသူ ဗဟိုပြု သင်ခန်းစာများ ပြင်ဆင်နည်း အကြံပြုချက်များ ပေးနိုင်သည်။

(စ) နမူနာအဖြေများ -

၂။ သင်ခန်းစာအတွက် လုပ်ငန်းစဉ်များ ရွေးချယ်ရာတွင် တက်ကြွစွာ သင်ယူမှု လိုအပ်သော လုပ်ငန်းစဉ်များ ရွေးချယ်နိုင်သည်။ ဆရာစကားပြောချိန်ကို လျှော့ပြီး ကျောင်းသား စကားပြောချိန်ကို မြှင့်တင်နိုင်သည်။ ဆရာ ဟောပြောချက်ကို စာသင်ခန်းတွင် လျှော့ထားလိုက်ရုံနှင့် အဆင်ပြေသော အလုပ်ဖြစ်သည်။

၃။ လက်ခံရုံသပ်သပ် သင်ယူမှုသည်လည်း အသုံးဝင်နိုင်ပါသည်။ ဥပမာ – သတင်းအချက်အလက်များ တင်ပြရာတွင် ဟောပြောပို့ချခြင်း နည်းလမ်းကို သုံးနိုင်သည်။ သို့မဟုတ် မိမိသရုပ်ပြ လုပ်ဆောင်သည်ကို ကျောင်းသူ/သားများက ကြည့်ရှုရခြင်းလည်း ဖြစ်နိုင်သည်။ အချို့သော ပြဋ္ဌာန်းစာအုပ် လုပ်ငန်းစဉ်များက လက်ခံရုံသပ်သပ် သင်ယူမှုမျိုး ဖြစ်သော်လည်း ပြဋ္ဌာန်းစာအုပ်များမှာ အသုံးဝင်သော ရင်းမြစ်များဖြစ်သည်။

## ၂.၃ သင်ယူမှုအားသန်ပုံအမျိုးမျိုး

(ဂ) အဖြေများ -

၁။ (င) – အများသူငါကို သိခြင်းဉာဏ်

၂။ (က) – အမြင်နှင့် နေရာများကို သိခြင်းဉာဏ်

၃။ (ဃ) – မိမိကိုယ်ကို သိခြင်းဉာဏ်

၄။ (ဂ) – ဝေါဟာရ/ဘာသာစကားနှင့် ဆိုင်သောဉာဏ်

၅။ (ဆ) – စည်းဝါးဂီတဉာဏ်

၆။ (စ) – ယုတ္တိသင်္ချာဉာဏ်

၇။ (ခ) ကာယနှင့် လှုပ်ရှားမှုဆိုင်ရာဉာဏ်

(င) နမူနာအဖြေများ -

၁။ ဉာဏ်ရည်ဉာဏ်သွေး အမျိုးမျိုးနှင့် ဆက်စပ်သော လုပ်ငန်းစဉ် နမူနာအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဝေါဟာရ/ဘာသာစကားနှင့် ဆိုင်သောဉာဏ် –** ဟောပြောချက်များ၊ ဆွေးနွေးချက်များ၊ ပို့ချချက်များ၊ စကားရည်လုပွဲ၊ စာနားထောင်ခြင်း၊ ပုံပြင်များ ရေးသားခြင်း၊ ပြဇာတ်၊ ဝေါဟာရ ကစားနည်းများ၊ ပိုစတာ။ ကြော်ငြာဖန်တီးခြင်း၊ ရုပ်ရှင်ကြည့်ခြင်း။

**ယုတ္တိသင်္ချာဉာဏ် –** ပဟေဠိနှင့် စကားဝှက်များဖော်ခြင်း၊ ခန့်မှန်းချက်ထုတ်ခြင်း၊ သင်္ချာနှင့် ယုတ္တိ ပုစ္ဆာများတွက်ခြင်း၊ ဘတ်ဂျက်တွက်ခြင်း၊ သရုပ်ဖော်ပုံများ ဆွဲခြင်း၊ သတင်းအချက်အလက်များကို အမျိုးအစားခွဲခြင်း။

**အမြင်နှင့် နေရာများကို သိခြင်းဉာဏ် –** ပန်းချီဆွဲခြင်းနှင့် ပုံဆွဲခြင်း လုပ်ငန်းစဉ်များ – မြေပုံဆွဲခြင်း၊ ပုံဆွဲခြင်း၊ အရောင်ခြယ်ခြင်း၊ ကာတွန်းကွက်များ ရေးဆွဲခြင်း၊ ဆက်စပ်မှုပြဖယားပုံ ရေးဆွဲခြင်း၊ ပိုစတာ ရေးဆွဲခြင်း၊ ရုပ်ရှင်ကြည့်ခြင်း။

**စည်းဝါးဂီတဉာဏ် –** သီချင်းများ ဖန်တီး/သီဆိုခြင်း၊ အကဖန်တီးတင်ဆက်ခြင်း၊ စည်းဝါးစည်းချက်အလိုက် တစ်ခုခု ဖန်တီးခြင်း၊ ကဗျာကာရံများ ဖန်တီးခြင်း။

**ကာယနှင့် လှုပ်ရှားမှုဆိုင်ရာဉာဏ် –** ပြဇာတ်၊ မိမိသင်ယူမှုကို သရုပ်ဆောင်မှုနှင့် ဖော်ပြခြင်း၊ ခန္ဓာကိုယ် လှုပ်ရှားမှု ပါဝင်သော ကစားနည်းများ ကစားခြင်း၊ ဖြတ်ညှပ်ကပ်ပြီး တစ်ခုခုဖန်တီးခြင်း၊ ခန္ဓာကိုယ်နှင့် သရုပ်ဖော်ပြမှုပြုခြင်း။

**အများသူငါကို သိခြင်းဉာဏ် –** နှစ်ဦးတွဲအလိုက်၊ အဖွဲ့ငယ်များအလိုက် လုပ်ငန်းလုပ်ဆောင်ခြင်း၊ ပူးပေါင်းပါဝင်သော၊ အဖွဲ့လိုက် ကစားနည်းများ ကစားခြင်း၊ ပြဇာတ်များ၊ လူတွေ့မေးမြန်းခြင်း၊ အဖွဲ့လိုက် ပရောဂျက်များ၊ ဆွေးနွေးချက်များ၊ အဖွဲ့လိုက် စကားရည်လုခြင်း အစီအစဉ်များ။

**မိမိကိုယ်ကို သိခြင်းဉာဏ် –** မှတ်တမ်းရေးသားခြင်း၊ မိမိကိုယ်ပိုင် အတွေ့အကြုံများကို မှတ်တမ်းတင်ခြင်း၊ တစ်ဦးတည်း အလုပ်လုပ်ခြင်း၊ ကိုယ့်အားကိုယ်ကိုး လေ့လာခြင်း၊ တရားထိုင်ခြင်း အက်ဆေးရေးသားခြင်း။

(စ) နမူနာအဖြေများ -

၁။ သင်ကြားသည့်ပုံစံကို ကျောင်းသူ/သားများ ငြီးငွေ့လာလိမ့်မည်။ ကွဲပြားသော သင်ယူမှုအားသန်ပုံအမျိုးမျိုး ရှိသူများက သင်ကြားသင်ယူမှုအပေါ် စိတ်ဝင်စား ပါဝင်မှု ပိုမိုနည်းလာလိမ့်မည်။

၂။ သင်ခန်းစာတစ်ခုတွင် သင်ယူမှုအားသန်ပုံအမျိုးမျိုး ပါဝင်သော လုပ်ငန်းစဉ်များ ထည့်သွင်းစီစဉ်နိုင်သည်။ သို့မဟုတ် ရက်သတ္တပတ်အတွင်း သင်ခန်းစာ အသီးသီးသည် သင်ယူမှုအားသန်ပုံအမျိုးမျိုးအနက် တစ်ခုခုနှင့် ကောင်းစွာ ချိတ်ဆက်မှုရှိအောင် စီစဉ်နိုင်သည်။ ပုံစံအမျိုးမျိုးနှင့် သင်ယူမှု ပြုလုပ်ရခြင်းကို ကျောင်းသူ/သားများက နှစ်သက် သဘောကျမည်ဖြစ်သည်။

၃။ စာသင်နှစ်အစပိုင်းတွင် မိမိကျောင်းသူ/သားတို့ မည်သည့် သင်ယူမှုအားသန်ပုံအမျိုးမျိုးရှိကြောင်း ဖော်ထုတ်လေ့လာပါ။ မည်သည့် သင်ယူမှု နည်းလမ်းများကို ပိုမိုနှစ်သက်ကြကြောင်း ပြောပြရန် ကျောင်းသူ/သားများကို မေးနိုင်သည်။ သတင်း အချက်အလက် အသစ်များကို တင်ဆက်ရန်၊ သင်ယူမှုအားသန်ပုံအမျိုးမျိုးကို အသုံးပြုပြီး သင်ယူမှုကို ပိုမိုအားကောင်းအောင် လေ့ကျင့်ရန် လုပ်ငန်းစဉ်အမျိုးမျိုးကို ရွေးချယ်အသုံးပြုပါ။ မိမိစာသင်ခန်းအတွင်း အသုံးပြုသော သင်ယူမှု

လုပ်ငန်းစဉ်များမှာ အမျိုးအစား ကွဲပြားစုံလင်မှုရှိပါစေ။ သို့မှသာ ကျောင်းသူ/သားများသည် မတူကွဲပြားသော သင်ယူမှုအားသန်ပုံအမျိုးမျိုးကို အသုံးချနိုင်ခွင့် ရလိမ့်မည် ဖြစ်သည်။

## ၂.၄ သင်ယူရန် ဦးနောက်လိုအပ်ချက်များ

**(က) နမူနာအဖြေများ -**

အိပ်စက်ခြင်း၊ အစားအစာ၊ အောက်ဆီဂျင်၊ နှိုးဆွမှု၊ မွေ့လျော်မှု၊ ပျော်ရွှင်မှု၊ အနားယူမှု၊ ပညာရေး၊ စိန်ခေါ်မှု၊ အလေ့အကျင့်။

**(ခ) နမူနာအဖြေများ -**

**၁။** (က) ၅

(ခ) ၆

(ဂ) ၄

(ဃ) ၈

(င) ၇

(စ) ၂

(ဆ) ၉

(ဇ) ၃

(ဈ) ၁

**၂။ နမူနာအဖြေများ -**

**(က)** အသစ်အဆန်း၊ လှုပ်ရှားမှုနှင့် အောက်ဆီဂျင်။

**(ခ)** အားပြန်ဖြည့်ခြင်း၊ အပြန်ပြန်အလှန်လှန် အသုံးပြုခြင်း၊ လူမှုဆက်ဆံရေး၊ ရှိနှင့်ပြီး ဗဟုသုတကို ရယူသုံးစွဲခြင်း၊ စိန်ခေါ်မှု။

**(ဂ)** အသစ်အဆန်း၊ လှုပ်ရှားမှုနှင့် အောက်ဆီဂျင်၊ စိန်ခေါ်မှု။

**(ဃ)** အမြင်ပိုင်း အထောက်အကူများ၊ လူမှုဆက်ဆံရေး၊ ရှိနှင့်ပြီး ဗဟုသုတကို ရယူသုံးစွဲခြင်း၊ စိန်ခေါ်မှု။

**(င)** ပြန်လှန်သုံးသပ်ခြင်း၊ ရှိနှင့်ပြီး ဗဟုသုတကို ရယူသုံးစွဲခြင်း၊ စိန်ခေါ်မှု။

**(စ)** ပြန်လှန်သုံးသပ်ခြင်း၊ အသစ်အဆန်း၊ စိန်ခေါ်မှု။

**(ဆ)** အပြန်ပြန်အလှန်လှန် အသုံးပြုခြင်း၊ ပြန်လှန် သုံးသပ်ခြင်း၊ လူမှုဆက်ဆံရေး၊ စိန်ခေါ်မှု။

**(ဇ)** အားပြန်ဖြည့်ခြင်း၊ အပြန်ပြန်အလှန်လှန် အသုံးပြုခြင်း၊ ပြန်လှန်သုံးသပ်ခြင်း၊ အသစ်အဆန်း၊ ရှိနှင့်ပြီး ဗဟုသုတကို ရယူသုံးစွဲခြင်း၊ စိန်ခေါ်မှု။

**(ဈ)** အပြန်ပြန်အလှန်လှန် အသုံးပြုခြင်း၊ ပြန်လှန် သုံးသပ်ခြင်း၊ အသစ်အဆန်း၊ အမြင်ပိုင်း အထောက်အကူများ၊ လှုပ်ရှားမှုနှင့် အောက်ဆီဂျင်။

**(ည)** အားပြန်ဖြည့်ခြင်း၊ အပြန်ပြန်အလှန်လှန် အသုံးပြုခြင်း၊ ပြန်လှန်သုံးသပ်ခြင်း၊ အမြင်ပိုင်း အထောက်အကူများ၊ ရှိနှင့်ပြီး ဗဟုသုတကို ရယူသုံးစွဲခြင်း။

**၃။ နမူနာအဖြေများ -**

**(က)** ဤလုပ်ငန်းစဉ်များက သင်ယူမှုအတွက် ဦးနှောက်၏ လိုအပ်ချက်အမျိုးမျိုးကို ဦးတည်ဖြေရှင်းနိုင်ပါမည်။

**(ခ)** အချို့သော လုပ်ငန်းစဉ်များက ကျောင်းသူ/သားများ အတွက် အသစ်ဖြစ်နေနိုင်သည်။ ထိုအခါ ရှင်းလင်းသော ညွှန်ကြားချက်များနှင့် ရှင်းလင်းချက်များ လိုအပ်ပါမည်။

ထိုလုပ်ငန်းစဉ်တို့အတွက် ဆရာ/မက လိုအပ်သော သင်ထောက်ကူများ ပြင်ဆင်ထားရမည်။

အချို့သော လုပ်ငန်းစဉ်များကို လုပ်ဆောင်ရန်အတွက် ကျောင်းသူ/သားများက အပိုဆောင်း ရင်းမြစ်များ လိုအပ်ကောင်း လိုအပ်နိုင်သည်။

ဤလုပ်ငန်းစဉ်များအနက် မည်သည်ကမျှ ကျောင်းသူ/သားအတွက် အားပြန်ဖြည့်ရန် အချိန်ပေးမည် မဟုတ်ချေ။

**မှတ်ချက် –** အားပြန်ဖြည့်ခြင်းကို များသောအားဖြင့် ပြန်လည်ရွှင်လန်းစေသော လုပ်ငန်းစဉ်များ (သင်ခန်းစာနှင့် မဆိုင်) ကျောင်းသူ/သားများ လွယ်ကူစွာ လုပ်ဆောင်နိုင်သော ပြန်လှန်လေ့လာခြင်း လုပ်ငန်းစဉ်များ စသည်တို့နှင့် လုပ်ဆောင်ရပါသည်။ အားပြန်ဖြည့်ခြင်း လုပ်ငန်းစဉ်များမှာ ကျောင်းသူ/သားများက အသိ အတတ် အသစ်များကို သင်ကြားလေ့ကျင့်ရခြင်းမှ ခေတ္တနားချိန်ရသော လုပ်ငန်းစဉ်များဖြစ်သည်။

**(ဃ) နမူနာအဖြေများ -**

**၃။ (၁)** ကျောင်းသူ/သားများသည် အကြောင်းအရာ အလုပ် တစ်ခုတည်းကို မိနစ် ၂၀ ထက်ပိုပြီး လုပ်ဆောင်ရခြင်း မရှိအောင် စီမံပါ။ လုပ်ငန်းစဉ်များကို မိနစ် ၂၀ တွင် တစ်မျိုးပြောင်းနိုင်အောင် စီမံပါ။

**(၂)** ပြီးခဲ့သည့် စာသင်ခန်းများတွင် ကျောင်းသူ/သားများ လေ့လာသင်ယူပြီးသည်တို့ကို ပြန်လှန်လေ့လာပါ။ ပြန်လှန်လေ့လာခြင်းကို ပုံမှန်ဆောင်ရွက်ပါ။ လေ့ကျင့်မှုများများ ပိုရစေမည့် အခွင့်အလမ်းများ ဖန်တီးပေးပါ။ အိမ်စာကဲ့သို့ လုပ်ငန်းစဉ်များမှတစ်ဆင့် လုပ်ဆောင်နိုင်သည်။ အပတ်စဉ် ပြန်လှန်လေ့လာခြင်း ဉာဏ်စမ်းများ ဆောင်ရွက်ပါ။

**(၃)** ကျောင်းသူ/သားများကို သင်ယူမှုမှတ်တမ်းများ ထားရှိခိုင်းပါ။ မိမိတို့ သင်ယူမှုများအကြောင်း၊ ၎င်းတို့က မည်သို့ အသုံးဝင်ကြောင်းနှင့် မည်သို့ သုံးမည်ဖြစ်ကြောင်း ဆွေးနွေးအောင် အားပေးပါ။

**(၄)** စာသင်ခန်းတွင် လုပ်ငန်းစဉ် အမျိုးအစား အမျိုးမျိုး ဆောင်ရွက်ပါ။ သင်ယူမှုအားသန်ပုံအမျိုးမျိုးနှင့် ချိတ်ဆက်နိုင်သော နည်းလမ်းအမျိုးမျိုးသုံးပြီး သတင်းအချက်အလက် အသစ်များကို တင်ဆက်ပါ။

**(၅)** အကြောင်းအရာအသစ် တင်ဆက်ရာတွင် ပိုစတာများ၊ ဂရပ်ဖ်များ၊ ဇယားကွက်အမျိုးမျိုး၊ ရုပ်ပုံများနှင့် အခြား အမြင်ပိုင်း အထောက်အကူများကို အသုံးပြုပါ။ ကျောင်းသူ/သားများကိုလည်း ၎င်းတို့

ကိုယ်ပိုင် ပိုစတာများ၊ ဂရပ်ဖ်များ၊ သရုပ်ဖော်ပုံများ၊ အခြားအမြင်ပိုင်း အထောက်အကူများ ဖန်တီးခွင့်ပေးပါ။

**(၆)** စာသင်ခန်းအတွင်း (သို့မဟုတ် ပြင်ပ) တွင် လှုပ်ရှားသွားလာခြင်း ပါဝင်သော လုပ်ငန်းစဉ်အချို့ကို ဆောင်ရွက်ပါ။ နေရာသစ်များထိုင်ဖြစ်၊ အဖွဲ့အသစ်များနှင့် အလုပ်လုပ်ဖြစ်စေမည့် ပုံစံများဖြင့် အဖွဲ့များဖွဲ့ပေးပါ။

**(၇)** အဖွဲ့လိုက် လုပ်ငန်းစဉ်များကို ပုံမှန်ဆောင်ရွက်ခိုင်းပါ။ လုပ်ငန်းစဉ် ဆောင်ရွက်ရန်အတွက် ကျောင်းသူ/သားတို့ ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းများ ဖြစ်နိုင်သလို၊ အဖွဲ့လိုက် ဆွေးနွေးချက်တစ်ခုလည်း ဖြစ်နိုင်သည်။ အချင်းချင်းထံမှ အပြန်အလှန် သင်ယူမှု ပြုနိုင်စေမည့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်သည်။ ဥပမာ အချင်းချင်း၏ အဖြေများကို စစ်ဆေးစေသော နည်းလမ်းဖြစ်သည်။

**(၈)** ခေါင်းစဉ်တစ်ခုစီကို စတင်ရာတွင် ထိုခေါင်းစဉ်အကြောင်း ဝိုင်းဝန်းစဉ်းစားခြင်းဖြစ်စေ၊ ထိုသင်ခန်းစာ၊ ထိုခေါင်းစဉ်နှင့် ပတ်သက်ပြီး ကျောင်းသူ/သားတို့ သိနှင့်ပြီး အသိတို့ကို ဖော်ထုတ်ခြင်းအားဖြင့်ဖြစ်စေ စတင်ပါ။

**(၉)** လုပ်ငန်းစဉ်များ ရွေးချယ်ရာတွင် မလွယ်လွန်း၊ မခက်လွန်းသော လုပ်ငန်းစဉ်များကို ရွေးချယ်ပါ။ လုပ်ငန်းစဉ်ကို ပြီးစီးအောင် ကျောင်းသူ/သားများကို အချိန်လုံလောက်စွာပေးပါ။ အခြားသူတို့ထက် ပိုစောစောပြီးသည့် ကျောင်းသူ/သားများအတွက် လုပ်ငန်းဆောင်တာ အပိုဆောင်းတို့ကိုလည်း ပြင်ဆင်ထားပါ။ လုပ်ငန်းစဉ်သည် ခက်ခဲစိန်ခေါ်မှုများပါက ကျောင်းသားများကို အပြုသဘောဆောင်သော အားပေးမှု အမြဲပြုပါ။ လုပ်ငန်းစဉ်တွင် အခက်အခဲတွေ့နေသော ကျောင်းသူ/သားများ ရှိပါက ၎င်းတို့ကို နှစ်ဦးတွဲအလိုက်၊ အဖွဲ့ငယ်အလိုက် အလုပ်လုပ်နိုင်အောင် စီစဉ်ပေးပါ။

**(င)** **အဖြေများ -**

**၁။** (က) အသစ်အဆန်းနှင့် ချိတ်ဆက်မှုရှိသည်။

(ခ)အားပြန်ဖြည့်ခြင်း၊ အပြန်ပြန်အလှန်လှန် အသုံးပြုခြင်းတို့နှင့် ချိတ်ဆက်မှုရှိသည်။

(ဂ) အပြန်ပြန်အလှန်လှန် အသုံးပြုခြင်းနှင့် ချိတ်ဆက်မှုရှိသည်။

(ဃ) ပြန်လှန်သုံးသပ်ခြင်းနှင့် ချိတ်ဆက်မှုရှိသည်။

(င) စိန်ခေါ်မှုနှင့် ချိတ်ဆက်မှုရှိသည်။

(စ) စာမျက်နှာ ၄၁ မှ လိုအပ်ချက် အားလုံးနှင့် ချိတ်ဆက်သည်။ အဘယ့်ကြောင့်ဆိုသော် ဤလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ပါက ဦးနှောက် ပြောင်းလဲ ဖွံ့ဖြိုးမည်ဖြစ်၍ပင်။

(ဆ) လူမှုဆက်ဆံရေးနှင့် ချိတ်ဆက်မှုရှိသည်။

## ၃။ ထိရောက်သော ဆရာ/မတစ်ဦး ဆိုသည်မှာ

### ၃.၁ စာသင်ခန်းကောင်းတစ်ခု

**(ခ)** **နမူနာအဖြေများ -**

- ဆရာ/မက ကျောင်းသူ/သားများကို မေးခွန်းများမေးပါက၊ ၎င်းတို့သည် မိမိတို့၏ သင်ယူမှုကို ပြန်လည်စဉ်းစားသုံးသပ်ခြင်း လုပ်ရမည်ဖြစ်သည်။
- ဆရာ/မက ဒေါသထွက်ပါက၊ ကျောင်းသူ/သားများပါ စိတ်ဆိုးခြင်း ရှက်ရွံ့ခြင်းတို့ကို ခံစားရလိမ့်မည်။
- ဆရာ/မက လေ့ကျင့်ခြင်း လုပ်ငန်းစဉ်များပေးပါက ကျောင်းသူ/သားများသည် ၎င်းတို့ သင်ယူမှုကို ပြန်လည်လေ့ကျင့်ရလိမ့်မည်။
- ဆရာ/မက ဟောပြောပို့ချချက် ရှည်လျားစွာ ပြောဆိုနေပါက ကျောင်းသူ/သားများ ငြီးငွေ့လိမ့်မည်။
- ဆရာ/မက စာသင်ခန်းကို ခဏခဏနောက်ကျပြီး သင်ထောက်ကူများကို မေ့လျော့ခြင်း ခဏခဏဖြစ်ပါက၊ ကျောင်းသူ/သားများလည်း တာဝန်ယူလိုစိတ် နည်းလာလိမ့်မည်။
- ဆရာ/မက စာသင်ခန်းစီမံခန့်ခွဲမှု အားကောင်းပါက ကျောင်းသူ/သားတို့သည် စည်းမျဉ်းများ လိုက်နာပြီး အပြုအမူကောင်းများ ပြုမူလိမ့်မည်။

**(ဂ)** **နမူနာအဖြေများ -**

**၁။ ဆရာ/မများဆောင်ရန်**

- ကြင်နာသနားတတ်ရန်။
- ကျောင်းသူ/သားတို့ကို လမ်းညွှန်ထိန်းကျောင်းရန်။
- တုံ့ပြန်အကြံပြုချက်ပေးရန်။
- စုစည်းစနစ်ကျမှုရှိရန်။
- တက်ကြွသော သင်ယူမှုရှိအောင် သင်ခန်းစာ အစီအစဉ်ရေးဆွဲရန်။
- ကျောင်းသူ/သားများကို အားပေးရန်၊ စိတ်အားထက်သန်မှုရှိအောင် ဆွဲဆောင်ရန်။
- လေ့ကျင့်ခန်း လုပ်ငန်းစဉ်များကို ပံ့ပိုးကူညီရန်။
- သင်ယူမှုအကဲဖြတ်ခြင်း လုပ်ဆောင်ရန်။
- မျှတသော စာသင်ခန်းစီမံခန့်ခွဲမှု အသုံးပြုရန်။
- မေးခွန်းများ မေးမြန်းရန်။

**၂။ ဆရာ/မများရှောင်ရန်**

- ဘက်လိုက်ခြင်း၊ ကျောင်းသူ/သားများကို မမျှမတ ဆက်ဆံခြင်း။
- တစ်ချိန်လုံး သူချည်းသာ စကားပြောခြင်း။
- အငုံ့သဘော ငြိမ်သက်လက်ခံသည့် သင်ယူမှု လုပ်ငန်းစဉ်များကိုသာ အမြဲသုံးခြင်း။
- ခက်လွန်းသည့် အိမ်စာများပေးခြင်း။

- တုံ့ပြန်အကြံပြုချက်မှာ အမှားများကိုသာ ထောက်ပြခြင်း။
- ကျောင်းသူ/သားတို့အပေါ် အဆိုးသဘော ခံစားချက်များရှိကြောင်း ပြသခြင်း။

(ဃ) **နမူနာအဖြေများ -**

၂။ ထိရောက်သော ဆရာ/မတစ်ဦး၏ အလေ့အထ ၉ ခုကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် လုပ်သင့်သော အရာအချို့မှာ –

- ပန်းတိုင်များ၊ ထိုပန်းတိုင်များကို ရောက်ရှိရန် အဆင့်များပါသော လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်း။
- တွဲဖက်ဆရာများ၊ လုပ်ဖော်ကိုင်ဖက်များထံမှ ထိုကျွမ်းကျင်မှုများကို လေ့လာစောင့်ကြည့်ခြင်း အားဖြင့်သော်လည်းကောင်း အကြံတောင်း မေးမြန်းခြင်းအားဖြင့်သော်လည်းကောင်း သင်ယူမှုပြုခြင်း။
- ထိရောက်ကြောင်း သိထားပြီးသည့် နည်းလမ်းသစ်များ ကျွမ်းကျင်မှုများကို ဖော်ထုတ်သတ်မှတ်ခြင်း၊ ရယူအသုံးပြုခြင်း။
- အောင်မြင်မှုများကို ဖွင့်ပြောချီးကျူးခြင်း၊ အမှားများရှိလျှင် သင်ခန်းစာယူခြင်းအားဖြင့် သင်ကြားရေးအပေါ် အပြုသဘောဆောင်သော စိတ်ထားရှုမြင်မှုတစ်ခု တည်ဆောက်ခြင်း။
- မိမိသည် ပိုမိုကောင်းမွန်တိုးတက်နိုင်ကြောင်း ယုံကြည်ပြီး တိုးတက်ရန်နည်းလမ်း အမြဲ ရှာဖွေနေခြင်း။
- သင်ခန်းစာတစ်ခုကို မသင်ကြားမီတွင် မိမိတို့ တိုးတက်ကောင်းမွန်စေလိုသော အရာကို သီးသန့် လေ့လာမွမ်းမံတည်ဆောက်ခြင်း။
- တက်ကြွသော သင်ယူမှုနှင့် သင်ယူသူ ဗဟိုပြု လုပ်ငန်းစဉ်များအတွက် ပိုမိုအစီအစဉ်ရေးဆွဲခြင်း။
- စာသင်ခန်း လုပ်ငန်းစဉ်တစ်ခုစီ အပြီးတွင် တုံ့ပြန် အကြံပြုချက်ပေးခြင်း။
- စာသင်ခန်း စီမံခန့်ခွဲမှု အစီအစဉ်များ ဖန်တီးခြင်း။
- သင်ခန်းစာအတွင်းတွင် ကျောင်းသူ/သားအားလုံးကို မျှတစွာ ခေါ်ပေးမေးမြန်းခြင်း။

## ၃.၂ ထိရောက်သော ဆရာ/မတစ်ဦးဖြစ်ရန် လိုအပ်ချက်များ

(က) **နမူနာအဖြေများ -**

၁။ အသိပညာ ဆိုသည်မှာ အချက်အလက်များ၊ အကြောင်းအရာများဖြစ်ပြီး လူတို့ နားလည်မှတ်မိရသည့် အရာဖြစ်သည်။ အတတ်ပညာဆိုသည်မှာ လူတို့ရှိသော စွမ်းရည်တို့ကိုခေါ်သည်။

၂။ စိတ်နေစိတ်ထားဆိုသည်မှာ လူတို့ အတွေးများ၊ ခံစားချက်များ၊ ယုံကြည်မှုများကိုခေါ်သည်။ အပြုအမူဆိုသည်မှာ လူတစ်ဦး ပြုမူပြောဆိုပုံများကို ခေါ်သည်။

၃။ လူ့အပြုအမူကို ၎င်း၏ စိတ်နေစိတ်ထားများက လွှမ်းမိုးသည်။

(ခ) **အဖြေများ -**

**အသိပညာ –** ၂၊ ၇၊ ၈၊ ၉

**အတတ်ပညာ** – ၄၊ ၁၀၊ ၁၅၊ ၁၆၊ ၁၇၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၅၊ ၂၆

**စိတ်နေစိတ်ထားနှင့် အပြုအမူ** – ၁၊ ၃၊ ၅၊ ၆၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၈၊ ၂၄၊ ၂၇၊ ၂၈

(ဃ) **နမူနာအဖြေများ -**

၁။ သိရှိ မှတ်မိသင်ယူရသောအရာ (အသိပညာ) သည် ကျွန်ုပ်တို့ လုပ်ဆောင်ပြုမူသောအရာများ (ကျွမ်းကျင်မှု/ အတတ်ပညာ) အပေါ် သက်ရောက်မှုရှိသည်။ အသိ ကျယ်ပြန့်လေလေ အတတ်ပညာလည်း ပိုအားကောင်း နိုင်လေလေဖြစ်သည်။ သို့ရာတွင် သိရုံသပ်သပ်နှင့် အမြဲအသုံးဝင်လှသည်တော့ မဟုတ်ချေ။ အသိပညာ အသုံးဝင်ဖို့ဆိုလျှင် အတတ်ပညာတစ်ခုခုမှတစ်ဆင့် အသုံးချနိုင်စွမ်းရှိမှ အသုံးဝင်မည်ဖြစ်သည်။ များသောအားဖြင့် ကျွန်ုပ်တို့၏ အပြုအမူများကို စိတ်နေစိတ်ထားများက ကွပ်ကဲထိန်းကျောင်းသည်။ အပြုသဘောဆောင်သော စိတ်နေစိတ်ထားရှိလျှင် အပြုသဘောဆောင်သော အပြုအမူများ ပြုမူလိမ့်မည်။ စိတ်နေစိတ်ထားက အပြုသဘောမဆောင်လျှင် အပြုအမူလည်း အပြုသဘောမဆောင်နိုင်။

၂။ သင်ကြားရေးအကြောင်းကို ပိုမိုနားလည်အောင် လေ့လာခြင်းသည် အသိဗဟုသုတကို မြှင့်တင် ပေးနိုင်သည်။ သင်ကြားနည်းလမ်းများ အကြောင်းကို လေ့လာခြင်းသည် သင်ကြားရေး ကျွမ်းကျင်မှုများကို မြှင့်တင်ပေးနိုင်သည်။ အပြုသဘောဆောင်သော အတွေးများနှင့် အကောင်းမြင်ခြင်းကို ပြုစုပျိုးထောင်ပါက စိတ်နေစိတ်ထား ပိုမိုကောင်းမွန်လာလိမ့်မည်။ ကျောင်းသူ/သားနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် အပြုသဘောဆောင်သော ဆက်ဆံမှုနှင့် အကောင်းမြင်ခြင်းအားဖြင့် ရှုမြင်ခြင်းက အပြုအမူကောင်းများပင်ဖြစ်သည်။ ဆရာ/မတစ်ဦးသည် မိမိ၏ အားသာချက် အားနည်းချက်ကို ပြန်လှန်သုံးသပ်ခြင်းအားဖြင့် အသိပညာ၊ အတတ်ပညာ၊ စိတ်နေစိတ်ထားနှင့် အပြုအမူများအားလုံးကို ပိုမို ကောင်းမွန်အောင် မြှင့်တင်နိုင်ပါသည်။ ထို့နောက် ဆရာ/မသည် မည်သည့်အပိုင်းကို မိမိက မြှင့်တင် လိုကြောင်း ဖော်ထုတ်သတ်မှတ်ကာ ထိုသို့ ပြုပြင် ပြောင်းလဲမြှင့်တင်ရန် အစီအစဉ်ရေးဆွဲခြင်းလည်း ပြုနိုင်သည်။ ၎င်းက သင်ကြားရေးစက်ဝန်းမှ အဆင့် (၅) ဆန်းစစ်အကဲဖြတ်ခြင်း အဆင့်နှင့် ဆက်စပ်သော လုပ်ရပ်များဖြစ်သည်။

## ၃.၃ ဆရာ/မကောင်း ဆိုသည်မှာ

**(ခ) နမူနာအဖြေများ -**

**၁။** စာသင်ခန်းအတွင်း – ခ၊ ဂ၊ င၊ စ၊ ဆ၊ ဇ၊ ဈ။

ကျောင်းအတွင်း – က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ။

ရပ်ရွာအတွင်း – ခ၊ င၊ ဇ၊ ဈ။

သင်ခန်းစာမတိုင်မီ – က၊ ခ၊ ဃ၊ ဈ။

သင်ခန်းစာပို့ချစဉ် – ခ၊ ဂ၊ င၊ စ၊ ဆ၊ ဇ၊ ဈ။

သင်ခန်းစာအပြီး – ဃ၊ စ၊ ဇ၊ ဈ။

**၂။** သရုပ်ဆောင်သူ၊ နှစ်သိမ့်ဆွေးနွေးသူ၊ ဖျော်ဖြေသူ၊ ဆန်းစစ်အကဲဖြတ်သူ၊ စေ့ဆော်မှုတွန်းအားပေးသူ၊ တင်ဆက်သူ၊ နည်းပြသူ၊ စသည်ဖြင့်။

**(ဃ) နမူနာအဖြေများ -**

၁။ **(က) အရေးအကြီးဆုံး –** အစီအစဉ်ရေးဆွဲသူ၊ စုစည်းစီစဉ်သူ၊ စိတ်ပညာရှင်၊ လေ့လာစောင့်ကြည့်သူ၊ မိတ်ဆွေ၊ အကဲဖြတ်သူ။

**အရေးပါမှုအနည်းဆုံး –** လမ်းညွှန်ထိန်းကျောင်းသူ၊ သုတေသနပြုသူ။

**(ခ) အရေးအကြီးဆုံး –** အစီအစဉ်ရေးဆွဲသူ၊ စုစည်းစီစဉ်သူ၊ စီမံအုပ်ချုပ်သူ၊ လမ်းညွှန်ထိန်းကျောင်းသူ၊ အကဲဖြတ်သူ၊ စောင့်ကြည့်သူ၊ သုတေသီ။

**အရေးပါမှုအနည်းဆုံး –** မိတ်ဆွေ၊ သုတေသနပြုသူ။

**(ဂ) အရေးအကြီးဆုံး –** အစီအစဉ်ရေးဆွဲသူ၊ စုစည်းစီစဉ်သူ၊ စီမံအုပ်ချုပ်သူ၊ လမ်းညွှန်ထိန်းကျောင်းသူ၊ လေ့လာစောင့်ကြည့်သူ၊ အကဲဖြတ်သူ။

**အရေးပါမှုအနည်းဆုံး –** စိတ်ပညာရှင်၊ မိတ်ဆွေ။

**(ဃ) အရေးအကြီးဆုံး –** အစီအစဉ်ရေးဆွဲသူ၊ စုစည်းစီစဉ်သူ၊ လမ်းညွှန်ထိန်းကျောင်းသူ၊ လေ့လာစောင့်ကြည့်သူ၊ အကဲဖြတ်သူ။

**အရေးပါမှုအနည်းဆုံး –** စိတ်ပညာရှင်၊ စီမံအုပ်ချုပ်သူ၊ မိတ်ဆွေ၊ သုတေသီ။

**(င) အရေးအကြီးဆုံး –** အစီအစဉ်ရေးဆွဲသူ၊ စုစည်းစီစဉ်သူ၊ လမ်းညွှန်ထိန်းကျောင်းသူ၊ လေ့လာစောင့်ကြည့်သူ၊ အကဲဖြတ်သူ။

**အရေးပါမှုအနည်းဆုံး –** စိတ်ပညာရှင်၊ မိတ်ဆွေ၊ သုတေသီ။

**(စ) အရေးအကြီးဆုံး –** အစီအစဉ်ရေးဆွဲသူ၊ စုစည်းစီစဉ်သူ၊ လမ်းညွှန်ထိန်းကျောင်းသူ၊ သုတေသီ၊ စိတ်ပညာရှင်၊ လေ့လာစောင့်ကြည့်သူ၊ မိတ်ဆွေ။

**အရေးပါမှုအနည်းဆုံး –** စီမံအုပ်ချုပ်သူ၊ အကဲဖြတ်သူ။

**(စ) အဖြေများ**

၁။ (က) ii

(ခ) i

(ဂ) iv

(ဃ) vi

(င) v

(စ) viii

(ဆ) iii

(ဇ) vii

၂။ (က) iii

(ခ) i

(ဂ) vii

(ဃ) iv

(င) viii

(စ) ii

(ဆ) v

(ဇ) vi

**(ဆ) နမူနာအဖြေများ -**

**၁။ (က) အစီအစဉ်ရေးဆွဲသူဖြစ်ခြင်း –** ဆရာ/မနှစ်ဦးလုံးသည် အစီအစဉ်ကောင်းစွာ ရေးဆွဲရန် အရေးကြီးကြောင်း ယုံကြည်ကြသည်။

**(ခ) မိမိလုပ်ဖော်ဆောင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း –** ဆရာနိုင်လင်းက အခြားဆရာ/မများထံမှ အကြံဉာဏ်ရယူသင့်ကြောင်း အကြံပေးသည်။

**(ဂ) အသိဗဟုသုတနှင့် ကျွမ်းကျင်မှုများ –** ဆရာမ ရီစလင်းက ၎င်း၏ သင်ကြားရေး ကျွမ်းကျင်မှုများ တိုးတက်အောင် အမှားများမှ သင်ခန်းစာ ယူခြင်းအားဖြင့် ကြိုးစားခဲ့သည်ဟုဆိုသည်။ ဆရာနိုင်လင်းက သိပ္ပံဘာသာရပ်အကြောင်း ပိုမို သင်ယူခဲ့ရသည်။

**(ဃ) တုံ့ပြန်အကြံပြုချက်ပေးခြင်း –** တုံ့ပြန်အကြံပြုချက် သည် အလွန်အရေးကြီးသည်ဟု ဆရာနိုင်လင်းက ယုံကြည်သည်။

**(င) ပြန်လှန်သုံးသပ်ခြင်း –** သင်ခန်းစာတစ်ခု ပြီးတိုင်းတွင် ဆရာ/မများသည် ပြန်လှန်သုံးသပ်ခြင်း ပြုသင့်ကြောင်း ဆရာမ ရီစလင်းက အကြံပြုသည်။

**(စ) မိမိကြောင့် အပြောင်းအလဲကောင်း ဖြစ်ပေါ်နေသည်ဟု နားလည်ခြင်း –** ဆရာနှစ်ဦးလုံးက ၎င်းတို့ ကျောင်းသူ/သားများ၏ ဘဝတွင် အပြောင်းအလဲပေါ်ပေါက်အောင် ၎င်းတို့က အထောက်အပံ့ပြုနေသည်ဟု ယုံကြည်ကြောင်း ပြောသည်။

(ဆ) **ကိုယ်ရေးကိုယ်တာဆန်သော ဆက်ဆံရေးကောင်းရှိခြင်း** – စာသင်ခန်းအပြီးတွင် ဆရာမ ရိစလင်းက ကျောင်းသူ/သားများနှင့် စကားစမြည် ပြောဆိုရင် ၎င်းတို့အကြောင်းကို ပိုမိုသိရှိအောင် ကြိုးစားသည်။

(ဇ) **စနစ်တကျ စုစည်းမှုရှိခြင်း** – ဆရာနိုင်လင်းက ဆရာ/မများသည် စာရွက်စာတမ်းများ၊ သင်ထောက်ကူများ၊ အမှတ်စာရင်းများ စသည်တို့ကို စနစ်တကျနှင့် စုစုစည်းစည်းထားသင့်သည်ဟု အကြံပြုသည်။

(ဈ) **စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေခြင်း** – ဆရာ/မများအနေနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ကြိုးစားသင့်ကြောင်း နှစ်ဦးလုံးက ယုံကြည်သည်။

(ည) **စိတ်နေစိတ်ထားနှင့် အပြုအမူ** – အပြုသဘော ဆောင်သော စိတ်နေစိတ်ထားက အရေးကြီးသည်ဟု ဆရာမ ရိစလင်းက ထင်မြင်သည်။

(ဋ) **ဉာဏ်ကွန့်မြူးမှု ရှာဖွေခြင်း** – ကျောင်းသူ/သားများ ထံမှ စိတ်ကူးဉာဏ်ကွန့်မြူးမှု ရရှိကြောင်း၊ မိမိတို့ အနေနှင့် ပိုမိုကောင်းမွန်ထိရောက်သော ဆရာ/မများ ဖြစ်လိုကြောင်း နှစ်ဦးလုံးကဆိုသည်။

(ဌ) **သုတေသနပြုသူဖြစ်ခြင်း** – ဆရာနိုင်လင်းက သိပ္ပံဘာသာရပ်အကြောင်း ပိုမိုသင်ယူခဲ့ရသည်။

# ၄။ သင်ယူသူ လိုအပ်ချက်များ

## ၄.၁ သင်ယူသူ လိုအပ်ချက်များအကြောင်း စဉ်းစားခြင်း

(က) **နမူနာအဖြေများ** -

၁။ ဤစာသားများမှတစ်ဆင့် ဆရာ/မက ကျောင်းသူ/သား တို့၏ အတွေးများ၊ ခံစားချက်များအကြောင်း ပိုမိုသိရှိရ နိုင်သည်။ ထိုအခါ စာသင်ခန်း၊ သင်ခန်းစာ စသည်တို့ကို ကျောင်းသူ/သား လိုအပ်ချက်နှင့် ကိုက်ညီမှုရှိအောင် အပြောင်းအလဲများ ထည့်သွင်း၍ အစီအစဉ်ရေးဆွဲခြင်း ပြုနိုင်ပေမည်။

၂။ ဆရာ/မက ကျောင်းသူ/သားများကို ၎င်းတို့အတွေးများ၊ ခံစားချက်များကို အခြားသူများ မသိစေဘဲ ရေးသားခိုင်း နိုင်သည်။ ထိုအခါ ကျောင်းသူ/သားများသည် ၎င်းတို့၏ အတွေးများ ခံစားချက်များကို ဆရာ/မထံ တိတ်တဆိတ် မျှဝေနိုင်သည်။ ထိုမှတစ်ဆင့် ဆရာ/မသည် ကျောင်းသူ/သားများက တိုက်ရိုက်ပြောရန် မဝံ့ရဲသည် တို့ကို သိရှိခွင့်ရပြီး ၎င်းတို့အကြောင်းကို ပိုမိုနားလည်လာ နိုင်ခြင်း ရှိမည်ဖြစ်သည်။

## ၄.၂ စေ့ဆော်မှုတွန်းအား

(က) **နမူနာအဖြေများ** -

၁။ ရေတိုပန်းတိုင်များ ထားရှိခြင်းအားဖြင့် စေ့ဆော်မှု တွန်းအားနှစ်ဆ ရှိလာအောင် လုပ်နိုင်ကြောင်း ဇယားက ပြသထားပါသည်။ ရေလတ်ပန်းတိုင်များ ထားရှိခြင်း အားဖြင့် စေ့ဆော်မှုတွန်းအား ပိုမိုမြင့်တက်လာစေသည်။ ရေရှည်ပန်းတိုင်များ ထားရှိခြင်းအားဖြင့် စေ့ဆော်မှု တွန်းအား ပို၍မြင့်တက်နိုင်စေသည်။

၂။ ခေါင်းစဉ်တပ်နိုင်သည့် အမည်များမှာ စေ့ဆော်မှုတွန်းအား အပေါ် ပန်းတိုင်များ၏ သက်ရောက်မှု၊ ပန်းတိုင်နှင့် စေ့ဆော်မှုတွန်းအားအကြား ဆက်စပ်ပုံ။

(ဂ) **အဖြေများ** -

၁။ က၊ ခ၊ ဂ၊ င၊ စ

၂။ ဃ၊ ဆ၊ ဇ

(ဃ) **နမူနာအဖြေများ** -

၁။ ၎င်းက စာဖတ်ခြင်း၊ သင်္ချာ၊ အသံထွက်များကို ပိုမို ကျွမ်းကျင်ပုံရသည်။ ဦးစားပေးအဆင့် အနိမ့်သာ ပေးထား၍ဖြစ်သည်။ နားထောင်ခြင်းကိုလည်း ကျွမ်းကျင်ကြောင်း ယုံကြည်မှုရှိပုံပေါ်သည်။ ဦးစားပေး အဆင့် အနိမ့်သာ ပေးထား၍ဖြစ်သည်။

၂။ သူက အရေး ကျွမ်းကျင်မှုကို အာရုံစိုက်လိုသည်။ စာပိုဒ်၊ ကိုယ်ရေးရာဇဝင်၊ အစီရင်ခံစာနှင့် ဆွဲဆောင် ရေးသားသော အက်ဆေးများဖြစ်သည်။ ထို့ပြင် ၎င်းက လူရှေ့သူရှေ့စကားပြော ကျွမ်းကျင်မှုနှင့် စကားပြောဆိုရာတွင် ယုံကြည်မှု တိုးတက်ချင်သည်။ မိမိကိုယ်ပိုင် အတွေးအမြင်များကို ဖော်ပြနိုင်ခြင်း စွမ်းရည်ကိုလည်း ပိုမိုမြှင့်တင်လိုသည်။ ၎င်းက စာအရေး အတွက်ရော စကားပြောအတွက်ပါ အသုံးဝင်သည်။

၃။ နီလာအတွက် အကြံဉာဏ်မှာ – လုပ်ငန်းသုံး အင်္ဂလိပ်စာ ဝေါဟာရများကို အာရုံစိုက် သင်ယူခြင်းဖြစ်သည်။ အထူးသဖြင့် ရုံးအခင်းအကျင်းတွင် သုံးစွဲသော ဝေါဟာရများဖြစ်သည်။ အလုပ်ခေါ် လူတွေ့မေးမြန်းခြင်း၊ အီးမေးရေးသားခြင်း၊ တင်ဆက်ချက်များပြုခြင်း၊ အစည်းအဝေး ဦးဆောင်ခြင်း၊ ဆွေးနွေးပွဲ ပံ့ပိုးခြင်းစသည့် ကျွမ်းကျင်မှုများကိုလည်း အာရုံစိုက်သင့်သည်။ သတ်သတ်မှတ်မှတ် လေ့ကျင့်ရမည့် လုပ်ငန်းသုံး ကျွမ်းကျင်မှုများဖြစ်သောကြောင့်ပင်ဖြစ်သည်။

(စ) **နမူနာအဖြေများ** -

၂။ **(က)** မွေ့လျော်မှု၊ သက်သောင့်သက်သာရှိမှု၊ စာအုပ် ခေါင်းစဉ်ကို စိတ်ဝင်စားမှု၊ ဝါသနာကို ပျော်ရွှင်မွေ့လျော်မှု (အတွင်းစွဲ)။

**(ခ)** အောင်မြင်မှုအတွက် အသိအမှတ်ပြုခံရမှု၊ မိတ်ဆွေများက ချီးကျူးဂုဏ်ပြုမှု (အပြင်စွဲ)။

**(ဂ)** ကိုယ်ပိုင်ပန်းတိုင်ချမှတ်ခြင်း၊ လေ့ကျင့်ခန်း၊ ကျန်းမာ ကြံ့ခိုင်မှု၊ ပျော်ရွှင်မှု (အတွင်းစွဲ)၊ ပြိုင်ပွဲအနိုင်ရခြင်း (အပြင်စွဲ)။

**(ဃ)** မိမိကိုယ်ကို ကျေနပ်စေသော အမှတ်များများရရှိခြင်း

(အတွင်းစွဲ)။ အခြားသူများက မိမိအောင်မြင်ကြောင်း သိရှိခြင်း၊ တက္ကသိုလ်တက်ရန် လမ်းကြောင်းပေါ် ရောက်ရှိခြင်း (အပြင်စွဲ)။

(င) ခက်ခဲသော သင်ရိုးတစ်ခု ပြီးစီးခြင်း (အတွင်းစွဲ)။ အခြားသူများ ဂုဏ်ယူစိတ်ဖြစ်စေခြင်း၊ ဘွဲ့ရခြင်း၊ အလုပ်ကောင်းတစ်ခုအတွက် အဆင်သင့်ဖြစ်ခြင်း (အပြင်စွဲ)။

(ဆ) **အဖြေများ -**

(က) ၅
(ခ) ၈
(ဂ) ၇
(ဃ) ၁၀
(င) ၉
(စ) ၃
(ဆ) ၁
(ဇ) ၆
(ဈ) ၂
(ည) ၄

(ဇ) **နမူနာအဖြေများ -**

၁။ ခ၊ င၊ စ

၂။ က၊ ဃ၊ ဆ၊ ဈ

၃။ ဆရာများက စိုင်းစိုင်းကို အင်္ဂလိပ်စာ ပိုမိုသင်ယူ လေ့ကျင့်စေနိုင်မည့် အခွင့်အလမ်းများ ပေးသင့်သည်။ ၎င်းက အမှတ်ကောင်းကောင်း မရခဲ့လျှင်ပင် တိုးတက်မှု ရှိနေကြောင်း စိုင်းစိုင်းသိအောင် ပြသသင့်သည်။ ဆရာ/မအနေနှင့် စာသင်ခန်းအတွင်း အမြဲဟောပြော နေခြင်း မဟုတ်ဘဲ စိုင်းစိုင်းအနေနှင့် မိမိသင်ယူမှုကို မိမိပြန်လှန်သုံးသပ် လေ့ကျင့်ခွင့်ကို ဆရာ/မများက ပေးသင့်သည်။

(ဈ) **နမူနာအဖြေများ -**

၁။ အတွင်းစွဲ စေ့ဆော်မှုတွန်းအားများသည် အပြင်စွဲ စေ့ဆော်မှုတွန်းအားများထက် ပိုမိုအားကောင်းသည်ဟု အများစုက ယုံကြည်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ့်ကိုယ်ကိုယ် စေ့ဆော်မှုတွန်းအားပေးသည့်အခါတွင် အတွင်းစွဲတွန်းအားက ပိုမိုအားကောင်းပြီး အဓိပ္ပာယ် ပြည့်ဝသောကြောင့် ဖြစ်ပါသည်။ ကိုယ်ယုံကြည်၍ လုပ်သော၊ ကိုယ်လုပ်ချင်၍ လုပ်သော အလုပ်ဆိုပါက ပိုမိုကြိုးစားနိုင်ခြေရှိသည်။ အရှုံးမပေးဘဲ စွဲမြဲစွာ ကြိုးစားပြီး အောင်မြင်နိုင်ခြေပိုများသည်။ အတွင်းစွဲ စေ့ဆော်မှုတွန်းအား သေချာအားကောင်းစွာ မရှိသူအဖို့ အပြင်စွဲ စေ့ဆော်မှုတွန်းအားက အသုံးဝင်နိုင်သည်။ အပြင်စွဲ စေ့ဆော်မှုတွန်းအားကို အားမကိုးခင် ကိုယ်ပိုင်အတွင်းစွဲ စေ့ဆော်မှုတွန်းအားများကို ရှာဖွေအားကိုးသင့်ကြောင်း အကြံပေးအပ်ပါသည်။

၂။ ကျောင်းသူ/သားတို့ မိမိသင်ယူမှုကို မိမိ စိတ်ဝင်စားအောင် ကူညီပေးခြင်းအားဖြင့် စိတ်အား ထက်သန်မှုရှိအောင် နှိုးဆော်ပေးနိုင်ပါသည်။ ၎င်းတို့သင်ယူမှုက ၎င်းတို့ဘဝအတွက် မည်သို့ အသုံးဝင်နိုင်ကြောင်း ပြသနိုင်သည်။ ၎င်းတို့၏ ရေတို ရေရှည် ပန်းတိုင်များနှင့် သင်ယူရသောအရာတို့ မည်သို့ ဆက်စပ်မှုရှိကြောင်း ပြသနိုင်သည်။ ၎င်းတို့ မည်မျှ တိုးတက်နေကြောင်း ဖော်ထုတ်အသိအမှတ်ပြုခြင်း တုံ့ပြန်အကြံပြုချက်များပေးခြင်းအားဖြင့် ၎င်းတို့ ယုံကြည်မှု တိုးတက်လာအောင် တည်ဆောက်ပေး နိုင်သည်။ အားပေးမှုများလည်း ပေးရမည်။ သင်ယူမှုက ပျော်စရာကောင်းပြီး မွေ့လျော်ဖွယ်ဖြစ်ကာ တစ်ချိန်တည်းတွင် စိန်ခေါ်မှုရှိအောင်လည်း စီစဉ်ပေး နိုင်သည်။ သို့မှသာ သင်ယူမှုပြုချိန်တွင် ပျော်ရွှင်မှုရော အောင်မြင်မှုရစေမည့် ကြိုးပမ်းအားထုတ်ရန်းကန်မှုပါ ရှိလာမည်ဖြစ်သည်။ ကျောင်းသူ/သားများကို အမှတ်များ အဆင့်များ ပုံမှန်အသိပေးခြင်းအားဖြင့်လည်း ၎င်းတို့ ပိုမိုတိုးတက်အောင် ကြိုးစားလိုစိတ် ရှိလာမည်ဖြစ်သည်။ ပြိုင်ဆိုင်မှုများ (မိမိကိုယ်ကိုပြန်ယှဉ်ပြိုင်ခြင်း၊ အခြားသူများနှင့် ယှဉ်ပြိုင်ခြင်း) ကလည်း ရံဖန်ရံခါ အသုံးဝင်နိုင်ပါသည်။ စာသင်ခန်းကို ၎င်းတို့ နေချင်စဖွယ် နေရာ တစ်ခုဖြစ်အောင် စီမံဖန်တီးနိုင်ပါသည်။

## ၄.၃ အားလုံး အကျုံးဝင်ပညာရေး

(က) **နမူနာအဖြေများ -**

၁။ မဟုတ်ပါ။ နာမကျန်းမှုကြောင့်လည်း မသန်စွမ်းမှု ဖြစ်နိုင်ခြေတော့ရှိပါသည်။

၂။ ရံဖန်ရံခါ ဟုတ်သည်။ သို့ရာတွင် မသန်စွမ်းမှု ဖြစ်စေနိုင်သည့် အကြောင်းရင်းများတွင် မတော်တဆမှု၊ နာမကျန်းမှု၊ အရွယ်ရောက်ပြီးမှ ဖြစ်ပွားသည့် အခြေအနေ တစ်ရပ်ရပ် စသည်တို့ပါနိုင်သည်။ ဖြစ်ကောင်း ဖြစ်နိုင်သည်။

၃။ ဉာဏ်ရည်ပိုင်းဆိုင်ရာ မသန်စွမ်းမှုလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ သို့ရာတွင် အသံကြိုးများ ထိခိုက်မိခြင်း ကဲ့သို့သော အခြားအကြောင်းအရင်းများကြောင့် စကားမပြောနိုင်ခြင်းလည်း ရှိနိုင်သည်။

၄။ မဟုတ်ပါ။ အချို့သော နားမကြားသူများက လက်ဟန်စကား ပြောတတ်သည်။ အချို့က မတတ်ပါ။

၅။ မဟုတ်ပါ။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များ၊ စိတ်နှင့် ခံစားချက်များ၊ လူမှုရေး ကျွမ်းကျင်မှုများသည် ဖွံ့ဖြိုးနှုန်း တစ်ဦးနှင့်တစ်ဦး မတူနိုင်သောကြောင့်ဖြစ်သည်။

၆။ လူပုဂ္ဂိုလ်တစ်ဦးကို တန်းတူဆက်ဆံခြင်း၊ ထောက်ပံ့ ကူညီခြင်းက ၎င်းကို သနားနေခြင်းထက် ပိုမို ကောင်းပါသည်။

(ခ) **အဖြေများ -**

၁။ စိတ်နေစိတ်ထားဆိုင်ရာ

၂။ ရုပ်ပိုင်းဆိုင်ရာ
၃။ ရုပ်ပိုင်းဆိုင်ရာ
၄။ စိတ်နေစိတ်ထားဆိုင်ရာ
၅။ စိတ်နေစိတ်ထားဆိုင်ရာ
၆။ စိတ်နေစိတ်ထားဆိုင်ရာ
၇။ ရုပ်ပိုင်းဆိုင်ရာ
၈။ စိတ်နေစိတ်ထားဆိုင်ရာ
၉။ စိတ်နေစိတ်ထားဆိုင်ရာ
၁၀။ စိတ်နေစိတ်ထားဆိုင်ရာ
၁၁။ နှစ်မျိုးလုံး

(ဂ)

၂။ **အဖြေများ –**

သာဓက ၁။ စိတ်နေစိတ်ထားဆိုင်ရာ

သာဓက ၂။ ရုပ်ပိုင်းဆိုင်ရာ

၃။ **နမူနာအဖြေများ -**

**သာဓက ၁။**

(က) ကျောင်းသားက သင်တန်းမှ ထွက်သွားနိုင်သည်။

(ခ) အဓိပ္ပာယ် ရှင်းလင်းမှန်ကန်နေပါက အရေးမကြီးသည့် သဒ္ဒါပိုင်း၊ ဝေါဟာရပိုင်းနှင့် အသံထွက်အပိုင်းကို လျစ်လျူရှုထားနိုင်သည်။ ဤအတန်းတွင် မြန်မာစကားကောင်းစွာ မပြောတတ်ခြင်းက ပြဿနာမဟုတ်ကြောင်း၊ လူတိုင်းတွင် မိခင်ဘာသာစကား အမျိုးမျိုး ရှိခြင်းက သဘာဝဖြစ်ကြောင်း အတန်းမှ လူအားလုံး နားလည်အောင် ရှင်းပြနိုင်ပါသည်။

**သာဓက ၂။**

(က) ထိုကျောင်းသားက ၎င်းသည် အခြားသူများနှင့် တန်းတူမဟုတ်ဟု ခံစားသွားနိုင်သည်။ ဆရာက ၎င်းအပေါ် ဘက်လိုက်နှိမ့်ချသည့် အမြင်ရှိပြီး မသန်စွမ်းမှုကို ဂရုမပြုဟု ခံစားသွားနိုင်သည်။

(ခ) လှုပ်ရှားမှုပါသော လုပ်ငန်းစဉ်တွင် ပါဝင်လိုမှု ရှိမရှိ မေးနိုင်သည်။ သို့မဟုတ် သင်ခန်းစာတွင် လှုပ်လှုပ်ရှားရှား လုပ်ငန်းစဉ်များပါဝင်မှု အကြိမ် အရေအတွက်ကို လျှော့ချနိုင်သည်။ မသန်စွမ်း ကျောင်းသားအတွက် မည်သည့် ရုပ်ပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များက အဆင်ပြေကြောင်း ရှာဖွေ ဖော်ထုတ်နိုင်သည်။ စာသင်ခန်းတွင်း ရုပ်ပိုင်း ဆိုင်ရာ လှုပ်ရှားမှုများပါသော လုပ်ငန်းစဉ်တို့ကို လျှော့သုံးနိုင်သည်။ မြန်မြန်လှုပ်ရှားနိုင်မှ အနိုင် ရသော အပြိုင်အဆိုင် ဂိမ်းများကို ဖယ်ထား နိုင်သည်။ သက်ဆိုင်သူ ကျောင်းသားနှင့် တိုက်တိုက်ဆိုင်ဆိုင် စကားပြောဆိုမေးမြန်းပြီး ၎င်းအနေနှင့် လုပ်ငန်းစဉ်တွင် ဝင်ပါလိုသလား၊ ဆရာ/မကို ကူညီပြီး လုပ်ငန်းစဉ်ကို ဘေးမှ ထိန်းကျောင်းပံ့ပိုးခြင်းကို လုပ်လိုသလားဟု မေးနိုင်သည်။ လှုပ်ရှားမှု အများအပြားမပါသော လုပ်ငန်းစဉ်များကို စီစဉ်နိုင်သည်။ သို့မဟုတ် အချို့ကျောင်းသားများ လှုပ်ရှားပြီး အချို့ ကျောင်းသားများ လှုပ်ရှားစရာမလိုသော လုပ်ငန်းစဉ်များကို စဉ်းစားစီစဉ်နိုင်သည်။

## ၄.၄ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်

(က) **နမူနာအဖြေများ -**

၁။ သိထားလျှင် အသုံးဝင်သည့်အရာများမှာ ကျောင်းသူ/သားတို့၏ အသက်နှင့် ဂျန်ဒါ၊ ကျောင်းတွင် မောင်နှမ ရှိမရှိ၊ ၎င်းတို့ သင်ယူဖူးသည့်အရာများ၊ ပြီးခဲ့သည့် အတန်းများမှာ အမှတ်များ အဆင့်များ၊ ၎င်းတို့ စိတ်ဝင်စားမှုနှင့် စေ့ဆော်မှုတွန်းအားများ၊ ၎င်းတို့၏ သင်ယူမှုအားသန်ပုံအမျိုးမျိုး၊ လိုအပ်ချက်များ၊ မသန်စွမ်းမှုများ၊ စသည်တို့ဖြစ်သည်။

၂။ ထိုသတင်းအချက်အလက်များက မိမိ၏ စာသင်ခန်း၊ သင်ရိုးညွှန်းတမ်း၊ သင်ခန်းစာများကို ကြိုတင်ပြင်ဆင်ပြီး သင်ယူသူ လိုအပ်ချက်များကို ပိုမိုကောင်းစွာ ဖြည့်ဆည်း နိုင်စွမ်းရှိလာအောင် ကူညီနိုင်ပါမည်။

(ခ)

၁။ **အဖြေများ –**

(က) လေ့လာစောင့်ကြည့်ခြင်း

(ခ) လိုအပ်ချက် ဖော်ထုတ်သော စစ်ဆေး အကဲဖြတ်ချက်

(ဂ) လူတွေ့မေးမြန်းခြင်း/ဆွေးနွေးချက်

(ဃ) လေ့လာစောင့်ကြည့်ခြင်း

(င) စစ်တမ်း

(စ) စစ်တမ်း

(ဆ) လူတွေ့မေးမြန်းခြင်း/ဆွေးနွေးချက်

(ဇ) လူတွေ့မေးမြန်းခြင်း/ဆွေးနွေးချက်

(ဈ) လေ့လာစောင့်ကြည့်ခြင်း

(ည) လူတွေ့မေးမြန်းခြင်း/ဆွေးနွေးချက်

၂။ **နမူနာအဖြေများ -**

(က) ၅ – လူမှုလိုအပ်ချက်များ

(ခ) ၁ – ရှိနှင့်ပြီး အသိဗဟုသုတ

(ဂ) ၂ – ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ

(ဃ) ၃ – စေ့ဆော်မှုတွန်းအား

(င) ၄ – သင်ယူမှုအားသန်ပုံအမျိုးမျိုး

(စ) ၁ – ရှိနှင့်ပြီး အသိဗဟုသုတ၊ ၃ – စေ့ဆော်မှု တွန်းအား

(ဆ) ၅ – လူမှုလိုအပ်ချက်များ

(ဇ) ၁ – ရှိနှင့်ပြီး အသိဗဟုသုတ၊ ၄ – သင်ယူမှုအားသန်ပုံအမျိုးမျိုး

(ဈ) ၂ – ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ

(ည) ၄ – သင်ယူမှုအားသန်ပုံအမျိုးမျိုး

၃။ **အဖြေများ -**

ဖြစ်နိုင်ပါသည်။ ဆရာ/မက မိမိစာသင်ခန်းတွင် သုံးရအလွယ်ဆုံး နည်းလမ်းတစ်ခုကို ရွေးခြင်းဖြစ်စေ၊ နည်းလမ်းအမျိုးမျိုးကို ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်စေ လုပ်နိုင်ပါသည်။

(င) **နမူနာအဖြေများ -**

၁။ **မသင့်လျော်ပါ။** ထိုသို့ အဖွဲ့နှစ်ဖွဲ့ ခွဲခြင်းသည် "အားနည်းသော" အဖွဲ့တွင် နေရာချခံရသော ကျောင်းသူ/သားများကို စိတ်ပျက်စေခြင်း၊ အရှက်ရစေခြင်း ဖြစ်စေနိုင်သည်။ "ပိုအားကောင်းသော" အတန်းဖော်များထံမှ အပြန်အလှန် သင်ယူခွင့်ကိုလည်း တားမြစ်ရာ ရောက်ပါသည်။ သို့မဟုတ် –

**သင့်လျော်ပါသည်။** အဘယ့်ကြောင့်ဆိုသော် ဆရာ/မက စာမေးပွဲတစ်ခုကို ဦးတည်သင်ကြားနေခြင်း ဖြစ်သည်ဆိုပါစို့ အချို့ ကျောင်းသူ/သားများက စာမေးပွဲမှ မေးခွန်းအားလုံးကို ဖြေနိုင်လောက်သည့် ကျွမ်းကျင်မှု မရှိနိုင်ဆိုပါစို့။ ထိုအခြေအနေတွင် ဆရာ/မသည် စာမေးပွဲ၏ လွယ်သည့်အပိုင်းကို အားနည်းသည့် ကျောင်းသားအဖွဲ့အတွက် သင်ကြားပေးပြီး အမှတ်ပိုများများရနိုင်သည့် အားကောင်းသည့် အဖွဲ့အတွက်မူ စာမေးပွဲတစ်ခုလုံး၏ မေးခွန်းများကို သင်ကြားပေးခြင်း ပြုနိုင်သည်။

၂။ **မသင့်လျော်ပါ။** အဘယ့်ကြောင့်ဆိုသော် ဆရာ/မများသည် မိမိတို့ သင်ကြားနေသော အကြောင်းအရာများကို ကျောင်းသူ/သားများနှင့် ကိုက်ညီဆီလျော်မှုရှိသော အဆင့်ဖြစ်အောင် အမြဲလိုက်လျောညီထွေ သင်ကြားသင့်သောကြောင့်ပင်ဖြစ်သည်။ သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို နေ့စဉ်မည်မျှပါအောင် သင်ကြားမည်နှင့် မည်သည့် အရှိန်နှုန်းဖြင့် သင်ကြားမည်ဆိုသည်ကို စာမေးပွဲအတွက် လေ့လာနေသော သင်ယူသူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီဆီလျော်အောင် ပြောင်းလဲပြုပြင် သင်ကြားနိုင်ပါသည်။

၃။ **သင့်လျော်ပါသည်။** ဆရာ/မက သင်ခန်းစာကို ကျောင်းသူ/သားနှင့် ကိုက်ညီဆက်စပ်မှုရှိအောင် ကြိုးပမ်းနေသောကြောင့်ဖြစ်သည်။

၄။ **မသင့်လျော်ပါ။** ကျောင်းသူ/သားများ သက်သောင့်သက်သာရှိပြီး သင်ယူမှုကို အထောက်အပံ့ ပြုနိုင်သည် ဆိုပါက ၎င်းတို့ကို မိမိ၏ မိခင်ဘာသာစကား အသုံးပြုခွင့် ပေးသင့်သောကြောင့် ဖြစ်ပါသည်။ သို့မဟုတ် –

ကျောင်းသူ/သားနှင့် ဆရာ/မတို့က မိခင်ဘာသာစကား အသုံးမပြုရန် တားမြစ်သော စည်းမျဉ်းကို နှစ်ဖက်သဘောတူ ချမှတ်ခြင်းဆိုပါက **သင့်လျော်ပါသည်။**

၅။ **သင့်လျော်ပါသည်။** သင်ယူမှု ပိုမိုကောင်းမွန်စွာ ပြုနိုင်အောင် ထောက်ကူနိုင်သည့် အဖွဲ့ဖွဲ့ပုံ ဖြစ်သောကြောင့် ဖြစ်ပါသည်။

၆။ **မသင့်လျော်ပါ။** အဘယ့်ကြောင့်ဆိုသော် ဆရာ/မက အချို့ကျောင်းသားများကို မျက်နှာသာပေး ဘက်လိုက်ပြီး အခြားကျောင်းသူ/သားများစွာ၏ သင်ယူမှု အခွင့်အလမ်းကို ပိတ်ပင်ထားသောကြောင့်ဖြစ်သည်။

၇။ **သင့်လျော်ပါသည်။** အဘယ့်ကြောင့်ဆိုသော် ဆရာ/မက ကျောင်းသူ/သားများ၏ ရှိနှင့်ပြီး ဗဟုသုတနှင့် အတွေ့အကြုံများကို ကောင်းစွာ အသုံးချနေသောကြောင့် ဖြစ်သည်။

၈။ **သင့်လျော်ပါသည်။** အဘယ့်ကြောင့်ဆိုသော် ဆရာ/မက ကျောင်းသူ/သားများ၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပြီး အားလုံးအတွက် ဘေးကင်းလုံခြုံသော သင်ယူမှုဝန်းကျင်ဖြစ်အောင် ကြိုးပမ်းနေသောကြောင့် ဖြစ်ပါသည်။

(စ) **နမူနာအဖြေများ -**

၁။ ပြေးလွှားခြင်းပါသော စာသင်ခန်း လုပ်ငန်းစဉ်ကို လျှော့ချပါ။

၂။ ကျောင်းသူ/သားများကို စာသင်ခန်းအတွင်း မိခင်ဘာသာစကား အသုံးပြုခွင့်ပေးပါ။ မွန်နှင့် ဗမာ ရောနှောပါဝင်သော အဖွဲ့များတွင် အတူအလုပ်လုပ်အောင် ကျောင်းသူ/သားကို အားပေးပါ။ သင်ခန်းစာများသည် မွန်ရော ဗမာ ကျောင်းသူ/သားများနှင့် ကိုက်ညီဆီလျော်ဆက်စပ်အောင် စီမံပါ။

၃။ မျက်မှန်တပ်သော ကျောင်းသူ/သားများကို သင်ပုန်းနှင့် နီးနီးထိုင်ခွင့်ပေးပါ။ သင်ပုန်းပေါ်တွင် စာရေးလျှင် ကြီးကြီးရေးပါ။ ကျောင်းသားအားလုံး မြင်ရလောက်အောင် ကြီးမားမြင်သာသည့် အမြင်ပိုင်း အထောက်အကူများသုံးပါ။

၄။ ဆရာ/မက ဟောပြော စကားပြောနေသည့်အချိန် စာသင်ခန်းတွင် နည်းနိုင်သမျှ အနည်းဆုံးဖြစ်အောင် ထားပါ။

၅။ အဖွဲ့အတွင်းမနေလိုပါက တစ်ဦးချင်း အလုပ်လုပ်ခွင့်ရှိအောင် စီမံပေးထားပါ။ သင်ခန်းစာတွင် အဖွဲ့လိုက်လုပ်ငန်းစဉ်နှင့် တစ်ဦးချင်း လုပ်ငန်းစဉ်တို့ မျှတစွာ ရောနှောပါဝင်ပါစေ။

၆။ ပိုမြန်သည့် ကျောင်းသူ/သားများ လေ့ကျင့်ခန်းများ စောစောပြီးပါက အပိုဆောင်း လုပ်ငန်းဆောင်တာများ ပေးနိုင်အောင် အသင့်ပြင်ထားပါ။ မြန်သည့် ကျောင်းသူ/သားနှင့် ပိုနှေးသည့် ကျောင်းသူ/သားတို့ အတူအလုပ်လုပ်နိုင်အောင် ရောနှောထားသည့် အုပ်စုများ ဖွဲ့ပေးပါ။

၇။ ထိုကျောင်းသားကို အခြားကျောင်းသားများနှင့် တန်းတူဆက်ဆံပါ။ နှစ်ကိုယ်ကြား စကားပြောပြီး

ငင်းအနေနှင့် ကျောင်းပြန်လာလိုစိတ် ရှိမရှိမေးပါ။ ကျောင်းပြန်လာရခြင်းနှင့် ပတ်သက်ပြီး ပြဿနာ ရှိနေပါက အကူအညီပေးရန် ကမ်းလှမ်းပါ။

၈။ ကျောင်းသူ/သားများကို စိတ်ဝင်စားစေမည့် ခေါင်းစဉ် အကြောင်းအရာများ၊ ကျွမ်းကျင်မှုများကို သင်ခန်းစာတွင် ထည့်သွင်းသင်ကြားချိန် ထားရှိပါ။

၉။ အရေးအဖတ် အားနည်းသော ကျောင်းသူ/သားအပေါ် လက်တွေ့ကျသော မျှော်လင့်ချက်များသာထားပါ။ အပိုဆောင်း အထောက်အပံ့များ၊ လေ့ကျင့်ခွင့်များပေးပါ။ ဆီလျော်သည့်အခါတိုင်း လုပ်ငန်းဆောင်တာများကို ၎င်းတို့၏ မိခင်ဘာသာစကားဖြင့် လုပ်ဆောင်ခွင့်ပေးပါ။

၁၀။ ကျောင်းသူ/သား အချင်းချင်းဆီမှ အပြန်အလှန် သင်ယူမှု ပြုနိုင်အောင် အဖွဲ့လိုက် အလုပ်လုပ်ဆောင်ခိုင်းပါ။ ဘာသာစကား အားကောင်းကောင်း ကျောင်းသူ/သားများ ကိုသာ မျက်နှာသာပေးခြင်းမရှိအောင် ဂရုပြုပါ။

**(ဆ) နမူနာအဖြေများ -**

**အတန်း အားသာချက်များ –** ကျောင်းသူ/သားများက အချင်းချင်း ရင်းနှီးပြီးသားဖြစ်၊ ကျောင်းသူ/သားအများစုက အမြင်နှင့် နေရာများကို သိခြင်းဉာဏ် အားကောင်း၊ ကျောင်းသူ/သားများစွာက အများသူငါကို သိခြင်းဉာဏ် အားကောင်း၊ အင်္ဂလိပ်စာအဆင့် သိပ်မကွာကြ (အဆင့် နှစ်ဆင့်တွင်းဝင်ကြ)၊ အပိတ်မေးခွန်းများ ကောင်းစွာ ဖြေနိုင်ကြ။

**အတန်း လိုအပ်ချက်များ –** တက်ကြွသော သင်ယူမှု ဖြစ်ရန် လိုအပ် (အထူးသဖြင့် နေ့လယ်ပိုင်းများ)၊ အင်္ဂလိပ်စာ အမှား ရှိပါက အားပေးကူညီမှုလိုအပ်၊ အမြင်ပိုင်း သင်ယူမှုအတွက် ပိုစတာနှင့် အခြားရင်းမြစ်များ၊ နိုင်ငံရေးနှင့် ဒီမိုကရေစီပိုင်း ဆိုင်ရာ အသိဗဟုသုတများ ထောက်ပံ့ရန်လိုအပ်၊ လူမှုသိပ္ပံ အတန်းတွင် အင်္ဂလိပ်စကား အသုံးပြုရေး အားပေးရန် လိုအပ်၊ အဖွင့်မေးခွန်းများ ဖြေကြားခြင်းနှင့် မိမိကိုယ်ပိုင်အမြင် မျှဝေတတ်ရေး အားပေးရန်လို၊ မှတ်စုထုတ်တတ်အောင် ကူရန်လို။

**ပန်းတိုင်များ –** နိုင်ငံရေးနှင့် ဒီမိုကရေစီ အသိမြှင့်တင်ရန်၊ မှတ်စုထုတ်တတ်ခြင်း စွမ်းရည်မြှင့်တင်ရန်၊ အင်္ဂလိပ်စာ သင်တန်းပြင်ပ အခြားအတန်းများတွင်ပါ အင်္ဂလိပ်ဘာသာ စကား အသုံးပြုရဲခြင်း ရှိလာအောင် ယုံကြည်မှုမြှင့်တင်ရန်၊ မိမိ ထင်မြင်ချက်များ မျှဝေထုတ်ပြောရဲသည့် စွမ်းရည်မြှင့်တင်ရန်။

**အနာဂတ် အစီအစဉ်များ –** အမြင်ပိုင်း အထောက်အကူများ (ဥပမာ ဂရပ်ဖ်များ၊ သရုပ်ဖော်ပုံများ) များစွာသုံးရန်၊ ဆရာစကားပြောချိန် ဟောပြောပို့ချချိန် လျှော့ရန်၊ အမြင်ပိုင်း မသန်စွမ်းမှုရှိသော ကျောင်းသူ/သားများကို ဆရာနှင့် သင်ပုန်းနား ကပ်ထိုင်ခိုင်းရန်၊ အဖွဲ့လိုက် လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်၊ သင်ယူသူ စိတ်ဝင်စားမှု၊ စေ့ဆော်မှုတွန်းအား တို့နှင့် သင်ခန်းစာတို့ကို ချိတ်ဆက်ပေးရန်၊ နေ့လယ်ပိုင်း အချိန်များတွင် ပိုမိုတက်ကြွသော သင်ယူမှုလုပ်ငန်းစဉ်များ စီစဉ်ရန်။

**သိမှုဆိုင်ရာ လိုအပ်ချက်များ –** ထင်မြင်ချက် ထုတ်ဖော်ပြောဆိုခြင်း၊ အဖွင့်မေးခွန်းများဖြေခြင်း၊ နိုင်ငံရေးနှင့် ဒီမိုကရေစီ အသိနည်းပါးခြင်း၊ အမြင်ပိုင်း သင်ယူမှု အားသန်ခြင်း။

**လူမှုလိုအပ်ချက်များ –** လူမျိုးစုံ ယဉ်ကျေးမှုစုံသော စာသင်ခန်း၊ မိခင်ဘာသာစကား အမျိုးမျိုးရှိ၊ ကျောင်းသူ/သား အတော်များများက အတူတူ အလုပ်လုပ်ရခြင်း သဘောကျကြ။

**စိတ်ပိုင်းသက်ရောက်မှုဆိုင်ရာ လိုအပ်ချက်များ –** ကျောင်းသား တစ်ဦးက ဒေါသကြီးပြီး ရန်လိုတတ်၊ အမှားလုပ်မိလျှင် ရှက်တတ်ကြ။

**ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ –** ကျောင်းသူ/သားအချို့က အမြင်အာရုံပိုင်း မသန်စွမ်းမှုရှိ၊ တစ်ဦးက အကြားအာရုံ မသန်စွမ်း၊ တစ်ဦးက လှုပ်ရှားသွားလာမှုဆိုင်ရာ မသန်စွမ်းမှုရှိ (ခြေတစ်ဖက်ဆာ)၊ တစ်ဦးက အာရုံစိုက်ရခက်သူဖြစ်။

**(ဈ) နမူနာအဖြေများ -**

၁။ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်၊ လူမှုလိုအပ်ချက်များ၊ အားလုံးအကျုံးဝင်မှု၊ စိတ်နေစိတ်ထားဆိုင်ရာ အဟန့်အတားများ၊ ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများနှင့် အခြားပါနိုင်သည်များမှာ – ကျောင်းသားကိုယ်ရေး အချက်အလက် စုစည်းမှု၊ လိုအပ်ချက် ဆန်းစစ် အကဲဖြတ်ချက်၊ လိုအပ်ချက် ခွဲခြမ်းစိတ်ဖြာချက်

၂။ ECDC က ပညာရေးကဏ္ဍအတွင်း တာဝန်ရှိသူအားလုံးကို မသန်စွမ်းမှုအကြောင်း သိနားလည်စေလိုသည်။ ဖြစ်နိုင်ခြေရှိသော ရေရှည်သက်ရောက်မှုတစ်ခုမှာ ကဏ္ဍစုံမှ လူအမျိုးမျိုးက ကျောင်းများ ပိုမိုအကျုံးဝင်မှု အားကောင်းလာအောင် ကြိုးစားလာကြခြင်း ဖြစ်နိုင်သည်။

**(ည) နမူနာအဖြေများ -**

၁။ ရုံဖန်ရုံခါတွင် လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် ဆောင်ရွက်ရန် အချိန်မရှိခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် ဆရာ/မများအနေနှင့် သင်တန်းအစတွင် သော်လည်းကောင်း၊ စာသင်နှစ် အစတွင် သော်လည်းကောင်း လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် အတွက် အချိန်သတ်မှတ်ထားသင့်ခြင်းဖြစ်သည်။ ဆရာ/မတို့သည် ၎င်းတို့တွင် အချိန်မည်မျှရသည်ဆိုသည့် အပေါ် မူတည်ပြီး အကောင်းဆုံး လိုအပ်ချက် ဆန်းစစ် အကဲဖြတ်ချက် နည်းလမ်းကို ရွေးချယ်ရမည်ဖြစ်သည်။

၂။ ဆရာ/မက ကျောင်းအုပ်၊ မိဘ၊ ရပ်ရွာ ခေါင်းဆောင်စသူ တို့ကို လူတွေ့မေးမြန်းခြင်း/စစ်တမ်းကောက်ယူခြင်း လုပ်ပြီး ကျောင်းအပေါ် ၎င်းတို့က မည်သည့် မျှော်မှန်းချက်များထားကြောင်း ဖော်ထုတ်နိုင်သည်။ ကျောင်းသူ/သားတို့၏ လိုအပ်ချက် ဆန်းစစ် အကဲဖြတ်ချက် ရလဒ်များကို ကျောင်းအုပ်၊ မိဘများ၊ ရပ်ရွာခေါင်းဆောင်များထံ မျှဝေတင်ပြနိုင်သည်။

၃။ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်အတွက် အရေးအကြီးဆုံး ရင်းမြစ်မှာ အချိန်ဖြစ်သည်။ ဆရာ/မ တစ်ဦးက လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက် ရလဒ်အရ

အပြောင်းအလဲများ ဆောင်ရွက်လိုပါက ကျောင်းစီမံ အုပ်ချုပ်မှုက ၎င်းကို ခွင့်ပြုနိုင်သည့် ပျော့ပျောင်းမှု လိုအပ်သည်။ ဆရာ/မက သင်ရိုးညွှန်းတမ်းကို ပြောင်းလဲသင်ကြားလိုပါက သင်ရိုးသစ် စီစဉ်ရန် အချိန် လိုအပ်မည်ဖြစ်သည်။

## ၅။ အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်များ

### ၅.၁ စာသင်ခန်းပတ်ဝန်းကျင်

**(က) နမူနာအဖြေများ -**

**ရှေးရိုးအတိုင်း ခုံတန်းများ**

၁။ ကျောင်းသူ/သားရှုထောင့် – ကိုယ်ပိုင်နေရာရ၊ အခြားအတန်းဖော်များနှင့် ဆက်စပ်စရာမလို။

၂။ ဆရာ/မရှုထောင့် – ခုံနေရာချရသည်မှာ လွယ်ကူ၊ စာသင်ခန်းအတွင်း အလွယ်တကူ လှုပ်ရှားပြီး သွားလာ လိုက်ကြည့်နိုင်၊ တစ်ဦးချင်း အလုပ်အတွက် အဆင်ပြေ။

**ဟောပြောပို့ချရာခန်းမ**

၁။ ကျောင်းသူ/သားရှုထောင့် – ဆရာအပေါ်တွင် အာရုံစိုက်၊ အတန်းဖော်နှင့် ကပ်ထိုင်ရ၊ ကိုယ်ပိုင်နေရာမရှိ၊ လှုပ်ရှားသွားလာရခက်ခဲ။

၂။ ဆရာ/မရှုထောင့် – ကျောင်းသူ/သားအားလုံးက ဆရာ/မကို မြင်ရသည်။ ကျောင်းသူ/သားများကို လှေ့လာစောင့်ကြည့်ရလွယ်၊ သွားလာလှုပ်ရှားပြီး တစ်ဦးချင်းစီနှင့် ပြောဆိုဆက်ဆံရန်ခက်ခဲ၊ နှစ်ဦးတွဲ အလုပ်လုပ်ရန် လွယ်ကူ၊ အဖွဲ့လိုက် အလုပ်လုပ်ရန် အလွန်ခက်ခဲနိုင်။

**အဖွဲ့လိုက် အလုပ်နေရာများ**

၁။ ကျောင်းသူ/သားရှုထောင့် – အတန်းဖော်များနှင့် အလုပ်လုပ်ရန် လွယ်ကူ၊ သင်ပုန်းကို သိပ်မမြင်ရ၊ အဖွဲ့လိုက် လုပ်ငန်းများကို ကူညီထောက်ပံ့ပေးရန် လွယ်ကူ။

၂။ ဆရာ/မရှုထောင့် – အဖွဲ့လိုက် လုပ်ငန်းစဉ်အတွက် အဆင်ပြေ၊ တစ်ဦးချင်းနှင့် နှစ်ဦးတွဲအလုပ်အတွက် ခက်ခဲနိုင်၊ စာသင်ခန်းအတွင်း သွားလာလျှောက်ကြည့်ရန် လွယ်ကူ၊ ကျောင်းသူ/သားအချို့ သင်ပုန်းကို မမြင်ရခြင်း ဖြစ်နိုင်။

**ပြုပြင်ပြောင်းလဲနိုင်သော နေရာချပုံ**

၁။ ကျောင်းသူ/သားရှုထောင့် – ရွေးစရာများစွာရှိ၊ နှစ်သက်သလို သွားထိုင်နိုင်၊ နေ့တိုင်းပြောင်းထိုင်နိုင်။

၂။ ဆရာ/မရှုထောင့် – ခုံနေရာချခြင်း၊ အတွဲလိုက်၊ အဖွဲ့လိုက် လုပ်ငန်းစဉ်များစွာအတွက် ပုံစံအမျိုးမျိုး နေရာချနိုင်၊ ခုံနေရာပုံစံ ခဏခဏ ပြန်နေရာချရန်လို၊ စာသင်ခန်းပတ်လည်ကို သွားလာလှုပ်ရှားနိုင်ရေး စီစဉ်ရန်လို။

**(ခ) အဖြေများ -**

၁။ (က) ၄

(ခ) ၇

(ဂ) ၁

(ဃ) ၂

(င) ၃

(စ) ၅

(ဆ) ၆

### ၅.၂ စာသင်ခန်းတွင်း အလေ့အထများ

**(က) နမူနာအဖြေများ -**

၁။ စာသင်ခန်းတွင် မည်သူက လုပ်ပိုင်ခွင့်နှင့် ထိန်းချုပ်ပိုင်ခွင့် ရှိသည်ဆိုသည်က မည်သူ့တွင် အာဏာရှိကြောင်းပင်ဖြစ်သည်။ ဆရာ/မတွင် အာဏာအရှိဆုံးဖြစ်နေပါက စာသင်ခန်းသည် ၎င်း၏ ထိန်းချုပ်မှုအောက်တွင် ရှိနိုင်သည်။ သို့ရာတွင် အာဏာများလွန်းပါက ကျောင်းသူ/သားများသည် အသစ်များ စမ်းသပ်ကြည့်ခြင်း စွန့်စားကြည့်ခြင်းလုပ်ရန် ကြောက်ရွံ့သွားနိုင်သည်။ ကျောင်းသူ/သားများတွင် ဆရာ/မထက် အာဏာပိုရှိနေပါက စာသင်ခန်းမှာ အထိန်းအကွပ်မရှိ ဖြစ်သွားနိုင်သည်။ ထိုအခါ ကျောင်းသူ/သားတို့ သင်ယူမှုပြုရန် ပိုမိုခက်ခဲလာနိုင်သည်။

၂။ ကျောင်းသူ/သားကိုယ်ပိုင် လုပ်ပိုင်ခွင့် ဆိုသည်မှာ စာသင်ခန်းအတွင်း ကျောင်းသူ/သားတို့ မိမိဘာသာ ဆုံးဖြတ်ချက် မည်မျှ ချနိုင်သည်ဆိုသည့် အတိုင်းအတာဖြစ်သည်။ မည်သူနဲ့တွဲပြီး အလုပ်လုပ်မည်၊ မည်သည့် အလုပ်ကို လုပ်မည်ဆိုသည့် ဆုံးဖြတ်ချက်များကို ကိုယ်ပိုင်ရွေးချယ် ချမှတ်ပိုင်ခွင့်ဟု ဆိုလိုသည်။ ၎င်းက စာသင်ခန်းတစ်ခု သင်ယူသူ ဗဟိုပြုမှု ပိုမိုရှိစေသည်။

၃။ ပူးပေါင်းဆောင်ရွက်မှု ဆိုသည်မှာ ကျောင်းသူ/သားများ အချင်းချင်း မည်မျှကောင်းစွာ ပူးပေါင်းအလုပ်လုပ်နိုင်သည်နှင့် ဆရာ/မက ကျောင်းသူ/သားနှင့် မည်မျှ အစေးကပ်စွာ အလုပ်လုပ်နိုင်ကြောင်းဖြစ်သည်။ ပူးပေါင်းဆောင်ရွက်မှုများသော စာသင်ခန်းများတွင် ကျောင်းသူ/သားတို့က ဘေးကင်းလုံခြုံကြောင်း ခံစားရသည်။ အကြောင်းမှာ ဆရာ/မများနှင့် ကျောင်းသူ/သားတို့ အချင်းချင်းအကြား အပြန်အလှန် ဆက်ဆံရေးက သက်သောင့်သက်သာ ရှိခြင်းကြောင့်ပင်ဖြစ်သည်။ သင်ယူမှုက ပူးပေါင်းဆောင်ရွက်မှုကို အားကိုးနိုင်သည်။ ကျောင်းသူ/သားများ အပြန်အလှန် အချင်းချင်းထံမှ သင်ယူနိုင်သည်။ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အချင်းချင်း ကူညီခြင်းလည်း ရှိနိုင်ပါသည်။

၄။ တရားမျှတမှုရှိလျှင် ကျောင်းသူ/သားများက ၎င်းတို့ကို

တန်းတူညီမျှစွာ ဆက်ဆံသည်ဟု ခံစားရလိမ့်မည်။ ကျောင်းသူ/သားများက ၎င်းတို့ကို ဆရာ/မက သော်လည်းကောင်း၊ အခြားသူများကသော်လည်းကောင်း၊ မျှတစွာ ဆက်ဆံခြင်းမရှိဟု ခံစားရပါက စာသင်ခန်းတွင်း ရှိနေရသည်ကို မွေ့လျော်မည် မဟုတ်ချေ။ စာသင်ခန်းက မမျှတဟု ခံစားရပါက စိတ်အားထက်သန်မှု ရှိတော့မည် မဟုတ်ချေ။ ဆရာ/မက မမျှတဟု ခံစားရပါက ဆရာ/မ အပေါ် ကျောင်းသူ/သားတို့က ယုံကြည်စိတ်ချမှု ရှိတော့မည် မဟုတ်ချေ။

၅။ စာသင်ခန်း အငွေ့အသက် ဆိုသည်မှာ စာသင်ခန်းက ကျောင်းသူ/သားနှင့် ဆရာများအတွက် မည်သည့် ခံစားချက်များ ရစေသည်ဟူသည့် အပိုင်းဖြစ်သည်။ အထက်ပါ အယူအဆအားလုံး – အာဏာ၊ ကျောင်းသား ကိုယ်ပိုင် လုပ်ပိုင်ခွင့်၊ ပူးပေါင်းဆောင်ရွက်မှု၊ တရားမျှတမှု – တို့သည် စာသင်ခန်းအငွေ့အသက် တစ်ရပ်ကို ဖန်တီးလိမ့်မည်။ လူတိုင်းက စာသင်ခန်း အတွင်း အပြုသဘောဆောင်သော ခံစားချက်များ ရှိကြပါက သင်ကြားသင်ယူမှုများစွာ ပိုမိုလွယ်ကူမည် ဖြစ်သည်။ စာသင်ခန်းတွင် အပြုသဘောမဆောင်သော ခံစားချက်ရှိသူ ရှိနေပါက သင်ကြားရသည်လည်း ပိုခက်ခဲပြီး ကျောင်းသူ/သားတို့ အဖို့လည်း သင်ယူရ ပိုမို ခက်ခဲနိုင်သည်။

**(ခ) အဖြေများ -**

၁၊ ၂၊ ၄၊ ၇၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃ တို့မှာ စာသင်ခန်းအတွင်း အရေးကြီးသော အရာများဖြစ်သည်။

**(ဂ) အဖြေများ -**

၁။ (ဃ)

၂။ (က)

၃။ (ခ)

၄။ (စ)

၅။ (ဆ)

၆။ (င)

၇။ (ဂ)

၈။ (ဇ)

**(ဃ) နမူနာအဖြေများ -**

၁။ ကျောင်းသူ/သားတို့၏ အမည်များကို ကျပန်း ခေါ်ထုတ်ခြင်းဖြစ်စေ၊ ခွက်ထဲထည့်ပြီး မဲနှိုက်ခြင်းဖြစ်စေ လုပ်နိုင်သည်။ ကျောင်းသူ/သားအားလုံးအနေနှင့် တတ်နိုင်သမျှ ပါဝင်နိုင်အောင် ကြိုးစားစေလိုကြောင်း ရှင်းလင်းစွာပြောပါ။ အဖြေစဉ်းစားပေးနိုင်အောင် အချိန် လုံလုံလောက်လောက်ပေးပါ။

၂။ အမှားလုပ်ခြင်းမှာ လုံးဝပြဿနာမဟုတ်ကြောင်း၊ လက်ခံဖွယ်ရာ သဘာဝဖြစ်ကြောင်း သတိပေးပါ။ လက်ထောင်ပြီးဖြေရန် မဝံ့မရဲဖြစ်နေလျှင် နာမည်ခေါ်ပြီး မေးပါ။ကျောင်းသူ/သားတို့ကို အဖြေစဉ်းစားချိန် လုံလုံလောက်လောက်ပေးပါ။

၃။ အချင်းချင်း အထောက်အကူပေးရန်၊ အပြန်အလှန် သင်ယူနိုင်ရန် အုပ်စုအမျိုးမျိုး ဖွဲ့ပေးပါ။ ပိုအားကောင်းသော ကျောင်းသူ/သားများကို အပိုဆောင်း လေ့ကျင့်ခန်းများပေးရန်နှင့် အားနည်းသော ကျောင်းသူ/သားများကို အနီးကပ် ဂရုစိုက်မှုပေးရန် အဆင်သင့်ဖြစ်ပါစေ။ အောင်မြင်စွာ လုပ်ဆောင်နိုင်လျှင် အားကောင်းသော ကျောင်းသားများကိုရော အားနည်းသော ကျောင်းသားများကိုပါ တူညီစွာ ချီးကျူး ဂုဏ်ပြုပေးပါ။

၄။ မိမိတို့ သင်ယူမှုအတွက် မိမိတို့ ပန်းတိုင်ကို ကိုယ်တိုင် သတ်မှတ်ခွင့်ပေးပါ။ ထို့နောက် ထိုပန်းတိုင်များ ရောက်ရှိရန် မိမိမည်မျှ နီးစပ်ပြီကို ပြန်လှန်သုံးသပ် ခိုင်းပါ။ ကျောင်းသူ/သားတို့အပေါ် မိမိက ဆရာ/မ အနေနှင့် မည်သည့် မျှော်လင့်ချက်များရှိကြောင်း ရှင်းလင်းစွာ ဖော်ပြပါ။ ၎င်းတို့ အိမ်စာများနှင့် လုပ်ငန်းဆောင်တာများကို မည်မျှ ကောင်းမွန်စွာ လုပ်ဆောင်နေနိုင်ကြောင်း အမှတ်များ အဆင့်များ သတ်မှတ်ချက်လည်းပေးပါ။ ကျောင်းသူ/သားများ အတွက် စိန်ခေါ်မှုရှိပါစေ။ အချင်းချင်း စိန်ခေါ်မှုပေးနိုင် ကြိုးစားကျော်လွှားနိုင်ခြင်း ရှိအောင်လည်း စီစဉ်ပါ။

၅။ စာသင်ခန်းအတွင်း အပြိုင်အဆိုင်လျှော့ချရန် စဉ်းစားကြည့်ပါ။ အဆင့်များ အမှတ်များနှင့် မပတ်သက်သော သင်ယူမှုပန်းတိုင်များ မိမိတို့ကိုယ်တိုင် သတ်မှတ်ခွင့် ကျောင်းသူ/သားများကို ပေးကြည့်ပါ။

၆။ စာသင်နှစ်အစတွင် ကျောင်းသူ/သားများအတွက် စည်းကမ်းများနှင့် တာဝန်ဝတ္တရားများ ဖန်တီးပါ။ ကျောင်းသူ/သားများကိုလည်း လေးစားမှုနှင့် ဆက်ဆံသလို မိမိကိုလည်း လေးစားမှုနှင့် ဆက်ဆံစေ လိုကြောင်း ရှင်းလင်းစွာပြောပါ။

**(စ) နမူနာအဖြေများ -**

၁။ စာသင်ခန်း အလေ့အထက အရေးကြီးသည်။ သင်ယူမှုပြုနေသည့်အချိန် ကျောင်းသူ/သားများ၏ ခံစားချက်များကို စာသင်ခန်း အလေ့အထများက ပုံဖော်ပေးနိုင်သည်။ အလေ့အထ ယဉ်ကျေးမှုက မကောင်းပါက၊ အပြုသဘောမဆောင်ပါက၊ ကြောက်စရာ ကောင်းခြင်း၊ အပြိုင်အဆိုင်များလွန်းခြင်းရှိပါက ကျောင်းသူ/သားများသည် အမှားလုပ်မိမည်ကို ကြောက်ခြင်း၊ မေးခွန်းများ မဖြေခြင်း ဖြစ်လာနိုင်သည်။ ဆန့်ကျင်ဘက်အားဖြင့် အပြုသဘောဆောင်သော ယဉ်ကျေးမှု အလေ့အထ ရှိနေပါက – အားပေးမှုရှိသော၊ ပူးပေါင်းဆောင်ရွက်မှုရှိသော၊ လေးစားမှုရှိသော အလေ့အထ ရှိနေပါက ကျောင်းသူ/သားများသည် အသစ်များ စမ်းသပ်လုပ်ဆောင်ရန်၊ အမှားလုပ်မိရန်၊ မိမိတစ်ကိုယ်တည်း အလုပ်လုပ်ရန်၊ အဖွဲ့လိုက် အလုပ်လုပ်ရန် စိတ်အားထက်သန်မှု ရှိနေမည် ဖြစ်ပါသည်။

၂။ စာသင်ခန်း အလေ့အထတစ်ရပ်ကို ဖန်တီးရန် ဆရာ/မ သည် ၅.၂ (ဂ) မှ လမ်းညွှန်ချက်များကို အသုံးပြု နိုင်သည်။ ဆရာ/မနှင့် ကျောင်းသူ/သားများအကြားက ကြောင်းကျိုးဆက်စပ်မှုရှိသော ဆက်ဆံရေးအကြောင်း စဉ်းစားကြည့်သင့်ပါသည်။ ဆရာ/မ၏ စိတ်နေစိတ်ထားနှင့် အပြုအမူများက အကြောင်းအရင်း ဖြစ်ပြီး ၎င်းတို့ ကျောင်းသူ/သားများ၏ စိတ်နေစိတ်ထား နှင့် အပြုအမူများက အကျိုးကျေးဇူးဖြစ်သည်။ ဆရာ/မက စာသင်ခန်းတွင်း အလေ့အထများကို အားကောင်းပြီး အပြုသဘောဆောင်သော အလေ့အထ ဖြစ်အောင် ကြိုးစားလုပ်ဆောင်ပါက ကျောင်းသူ/သား တို့က ထိုအလေ့အထကို တွေ့ကြုံခံစားမိပြီး အကျိုး ကျေးဇူး ခံစားရမည်ဖြစ်သည်။

## ၅.၃ သင့်အတွက် သင်ကြားရေး အလားအလာ

### (ဂ) နမူနာအဖြေများ -

ဦးခေါင်း – ကျောင်းသူ/သား လိုအပ်ချက်များကိုသိခြင်း၊ ဆရာ/မများ၏ လိုအပ်ချက်ကိုသိခြင်း၊ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်နှင့် လိုအပ်ချက် ခွဲခြမ်းစိတ်ဖြာချက်တို့ လုပ်ဆောင်တတ်ခြင်း စသည်ဖြင့်။

မျက်လုံး – သင်ယူသူ လိုအပ်ချက်များကို လေ့လာစောင့်ကြည့် တတ်ခြင်း စသည်ဖြင့်။

အသည်းနှလုံး – ကျောင်းသူ/သားများအပေါ် စာနာမှုပြသခြင်း၊ အားလုံးကို မျှတပြီး တန်းတူဆက်ဆံတတ်ခြင်း စသည်ဖြင့်။

လက် – လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်၊ သင်ခန်းစာ အစီအစဉ်နှင့် စာသင်ခန်း လုပ်ငန်းစဉ်များ ဖန်တီးတတ်ခြင်း စသည်ဖြင့်။

ခြေ – စာသင်ခန်းအတွင်း လျှောက်သွားခြင်း၊ သင်ခန်းစာ တစ်လျှောက်တွင် အခန်းကဏ္ဍများ ပြောင်းလဲခြင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည်ဖြင့်။

## ရုပ်ပုံပိုင်ဆိုင်မှု အသိအမှတ်ပြုချက်များ

ဤစာအုပ်ကို ပညာရေးအတွက် စိတ်အားထက်သန်ကြသော သင်ကြားပို့ချသူ အဖွဲ့ငယ်တစ်ဖွဲ့က ရင်းမြစ်အကန့်အသတ်များအောက်တွင် ကြိုးစားရေးသားထားခြင်းဖြစ်သည်။ ရုပ်ပုံအသုံးပြုရာတွင် Creative Commons ဖြစ်စေ၊ အများသုံးခွင့်ရှိသော ရုပ်ပုံများကိုဖြစ်စေ အသုံးပြုထားခြင်းများပါသည်။ အခြားပုံများမှာ မုခ်ဦးပညာရေးမှ မူပိုင်သော ရုပ်ပုံများ၊ တွဲဖက်အဖွဲ့များက ပိုင်ဆိုင်ပြီး မုခ်ဦးပညာရေးကို သုံးခွင့်ပေးထားသော ရုပ်ပုံများဖြစ်ပါသည်။ မူပိုင်ခွင့်ရှိသူများကို မူပိုင်ခွင့်အညွှန်း၊ ရင်းမြစ် URL များပါ အတတ်နိုင်ဆုံး ပြည့်စုံစွာဖော်ပြရန် ကြိုးစားထားပါသည်။ သို့ရာတွင် ဤစာအုပ်မှာ နှစ်အတန်ကြာ ရင်းမြစ်အစုံစုံမှ ကိုးကားရေးသားထားခြင်းကြောင့် စာရင်းမပြည့်စုံခြင်း ရှိနိုင်ပါသည်။

ဤစာအုပ်ပါ ရုပ်ပုံတစ်ခုခုကို အညွှန်းမှားယွင်းစွာ ဖော်ပြထားခြင်း၊ မှားယွင်းအသုံးပြုထားခြင်း တွေ့ရှိပါက ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပြီး ကျွန်ုပ်တို့ကို ဆက်သွယ်ထောက်ပြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဆက်သွယ်နိုင်သည့် လိပ်စာမှာ info@moteoo.org ဖြစ်ပါသည်။ ထိုအခါ ၎င်းကို အသစ်ထွက်မည့် တည်းဖြတ်ချက်များတွင် ပြင်ဆင်ဖယ်ရှားခြင်း ပြုသွားပါမည်။

မူပိုင်ခွင့် အသုံးပြုမှုများတွင် ပါဝင်သည့် အမြင်များ၊ အယူအဆများမှာ မုခ်ဦးပညာရေးကို ကိုယ်စားပြုခြင်းမရှိပါ။

အောက်ပါတို့မှာ ဤစာအုပ်တွင် အသုံးပြုထားသော မူပိုင်ခွင့်ရှိသော ဓာတ်ပုံ/ ရုပ်ပုံများ ဖြစ်ပါသည်။

| Page | Author(s) | Title/Description | Source | License Type |
|---|---|---|---|---|
| 10 | South Africa The Good News | Nelson Mandela in Johannesburg, Gauteng, on 13 May 2008 | https://en.wikipedia.org/wiki/File:Nelson_Mandela-2008_(edit).jpg | CC-BY 2.0 |
| 22 | Kimyeens | role play activity | https://commons.wikimedia.org/wiki/File:Students%27_role_play_in_classroom.jpg | CC-BY-SA 4.0 |
| 32 | Peter Hershey | Child at school in Hpa-An, Kayin State, Burma | https://forbinfull.org/2018/02/28/faith-and-a-future-every-child-free-to-learn/ | Unknown |
| 54 | Delta News Hub | Below-wing wear testers giving feedback | https://commons.wikimedia.org/wiki/File:Below-wing_wear_testers_giving_feedback_(33570850464).jpg | CC-BY2.0 |
| 104 | Liu Minerva / Mizzima | Unknown | http://mizzima.com/article/volunteering-efforts-hong-kong-youngsters-teach-myanmar | Unknown |
| 104 | Zarni Phyo / Myanmar Times | Fresh undergraduates… | https://www.mmtimes.com/news/yangon-universitys-hlaing-campus-open-again-after-20-years.html | Unknown |
| 112 | Department of Foreign Affairs and Trade | Students with a disability take part in The Inclusive Education (TIE) pilot program… | https://www.flickr.com/photos/106853342@N04/10727439156 | CC-BY-SA 32.0 |

# ကျေးဇူးတင်လွှာ

ဤစာအုပ်ရေးသားခြင်းတွင် ပါဝင်ခဲ့သူအားလုံးကို မုခ်ဦးပညာရေးမှ အထူးကျေးဇူးတင်ရှိပါသည်။ ၎င်းတို့ အကူအညီမပါဘဲ ဤစာအုပ် ထွက်နိုင်ခဲ့မည် မဟုတ်ပါ။ အောက်ပါတို့မှာ ဤစာအုပ်ရေးသားခြင်း လုပ်ငန်းတွင် ပါဝင်ခဲ့သော အခန်းကဏ္ဍအမျိုးမျိုးမှ လူပုဂ္ဂိုလ်များ ဖြစ်ပါသည်။

**ရေးသား၊ တည်းဖြတ်၊ စာပြင် –** Briana Rogers, Gray Rinehart, Jordan Pescrillo, Katie Fisher, Katie Julian, Matthew Simpson, Zoe Matthews

**ဘာသာပြန်နှင့် တည်းဖြတ် –** ကောင်းလှဖေ၊ ရွှေဌေးခန့်၊ အောင်မြတ်စိုး၊ နီလာဝင်း၊ ဝင်းမြတ်သူ

**မျက်နှာဖုံးပန်းချီ –** Pixel Brush Art Studio: https://www.facebook.com/pixelbrushtheartstudio

**သရုပ်ဖော်ပုံနှင့် အတွင်းဒီဇိုင်း –** ကကြီး၊ မျိုးမင်းသန့်၊ ဝင်းမြတ်သူ၊ နီလာဝင်း

ဤစာအုပ်ပါ အကြောင်းအရာများကို စမ်းသပ်သင်ကြားခြင်း၊ တုံ့ပြန်အကြံပြုချက်များ ပေးအပ်ခြင်းအတွက် မုခ်ဦး ဆရာဖြစ်သင်တန်းဌာနမှ သင်တန်းဆရာများအားလုံးကို ကျေးဇူးတင်အပ်ပါသည်။

ကျန်ရှိခဲ့သူရှိပါက တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ကို ဆက်သွယ်ပါက အမည်ကို အသစ်ထွက်မည့် တည်းဖြတ်ချက်များတွင် ပြန်လည် ထည့်သွင်းသွားပါမည်။

# ခေတ်သစ်ဆရာ

## သင်ရိုး အတွဲ (၁) - လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း

**ခေတ်သစ်ဆရာ** သင်ရိုးစာအုပ်တွဲသည် မြန်မာဆရာ/မများအတွက် သင်တန်းကို သင်ရိုးအတွဲတစ်ခုဖြစ်ပါသည်။ သင်ရိုးတစ်ခုစီသည် သင်ကြား သင်ယူမှု၏ မျက်နှာစာတစ်ခုစီကို လေ့လာပြီး သင်ကြားရေး စက်ဝန်းတစ်ခုလုံးကို တစ်ဆင့်ပြီးတစ်ဆင့် သိနားလည်တတ်မြောက်အောင် သင်ကြားလေ့ကျင့်ခြင်း ဖြစ်ပါသည်။

**သင်ရိုး အတွဲ (၁)** သည် သင်ယူသူများနှင့် ဆရာ/မများ၏ လိုအပ်ချက်အမျိုးမျိုးကို လေ့လာပါသည်။ အောင်မြင်သော သင်ကြား သင်ယူမှုနည်းလမ်းအမျိုးမျိုးကို လေ့လာအသုံးချဖြစ်အောင် စီစဉ်ပေးထားပြီး မိမိ၏ စာသင်ခန်းအတွင်း မည်သို့ ပြန်လည်အသုံးချနိုင်မည်ကိုလည်း ဖော်ထုတ်နိုင်ရန် ကူညီပေးသည်။ ဤသင်ရိုးတွင် ထပ်မံပါရှိသော ခေါင်းစဉ်များမှာ စေ့ဆော်မှုတွန်းအား၊ အားလုံးအကျုံးဝင် ပညာရေး၊ လိုအပ်ချက် ဆန်းစစ်အကဲဖြတ်ချက်နှင့် စာသင်ခန်းတွင်း အလေ့အထဟူသည့် ခေါင်းစဉ်များ ဖြစ်ကြသည်။ ဆရာ/မများက မိမိတို့ လိုအပ်ချက်များနှင့် သင်ယူသူများ၏ လိုအပ်ချက်တို့ကို ဦးတည်ဖြည့်ဆည်းနိုင်ရေး စွမ်းဆောင်ရည် မြှင့်တင်ပေးရန် ရည်ရွယ်ရင်းဖြစ်ပါသည်။

**ခေတ်သစ်ဆရာ သင်ရိုးစာအုပ်အတွဲ**မှ ဒုတိယအကြိမ် တည်းဖြတ်ထုတ်ဝေသော သင်ရိုးတစ်ခုချင်းစီသည် သီးသန့် သင်ကြား၍ရသော စာအုပ်စာတမ်းများဖြစ်ပြီး စာအုပ်နောက်ပိုင်းတွင်လည်း လေ့ကျင့်ခန်းအဖြေများ ပါဝင်သည်။ ဤစာအုပ်တွဲကို တစ်အုပ်ပြီးမှ တစ်အုပ် သင်ကြားနိုင်သလို တစ်အုပ်ချင်းစီလည်း နှစ်သက်ရာ ရှေ့နောက် အစီအစဉ်ချလျက် ထုတ်နုတ်သင်ကြားနိုင်သည်။ ၎င်းသင်ရိုးစာအုပ်များကို လုပ်ငန်းခွင်အကြိုနှင့် မွမ်းမံသင်တန်း အစီအစဉ်များတွင် ဆရာလွှတ် ကိုယ့်အားကိုယ်ကိုး လေ့လာရန်လည်း သုံးနိုင်သည်။ ဆရာအတတ်သင် သင်တန်းသားများ၏ လိုအပ်ချက်နှင့် သင်တန်းအမျိုးမျိုး၏ လိုအပ်ချက်များအရ ထုတ်နုတ်ပြင်ဆင်ပြီးလည်း အသုံးပြုနိုင်သည်။ **ခေတ်သစ်ဆရာ သင်ရိုးစာအုပ်တွဲ**ပါ သင်ရိုးများသည် ရှင်းလင်းလွယ်ကူပြီး အခြား **မှန်ဦး**သင်ရိုးများ၏ ချဉ်းကပ်ပုံများနှင့် ကိုက်ညီမှုရှိသည်။

**သင်ရိုးစာအုပ်တွဲ၏ ဝိသေသများ -**

- သင်ရိုးမှရရှိသော အသိ၊ အတတ်များကို သင်ယူသူများအနေနှင့် မိမိတို့ လက်တွေ့ဘဝ အတွေ့အကြုံများနှင့် ချိတ်ဆက်၍သော်လည်းကောင်း၊ လုပ်ငန်းခွင်တွင်သော်လည်းကောင်း အသုံးချလေ့ကျင့်နိုင်အောင် လက်တွေ့ လေ့ကျင့်ခန်းများ ပါဝင်သည်။
- အဓိက အယူအဆများကို ပိုမိုမှတ်မိ သိရှိစေရန် ပြန်လှန်သုံးသပ်ခြင်းနှင့် အကျဉ်းချုပ်များ ထည့်သွင်းပေးထားသည်။
- *မြန်မာဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) နှင့် အာဆီယံ သင်ကြားရေး တတ်ကျွမ်းမှုမူဘောင်တို့ကို ကိုးကားထားပါသည်။*

**အနာဂတ်ပုံရိပ်**
မြန်မာနိုင်ငံမှ လူအားလုံး အရည်အသွေးပြည့်သော၊ အားလုံးပါဝင်နိုင်သော ပညာရေး ရရှိရမည်။

**အဓိက လုပ်ငန်းစဉ်**
အရွယ်ရောက်ပြီးသူ ပညာရေးကဏ္ဍအတွက် ရပ်ရွာဒေသအခင်းအကျင်းနှင့် ဆီလျော်သော ပညာရေးဆိုင်ရာ စာအုပ်စာတမ်းများနှင့် ဝန်ဆောင်မှုများ ပေးခြင်းအားဖြင့် တရားမျှတသော လူမှုအသိုင်းအဝန်းတစ်ခု ဖော်ဆောင်ရန်။

creative commons
SOME RIGHTS RESERVED

MoteOo
EDUCATION

ISBN 978-99971-70-73-6